www.burmeseclassic.com

# ဘဝအမြင်သစ်

မဟာဝိဇ္ဇာ(ဒဿန)

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com

# ပညာ့ရိပ်မွန်စာစဉ် ၆

ပညာ့ရိပ်မွန်စာပေ
မြစ်ကြီးနားမြို့။

www.burmeseclassic.com

www.burmeseclassic.com

# ဘာဝအမြင်သစ်

ဦးရွှေအောင်
မဟာဝိဇ္ဇာ (သက္ကတ)
ဝဋ္ဋံသကာနှင့် သိရောမဏိ

တပြည်လုံးဖြန့်ချိရေး
ရာပြည့်စာအုပ်တိုက်
အမှတ် ၃၈၊ ၁၀၉ လမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။
ဖုန်း။ ၀၁-၂၉၆၆၇၁(အိမ်)၊ ၂၅၂၇၉၈ (ဆိုင်)

www.burmeseclassic.com

www.burmeseclassic.com

| | |
|---|---|
| ခွင့်ပြုချက်အမှတ် | စာမူ [ ၄၂၀/ ၂၀၀၀ (၁၀) ]<br>အဖုံး [ ၈၁ /၂၀၀၁ (၂) ] |
| စီစဉ်ထုတ်လုပ်မှု | သန်းဆွေ(ဧရာထွန်း)နှင့် ဇေလတ် |
| ပုံနှိပ်ခြင်း | ပထမအကြိမ်-(ဇွန်၊ ၁၉၉၅)ပါရမီစာပေ<br>ဒုတိယအကြိမ်-(ဧပြီ၊ ၁၉၉၇)ပါရမီစာပေ<br>တတိယအကြိမ်-(မတ်၊ ၂၀၀၁)ပညာ့ရိပ်မွန် |
| ထုတ်ဝေခြင်း | ( ၁၊ မတ်၊ ၂၀၀၁ )<br>**အုပ်ရေ [၁၀၀၀]** |
| မျက်နှာဖုံးနှင့်<br>အတွင်းစာသား<br>ပုံနှိပ်<br>ထုတ်ဝေသူ | ဒေါ်ခင်အေးမြင့်[၀၂၃၃]၊ လောကစာပေ<br>အမှတ် ၃၊ ငါးထပ်ကြီးဘုရားလမ်း၊ဗဟန်း၊<br>ရန်ကုန်မြို့။<br>ဦးလှကြိုင် [ ၀၂၃၃ ]၊ လောကစာပေ<br>အမှတ် ၃၊ ငါးထပ်ကြီးဘုရားလမ်း၊ ဗဟန်း၊<br>ရန်ကုန်မြို့။ |
| အတွင်းဖလင် | အေဇက် |
| စာအုပ်ချုပ် | ကိုမြင့် |
| မျက်နှာဖုံး ပန်းချီ | စံတိုး |
| တန်ဖိုး | ၅၀၀ ကျပ် |

www.burmeseclassic.com

www.burmeseclassic.com

## မာတိကာ

၁။ ဒုက္ခမှ လွတ်မြောက်ရေး ၇
၂။ ဓမ္မအင်အားစုနှင့် ငါးပါးသီလ ၁၈
၃။ လူကို လူလို မြင်တတ်ခြင်းနှင့်
ဓမ္မကြီးစိုးခြင်း ၂၉
၄။ အဓမ္မ မလွှမ်းမိုးနိုင်အောင် မိမိဘဝကို
အနစ်နာ ခံနိုင်ရမည် ၄၀
၅။ လဇ္ဇီနှင့် အလဇ္ဇီ ခွဲခြားသိတတ်၍
လဇ္ဇီများအောင် ကြိုးစားပါ ၅၁
၆။ ခေါင်းပုံဖြတ်ခြင်း ကင်းဝေးရေး ၆၂
၇။ အကျင့်ခြင်းတူအောင် ကြိုးပမ်းကြ ၇၄
၈။ ဓမ္မဂါရဝသည် မိမိအတွက် သစ္စာ ၈၄
၉။ လူ့ဘဝ၏ တာဝန်နှစ်ရပ် ၉၅

www.burmeseclassic.com

www.burmeseclassic.com

၁၀။ကမ္ဘာသားများ ချမ်းသာရေး ဥပဒေများနှင့်
ငါးပါးသီလ ၁၀၈
၁၁။ငြိမ်းချမ်းရေးနှင့်
ကာမေသုမိစ္ဆာစာရ ၁၂၂
၁၂။ကာမေသုမိစ္ဆာစာရကို
အနှစ်သာရအားဖြင့် ထိန်းသိမ်းပါ၊
သန္တောသတရားကို ထူထောင်ပါ ၁၃၆
၁၃။ကိုယ်၊ နှုတ်၊ စိတ် ညီအောင် ကြိုးစားပါ ၁၅၀
၁၄။အတုမာယာကိုသာ မြတ်နိုးတတ်ကြခြင်း ၁၆၃
၁၅။တကယ်တမ်း သစ္စာထိုက်ရန်
လိုအပ်ချက် ၁၇၆

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၁
## ဒုက္ခမှ လွတ်မြောက်ရေး

သတ္တဝါဟူသမျှသည်ဒုက္ခကိုကြောက်ကြသည်ချည်း ဖြစ်သည်။ လူသည်လည်း သတ္တဝါမျိုးနွယ်တွင် ပါဝင်သည် ဖြစ်ရာ၊ ဒုက္ခကို ကြောက်သည်ပင် ဖြစ်သည်။ မြတ်စွာဘုရား ပွင့်တော်မမူမီက ဒုက္ခ သတ်မှတ်ချက်သည် သုံးမျိုးရှိသည်။ ထို ဒုက္ခသတ် မှတ်ချက် သုံးမျိုးကို သချ်ဒဿန၌ တွေ့ရ၏။ ထို့ကြောင့် မြတ်စွာဘုရား ပွင့်တော်မမူမီ ခေတ်အဆက်ဆက်က ဒုက္ခနှင့်ပတ်သက်လျှင် ထိုသုံးမျိုးကိုသာ ပင်မဒုက္ခအဖြစ် လူတို့က လက်ခံကြသည်။ ဒုက္ခသုံးမျိုးတွင် ပထမအမျိုးမှာ ခန္ဓာကိုယ်နှင့် ပတ်သက်သောဒုက္ခ ဖြစ်၏။ ယင်းကို " အဇ္ဈတ္တိက ဒုက္ခ" ဟူ၍ဆို၏။ မြတ်စွာဘုရား ပွင့်တော်မူသောအခါ ရှေးခေတ် အဆက်ဆက်က လူတို့ လက်ခံထားသော အဇ္ဈတ္တိကဒုက္ခကို စမ္မစက္ကပဝတ္တန သုတ်၌ မြတ်စွာဘုရားက ပဋိသန္ဓေနေရခြင်းသည် ဆင်းရဲ ၏ "ဇာတိပိဒုက္ခာ" ဟူ၍ လည်းကောင်း၊ အိုခြင်းသည် ဆင်းရဲ၏ "ဇရာပိ



www.burmeseclassic.com

www.burmeseclassic.com



ဒုက္ခာ”ဟူ၍ လည်းကောင်း၊ နာခြင်းသည် ဆင်းရဲ၏ “ဗျာဓိပိဒုက္ခာ” ဟူ၍ လည်းကောင်း၊ သေခြင်းသည် ဆင်းရဲ၏ “မရဏမ္ပိ ဒုက္ခံ” ဟူ၍ လည်းကောင်း ဟော ကြား တော်မူ၏။ ခေတ်အဆက်ဆက်က လူတို့နားလည် ထားသော ဤအဖွဲ့တွင်ကဒုက္ခသည်လည်း ဒုက္ခပင် ဖြစ် ကြောင်း မြတ်စွာဘုရားက လက်ခံတော်မူခြင်း ဖြစ်၏။ ဤသို့ လက်ခံတော်မူခြင်းမှာ သောပါနာရောဟန (စောင်းတန်း လှေကားတက်နည်း) အရ အဖွဲ့တွင်က ဒုက္ခ အပေါ်၌ “ဒုက္ခသစ္စာ” ကို အထွတ်တင်လို၍ လက်ခံတော် မူခြင်း ဖြစ်၏။အမှန်အားဖြင့်ဒုက္ခသစ္စာ အမြင်သည် ဝေဒခေတ် မှစ၍ ခေတ်အဆက်ဆက် လူတို့က မမြင် ဘဲ၊ မြတ်စွာဘုရားသာ မြင်တော်မူခဲ့သော ဘဝအမြင်သစ် ဖြစ်၏။ ဤအမြင်အသစ် ကား “ဆင်ခြင်တုံ” ဖြင့် မြင်နိုင် သော အမြင်မျိုး မဟုတ်။

ဒုတိယအမျိုးမှာ ပတ်ဝန်းကျင်နှင့် ပတ်သက် သော ဒုက္ခဖြစ်၏။ ယင်းဒုက္ခကို “ဘူတိကဒုက္ခ” ဟူ၍ ဆို၏။ ဘူတိက ဒုက္ခသည်လည်း ခေတ်အဆက် ဆက်က လူတို့ လက်ခံနားလည်ထားသော ဒုက္ခပင် ဖြစ်၏။ ဘူတိက ဒုက္ခနှင့် ပတ်သက်၍ မြတ်စွာဘုရားက စမ္မစက္ကပဝတ္တနသုတ်၌ မချစ် သော သူတို့နှင့် ဆက်ဆံ ရခြင်းသည် ဆင်းရဲ၏။ “အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခော” ဟူ၍ လည်း ကောင်း၊ ချစ်သောသူတို့နှင့် ကွေ ကွင်းရခြင်းသည် ဆင်းရဲ၏ “ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော” ဟူ၍ လည်းကောင်း ဟောကြားတော်မူ၏။



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ဤပတ်ဝန်းကျင် ဒုက္ခမျိုးကိုလည်း လူတိုင်းသိသော ဒုက္ခအနေဖြင့် လက်ခံတော်မူခြင်း ဖြစ်၏။

လူတိုင်းသိသော ဒုက္ခဟူသည်မှာ သစ္စာဉာဏ်ကို မလိုဘဲ သာမန် အတွေ့အကြုံဖြင့်ပင် သိနိုင်၊ လက်ခံနိုင်သော ဒုက္ခမျိုး ဖြစ်၏။ ဤဒုက္ခမျိုးနှင့် ပတ်သက်၍ လောကတွင် အငြင်းပွားစရာလည်း မရှိ။ မှန် မမှန်နှင့် ပတ်သက်၍ သက်သေ အထောက်အထား ပြစရာလည်း မလို။ အားလုံး ဒုက္ခအဖြစ် သဘောတူထားပြီး ဖြစ်၏။

တတိယအမျိုးမှာ ကံကြမ္မာနှင့် ပတ်သက်သော ဒုက္ခဖြစ်၏။ ယင်း ဒုက္ခကို "ဒေဝိကဒုက္ခ" ဟူ၍ ဆို၏။ ဒေဝိက ဒုက္ခကိုလည်း အားလုံးလိုလိုကပင် လက်ခံပြီး ဖြစ်၏။ ဒေဝိကဒုက္ခနှင့် ပတ်သက်၍ မြတ်စွာဘုရားက ဓမ္မစက္ကပဝတ္တနသုတ်၌ လိုချင်ပါလျက် မရခြင်းသည် ဆင်းရဲ၏ "ယမ္ပိစ္ဆံန လဘတိ၊ တမ္ပိ ဒုက္ခံ" ဟူ၍ ဟောကြားတော်မူထား၏။ ဤဒုက္ခမျိုးသည်လည်း ဒဿနကျမ်းများကပင် ဒုက္ခအဖြစ် လက်ခံထားသော ဒုက္ခမျိုးပင်ဖြစ်၏။ လောက အတွေ့အကြုံ အားဖြင့်လည်း မည်သူ တစ်ဦးတစ်ယောက်ကမျှ "စောဒနာ" မတက်ဘဲ၊ သူ့ဟာသူ ထင်ရှား "သယံသိဒ္ဓ" အနေဖြင့် လက်ခံ နားလည်ထားသော ဒုက္ခမျိုး ဖြစ်၏။

မြတ်စွာဘုရား မပွင့်မီ ခေတ်အဆက်ဆက်က လူတို့သည် ဤဒုက္ခ သုံးမျိုးကိုသာ သိကြ၏။ နားလည်ကြ၏။ ထိုဒုက္ခသုံးမျိုးထက် ပို၍ မသိကြချေ။ ထို့ကြောင့် သူတို့သည် ထိုဒုက္ခသုံးမျိုးကို ကြောက်ကြ၏။ ကြောက်



www.burmeseclassic.com

www.burmeseclassic.com



ကြသဖြင့် ထိုဒုက္ခသုံးမျိုးမှ လွတ်ရာလွတ်ကြောင်းကို ရှာကြံကြ၏။ ထိုသို့ ရှာကြံကြရာမှ ကိုးကွယ်မှုသည် စခဲ့၏။ အမှန် အားဖြင့် ခေတ်အဆက်ဆက် လူတို့သည် ထိုဒုက္ခသုံးမျိုးမှ လွတ်ရာလွတ်ကြောင်းကို အစ ပထမ၌ မိမိတို့ဘာသာ အားထုတ်ကြသည်သာ ဖြစ်ပါ၏။ ထိုသို့ အားထုတ်ပါသော်လည်း ကျေနပ်ဖွယ်ရာ အဆင့်သို့ မရောက်နိုင်ကြောင်း တွေ့ရှိရသဖြင့် မိမိတို့မှ တစ်ပါး အခြားသော ပြင်ပအားကိုးရာကို ရှာခြင်း ဖြစ်ပါ၏။ ထိုအခါ ပြင်ပအားကိုးရာသည် မည်သို့ပင် ဖြစ်စေကာမူ မိမိတို့ထက် အဖက်ဖက်က သာလွန်ကြောင်းကို သူတို့သည်ယုံကြည်ကြ၏။ ယုံကြည်သည့်အလျောက်လည်း အားထားခြင်း ဖြစ်၏။ ကိုးကွယ်ခြင်း ဖြစ်၏။ ထိုပြင်ပ အားကိုးရာကို ဘုရားဟူ၍ ဖြစ်စေ၊ ဗြဟ္မာဟူ၍ ဖြစ်စေ၊ နတ်ဟူ၍ ဖြစ်စေ သူတို့က ခေါ်ဝေါ်ကြ၏။ အမှန်အားဖြင့် ထိုခေတ်လူတို့သည် တကယ်တမ်း ကိုးကွယ်ရာ ဟူသည် မိမိသာ ဖြစ်၏။ မိမိမှ တစ်ပါးသော ပြင်ပ အားကိုးရာဟူသည်မရှိ ဟူ၍ မသိကြ။

မြတ်စွာဘုရား ပွင့်တော်မူသောအခါ "အတ္တာဟိ အတ္တနော နာထော" ကိုးကွယ်ရာဟူ သည် မိမိပင် ဖြစ်၏။ မိမိမှ တစ်ပါး ပြင်ပ အားကိုးရာမည်သည် မရှိဟူ၍ ဘဝအမြင်သစ်ကို ဖော်ထုတ်တော်မူခဲ့ပါ၏။ ထို့အပြင် ဒုက္ခဟူသည် ဤသုံးမျိုးသာမက စေတုတ္တတစ်မျိုးလည်း ရှိသေးကြောင်း၊ စေတုတ္တ ဒုက္ခသည်သာ ပဓာန အကျဆုံး ဖြစ်ကြောင်း၊ စေတုတ္တ ဒုက္ခ၌ ဖော်ပြပါ ဒုက္ခသုံးမျိုး ပါဝင်



www.burmeseclassic.com

www.burmeseclassic.com



ကြောင်း မြတ်စွာဘုရားက ဟောကြားတော်မူ၏။ အမှန်အားဖြင့် စတုတ္ထဒုက္ခမျိုးကို မြတ်စွာဘုရားသာ စတင်ဟောကြားတော်မူနိုင်၏။ စတုတ္ထဒုက္ခဟူသည် သင်္ခါရဒုက္ခပင် ဖြစ်၏။ ယင်း သင်္ခါရဒုက္ခကို ဓမ္မစက္ကပဝတ္တနသုတ်၌ မြတ်စွာဘုရားက "သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ" ဟူ၍ ဟောကြားတော်မူထား၏။ ရှေးဒုက္ခသုံးမျိုးကို ပဉ္စဝဂ္ဂီ ငါးပါးတို့သည် မြတ်စွာဘုရား ဟောကြားတော်မမူမီကပင် သိကြပြီး ဖြစ်၏။ ပဉ္စဝဂ္ဂီ ငါးပါးတို့သာမက အခြားသော ပညာရှင်များသည်လည်း သိကြပြီးပင် ဖြစ်၏။ သင်္ခါရ ဒုက္ခ ကိုသာ သူတို့ မသိကြသေးခြင်း ဖြစ်၏။ အမှန်အားဖြင့် သင်္ခါရဒုက္ခဟူသည် ဆင်ခြင်တုံဖြင့် သိနိုင်သော ဒုက္ခမျိုးမဟုတ်၊ ဝိပဿနာဉာဏ်၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့်သာ သိနိုင်သော ဒုက္ခမျိုး ဖြစ်၏။ ဝိပဿနာဉာဏ်၊ မဂ်ဉာဏ် ဖိုလ်ဉာဏ် ဟူသည်မှာလည်း ဆင်ခြင်တုံဖြင့် ရနိုင်သော ဉာဏ်မျိုး မဟုတ်၊ ကျင့်စဉ် ပဋိပတ်ဖြင့်သာ ရနိုင်သော ဉာဏ်မျိုးဖြစ်၏။ အမှန်အားဖြင့် သင်္ခါရ ဒုက္ခကို မြင်မှ ဒုက္ခသစ္စာကို မြင်ရာ ရောက်လေ၏။

သင်္ခါရဒုက္ခကို မြင်သောအမြင်သည် ဘဝအမြင်သစ် ပင် ဖြစ်၏။ ဘဝဟူသည် ရှေးဒုက္ခသုံးမျိုးထက် ပို၍ သစ္စာထိုက်သော ဒုက္ခ ဖြစ်၏။ ထို့ ကြောင့် သင်္ခါရဒုက္ခကို ကြောက်ပြီး သင်္ခါရဒုက္ခမှ လွတ်မြောက်အောင် အားထုတ်နိုင်ပါလျှင် ရှေးဒုက္ခသုံးမျိုးမှ အလိုလို လွတ်မြောက်ပြီးသား ဖြစ်၏။ အကယ်၍ ရှေးဒုက္ခသုံးမျိုးမှ



www.burmeseclassic.com

www.burmeseclassic.com



လွတ်အောင် အားထုတ်နိုင်စေကာမူ သင်္ခါရဒုက္ခမှ လွတ်မြောက်အောင် အားမထုတ်နိုင်ပါလျှင် ဒုက္ခမှ တကယ်တမ်း လွတ်မြောက်သည် မမည်ပါချေ။ ထို့ကြောင့် သင်္ခါရဒုက္ခမှ လွတ်မြောက်အောင် အားထုတ်နိုင်ရန် သင်္ခါရဒုက္ခမှ လွတ်မြောက်နည်းကို မြတ်စွာဘုရားက ဝေနေယျသတ္တဝါတို့အား ဟောကြားတော်မူခြင်း ဖြစ်၏။ သင်္ခါရဒုက္ခမှ လွတ်မြောက် နည်းကို "မဂ္ဂကထာ" ဟူ၍ ခေါ်၏။ ရှေးဒုက္ခ သုံးမျိုးမှလွတ်မြောက်အောင် အားထုတ် ရာ၌ သာမက အရေးအကြီးဆုံးဖြစ်သော သင်္ခါရ ဒုက္ခမှ လွတ်မြောက်အောင် အားထုတ်ရာ၌ပင် ပြင်ပ ကိုးကွယ်ရာဟူ၍ မရှိ။ မိမိသည်သာလျှင် မိမိ၏ ကိုးကွယ်ရာ ဖြစ်၏။ ပြင်ပတွင်အလွန်ဆုံး အားဖြင့် ကလျာဏမိတ္တသာ ရှိ၏။ မဂ္ဂကထာကို ဟောကြားတော်မူသော မြတ်စွာဘုရားသည်ပင် လျှင် မိမိကိုယ်တော်ကို မိမိက ဝေနေယျသတ္တဝါ တို့၏ မိတ်ဆွေကောင်း ကလျာဏမိတ္တ အဖြစ်သတ်မှတ်တော်မူ၏။ ဤသည်မှာလည်း ဘဝအမြင်သစ်ပင် ဖြစ်၏။

မြတ်စွာဘုရား ပွင့်တော်မမူမီကပင် ဒုက္ခ လွတ်မြောက်ရေးနှင့် ပတ်သက်၍ ကျင့်စဉ်များနှင့် ယင်းကျင့်စဉ်များကြောင့် ရရှိနိုင်သော အကျိုးပြု ကထာများ ရှိကြပြီး ဖြစ်ပါ၏။ ယင်းကထာများကား ဒါနကထာ၊ သီလကထာ နှင့် သဂ္ဂကထာတို့ ဖြစ်ကြ၏။ ဒါနကထာနှင့် သီလကထာမှာ လမ်းစဉ် ဖြစ်၍၊ သဂ္ဂကထာမှာ ပန်းတိုင်ဖြစ်၏။ သာသနာပ ကာလတွင်လည်း ဒါနကို ပြုကြ၏။



www.burmeseclassic.com

www.burmeseclassic.com



သီလကို ဆောက်တည်ကြ၏။ သို့ရာတွင် သူတို့ ပြုသော ဒါနနှင့် သူတို့ ဆောက်တည်သော သီလ တို့သည် နတ်ရွာ သုဂတိသို့ ရောက်ရန် ရည်မှန်း၍ ပြုသော ဒါနနှင့်သီလ သာ ဖြစ်၏။ ထို့ထက် မပိုချေ။ နတ်ရွာ သုဂတိသို့ ရောက်၍ နတ်စည်းစိမ်ကို ရရှိခံစား ရသည်ဆိုလျှင်ပင် သူတို့ ကြောက်သောဒုက္ခမှ လွတ်မြောက်ပြီဟု သူတို့က ထင်ကြ၏။

မြတ်စွာဘုရား ပွင့်တော်မူသောအခါ၌ကား ဒါနကို သိက္ခာသုံးပါးတွင် သီလသိက္ခာ၌ ဝင်အောင် သွင်းလိုက်၏။ သီလကိုလည်း မဂ္ဂင်ရှစ်ပါး လောကုတ္တရာတရားနှင့်ပါ ဆက်စပ်လိုက်၏။ ထိုအခါ သီလသည် သံသရာတွင်း ချမ်းသာကိုသာ ပေးစွမ်းနိုင်သော ရိုးရိုးသီလ မဟုတ်တော့ဘဲ၊ သံသရာလွန် ချမ်းသာထိအောင် ပေးစွမ်းနိုင်သော "အဓိသီလ" ဖြစ်သွားလေ၏။ အဓိသီလကိုပင် သီလမဂ္ဂင် ဟူ၍ ဆိုရ၏။ ထို့ကြောင့် သာသနာပအမြင်အရ သီလကို ဆောက်တည် ခြင်းကား သမုဒယသစ္စာထိုက်သော တဏှာလောဘကို ပယ်သတ်နိုင်ရေးသို့တာမစူး၊ သံသရာတွင်း ချမ်းသာရရေးသို့သာ တာစူလေ၏။ သာသနာတွင်း အမြင်အရ သီလကို ဆောက်တည်ခြင်းကား သမုဒယ သစ္စာထိုက်သော တဏှာလောဘကို ပယ်သတ်နိုင်ရေးသို့ တာစူသဖြင့် သံသရာတွင်းချမ်းသာ "ဝေဒယိတသုခ" ကိုလည်း ပေး၏။ ထို့ကြောင့် ပိဋကတ်တော်များ၌ ဒါနကထာနှင့် သီလကထာကိုလည်း အကြောင်းတရား အနေဖြင့် ပြ၏။



www.burmeseclassic.com

www.burmeseclassic.com



ယင်းတို့၏ အကျိုးတရား အနေဖြင့် သဂ္ဂကထာကိုပြ၏။ တစ်ဖန် ယင်းတို့နှင့် ဆက်စပ်ပြီး အကြောင်းတရား အနေဖြင့် မဂ္ဂကထာကို ပြ၏။ မဂ္ဂကထာ၏ အကျိုးတရား အနေဖြင့် ကာမာနံ အာဒီနဝ ကထာကို ပြ၏။ နိက္ခမ္မေ အာနိသံသကထာကိုလည်း ပြတော်မူ၏။

ကာမာနံ အာဒီနဝကထာ ဟူသည်မှာ ကာမဂုဏ်တို့၏ အပြစ်ကို မြင်အောင် ပြဆိုသော ဒေသနာ ဖြစ်၏။ နိက္ခမ္မေ အာနိသံသကထာ ဟူသည်မှာ ကာမဂုဏ်ကို စွန့်လွှတ်နိုင်သည်နှင့်အမျှ ရရှိသော အကျိုးအာနိသင်များကို ပြဆိုသော ဒေသနာ ဖြစ်၏။ သို့ဖြစ်၍ သာသနာပ အမြင်ဖြင့် ပြုအပ်သော သီလကား ကာမဂုဏ်ချမ်းသာကို အဟုတ်ကြီးထင်၍ ပြုအပ်သော သီလဖြစ်၏။ သာသနာတွင်း အမြင့်ဖြင့် ပြုအပ်သော သီလကား ကာမဂုဏ်ချမ်းသာကို အဟုတ်ကြီး မထင်ဘဲ ကာမဂုဏ်လွန်ချမ်းသာကိုသာ အဟုတ်ကြီးထင်၍ ပြုအပ်သော သီလဖြစ်၏။ ထို့ကြောင့် သာသနာပ သီလသည် သီလသာ မည်၏။ အဓိသီလ မမည်။ သာသနာတွင်း သီလသည်ကား သီလလည်း မည်၏။ အဓိသီလလည်း မည်၏။ သီလ မည်သဖြင့် ကာမဂုဏ် ချမ်းသာကိုလည်း ပေး၏။ အဓိသီလမည်သဖြင့် ကာမဂုဏ်လွန် ချမ်းသာကိုလည်း ပေး၏။ ဤသို့ စွမ်းအင်ခြင်း ခြားနား၏။ ကာမဂုဏ်ချမ်းသာကို လောကီချမ်းသာ ဟူ၍ ဆိုရ၏။ ကာမဂုဏ်လွန်ချမ်းသာကို လောကုတ္တရာ ချမ်းသာ ဟူ၍ ဆိုရ၏။

သီလကို ဆောက်တည်သောအခါ အဓိ သီလ



www.burmeseclassic.com

www.burmeseclassic.com



သဘောသို့ သက်ရောက်အောင် ဆောက်တည်နိုင်ပါမှ ကာမဂုဏ်လွန် ချမ်းသာကို ပေးနိုင်မည် ဖြစ်၏။ အဓိ သီလသဘောသို့ သက်ရောက်အောင် သီလဆောက် တည်ခြင်း ဟူသည်မှာလည်း ပါရမီ သဘော သက်ရောက် အောင် ဆောက်တည်ခြင်းပင် ဖြစ်၏။ ပါရမီသဘော သက်ရောက်အောင် ဆောက်တည်ခြင်းဟူသည်မှာလည်း တကယ်တမ်း မြင့်မြတ်သူ၏ ဆောက်တည်နည်းမျိုးဖြင့် ဆောက်တည်ခြင်းဖြစ်၏။ ပါရမီ ဟူသော ပါဠိဝေါဟာ ရ၏ အနက်မှာ မြင့်မြတ်သူတို့၏ လုပ်ငန်းဆောင်ရွက် မှု ဟူ၍ ဖြစ်၏။ ယင်းသို့ ဆောင်ရွက်ပါက ဘဝအမြင် သစ်ဖြင့် ဆောင်ရွက်ခြင်း မည်၏။ ဘဝအမြင်သစ်ဖြင့် ဆောင်ရွက်ပါက မည်သည့် လုပ်ငန်းကိုပင် ဆောင်ရွက် သည်ဖြစ်စေ သမုဒယ သစ္စာထိုက်သော တဏှာကို ပယ်သတ်နိုင်ရန်သာ ရည်စူးပါ၏။ ယင်းကိုပင် အတ္တကို ပယ်ခြင်းဟူ၍ ဆိုရ၏။ ဘဝအမြင်သစ်ကို သာသနာ တွင်း၌သာ ရကောင်း၏။ ဘဝအမြင်ဟောင်းကား သမုဒယ သစ္စာထိုက်သော တဏှာကို ပယ်သတ်နိုင်ရန် မရည်စူး။ တောင့်တမှု တဏှာအပေါ် အခြေတည်၍ လူ့ စည်းစိမ်၊ နတ်စည်းစိမ်၊ ဗြဟ္မာ့ စည်းစိမ်များကို ခံစားနိုင် ရန်သာ ရည်စူး၏။ ထို့ကြောင့် ဘဝအမြင်ဟောင်းကို သာသနာပ၌ လည်းရနိုင်၏။ သာသနာတွင်း၌လည်း ရနိုင်၏။

အမှန်အားဖြင့် တပ်မက်သော "လောဘ" ကြောင့် ရခြင်းထက် မတပ်မက်သော "အလောဘ" ကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ရခြင်းက ပို၍လည်း ကြီးမား၏။ ပို၍လည်း မြင့်မြတ်၏။ လောဘကြောင့် ရခြင်း၌ သောကသည် ပါဝင်၏။ အလောဘကြောင့် ရခြင်း၌ သောကသည် မပါဝင်။ မြတ်စွာဘုရားသည် လူမင်းတို့၏ မင်းအဆင့်ကိုလည်း ရတော်မူ၏။ နတ်မင်းတို့၏ မင်းအဆင့်ကိုလည်း ရတော်မူ၏။ ဗြဟ္မာမင်းတို့၏ မင်းအဆင့်ကိုလည်း ရတော်မူ၏။ ထိုသို့ရခြင်းမှာ လိုချင်၍ ရခြင်းမဟုတ်။ မလိုချင်ပါဘဲ နှင့်ရသော ရခြင်းမျိုးသာ ဖြစ်၏။ ဤသည်မှာ လောဘ အပေါ် အခြေခံ၍ ရခြင်းထက် အလောဘအပေါ် အခြေခံ ၍ရခြင်းက ပို၍ကြီးမားကြောင်း သာဓက ဖြစ်၏။ ပို၍ မြင့်မြတ်ကြောင်း အထောက်အထား ဖြစ်၏။

လောကကို တိုးတက်ဖွံ့ဖြိုးအောင် အားထုတ်ရာ၌ အမြင်ခြင်းတူဖို့လည်း လိုအပ်၏။အကျင့်ခြင်း တူဖို့ လည်း လိုအပ်၏။ အမြင်ခြင်း တူပါမှ၊ အကျင့်ခြင်း တူပါမှ ဦးတည်ချက်ခြင်း တူအောင် အားထုတ်၍ ရ၏။ အမြင်ခြင်းတူမှုနှင့် အကျင့်ခြင်း တူမှုကို "ဒိဋ္ဌိသီလ သာမည" ဟူ၍ ပါဠိဝေါဟာရအားဖြင့် ခေါ်၏။ ဤ၌ ဒိဋ္ဌိဟူ သည်မှာ ပညာမဂ္ဂင် ဖြစ်၏။ သီလဟူသည်မှာ သီလမဂ္ဂင်နှင့် သမာဓိ မဂ္ဂင် ဖြစ်၏။ ထို့ကြောင့် မည်သည့် လုပ်ငန်းကို လုပ်သည်ဖြစ်စေ၊ မဂ္ဂင် ရှစ်ပါးကို အခြေခံ၍ လုပ်ပါက အမြင်ခြင်းလည်း တူသည်သာဖြစ်၏။ အကျင့် ခြင်းလည်း တူသည် သာ ဖြစ်၏။ အမြင်ခြင်းလည်း တူပြီး အကျင့်ခြင်း လည်း တူပါက ဦးတည်ချက်ခြင်း မလွဲမသွေ တူ လေတော့၏။ ဤ၌ ဦးတည်ချက် ဟူသည်ကား "ငါမှ



www.burmeseclassic.com

www.burmeseclassic.com



ငါ” ဟူသော အတ္တစိတ်ကို ပယ်သတ်ရေးပင် ဖြစ်၏။ အမှန်အားဖြင့် “ငါမှငါ” ဟူသော အတ္တစိတ်ကို ပယ်သတ်နိုင်သည်နှင့်အမျှ ကာမဂုဏ်ချမ်းသာကိုလည်း ရ၏။ ကာမဂုဏ်လွန် ချမ်းသာကိုလည်း ရ၏။ ကာမဂုဏ်ချမ်းသာ ဟူသည်မှာ “ဝေဒယိတသုခ” ခံစားမှု ချမ်းသာ ဖြစ်၏။ ကာမ ဂုဏ်လွန်ချမ်းသာ ဟူသည်မှာ “သန္တိသုခ” ငြိမ်းချမ်းမှု ချမ်းသာ ဖြစ်၏။ ငြိမ်းချမ်းမှုချမ်းသာ ဟူသည်မှာ နိဗ္ဗာန်ကို ရခြင်းပင် ဖြစ်၏။

ဒါနကို ပြုရာ၌ ဖြစ်စေ၊ သီလကို ဆောက်တည်ရာ၌ ဖြစ်စေ၊ ဘာဝနာကို ပွားများရာ၌ ဖြစ်စေ ဘဝအမြင်ဟောင်းဖြင့် အားထုတ်၍လည်း ရ၏။ ဘဝအမြင်သစ်ဖြင့် အားထုတ်၍လည်း ရ၏။ဘဝအမြင်ဟောင်းဖြင့် အားထုတ်ပါက ကာမဂုဏ် ချမ်းသာကိုသာရ၏။ ဘဝအမြင်သစ်ဖြင့် အား ထုတ်ပါက ကာမဂုဏ် ချမ်းသာကိုလည်း ရ၏။ ကာမဂုဏ် လွန်ချမ်းသာကိုလည်း ရ၏။ ကာမဂုဏ်ချမ်းသာ၏ နောက်ကွယ်၌ သောကသည် ရှိ၏။ ကာမဂုဏ် လွန်ချမ်းသာ၏ နောက် ကွယ်၌ သောကသည် မရှိ။ ထို့ကြောင့် ဒါန၊ သီလ၊ ဘာဝနာတို့ကို အားထုတ်ရာ၌ ဘဝအမြင်သစ်ဖြင့် အားထုတ်အပ်ပါ၏။ ဤ၌ ဒါနနှင့် ဘာဝနာတို့ကို သီလနှင့် ဆက်စပ်ပြီး သီလအကြောင်းကို ဖော်ပြ မည်ဖြစ်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း ၂
# ဓမ္မအင်အားစုနှင့် ငါးပါးသီလ

လောကကို တည်ငြိမ်အောင် လုပ်သည့် တရားစု လည်း ရှိ၏။ လောကကို မတည်ငြိမ်အောင် လုပ်သည့် တရားစု လည်း ရှိ၏။ လောကကို တည်ငြိမ်အောင် လုပ်သည့် တရားစုကို ဓမ္မဟု ခေါ်၏။ လောကကို မတည်ငြိမ် အောင် လုပ်သည့် တရားစု ကို အဓမ္မဟု ခေါ်၏။ ထို့ ကြောင့် ဓမ္မနှင့် အဓမ္မ သည် လောက၌ ထာဝစဉ် ဆန့် ကျင်ကြ၏။ အချင်းချင်း ဆန့်ကျင်နေသောကြောင့်ပင် လောကသည် ဖြစ်ပေါ်နေခြင်း ဖြစ်သည်။ သို့ဖြစ်လေရာ လောကဟူသည် ဓမ္မနှင့် အဓမ္မတို့ စစ်ခင်းရာ စစ်မြေပြင် ဖြစ်၏။ ထို့ကြောင့် လောက သည် စစ်ခင်းရာ စစ်မြေပြင် မဟုတ်တော့လျှင် လောကဟူ၍လည်း မဟုတ်တော့။ လောက မဟုတ်တော့လျှင် လောကုတ္တရာသာ ဖြစ်လေ ၏။ လောကုတ္တရာ၌ ပုဂ္ဂိုလ်လည်း မရှိ။ သတ္တဝါလည်း မရှိ။ စစ်ခင်းမှုလည်း မရှိ။ ထို့ကြောင့် လောကုတ္တရာ နှင့် ပတ်သက်လျှင် အထူးဆိုဖွယ်မရှိ။

**ပညာ့ရိပ်မွန်**

www.burmeseclassic.com

www.burmeseclassic.com



လောကၥ်သာပုဂ္ဂိုလ်လည်းရှိ၏။ သတ္တဝါလည်း ရှိ၏။ စစ်ခင်းမှုလည်း ရှိ၏။ ထို့ကြောင့် လောကနှင့် ပတ်သက်လျှင် အထူးဆိုဖွယ် ရှိ၏။ အမှန်အားဖြင့် လောကၥ် မည်သည့် ပုဂ္ဂိုလ်၊ မည်သည့် သတ္တဝါ ဖြစ်ဖြစ် မိမိတို့၏ ဘဝကို တည် ငြိမ်စေချင်ကြသည်ချည်း ဖြစ်၏။ ဘဝတည်ငြိမ်ဖို့ အတွက် လောကတည်ငြိမ်ဖို့ လို၏။ လောက တည်ငြိမ်ဖို့အတွက် လောက စစ်မြေပြင်တွင် ဓမ္မအင်အားစုများက အဓမ္မ အင်အားစုများအပေါ် အနိုင်ရဖို့ လို၏။ဓမ္မအင်အားစုတွင် ငါးပါးသီလသည် အခြေခံအကျဆုံးဖြစ်၏။ အကယ်၍သာ လူတို့သည် ငါးပါးသီလကို လိုက်နာကျင့်ကြမည် ဆိုလျှင် လောကသည်လည်း တည်ငြိမ်မည် ဖြစ်၏။ လူတို့၏ ဘဝများသည်လည်း တည်ငြိမ်ကြမည်ဖြစ်၏။ ဤသဘောကို လူတိုင်းနားလည် ကြပါ၏။ နားလည် ကြပါသော်လည်း မလိုက်နာနိုင်သည်က ခက်၏။ မလိုက်နာနိုင်သည်မှာလည်း မလိုက်နာချင်၍ မလိုက်နာခြင်းကြောင့် မဟုတ်။ လိုက်နာချင်ပါလျက် မလိုက်နာနိုင်ခြင်းကြောင့် ဖြစ်၏။လိုက်နာချင်ပါလျက် မလိုက်နာနိုင်အောင် အဓမ္မ အင်အားစုက ဓမ္မအင်အားစု အပေါ် အသာစီးယူပြီး တိုက်ခိုက်ခြင်းသာလျှင် အကြောင်းရင်း ဖြစ်၏။ ထို့ကြောင့် မိမိတို့၏ဘဝကို တကယ်တမ်း ငြိမ်းချမ်းစေလိုပါလျှင် ဤလောကၥ် ဓမ္မအင်အားစုအပေါ် အဓမ္မအင်အားစုက အသာစီးယူပြီး မတိုက်ခိုက်နိုင်ရလေအောင် အပ္ပမာဒတရားဖြင့် အမြဲတမ်း စောင့်ကြည့်အပ်၏။



www.burmeseclassic.com

www.burmeseclassic.com



အပ္ပမာဒတရားဖြင့် စောင့်ကြည့်နိုင်သည် နှင့်အမျှ ဓမ္မအင်အားစုအပေါ် အဓမ္မအင်အား စုက အသာစီး မရဘဲ၊ ဓမ္မအင်အားစုကသာ အဓမ္မအင်အားစုအပေါ် အသာစီးရမည် ဖြစ်၏။ ဓမ္မအင်အားစုက အဓမ္မအင်အားစုအပေါ် အသာ စီးရခြင်းတွင် ငါးပါးသီလ စောင့်ထိန်းမှုသည် ပဓာန အကျဆုံးဖြစ်၏။ ငါးပါးသီလ စောင့်ထိန်းခြင်း ကိုပင် သီလစင်ကြယ်ခြင်း "သီလဝိသုဒ္ဓိ" ဟူ၍ ဆိုရ၏။ အမှန်အားဖြင့် သီလ မစင်ကြယ်ဘဲနှင့် စိတ်စင်ကြယ်မှု "စိတ္တဝိသုဒ္ဓိ" မဖြစ်ကောင်း။ စိတ်မစင်ကြယ်ဘဲနှင့်လည်း ဉာဏ်အမြင်စင်ကြယ်မှု "ဉာဏဒဿန ဝိသုဒ္ဓိ" ဟူ၍ လည်း မဖြစ်ကောင်းချေ။ ဉာဏ်အမြင် စင်ကြယ်မှု မရှိပါကလည်း မိမိတို့၏ ဘဝကို တကယ်တမ်း ငြိမ်းချမ်းအောင် ထိန်းသိမ်း၍ မရ။ ထို့ကြောင့် မိမိတို့၏ ဘဝကို ငြိမ်းချမ်း စေလိုပါလျှင် ဓမ္မအင်အားစုတွင် အခြေခံ အကျဆုံး ဖြစ်သော ငါးပါးသီလကို စောင့်ထိန်းအပ်၏။ **သီလကိုလုံခြုံအောင် စောင့်ထိန်းနိုင်သဖြင့် သီလ ရှိလာ သည်နှင့်အမျှ သီလရှိသူ၏ တောင့်တမှု ဟူ သမျှသည် ပြည့်စုံ၏။** ဟူ၍ ကျမ်းဂန်တို့၌ ရှိလာပါ၏။ ထို့ကြောင့် မိမိတို့၏ တောင့်တမှုများကို တကယ်တမ်း ပြည့်စုံစေလိုလျှင် သီလရှိအောင် အားထုတ်ရ၏။ လူတို့အနေဖြင့် တောင့်တခြင်း ဟူသည်မှာလည်း မိမိတို့၏ ဘဝကို ငြိမ်းချမ်း စေလိုခြင်း၌ မြစ်ဖျားခံ၏။ လူ့ဘဝသက်တမ်း ဟူသည်မှာ သံသရာ သက်တမ်းနှင့် စာလိုက်လျှင် ဘာမျှ ကြာလှသည်မဟုတ်။



www.burmeseclassic.com

www.burmeseclassic.com



ရေပွက်ပမာ ခဏ တာမျှသာ ဖြစ်၏။ ရေပွက်ပမာ ခဏ တာမျှသာ ကြာသော ကာလအတွင်း၌ပင် ငြိမ်းချမ်းစွာ မနေ ရဘူးဆိုပါက လူ့ဘဝဟူသည် ဘာမျှ အဓိပ္ပာယ် ရှိတော့မည် မဟုတ်။ အမှန်အားဖြင့် **လူ့ဘဝ၏ အဓိပ္ပာယ် ဟူသည် ကောင်းကောင်း စား၍ ကောင်း ကောင်း ဝတ်ခြင်း မဟုတ်၊ ငြိမ်းချမ်းစွာ နေရခြင်းသာ ဖြစ်၏။ သူတော်စင်တို့သည် ဘဝ၏ အဓိပ္ပာယ်ကို ငြိမ်းချမ်းစွာ နေခြင်းဖြင့် သက်သေပြခဲ့ကြ၏။**

ငြိမ်းချမ်းစွာ နေနိုင်ရန် အားထုတ်ခြင်း ဟူသည် မှာ ပျင်းရိခြင်း မဟုတ်။ ပျင်းရိခြင်း ဟူသည်မှာ မိမိ၏ ခန္ဓာကိုယ် ပင်ပန်းမည် စိုးခြင်း ဖြစ်၏။ ယင်းကို "ဘဝ နိကန္တိက" ဟူ၍ ခေါ်၏။ ဘဝနိကန္တိက၏ အနက်မှာ မိမိ၏ ဘဝကို မြတ်နိုး တွယ်တာနေခြင်း ဖြစ်၏။ အဘိ ဓမ္မာတရားကိုယ် အားဖြင့် တဏှာပင်တည်း။ ထို့ကြောင့် ဘဝ၏ အဓိပ္ပာယ်ကို တဏှာဖြင့် မဖော်မိအောင် ကြီးစွာ သတိထားရ၏။

ငြိမ်းချမ်းစွာ နေနိုင်အောင် အားထုတ်ခြင်းဖြင့် ဘဝ၏ အဓိပ္ပာယ်ကို ဖော်ရာတွင် ဘဝကို ကိုးကွယ်စရာ အဖြစ်ဖြင့် ကိုးကွယ်ရမည် မဟုတ်။ အသုံးချစရာအဖြစ် ဖြင့် အသုံးချရမည် ဖြစ်၏။ အသုံးချစရာ အဖြစ်ဖြင့် အသုံးချရာ တွင်လည်း မိမိ၏ အကျိုးစီးပွားအတွက် ပဓာန မဟုတ်။ လောက၏ အကျိုးစီးပွားအတွက်သာ ပဓာန ဖြစ်၏။ တိုက်ပွဲကို အောင်နိုင်လိုလျှင် လက်နက်ကို ကောင်းသည်ထက် ကောင်းအောင် အားထုတ်ရ သကဲ့သို့



www.burmeseclassic.com

www.burmeseclassic.com



ဓမ္မက အဓမ္မအပေါ် အောင်နိုင်လိုပါလျှင် မိမိတို့၏ ဘဝ ကို ခိုင်မာ သည်ထက် ခိုင်မာအောင် အားထုတ်ရ၏။ ဘဝ ကို ခိုင်မာအောင် အားထုတ်ရခြင်း ဟူသည်မှာ ငါးပါးသီလကို စောင့်ထိန်းခြင်း ဖြစ်၏။ ငါးပါး သီလကို စောင့်ထိန်းခြင်းသည် အခြေခံ အကျဆုံး အနေဖြင့် ဘဝကို ခိုင်မာအောင် တည်ဆောက် ခြင်း ဖြစ်၏။ ထိုထက် ပို၍ စောင့်ထိန်းနိုင်က ပို၍ ကောင်း၏။

ငါးပါးသီလတွင် ပထမဆုံး သီလမှာ **သူ တစ်ပါး အသက်ကို သတ်ခြင်းမှ ရှောင်ကြည်ခြင်း** ဖြစ်၏။ ယင်းကို ပါဠိဝေါဟာရအားဖြင့် "ပါဏာတိ ပါတာ ဝေရမဏီ" ဟူ၍ ဆို၏။ ဤသီလံသိက္ခာပုဒ် အရ သူတစ်ပါးအသက် ကို သတ်ခြင်းမှ ရှောင် ကြဉ်လိုက်လျှင် ပထမသီလသည် လုံခြုံပါ၏။ သို့ ရာတွင် ဘဝငြိမ်းချမ်းရေးအတွက်နှင့် လောက ငြိမ်းချမ်းရေးအတွက် ဓမ္မအင်အားစုများက အဓမ္မ အင်အားစုများအပေါ် အသာစီးရအောင် ဆောင် ရွက်ရာ၌မူ ပါဏာတိပါတာ ဝေရမဏီ သိက္ခာ ပုဒ်၏ အနက်ကို ပို၍ကျယ်အောင်ချဲ့၍ယူအပ်၏။ ပုဒ်တစ်ပုဒ် ၏အနက်ကို အကျယ်ချဲ့၍ ယူခြင်းကို နေတ္တိကျမ်း၌ အာဝတ္တဟာရ ဟူ၍လည်းကောင်း၊ ပရိဝတ္တနဟာရ ဟူ၍လည်းကောင်း ဆို၏။ နိရုတ္တိ နည်း၌ အတ္ထာ တိသယ ဟူ၍ ဆို၏။ ပိဋကတ်၌ နေယျတ္ထ ဟူ၍ ဆို၏။

ထိုစာဖတ်နည်းများ အရ သူတစ်ပါး၏ အသက် ကို သတ်ခြင်းမှ ရှောင်ကြည်ခြင်း ဟူရာ၌ **သူတစ်ပါး၏**



www.burmeseclassic.com

www.burmeseclassic.com



**အသက်ကိုရှည်အောင် အားထုတ် ခြင်းကိုလည်း** ရအပ်၏။ သူတစ်ပါးအသက်ကို သတ်ခွင့်ကြုံပါလျက် မသတ်ခြင်းသည်လည်း ကောင်း၊ သူတစ်ပါးအသက်ကို ရှည်အောင် အား ထုတ်ခြင်းသည် လည်းကောင်း ချစ်ခြင်းနှင့် သနား ကြင်နာခြင်းတို့ အပေါ်၌ တည်၏။ ချစ်ခြင်းနှင့် သနားကြင်နာခြင်း ဟူသည်မှာ ပါဠိဝေါဟာရ အားဖြင့် မေတ္တာနှင့် ကရုဏာ ဖြစ်၏။ မေတ္တာနှင့် ကရုဏာကို ဗြဟ္မစိုရ်တရားဟူ၍ ဆို၏။ ဗြဟ္မစိုရ် ဟူသည်မှာ ဗြဟ္မာတို့ ကျင့်သော အကျင့်ဖြစ်၏။ ထို့ကြောင့် လောကအပေါ် တကယ်တမ်းချစ် တတ် ကြင်နာတတ်သော စိတ်ကို ထားနိုင်မည် ဆိုပါလျှင် လူစင်စစ်က ဗြဟ္မာ ဖြစ်နိုင်ပါ၏။ ယင်းကို ပြောင်းပြန် ပြုသောအားဖြင့် လောကအပေါ် တကယ်တမ်း ရက်စက်သော စိတ်ကို ထားပါလျှင် လူစင်စစ်က တိရစ္ဆာန် ဖြစ်နိုင်၏။ အမှန်အားဖြင့် လူဟူသည် မည်သူမဆို ဗြဟ္မာသာ ဖြစ်ချင်၏။ တိရစ္ဆာန် မဖြစ်ချင်။ ဗြဟ္မာ ဖြစ်ချင် ပါလျက် တိရစ္ဆာန် ဖြစ်နေရခြင်းမှာ သီလမစောင့် ထိန်းသောကြောင့် ဖြစ်၏။

သီလကို စောင့်ထိန်းသောအခါ ငါးပါး သီလတွင် ပထမ သိက္ခာပုဒ်အရ သူတစ်ပါး၏ အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ရာ၌ သတ်ချင် စိတ် မပေါ်သဖြင့် ရှောင်ကြဉ်ခြင်းသည်လည်း ရှိ၏။ ယင်းရှောင်ကြဉ်ခြင်းမျိုးကို "သမာဒါန ဝိရ တီ" ဟူ၍ လည်းကောင်း၊ အဝေးမှ ရှောင်ကြဉ် ခြင်း "အာရတီ" ဟူ၍ လည်းကောင်း ဆို၏။ တကယ်တမ်း သတ်ချင်စိတ် ပေါ်ပါလျက် မသတ်မိ



www.burmeseclassic.com

www.burmeseclassic.com



အောင် ရှောင်ကြဉ်ခြင်းသည်လည်း ရှိ၏။ ယင်း ရှောင်ကြဉ်ခြင်းမျိုးကို "သမ္ပတ္တ ဝိရတီ" ဟူ၍ လည်းကောင်း၊ အထူးအားဖြင့် ရှောင်ကြဉ်ခြင်း "ဝိရတီ" ဟူ၍လည်းကောင်း ဆို၏။ ထိုရှောင်ကြဉ် ခြင်း နှစ်မျိုးတွင် သတ်ချင်စိတ် မရှိ၍ မသတ် မိအောင် ရှောင်ကြည်ခြင်းထက် သတ်ချင်စိတ် ရှိပါလျက် မသတ်မိအောင် ရှောင်ကြည်ခြင်းက ပို၍ ခက်ခဲ၏။ ခြင်အကိုက်မခံရသေးမီက ခြင်ကို မသတ်မိ အောင် ရှောင်ကြဉ်ရသည်မှာ လွယ်ကူ ပါသော်လည်း၊ ခြင်းအကိုက်ခံရစဉ် ခြင်ကို မသတ် မိအောင် ရှောင်ကြဉ်ရသည်မှာ မလွယ်ကူချေ။ ထို့ကြောင့် သိက္ခာပုဒ်များကို စောင့်ထိန်းနိုင်ရေး အတွက် အလေ့အကျင့် လုပ်ဖို့ များစွာ လို၏။ အလေ့ အကျင့်ရသောအခါ သူတစ်ပါး အသက် ကို သတ်ခြင်းမှ ရှောင်ကြဉ်ရလွယ်၏။ နောက်ဆုံး မသတ်မိ သည်အထိ ရှောင်ကြဉ်နိုင်လာ၏။

လူဟူသည်မှာ မိမိတစ်ယောက်တည်း နေသည် မဟုတ်။ မိသားစုနှင့် နေ၏။ လူမျိုးနှင့် နေ၏။ နိုင်ငံနှင့် နေ၏။ ထို့ကြောင့် မိမိကိုယ်ကို မိမိက ချစ်၏။ မိမိ၏ မိသားစုကို မိမိက ချစ်၏။ မိမိ၏ လူမျိုးကို မိမိက ချစ်၏။ မိမိ၏ နိုင်ငံကို မိမိက ချစ်၏။ တစ်ခါတစ်ရံ မိမိ၏ နိုင်ငံကို အခြား နိုင်ငံများက စော်ကားလာနိုင်၏။ မိမိ၏ လူမျိုးကို အခြားလူမျိုးများက စော်ကားလာနိုင်၏။ မိမိ၏ မိသားစုကို အခြားမိသားစုများက စော်ကားလာနိုင်၏။ မိမိကိုယ်ကို အခြားသူများက စော်ကားလာနိုင်၏။ ထိုအခါမျိုးတွင် သူတစ်ပါး အသက်ကို ရှောင်



www.burmeseclassic.com

www.burmeseclassic.com



ကြည်ခြင်း သိက္ခာပုဒ်ကို စောင့်ထိန်းရန် အခက်အခဲတွေ့ လာနိုင်၏။ ဤနေရာတွင် ဓမ္မနှင့် အဓမ္မသည် များစွာ အရေးကြီး၏။ လူဟူသည် လူ့တာဝန်အနေဖြင့် ဓမ္မဘက်မှ ရပ်တည်ရမည် ဖြစ်၏။ ရပ်တည်ရန် ရဲဝံ့ရမည် ဖြစ်၏။ ထိုသို့ ဓမ္မဘက်မှ ရပ်တည်ရာတွင် "အနစ်နာခံမှု" သည် များစွာ အရေးကြီး၏။ လုပ်ငန်းဟူသမျှ၌ အနစ်နာခံမှု ရှိမှ အောင်မြင်မည်။

လုပ်ငန်းများကို လုပ်ကိုင်ရာတွင် မည်သည့် လုပ်ငန်းများကို လုပ်သည်ဖြစ်စေ လူတွင် အခြေခံအားဖြင့် အရည်အချင်း သုံးရပ် ရှိဖို့လို၏။ **ပထမ အရည်အချင်းမှာ ပတ်ဝန်းကျင်၏ ဂယက်ကြောင့် မတုန်လှုပ်ခြင်း ဖြစ်၏။** မည်သည့်လုပ်ငန်း ကိုလုပ်လုပ် ပတ်ဝန်းကျင်မှ ကောင်းသော ဂယက် လည်း ရိုက်ခတ်နိုင်၏။ မကောင်းသော ဂယက် လည်း ရိုက်ခတ်နိုင်၏။ မည်သို့ပင် ရိုက်ရိုက် ရိုက် ခတ်သော ဂယက်ကြောင့် တုန်လှုပ်နေလျှင် မိမိ၏ လုပ်ငန်း နှောင့်နှေးသွားမည် ဖြစ်၏။ ထို့ကြောင့် ပတ်ဝန်းကျင်မှ ရိုက်ခတ်လာသော ဂယက်ကြောင့် မတုန်လှုပ်ခြင်းသည် ပထမအရည်အချင်း ဖြစ်၏။ ယင်းကို ပါဠိဝေါဟာရအားဖြင့် "ခန္တီ" ဟူ၍ ဆိုရ၏။ နောက် **ဒုတိယ အရည်အချင်းမှာ ရည် မှန်းချက်ကို မျက်ခြည်ပြတ် မခံခြင်း ဖြစ်၏။** ပတ်ဝန်းကျင်မှ ရိုက်ခတ်လာသော ကောင်းကောင်း ဆိုးဆိုး ဂယက်များကြောင့် အဓမ္မအပေါ် ဓမ္မက အောင်နိုင်ရေး ဟူသော မိမိ၏ ရည်မှန်းချက် ပျောက်သွားမည် ဆိုပါလျှင်၊ မိမိ၏ ပန်းတိုင်



www.burmeseclassic.com

www.burmeseclassic.com



ပျောက်သွားမည် ဆိုပါလျှင် မိမိ၏ လုပ်ငန်းသည် တလွဲ တချော် ဖြစ်သွားနိုင်၏။ ထို့ကြောင့် မည်သို့သော အဟန့် အတားများနှင့် တွေ့ကြုံရသည် ဖြစ်စေ မိမိ၏ ရည်မှန်း ချက် ကို မျက်ခြည်ပြတ် မခံခြင်းသည် ဒုတိယ အရည် အချင်း ဖြစ်၏။ ယင်းကို ပါဠိဝေါဟာရအားဖြင့် "ဥပေက္ခာ" ဟူ၍ ဆို၏။ ဥပေက္ခာကို လျစ်လျူရှုခြင်း ဟူ၍ မြန်မာ ပြန်ကြ၏။ **တတိယ အရည်အချင်းမှာ အနစ် နာ ခံခြင်း ဖြစ်၏။** လူဟူသည် မူလဗီဇ စိတ်ဓာတ်အရ အသာစံခြင်း နှင့် အနာခံခြင်း နှစ်မျိုးတွင် အသာ စံခြင်း ၌သာ နှစ်သက်တတ်၏။ အနစ်နာခံခြင်း၌ မနှစ်သက် တတ်။ အမှန်အားဖြင့် အသာစံခြင်း ဟူသည် ရယူ သိမ်း ပိုက်ခြင်း သဘောကို ဆောင်၍၊ အနာခံခြင်း ဟူသည် စွန့်လွှတ်ခြင်း သဘောကို ဆောင်၏။ ထို့ကြောင့် အသာ စံခြင်းသဘောကို လောဘ အုပ်စု၌ ထည့်အပ်၏။ အနာ ခံခြင်း သဘောကို အလောဘ အုပ်စု၌ ထည့်အပ်၏။ လောဘ အုပ်စု၌ နှစ်သက်သူမှာ မြင့်မြတ်သူ မဟုတ်။ အလောဘ အုပ်စု၌ နှစ်သက်သူမှသာ မြင့်မြတ်သူ ဖြစ်၏။ ထို့ကြောင့် မြင့်မြတ်သော လူအနေဖြင့် လုပ်ငန်းများကို ဆောင်ရွက်ရာတွင် အနစ်နာခံခြင်းသည် တတိယ အရည်အချင်း ဖြစ် ၏။ ယင်းကို ပါဠိ ဝေါဟာရအားဖြင့် "နေက္ခမ္မ" ဟူ၍ ဆို၏။

နေက္ခမ္မ၏ အနက်မှာ တဏှာလောဘမှ ထွက် မြောက်ခြင်း ဟူ၍ ဖြစ်၏။ လောဘတဏှာမှ ထွက် မြောက်လျှင် ရယူသိမ်းပိုက်ခြင်း၌ မပျော်မွေ့ဘဲ စွန့်လွှတ်



www.burmeseclassic.com

www.burmeseclassic.com



ရခြင်း၌သာ မွေ့လျော်၏။ အမှန်အားဖြင့် တဏှာမှ ထွက်မြောက်သူအတွက် ကာမဂုဏ် တော၌ နေသော်လည်း ကာမဂုဏ်တို့ဖြင့် လိမ်းကျံ ခြင်း မရှိ။ ရွံ့ညွန်တော၌ ပေါက်သော ကြာပန်း သဖွယ် ဖြစ်၏။ ယင်းကိုပင် ကာမဂုဏ်မှ ထွက် မြောက်ခြင်း ဟူ၍ ဆို၏။ စွန့်လွှတ်ခြင်း တရား ကိုယ်မှာ အလောဘ ဖြစ်၏။ ဗုဒ္ဓအဘိဓမ္မာအရ အလောဘ ဖြစ်လျှင် အဒေါသသည် မလွဲမသွေ ပါဝင်လေ၏။ အဒေါသ ဟူသည် ချစ်ခြင်း မေတ္တာ ဖြစ်၏။ သားသမီးများအပေါ် ချစ်မြတ်နိုးကြသော မိဘများသည် ချစ်ခြင်းမေတ္တာကြောင့် သားသမီး များနှင့် ပတ်သက်လာလျှင် အသာစံသည့်ဘက်မှ မနေဘဲ အမြဲတမ်း အနာခံသည့်ဘက်မှသာ နေ ၏။ ထို့ကြောင့် လောကအပေါ် တကယ်တမ်း ချစ်မြတ် နိုးပါသည်ဆိုလျှင်၊ တကယ်တမ်း ကြင်နာ ပါသည် ဆိုလျှင် မိမိချစ်သော လောကအတွက်၊ မိမိကြင်နာသော လောကအတွက် အနစ်နာ မခံ နိုင်စရာ ဘာမျှအကြောင်းမရှိ။ ထို့ကြောင့် လောက အပေါ် တကယ်တမ်း အနစ်နာခံချင်စိတ်ကို မွေး မြူချင်ပါသည် ဆိုလျှင် ပထမဦးစွာ ချစ်တတ်သော စိတ်ကို မွေးဖို့ လိုပါ၏။ ကြင်နာတတ်သော စိတ်ကို မွေးဖို့ လိုပါ၏။ ထိုအခါ အနစ်နာခံချင်စိတ်သည် အသဒ္ဒါရိက အနေဖြင့် သူ့အလိုလို ဖြစ်ပေါ်လာ မည် ဖြစ်၏။

အသာစံခြင်းနှင့် အနာခံခြင်း နှစ်မျိုးတွင် မိဘနှင့် သားသမီးတို့၏ ဆက်ဆံရေးကို နှလုံးမူ၍ အနာခံခြင်း သဘောကို နားလည်အပ်၏။ မိဘတို့သည် သားသမီး



www.burmeseclassic.com

www.burmeseclassic.com



များနှင့် ပတ်သက်လာလျှင် လုပ်ငန်း၌လည်း အနစ်နာခံ၏။ လုပ်ငန်းမှ ထွက် ပေါ်လာသော အကျိုးကိုခံစားခြင်း၌ လည်း အနစ် နာခံ၏။ ဤသို့ အနစ်နာခံခြင်းမှာ သား သမီးများ အပေါ်ထားရှိသော မိဘတို့၏စေတနာ၊ မိဘတို့၏ မေတ္တာ၊ မိဘတို့၏ ကရုဏာကြောင့် ဖြစ်၏။ ဤ သည်မှာ အနစ်နာခံခြင်းနှင့် ပတ်သက်၍ ထင်ရှားသော ပြယုဂ်ဖြစ်၏။ ဤလောက၌ မြင့်မြတ်သော လုပ်ငန်းများ အတွက် စည်းစိမ်ဥစ္စာကို စွန့်၍ ဖြစ် စေ၊ ကိုယ်လက်အင်္ဂါ ကို စွန့်၍ဖြစ်စေ အနစ်နာခံ သူများ ရှိကြပါ၏။ သို့ရာ တွင် လုပ်ငန်းကြောင့် ရရှိလာသော အကျိုးတရားကို ခံစားရာ၌မူ အချို့ သူတို့သည် အနာခံသည့်ဘက်၌ မနေ တော့ဘဲ အသာစံသည့် ဘက်၌သာ နေတတ်လာကြ၏။ “ငါက အနစ်နာခံခဲ့သူ၊ ထို့ကြောင့် အကျိုးကို စံစားရာ၌ ငါသာ စံစားထိုက်သည်” ဟု ယူမိတတ်၏။ ထိုအခါ သူတို့ ၏ အနစ်နာခံခဲ့မှုသည် နေက္ခမ္မ ပါရမီ မြောက်သော အနစ်နာခံမှုမျိုး မဟုတ် တော့။ စီးပွားရေးသမားတို့၏ အရင်းအနှီး မြှုပ်နှံမှု သဘောမျိုးသာ ဖြစ်လေတော့၏။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၃
## လူကို လူလို မြင်တတ်ခြင်းနှင့် မေ့ကြီးစိုးခြင်း

ငါးပါးသီလတွင် ပါဏာတိပါတ သိက္ခာပုဒ်သည် အစဆုံးဖြစ်၏။ ပါဏာတိပါတ ဟူသည် တိုက်ရိုက် အနက်အားဖြင့် သူတစ်ပါး၏ အသက်ကို သတ်ခြင်း ဖြစ်၏။ သွယ်ဝိုက်အနက်အားဖြင့် ဆိုရလျှင် သူတစ်ပါးကို နစ်နာအောင် ပြုခြင်းသည်လည်း ပါဏာတိပါတ သိက္ခာပုဒ်၏ အနက်၌ ပါဝင်သည် ပင် ဖြစ်၏။ ထို့ကြောင့် ပါဏာတိပါတ သိက္ခာပုဒ် ကို မကျူးလွန်မိအောင် ထိန်းသိမ်း စောင့်ရှောက်ရာ၌ **သူတစ်ပါးအသက်ကို မသတ်မိအောင် ထိန်းသိမ်း စောင့်ရှောက်ရသည့်အပြင် သူတစ်ပါးကို မနစ်နာအောင်လည်း ထိန်းသိမ်း စောင့်ရှောက် ရ၏။** သို့မှသာ ကိုယ်ကျင့်သိက္ခာပိုင်း၌ ပါဏာတိ ပါတိ သိက္ခာပုဒ်၏ မူရင်းရည်ရွယ်ချက်သည် ပို၍ ပြည့်စုံမည် ဖြစ်၏။ ပါဏာတိပါတ သိက္ခာပုဒ်၏ အနက်သည် ပို၍ ပို၍ ပြည့်စုံလေ၊ ပို၍ ပို၍ ကိုယ်ကျင့်သိက္ခာ မြင့်မားလေ ဖြစ်၏။ ထို့ကြောင့် ပါဏာတိပါတ သိက္ခာပုဒ်၏ အနက်ကို အောက်သို့ သက်၍ သက်၍လည်း ယူရ၏။ အထက်သို့ တက်၍



www.burmeseclassic.com

www.burmeseclassic.com



လည်း ယူရ၏။ အလျော်အားဖြင့်လည်း ယူရ၏။ ဆန့်ကျင်ဘက်အားဖြင့်လည်း ယူရ၏။ ဤသို့ ယူခြင်းမှာ နေတ္တိကျမ်းလာ စာဖတ်နည်း၏ အရယူခြင်း ဖြစ်၏။

လူဟူသည်မှာ မိမိတစ်ယောက်တည်း နေ၍ ရ သည်မဟုတ်။ ပတ်ဝန်းကျင်၌နေမှရသူဖြစ် ၏။ မိမိ၏ အိမ်တွင်း၌ပင် မိမိအပြင် အခြား အိမ်သူ အိမ်သားများ ရှိကြသေး၏။ ထို့ကြောင့် မိမိ အနေဖြင့် အခြားသော အိမ်သူအိမ်သားများ အပေါ် စိတ်မချမ်းမသာ မဖြစ်ရ လေအောင် ဆက်ဆံဖို့လို၏။ အကယ်၍မိမိ၏ အိမ်သူ အိမ်သား များအပေါ် စိတ်မချမ်းမသာ ဖြစ်သွားအောင် ဆက်ဆံမိမည် ဆိုပါလျှင် ဤသိက္ခာပုဒ်အရ မိမိ၏ ကိုယ်ကျင့်သိက္ခာ ညစ်နွမ်းသွားနိုင်၏။ အလားတူပင် မိမိအိမ်၏ ပြင်ပ၌လည်း အခြားသူများ ရှိကြ သေး၏။ ထို့ကြောင့် ထိုသူများနှင့် ဆက်ဆံရသော အခါ ထိုသူများ စိတ်မချမ်းမသာ ဖြစ်မသွားရလေ အောင် ဆက်ဆံဖို့ လို၏။ အကယ်၍ ထိုသူများ စိတ်မချမ်းမသာ ဖြစ်သွားအောင် ဆက်ဆံမိမည် ဆိုပါလျှင် ကိုယ်ကျင့်သိက္ခာ ရှုထောင့်အရ မိမိ သည် လူညံ့သာဖြစ်၏။ မယဉ်ကျေးသူသာဖြစ်၏။

ငါးပါးသီလဆိုသည်မှာ အရိယာသူတော် စင်တို့ မြတ်နိုးသော သီလ ဖြစ်၏။ ထို့ကြောင့် ငါးပါးသီလကို တကယ်တမ်း ပြည့်ဝသည်ထက် ပြည့်ဝအောင် စောင့်ထိန်းသည် ဆိုပါလျှင် ထိုသို့ စောင့်ထိန်းသော သူကိုလည်း အရိယာသူတော်စင် တို့က မြတ်နိုးမည်ပင် ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



၏။ ပါဏာတိပါတ သိက္ခာပုဒ်သည် ငါးပါးသီလတွင် ပါဝင်သည် ဖြစ်လေရာ၊ ပါဏာတိပါတသိက္ခာပုဒ်ကို တကယ်တမ်း ပြည့်ပြည့်ဝဝ စောင့်ထိန်းလျှင်လည်း ထိုသူကို အရိယာသူတော်စင်တို့က မြတ်နိုးမည်ပင် ဖြစ်၏။ သို့ဖြစ်လေရာ မိမိအနေဖြင့် ပါဏာတိပါတ သိက္ခာပုဒ်ကို တကယ်တမ်း ပြည့်ပြည့်ဝဝ စောင့်ထိန်းသည်၊ မစောင့်ထိန်းသည်ကို မိမိနှင့် ဆက်ဆံသူများက အဆုံးအဖြတ်ပေးကြမည် ဖြစ်၏။ မိမိနှင့် ဆက်ဆံသူများက မိမိနှင့် ဆက်ဆံရခြင်းကို မြတ်နိုး ကြသည် ဆိုပါလျှင်၊ မိမိသည် ပါဏာတိ ပါတ သိက္ခာပုဒ်အရ မိမိ၏ ကိုယ်ကျင့်သိက္ခာကို ပြည့်ဝစွာ ထိန်းသိမ်းစောင့်ရှောက်သူ ဖြစ်၏။ သို့မဟုတ်ပါက မိမိသည် မိမိ၏ ကိုယ်ကျင့်သိက္ခာ ကို ပြည့်ဝစွာ စောင့်ရှောက်သူ မဖြစ်သေး။

ပါဏာတိပါတ၏ တရားကိုယ်မှာ ဒေါသ ဖြစ်၏။ သို့ဖြစ်လျှင် ယင်း၏ ဆန့်ကျင်ဘက်မှာ အဒေါသ ဖြစ်၏။ ဒေါသသည် သူတစ်ပါးကို နစ်နာအောင် ပြုတတ်၏။ အဒေါသသည် သူတစ်ပါးကို စိတ်ချမ်းသာအောင် ပြုတတ်၏။ လူဟူသည်မှာ ဓမ္မတာအားဖြင့် အနိုင်ရချင်သည်ချည်းသာ ဖြစ် ၏။ ထို့ကြောင့် လူသည် မိမိနှင့် ဆက်ဆံရသူများ အပေါ် အနိုင်ရလေအောင် ဒေါသကို အသုံးပြု သည်လည်းရှိ၏။အဒေါသကို အသုံးပြုသည်လည်း ရှိ၏။ အဒေါသဟူသည်မှာ အဘိဓမ္မာ တရားကိုယ် အားဖြင့် အသုံးပြုသောအမည်ဖြစ်၏။ လောက ဝေါဟာရအားဖြင့် ဆိုရလျှင် ယင်းကို မေတ္တာ



www.burmeseclassic.com

www.burmeseclassic.com



ဟူ၍ ဆို၏။ ထို့ကြောင့် သူတစ်ပါးအပေါ် အနိုင်ရအောင် အားထုတ်ရာတွင် ဒေါသဖြင့်လည်း နိုင်အောင်အားထုတ်၍လည်းရ၏။ မေတ္တာဖြင့်လည်း နိုင်အောင်အားထုတ်၍လည်း ရ၏။ ဒေါသဖြင့် အနိုင်ရအောင်အားထုတ်ခြင်းကို အသူရာတို့က အသုံးပြု၏။ မေတ္တာဖြင့်အနိုင်ရအောင် အား ထုတ်ခြင်းကို သိကြားမင်းကအသုံးပြု၏။ ဒေသနာ တော်အရ ဆိုလျှင် ဒေါသဖြင့် အနိုင်ရခြင်းသည် အဓမ္မ၏ ပြယုဂ် ဖြစ်၏။ မေတ္တာဖြင့် အနိုင်ရခြင်း သည် ဓမ္မ၏ ပြယုဂ်ဖြစ်၏။ မြတ်စွာဘုရားသည်အင်္ဂုလိမာလ ဘီလူးကိုလည်း နိုင်ခဲ့၏။ နာဠာဂီရိ ဆင်ကိုလည်း နိုင်ခဲ့၏။ ထိုသို့ နိုင်အောင် အား ထုတ်ရာတွင်မြတ်စွာဘုရားသည် ဒေါသကိုမသုံး။ မေတ္တာကိုသာသုံးတော်မူခဲ့၏။ အမှန်အားဖြင့် မြတ်စွာဘုရားသည်ဒေါသကို ဝါသနာနှင့်တကွ ပယ်တော်မူပြီး ဖြစ်ပါ၏။

ပါဏာတိပါတ သိက္ခာပုဒ်ကို လုံခြုံအောင် စောင့်ထိန်းမည် ဆိုပါလျှင် မေတ္တာရှိမှ ဖြစ်၏။ ကရုဏာရှိမှဖြစ်၏။ မုဒိတာ ရှိမှ ဖြစ်၏။ ဥပေက္ခာရှိမှ ဖြစ်၏။ အချုပ်အားဖြင့် ဆိုရလျှင် ဗြဟ္မစိုရ် တရားရှိမှ ဖြစ်၏။ ဗြဟ္မစိုရ်တရား ဆိုသည်မှာ အထူးအဆန်းတော့ မဟုတ်။ လူကို လူလို မြင်ခြင်း ပင် ဖြစ်၏။ လူကို လူလို မြင်အောင်ကြည့်တတ်ဖို့ ဆိုသည်မှာ တကယ်တော့ လွယ်သည်မဟုတ်။ ကျင့်သူမှ ဖြစ်၏။ လက်တွေ့အားဖြင့် ဆိုရလျှင်လူကို တွေ့မြင်သောအခါ လူဟု မမြင်ဘဲ ကုလား၊ တရုတ် ဟူ၍လည်း မြင်တတ်၏။ သူဌေး၊ ဆင်းရဲ သား



www.burmeseclassic.com

www.burmeseclassic.com



ဟူ၍လည်း မြင်တတ်၏။ အရာရှိ၊ ရုံးအကူ ဟူ၍လည်း မြင်တတ်၏။ အမှန်အားဖြင့် မိမိ၏ ရှေ့မှောက်၌ လူ စစ်စစ်ကြီး ရှိပါလျက်နှင့် လူကို လူဟူ၍ မမြင်ဘဲ လူမျိုး အလိုက် ခွဲခြား၍ မြင်ခြင်း သည် လည်းကောင်း၊ အဆင့် အတန်း အလိုက် ခွဲခြား၍ မြင်ခြင်းသည် လည်းကောင်း၊ ရာထူး ဌာနန္တရအလိုက် ခွဲခြား၍ မြင်ခြင်းသည် လည်း ကောင်း ကောင်းသော မြင်ခြင်း မဟုတ်။ မ ကောင်းသော မြင်ခြင်းသာ ဖြစ်၏။ လူကို လူ အဖြစ်ဖြင့် မြင်မှသာ ကောင်းသောမြင်ခြင်း ဖြစ် ၏။ ကောင်းသော မြင်ခြင်း ဆိုသည်မှာလည်း လောက ရှုထောင့် အရ ကောင်းသော မြင်ခြင်း ဖြစ်၏။ ဓမ္မရှုထောင့်အရ ကောင်းသော မြင်ခြင်း ဆိုသည်မှာ လူကို တွေ့လျှင် လူဟူ၍ပင် မမြင်ဘဲ ရုပ် နာမ် ဟူ၍သာမြင်ခြင်းဖြစ်၏။ လူကိုတွေ့လျှင် တရုတ်၊ ကုလား စသည်အားဖြင့် လည်းကောင်း၊ သူဌေး ဆင်းရဲ သား စသည်ဖြင့် လည်းကောင်း မြင်ခြင်းသည် သာသနာပ ကာလ၌လည်း ရှိ၏။ သာသနာတွင်း ကာလ ၌လည်း ရှိ၏။ ထို့ကြောင့် ထိုအမြင်မျိုးသည် ဘဝအမြင် ဟောင်းသာ ဖြစ်၏။ ဘဝအမြင်သစ် မဟုတ်။ ယင်း အမြင်မျိုးသည် ပပဉ္စအမြင်မျိုးသာ ဖြစ်၏။ ပပဉ္စအမြင် မျိုး ဖြစ် လေသောကြောင့် ယင်းအမြင်မျိုးတွင် တဏှာ သဘောလည်း ပါ၏။ မာနသဘောလည်း ပါ၏။ ဒိဋ္ဌိ သဘောလည်း ပါ၏။

ပပဉ္စဟူသည်မှာ တဏှာ၊ မာန၊ ဒိဋ္ဌိတို့၏ အမည် ဖြစ်၏။ တပ်မက်ခြင်းသည် တဏှာ ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



မောက်မာခြင်းသည် မာန ဖြစ်၏။ အခိုင်အမာ အဖြစ် ယူ ခြင်းသည် ဒိဋ္ဌိ ဖြစ်၏။ အမှန် အားဖြင့် ပပဉ္စဟူသည်မှာ လောက၏ အတွင်းသရုပ် ဖြစ်၏။ သုံးဆယ့်တစ်ဘုံသည် လောက၏ အပြင်ပုံသဏ္ဌာန် ဖြစ်၏။ လူကို လူအဖြစ် မြင် ခြင်းသည် သာသနာပ၊ သာသနာတွင်း နှစ်မျိုး လုံး၌ ရှိ၏။ ထိုကြောင့် ထိုအမြင်မျိုးသည်လည်း ဘဝအမြင် ဟောင်းသာ ဖြစ်၏။ ဘဝအမြင်သစ် မဟုတ်သေး။ လူကို ရုပ်နာမ် အဖြစ် မြင်မှသာ ဘဝအမြင်သစ် ဖြစ်၏။ ထို အမြင်မျိုးသည် သာသနာပ၌ မရှိဘဲ သာသနာ တွင်း၌သာ ရှိ၏။ ထိုကြောင့် လူကို လူဟု မမြင်ဘဲ ရုပ်နာမ်အဖြစ် မြင်ခြင်းသည် ဘဝအမြင်သစ် ဖြစ် သည်ဟု ဆိုရခြင်း ဖြစ်၏။ လူကို လူအဖြစ် မြင်ခြင်း သည် ပြဟ္မစိုရ်အမြင် မည်၏။ လူကို ရုပ်နာမ်အဖြစ် မြင်ခြင်းသည် ဒိဋ္ဌိဝိသုဒ္ဓိ အမြင် မည်၏။

သာသနာတွင်း၌ ပါဏာတိပါတသိက္ခာ ပုဒ်ကို လုံခြုံအောင် စောင့်ထိန်းရာ၌ သီလအဆင့်မှ အဓိသီလ အဆင့်သို့ တိုင်အောင် စောင့်ထိန်းရ ၏။ သီလအဆင့်သာ စောင့်ထိန်းပါက သံသရာတွင်း ချမ်းသာကိုသာ ပေးနိုင် ၏။ အဓိသီလ အဆင့်သို့ ရောက်အောင် စောင့်ထိန်းမှ သာ သံသရာလွန် ချမ်းသာကိုလည်း ပေးနိုင်၏။ သံသရာ တွင်းချမ်းသာကိုလည်း ပေးနိုင်၏။ ချမ်းသာနှစ်မျိုးလုံးကို ပေးနိုင်၏။ ပါဏာတိပါတ သိက္ခာပုဒ်ကို အဓိသီလ အဆင့်သို့ ရောက်အောင် စောင့်ထိန်း မည်ဆိုလျှင် ပါရမီ သဘောပါဖို့ လို၏။ ပါရမီသဘော ဟူသည်မှာ အနစ်နာ



www.burmeseclassic.com

www.burmeseclassic.com



ခံသည့်ဘက်မှ နေနိုင်အောင် ကြိုးစားခြင်း ဖြစ်၏။ အနစ်နာ ခံသည့်ဘက်မှ နေနိုင်ခြင်း ဟူသည် လူသာမန်တို့ လုပ်နိုင်သော အလုပ်မျိုး မဟုတ်။ တကယ်တမ်း မြင့်မြတ်သူများသာ လုပ်နိုင်သော အလုပ်မျိုး ဖြစ် ၏။ ထို့ကြောင့်လည်း ပါရမီဟူ၍ ဆိုခြင်း ဖြစ်၏။ ပါရမီ၏ အနက်မှာလည်း မြင့်မြတ်သူတို့၏ အလုပ်ဟူ၍ ဖြစ်၏။ ပါဏာတိပါတ သိက္ခာပုဒ်ကို စောင့်ထိန်းရာ၌ ပါရမီသဘော ပါဝင်သည်နှင့် တစ်ပြိုင်နက် ယင်းသီလသည် အရိယသစ္စာကို သိဖို့အတွက် အားကြီးသော အကြောင်း ဖြစ်လာ ၏။ အားကြီးသောအကြောင်းကို ဥပနိဿယ ဟူ၍ ဆို၏။

မြတ်စွာဘုရား အလောင်းတော် သုမေဓာ ရှင်ရသေ့သည် ဒီပင်္ကရာ မြတ်စွာဘုရားထံတော်၌ ဘုရားဖြစ်ရန် ဆုတောင်းတော်မူခဲ့၏။ ဤသည်မှာ ပိဋကတ်တော်များ၌ ဖော်ပြသော တိုက်ရိုက် အနက် ဖြစ်၏။ ယင်းအနက်ကိုဆန့်၍ ကြည့်လျှင် သုမေဓာ ရှင်ရသေ့သည် ကိလေသာများကို ဝါ သနာနှင့်တကွ ပယ်နိုင်သော အရဟတ္တ မဂ်ဉာဏ် တော်ကိုလည်း ရလို၏။ အလုံးစုံကို သိတော်မူ နိုင်သော သဗ္ဗညုတဉာဏ်တော်ကိုလည်း ရလို၏။ ဤနှစ်မျိုးသည်သာလျှင် အလောင်းတော်သုမေဓာ ရှင်ရသေ့ တောင်းသောဆု ဖြစ်၏။ အခြားဆုများ ကို သုမေဓာရှင်ရသေ့ မတောင်းခဲ့။

လောကတွင် အသာစံခြင်းနှင့်အနာခံခြင်း ဟူ၍ နှစ်မျိုးရှိလေရာ၊ အနာခံခြင်းဟူသည်မှာ လွယ်ကူသော



www.burmeseclassic.com

www.burmeseclassic.com



အလုပ် မဟုတ်။ လောဘ အမျှုပြု သောကိလေသာများကို ပါးအောင် ကျင့်နိုင်မှ ဖြစ်၏။ ကိလေသာပါးလာသည်နှင့်အမျှ အနာခံခြင်း သည် ပွားလာမည် ဖြစ်၏။ ကိလေသာများ အကုန်အစင် ချုပ်ငြိမ်းသွားလျှင်ကား အနာခံခြင်း ဟူသည် အပြည့်အစုံ ဖြစ်လာမည် ဖြစ်၏။ ဝါသ နာ နှင့်တကွ ကိလေသာများကို ပယ်သတ်နိုင်ပါမူ လောကတွင် အနိုင်းမဲ့ အနစ်နာခံနိုင်သူ ဖြစ်လာ၏။ ထို့ကြောင့် ဝါသနာနှင့်တကွ ကိလေသာများကို ပယ်သတ်နိုင်သော အရဟတ္တမဂ်ဉာဏ်တော် ကို ရခြင်းဟူသည်မှာ လောကတွင် အနိုင်းမဲ့အနစ် နာ ခံနိုင်ခြင်းပင် ဖြစ်၏။ ဝေါဟာရခြင်းသာ ခြားနား ၏။ အနက်ခြင်းကား အတူတူပင် ဖြစ်၏။ ထို့ကြောင့် အလောင်းတော် သုမေဓာ ရှင်ရသေ့ ဒီပင်္ကရာ မြတ်စွာဘုရားထံတော်၌ ဘုရားဖြစ်ရန် အရဟတ္တ မဂ်ဉာဏ်တော်ကို တောင်းခြင်းဟူသည်မှာ လောကတွင် အနိုင်းမဲ့အနစ်နာခံနိုင်သူဘဝကို တောင်းခြင်းပင် ဖြစ်၏။ သုမေဓာရှင်ရသေ့သည် ဗောဓိမဏ္ဍိုင်၌ အရဟတ္တမဂ်ဉာဏ်တော်ကို ရ တော်မူသောအခါ၊ သူ၏ သန္တာန်၌ ကိန်းနေသော ကိလေသာ ဟူသမျှကို ဝါသနာနှင့်တကွ ပယ်သတ် လိုက်နိုင်သောကြောင့် သူသည် လောကတွင် အနိုင်းမဲ့ အနစ်နာခံနိုင်သူ ဖြစ်လာလေ၏။

သုမေဓာ ရှင်ရသေ့သည် လောကတွင် အနစ်နာခံနိုင်ရုံမျှနှင့် ကျေနပ်သူ မဟုတ်။ သူ တစ်ပါး အကျိုးကို အဆောင်ရွက်နိုင်ဆုံးလည်း ဖြစ်လိုသေး၏။ အမှန်အား



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် အနစ်နာခံဖို့အပြင် သူတစ်ပါးအကျိုးကို ဆောင်ရွက်ဖို့လည်း လိုသေး ၏။ သူတစ်ပါး၏ အကျိုးကို ဆောင်ရွက်ရာတွင် အသိဉာဏ်ထက်လေ ပို၍ ဆောင်ရွက်နိုင်လေဖြစ်၏။ ထို့ကြောင့် သုမေဓာ ရှင်ရသေ့သည် ဒီပင်္ကရာမြတ်စွာဘုရား၏ထံတော်၌ သဗ္ဗညုတ ဉာဏ်တော်ကို ရရှိရန် ဆုတောင်းခြင်း ဖြစ်၏။ သဗ္ဗညုတ ဉာဏ်တော်ကို ရပါမှ လောကတွင် သူတစ်ပါး၏ အကျိုးကို အနှိုင်းမဲ့ ဆောင်ရွက်နိုင် သူ ဖြစ်မည် ဖြစ်၏။ ထို့ကြောင့်သဗ္ဗညုတဉာဏ် တော်ကို ရခြင်း ဟူသည်မှာ လောကတွင် သူတစ်ပါး၏ အကျိုးကို အနှိုင်းမဲ့ ဆောင်ရွက်နိုင်ခြင်းဖြစ်ပါ၏။

အလောင်းတော် သုမေဓာရှင်ရသေ့သည် ဘုရားဖြစ်တော်မူသောအခါ လူ နတ် ပြဟ္မာ သတ္တဝါ အပေါင်းတို့၏ ဆရာ ဖြစ်လာ၏။ ထိုအခါ "သတ္ထာ ဒေဝ မနုဿာနံ" ဟူသော ဂုဏ်တော်ကို ရတော်မူ၏။ သို့ဖြစ်လေရာ မြတ်စွာဘုရား၏ ဘဝ ကျင့်စဉ်ကို လေ့လာခြင်းအားဖြင့် လောကတွင် အရေးကြီးဆုံးနှင့် အတောင့်တထိုက်ဆုံးမှာ အနစ် နာခံ ခြင်းနှင့် သူတစ်ပါး၏ အကျိုးကို ဆောင် ရွက်ခြင်းဖြစ်၏။ တကယ်တမ်း အနစ်နာခံပြီး၊ တကယ်တမ်း သူတစ်ပါး၏ အကျိုးကို ဆောင်ရွက်မည် ဆိုပါလျှင် အခြားအခြားသော အကျိုးတရားများ ကို အထူးတောင့်တဖို့မလို။ သူ့အလိုအလျောက် "ခြေပေါက်" ၍ လာကြမည် ဖြစ်၏။ ယုံမှားဖွယ် မရှိ။ မြတ်စွာဘုရား၏ ဖြစ်တော်စဉ်က သက်သေခံပါ၏။ ယင်းတို့နောက်



www.burmeseclassic.com

www.burmeseclassic.com



မလိုက်ပါဖို့သာ အရေး ကြီး၏။ အမှန်အားဖြင့် အနစ်နာခံခြင်းသည် အပြောဖြင့်မဟုတ်ဘဲ အလုပ်ဖြင့် အရဟတ္တမဂ် ဉာဏ်တော်ကို တောင်းခြင်းပင် ဖြစ်၏။ သူတစ်ပါး အကျိုး ဆောင်ရွက်ခြင်းသည်လည်း သဗ္ဗညုတ ဉာဏ်တော် မဟုတ်စေကာမူ ထက်မြက်သော ဉာဏ်တော်ကို အပြောဖြင့် မဟုတ်ဘဲ အလုပ်ဖြင့် တောင်းခြင်းပင် ဖြစ်၏။

သို့ဖြစ်၍ ပါဏာတိပါတ သိက္ခာပုဒ်ကို ထိန်းသိမ်း စောင့်ရှောက်ရာ၌ သူတစ်ပါးအသက် ကို မသတ်မိအောင် ရှောင်ကြဉ်ရုံမျှနှင့် မကျေနပ်သေးဘဲ သူတစ်ပါး အသက်ကို ရှည်အောင်၊ သူ တစ်ပါး စိတ်ချမ်းသာ ကိုယ်ချမ်းသာဖြစ်အောင် အားထုတ်ရ၏။ ဒုစရိုက်နှင့် သုစရိုက်ဟူ၍ ရှိလေရာ ဒုစရိုက်ကို မကျူးလွန်လျှင် သုစရိုက် ဖြစ်၏။ သို့ရာတွင် သုစရိုက်ဖြစ်ရုံမျှနှင့် မကျေနပ်သေးဘဲ ပုညကိရိယာ အဆင့် ရောက်အောင်ပါ ကြိုးစားရ ၏။ သီလသည် ပုညကိရိယာ၌ ပါဝင်ပါ၏။ သင်္ချာဝေါဟာရ ဖြင့် ပြောရမည်ဆိုလျှင် ဒုစရိုက်သည် "အနုတ်" ဖြစ်၏။ သုစရိုက်သည် "သုည" ဖြစ်၏။ ပုည ကိရိယာသည် "အပေါင်း" ဖြစ်၏။ အနုတ်နှင့် အပေါင်းသည် သုညကို အကြောင်း ပြု၍ ရရှိခြင်း ဖြစ်သဖြင့် သုညသည် များစွာ တန်ဖိုး ကြီးပါ၏။ ထို့နည်းအတူ အနုတ်ဖြစ်သော ဒုစရိုက်နှင့် အပေါင်းဖြစ်သော ပုညကိရိယာတို့သည် သုည ဖြစ်သော သုစရိုက်ကို အကြောင်းပြု၍ ဖြစ်ပေါ် ရခြင်း ဖြစ်သဖြင့် သုစရိုက်သည်



www.burmeseclassic.com

www.burmeseclassic.com



များစွာ တန်ဖိုး ကြီးပါ၏။ အပေါင်းဖြစ်သော ပုည ကိရိယာ ဖြစ် လာလျှင် ပို၍ တန်ဖိုးကြီးလေ၏။

မြတ်စွာဘုရား၏ ကျင့်ထုံးကို ကြည့်မည် ဆိုပါလျှင် သုစရိုက်သည် အနစ်နာခံခြင်း သဘော ကို ဆောင်၍၊ ပုညကိရိယာသည် သူတစ်ပါး၏ အကျိုးကိုဆောင်ခြင်းသဘောကိုဆောင်၏။ အမှန်အားဖြင့် မြတ်စွာဘုရား၏ အလိုတော်အရ လူတိုင်းတွင် အနစ်နာခံဖို့ တာဝန်လည်း ရှိ၏။ သူတစ်ပါး အကျိုးကို ဆောင်ရွက်ဖို့ တာဝန်လည်း ရှိ၏။ ထို တာဝန်နှစ်ရပ်ကို မိမိတို့ စွမ်းနိုင်သမျှ ဆောင်ရွက်မှသာ လောက၌ "ဓမ္မ" ကြီးစိုး၍၊ လောကသည် ငြိမ်းချမ်းမည် ဖြစ်၏။ လောက၌ ဓမ္မ ကြီးစိုးခြင်း ဟူသည်မှာ မိမိတို့၏ ကိုယ်ကျင့် သိက္ခာကို စည်းစိမ် ဥစ္စာတို့နှင့် လည်းကောင်း၊ ရာထူးဌာနန္တရတို့နှင့် လည်းကောင်း၊ ဂုဏ်ပကာ သနတို့နှင့်လည်းကောင်း "မလဲ" ခြင်းပင် ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၄
## အစမှ မလွှမ်းမိုးနိုင်အောင်
## မိမိဘဝကို အနစ်နာခံနိုင်ရမည်။

သံသရာသက်တမ်းနှင့် စာလိုက်လျှင် လူ့ဘဝသက် တမ်း ဟူသည်မှာ ဘာမျှကြာသည်မဟုတ်။ ရေပွက် ပမာ ခဏတာမျှသာ ဖြစ်၏။ ထိုမျှ တိုတောင်း သော ကာလ အတွင်း၌ အသက်ရှင် နေထိုင်ရစဉ် လူတို့သည် ကျီးလန့် စာ စားသကဲ့သို့ သောကကို ရင်ဝယ်ပိုက်ပြီး နေထိုင်ကြ ရမည်ဆိုပါက ရခဲသော လူ့ဘဝကို ရခြင်းသည် ဘာမျှ အဓိပ္ပာယ် ရှိလှမည် မဟုတ်။ ကျီးလန့်စာ စားနေရသကဲ့ သို့သောကကို ရင်ဝယ်ပိုက်ပြီး နေထိုင်ရခြင်းသည်လည်း မိမိ၏ ပတ်ဝန်းကျင်ရှိ လူသားများက မိမိနှင့် ဆက်ဆံရာ တွင် မိမိအပေါ်အမြဲတမ်းအနိုင်ကျင့်ဝါဒကို ကျင့် သုံး နေ ရသောကြောင့်ဖြစ်၏။ အနိုင်ကျင့်ဝါဒ ဟူ သည်မှာ ကိုယ်ကျင့် သိက္ခာမဲ့မှုအပေါ် အခြေခံ၍ ဖြစ်ပေါ်လာသော ဝါဒပင် ဖြစ်၏။ ထို့ကြောင့် မည်သည့် လူသားမဆို ကိုယ်ကျင့်သိက္ခာမဲ့သော ပတ်ဝန်းကျင်၌ မနေလို ခြင်း ဖြစ်၏။ သို့ရာတွင် မိမိက ကိုယ်ကျင့်သိက္ခာမဲ့သော



www.burmeseclassic.com

www.burmeseclassic.com



ပတ်ဝန်းကျင်၌ မနေလိုပါဘဲလျက် မိမိကိုယ်တိုင်က တစ်ဖန် ကိုယ် ကျင့် သိက္ခာမဲ့သော အပြုအမူများကို ပြုမူနေပြန် လေရာ၊ ကမ္ဘနိယာမအရ မိမိ၏ ဘဝကို မိမိကပင် ဖန်တီးရာရောက်ပြီး ဘယ်သူမပြု မိမိမှုပင် ဖြစ်လေ ၏။

မိမိ၏ ပတ်ဝန်းကျင်က အနိုင်ကျင့်ဝါဒ အရ မိမိ အပေါ် ကိုယ်ကျင့်သိက္ခာမဲ့သော အပြု အမူမျိုးကို မလုပ်စေလိုပါလျှင် မိမိကလည်း မိမိ၏ ပတ်ဝန်းကျင်အပေါ် ကိုယ်ကျင့်သိက္ခာမဲ့ သော အပြုအမူများကို မလုပ်မိဖို့ လိုပါ၏။ သို့မှသာ မိမိ၏ ဘဝနှင့် မိမိ၏ ပတ်ဝန်းကျင် သည် ဝိရောဓိ မဖြစ်ဘဲ အနုရောဓိသဘောသို့ သက်ရောက်ကာ လိုက်လျောညီထွေ ဖြစ်ပေလိမ့် မည်။

မိမိ၏ ပတ်ဝန်းကျင်ကို ငြိမ်းချမ်းသော ပတ်ဝန်းကျင်ဖြစ်အောင် ဆောင်ရွက်ရေးနှင့် ပတ်သက်၍၊ လိုက်နာကျင့်သုံးရန် ဘဝနေနည်းနှင့် ပတ်သက်၍ ကျင့်စဉ်တစ်ခုကို သူတော်စင်များက သတ်မှတ်ထား၏။ ယင်းကျင့်စဉ်ကို “ဟာနောပါ ဒါန” ဟုခေါ်၏။ **ဟာနောပါဒါန** ဟူသည်မှာ ဟာန+ဥပါဒါန=ဟာနောပါဒါန ဟူ၍ ဖြစ်၏။ ထိုတွင် “ဟာန”၏ သဒ္ဒါအနက်မှာ နုတ်ခြင်း၊ အလျှော့ပေးခြင်းဟူ၍ ဖြစ်၏။ နုတ်ခြင်း၊ အလျှော့ ပေးခြင်း ဟူသည်မှာ အနစ်နာခံခြင်းပင် ဖြစ်၏။ ဥပါဒါန၏ သဒ္ဒါအနက်မှာ ပေါင်းခြင်း၊ ဆွဲယူခြင်း ဖြစ်၏။ ပေါင်းခြင်း၊ ဆွဲယူခြင်း ဟူသည်မှာ သူတစ်ပါးအကျိုးကို ဆောင်ရွက်ပေးခြင်းဖြစ်၏။ ထို့ကြောင့်“ဟာနောပါဒါန” ဟူသော ဘဝနေနည်း အရ လူသည် မိမိ အသက်ရှင်နေ



www.burmeseclassic.com

www.burmeseclassic.com



သမ္မာ ကာလ ပတ်လုံး ပတ်ဝန်းကျင်နှင့် မလွဲမသွေ ဆက်ဆံ နေရမည်ဖြစ်လေရာ၊ ထိုသို့ ဆက်ဆံရာ၌ မိမိဘက်က အလျှော့ပေးပြီး သူ့ဘက်ကို ပံ့ပိုးရမည် ဖြစ်၏။

လောကတွင် အဝိုင်းလည်း ရှိ၏။ လေးထောင့်လည်း ရှိ၏။ အဝိုင်းနှင့် လေးထောင့်ကို တစ်ထပ်တည်း ကျအောင်လုပ်လိုပါက ဤဟာနောပါဒါနသဘောကို ကျင့်သုံးပြီး "ဟာန" အရ ခုတ်လှီးသင့်သည်ကို ခုတ်လှီးရ၏။ "ဥပါဒါန" အရ ဖြည့်စွက်သင့်သည်ကို ဖြည့်စွက်ရ၏။ ထိုအခါမှသာ အဝိုင်းနှင့်လေးထောင့်သည် တစ်ထပ်တည်း ကျမည် ဖြစ်၏။ လူမှုဆက်ဆံရေး နယ်ပယ်တွင် လည်း လူဟူသည် ပုထုဇဉ်တို့၏ ဗီဇစိတ်ဓာတ်အရ မိမိဘက်ကသာ အသာချည်းယူချင်၏။ မော်တော် ယာဉ်စီးရာ၌ပင် ကျပ်တန်အဟောင်းနှင့်ကျပ်တန် အသစ်နှစ်ရွက်ရှိပါက ကျပ်တန်အဟောင်းကိုသာ ကားခ အဖြစ်ပေး၏။ ကျပ်တန်အသစ်ကို ကားခ အဖြစ်မပေး။ ဤသို့သော အသေးအဖွဲကိစ္စ လေးမျိုး၌ပင် လူသည် အသာယူချင်၏။

အကြီးအမား ကိစ္စမျိုး၌မူ ဆိုဖွယ်မရှိ။ အသာယူချင်သည်သာဖြစ်၏။ ဤသည်မှာ ပုထုဇဉ် လူသားတို့၏ ဗီဇစိတ်ဓာတ်ကြောင့် ဖြစ်၏။ ထိုဗီဇ စိတ်ဓာတ်ကလည်း အစမထင် သံသရာမှစ၍ ပုထုဇဉ်တို့၏ သန္တာန်၌ ကိန်း အောင်း နေခဲ့လေရာ ထို ဗီဇစိတ်ဓာတ်ကို ပယ်ဖို့ မလွယ်။ အရိယာ အဖြစ်သို့ ရောက်ပါမှသာ မင်



www.burmeseclassic.com

www.burmeseclassic.com



ဖိုလ်ဖြင့် မြစ်ပြတ်ပယ်နိုင်မည် ဖြစ်၏။ ပုထုဇဉ် လူသားများ အနေဖြင့် မြစ်ပြတ် မပယ်နိုင်စေကာမူ ပါးအောင် တော့လုပ်၍ ရပါ၏။

ပုထုဇဉ်တို့သည် အခွင့်အရေးဟူသမျှကို မရလျှင် ရအောင်ယူချင်၏။ ဤသည်မှာ တဏှာ ပြဋ္ဌာန်းသည့်သဘောဖြစ်၏။ ယင်းကို "လာဘ" ၌ သွင်းယူအပ်၏။ မိမိကိုယ်ကို အခိုင်အမာပြု၍ ပတ်ဝန်းကျင်၏ အလေးအမြတ် ပြုခြင်းကိုလည်း ခံချင်၏။ ဤသည်မှာ ဒိဋ္ဌိ ပြဋ္ဌာန်းသည့် သဘော ဖြစ်၏။ ယင်းကို "သက္ကာရ" ၌ သွင်းယူအပ်၏။ ယှဉ်လိုက်လျှင် သူများထက်လည်း သာချင်၏။ ဤ သည်မှာ မာန ပြဋ္ဌာန်းသည့် သဘော ဖြစ်၏။ ယင်းကို "သိလောက"၌ သွင်းယူအပ်၏။ သဒ္ဒါနက် အားဖြင့် "လာဘ" ဟူသည်မှာ ရယူလိုခြင်း ဖြစ် ၏။ "သက္ကာရ " ဟူသည်မှာ အလေးအမြတ်ပြုခံ လိုခြင်း ဖြစ်၏။"သိလောက"ဟူသည်မှာ ထင်ပေါ် ကျော်ကြားလိုခြင်း ဖြစ်၏။ အမှန်အားဖြင့် ပုထုဇဉ်တို့၏ ဗီဇ စိတ်ဓာတ်တွင် တဏှာ၊ မာန၊ ဒိဋ္ဌိတို့သည် ပဓာနကျလေ၏။ ပုထုဇဉ်တို့၏ ဗီဇ စိတ်ဓာတ်ကို မထိန်းချုပ်နိုင်သမျှ ကာလပတ်လုံး လူ့တို့သည် အချင်းချင်းဆက်ဆံရာ၌ အဝိုင်းနှင့် လေးထောင့် သဖွယ်ချည်းသာဖြစ်နေကြမည် ဖြစ်၏။ ထို့ကြောင့် အဝိုင်းနှင့် လေးထောင့်ကို တစ်ထပ်တည်းကျအောင် လုပ်နိုင်သော ဟာနော ပါဒါန မည်သော ဘဝနေ နည်းကို သူတော်စင် ပညာရှင်များက ညွှန်ကြားကြခြင်းဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



လူမှုဆက်ဆံရေးနယ်ပယ်၌ အဝိုင်းနှင့် လေးထောင့်ကို တစ်ထပ်တည်းကျအောင်လုပ်ရာ တွင် မိမိဘက်က အနာခံပြီး သူ့ဘက်ကို အသာစံ စေဖို့ဆိုသည်မှာ မိမိ၏သန္တာန်၌ ကိန်းနေသော တဏှာ၊ မာန၊ ဒိဋ္ဌိ ဦးဆောင်သော ကိလေသာတို့ကို ပါးအောင်လုပ်နိုင်မှ ဖြစ်၏။ တဏှာ၊ မာန၊ ဒိဋ္ဌိ ဦးဆောင်သော ကိလေသာများကို ပါးအောင်လုပ်ရာတွင် သီလစောင့်ထိန်းခြင်းသည် အကောင်းဆုံး ဖြစ်၏။ သီလကိုစောင့်ထိန်းခြင်းသော အခါ ဘုရား ကိုလည်းဖူးမိလျက်သားဖြစ်၏။ တရားကိုလည်း နာမိလျက်သားဖြစ်၏။ သံဃာတော်များကိုလည်း ဆည်းကပ်မိလျက်သားဖြစ်၏။

ပုထုဇဉ်တို့၏ စိတ်သည် ဓမ္မတာအားဖြင့် ကြမ်းတမ်း၏။ ထို့ကြောင့် လူဟူသည် တစ်ဦးနှင့် တစ်ဦး ဆက်ဆံရာ၌ အဝိုင်းနှင့်လေးထောင့် သဖွယ် ဖြစ်ကာ "ဟာရ"အရ အနာမခံနိုင်ခြင်းဖြစ် ၏။ "ဥပါဒါန" အရ သူ့အကျိုးကို မဆောင်ရွက်နိုင် ခြင်းဖြစ်၏။ ထို့ကြောင့် ပုထုဇဉ်တို့သည် ရတနာ သုံးပါးကို ဆည်းကပ်ခြင်းအားဖြင့် မိမိတို့၏စိတ်ကို နူးညံ့ သိမ်မွေ့အောင် လုပ်ဖို့လို၏။ ရတနာသုံးပါးမှ "အား"များကို အဆင့်ဆင့်ရနိုင်အောင်လုပ်ဖို့ လို၏။ ထိုကဲ့သို့ ရတနာသုံးပါးမှ "အား"အဆင့်များ ကို ရပါမှသာ လူတို့သည် သီလကို လုံခြုံအောင် စောင့်ထိန်းနိုင်မည်ဖြစ်၏။ သီလကို လုံခြုံအောင် စောင့်ထိန်းနိုင်သောအခါ တဏှာ၊ မာန၊ ဒိဋ္ဌိတို့သည် ပါးလာမည်ဖြစ်၏။

**ပညာ့ရိပ်မွန်**

www.burmeseclassic.com

www.burmeseclassic.com



သီလတွင် ပါဏာတိပါတ သိက္ခာပုဒ်ကို လုံခြုံအောင် စောင့်ထိန်းရာ၌ သူတစ်ပါး၏ အသက်ကို မသတ်မိအောင် စောင့်ထိန်းရ၏။ ဤသည်မှာ အကြမ်းစား စောင့်ထိန်းခြင်းဖြစ်၏။ ထိုထက်ပို၍ စောင့်ထိန်းသောအခါ သူတစ်ပါး မနစ်နာရလေအောင် စောင့်ထိန်းရ၏။ ဤသည် မှာ ဟာနော ပါဒါန ဟူသော ဘဝနေနည်းတွင် "ဟာန" အရ မိမိဘက်က အနစ်နာခံခြင်းဖြစ်၏။ "ဥပါဒါန" အရ သူ့ဘက်ကို ပံ့ပိုးသောအခါ သူတစ်ပါး အသက်ရှည်အောင် ဆောင်ရွက်ရ၏။ အမှန်အားဖြင့် မိမိဘက်က အနစ်နာခံခြင်းသည် "သုစရိုက်" သဘောကို ဆောင်၏။ သူ့ဘက်ကို ပံ့ပိုးပေးခြင်းသည် "ပုညကိရိယာ" သဘောကို ဆောင်၏။

မြတ်စွာဘုရားရှင်တို့၏ အဆုံးအမအရ ဆိုပါလျှင် လူသည် မကောင်းမှုဟူသမျှတို့ကို မလုပ် မိအောင် အားထုတ်ရ၏။ ကောင်းမှုဟူသမျှကို လုပ်မိအောင်လည်းအားထုတ်ရ၏။ ထိုသို့အားထုတ်ရာတွင် မိမိစိတ်ကို ဖြူစင်စွာထားရ၏။ မိမိစိတ်ကို ဖြူစင်စွာထားခြင်းဟူသည်မှာ လုပ်ငန်းတစ်ခုကို လုပ်ရာ၌ တဏှာသဘောအရ ရာထူးဂုဏ်သိန် စည်းစိမ်ဥစ္စာတို့ကိုလည်း မျှော်ကိုးခြင်းမရှိဘဲ၊ ဒိဋ္ဌိသဘောအရ မိမိကိုယ်ကို အခိုင်အမာပြုပြီး "ငါ"မရှိလျှင် အားလုံးပျက်စီးသွားကြလိမ့်မည် ဟူသော အမြင်မျိုးဖြင့်လည်း မြင်ခြင်းမရှိဘဲ၊ မာနသဘောအရ ယှဉ်လိုက်လျှင် ခေါင်းတစ်လုံး သာအောင် ထင်ပေါ် ကျော်ကြားမှုမျိုးကိုလည်း မမြတ်နိုးဘဲ လွတ်



www.burmeseclassic.com

www.burmeseclassic.com



လွတ်စွန့်သော စိတ်ထားဖြင့် လုပ်ခြင်းမျိုးသာ ဖြစ်၏။ ဤ၌ လွတ်လွတ်စွန့်သော စိတ်ဟူသည်မှာ တဏှာ သဘောကိုလည်း စွန့်၏။ ဒိဋ္ဌိသဘောကို လည်းစွန့်၏။ မာနသဘော ကိုလည်း စွန့်၏။ ဤသို့သော စိတ်ထားဖြင့် ဆောင်ရွက်ပါမှသာ လောကလူမှု ဆက်ဆံရေး နယ်ပယ် ၌ အဝိုင်း နှင့် လေးထောင့်တို့သည် တစ်ထပ်တည်းကျပေ လိမ့်မည်။

ပါဏာတိပါတသိက္ခာပုဒ်အရ သူ့အသက် ကို မသတ်ရဟူ၍ လည်းကောင်း၊ သူ့ အကျိုးကို ထိပါး အောင်မလုပ်ရဟူ၍လည်းကောင်း ဆိုပါသော်လည်း ဤလောကတွင် မိမိ၏ နိုင်ငံကို ကျူးကျော်စော်ကား သည့်အခါ သမယမျိုးလည်း ရှိနိုင်၏။ မိမိလူမျိုးကို ကျူး ကျော် စော်ကားလာ သည့် အခါသမယမျိုးလည်း ရှိနိုင် ၏။ မိမိ မိသားစုကို ကျူးကျော် စော် ကားလာသည့်အခါ သမယ မျိုးလည်း ရှိနိုင်၏။ မိမိကိုယ်ကို ကျူးကျော် စော် ကားလာသည့် အခါသမမျိုးလည်း ရှိနိုင်၏။ ထိုအခါ မျိုး၌ကား "ခုခံပိုင်ခွင့်"အရ ပါဏာတိပါတ သိက္ခာပုဒ်ကို ကျော်လွန်ပြီး သူ့အသက်ကို သတ် ရသည့် အခါမျိုးလည်း ရှိနိုင်၏။ သူ့အကျိုးကို ထိပါးရသည့် အခါမျိုးလည်း ရှိနိုင်၏။ ထိုကဲ့သို့ မလုပ်ပါလျှင် မိမိနိုင်ငံသည် သူ တစ်ပါးလက် အောက်သို့ ရောက်သွားပေလိမ့်မည်။ မိမိ ၏ လူမျိုးသည် သူတစ်ပါး၏ ကျေးကျွန်ဖြစ်သွားပေ လိမ့်မည်။ မိမိ၏ မိသားစုသည် အရှက်တကွဲ အကျိုး



www.burmeseclassic.com

www.burmeseclassic.com



နည်း ဖြစ်သွားပေလိမ့်မည်။ မိမိသည်လည်း ရခဲလှသော လူ့ဘဝမှ ပျောက်ကွယ် သွားပေလိမ့်မည်။

ဤအခါမျိုးတွင်လည်း "ဟာနေပါဒါန" သဘောတရားအရ အနစ်နာခံခြင်းနှင့် သူ့အကျိုး ကို ဆောင်ရွက်ခြင်းတို့ဖြင့် ဆောင်ရွက်ရမည်ဖြစ်၏။ အနစ်နာခံရာတွင် ဓမ္မနှင့် အဓမ္မကို ချင့်တွက်ရ၏။ လောက၌ ငြိမ်းချမ်းသာယာမှု ဖြစ်ထွန်းရာ၌ ပုဂ္ဂိုလ်သတ္တဝါဟူသည် ပဓာနမဟုတ်၊ ဓမ္မ နှင့် အဓမ္မသည်သာ ပဓာနဖြစ်၏။ ထို့ကြောင့် လောက ၌ အဓမ္မ မထွန်းကားအောင် ဆောင်ရွက်ရေးတို့ အတွက် လူတိုင်း၌ တာဝန်ရှိ၏။ ထိုတာဝန်အရ အဓမ္မမထွန်းကားအောင် ဆောင်ရွက်ရာ၌ အနာခံခြင်းအရ လောလောဆယ်ပစ္စက္ခ၌ပင် မိမိ၏ ပစ္စည်းဥစ္စာများလည်း ဆုံးရှုံးနိုင်၏။ မိမိ၏ ကိုယ်အင်္ဂါ အစိတ်အပိုင်းများလည်း ဆုံးရှုံးနိုင်၏။ မိမိ၏ အသက်သည်ပင် ဆုံးရှုံးနိုင်၏။ တမလွန် ၌လည်း အပါယ်သို့ကျရောက်နိုင်၏။ ဤသည်မှာ အဓမ္မအပေါ် ဓမ္မကအောင်နိုင်ရေးအတွက် အနစ်နာခံပြီး ဆောင်ရွက်ခြင်း၏ ရလဒ်များဖြစ်၏။

ဗုဒ္ဓဒေသနာတော်အရ ဘုရားလောင်း၏ ဘဝများကို ကြည့်လျှင် များစွာ ကျေးဇူးတင်ဖွယ်များ၊ အံ့ချီးဖွယ်များနှင့် အတုယူဖွယ်များကို တွေ့ရ၏။ လောကအပေါ် အဓမ္မ မထွန်းကားနိုင်ရေးအတွက် အနစ်နာခံပြီး ဆောင်ရွက်တော်မူသော ဘုရားလောင်းသည် ငရဲလည်း ကျခဲ့၏။ ဆင်လည်း ဖြစ်ခဲ့၏။ နဂါးလည်းဖြစ်ခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



တေမိမင်းသား မဖြစ်မီကာလ ငရဲကျခဲ့သည်ကို တေမိမင်းသား ဖြစ်သောအခါ ကောင်းစွာမှတ်မိနေ၏။ အဘိဓမ္မာ ဒေသနာတော်အရ မကောင်းမှု အကုသိုလ် ဒုစရိုက်များကို ကျူးလွန်မှ အပါယ်သို့ ကျရောက်ခြင်း ဖြစ်လေရာ၊ ဗျာဒိတ်ရပြီးနောက်ပင် ဘုရားအလောင်းတော်သည် ပါဏာတိပါတ သိက္ခာပုဒ်ကို လွန်ကျူးခဲ့ကြောင်း ထင်ရှား၏။ ဘာမျှ အငြင်းပွားစရာ မရှိ။ မုသာဝါဒ သိက္ခာပုဒ်မှလွဲ၍ ကျန် သိက္ခာပုဒ်များကို အကြောင်းအားလျော်စွာ ဘုရားအလောင်းသည် လွန်ကျူးခဲ့သေးကြောင်း ကျမ်းဂန်များ၌ဆို၏။ သို့ရာတွင် ထိုသို့ကျူးလွန်ရာ၌ ဘုရားအလောင်းသည် လောက၌ ဓမ္မ အပေါ် အဓမ္မက မလွှမ်းမိုးရလေအောင်သာ မိမိ ကိုယ်ကို အနစ်နာခံပြီး ဆောင်ရွက်ခြင်းဖြစ်၏။ ဤသည်မှာ လောကသားတို့၏ တာဝန်ဖြစ်၏။ ထိုတာဝန်ကို လောကသားတို့ အနေဖြင့် မရှောင်လွှဲအပ်။ မရှောင်လွှဲအပ်သဖြင့် ထိုတာဝန်ကို ကျေပွန်စွာ ဆောင်ရွက်လေသောကြောင့် ဘုရား အလောင်းသည် ဖြစ်လေရာ ဘဝတို့၌ အထက်တန်းက အဖြစ်များ၏။ ငှက် ဖြစ်လျှင်လည်းငှက် မင်းဖြစ်၏။ ငှက်ပရောဟိတ် ဖြစ်၏။ အခြားသော ဘဝတို့၌လည်း ထို့နည်းအတူပင် အထက်တန်းက အဖြစ်များ၏။ ဤသို့ဖြစ်ရခြင်းမှာ ဘုရားအလောင်းတော်သည် မိမိ၏ ဘဝကို စတေးပြီး ဓမ္မဘက်က ရပ်တည်ခဲ့သောကြောင့် ဖြစ်၏။ ထို့ကြောင့် ဗုဒ္ဓဘာသာဝင်တို့သည် ဘုရားလောင်း၏ ထုံးကို နှလုံးမူပြီးလောက၌ ဓမ္မထွန်းကား



www.burmeseclassic.com

www.burmeseclassic.com



ရ လေအောင်၊ အဓမ္မ ကွယ်ပျောက်ရလေအောင် မတတ်သာလျှင် မိမိတို့၏ ဘဝကို စတေးပြီး ဆောင်ရွက်ဖို့ လိုပါ၏။

သမိုင်း၌ သာသနာတော်အတွက် အနော်ရထာလည်း ဆောင်ရွက်ခဲ့၏။ ဘုရင့်နောင်လည်း ဆောင်ရွက်ခဲ့၏။ အလောင်းဘုရားလည်း ဆောင်ရွက်ခဲ့၏။ သီဟိုဠ်ကျွန်း ဒုဋ္ဌဂါမဏိမင်းလည်း ဆောင်ရွက်ခဲ့၏။ တာဝန်ဟူသည် ရှောင်၍ မရကောင်း။ အမှန်အားဖြင့် တာဝန်ကို ကျေပွန် အောင် ဆောင်ရွက်ရာ၌ အနစ်နာခံနိုင်ခြင်းသည် ပင် ပါရမီမည်ပါ၏။ပါရမီဟူသည်လည်း"အဟော သိက"ဖြစ်ရိုးမရှိ။ ကမ္မနိယာမအရဆိုလျှင် နိဗ္ဗာန် တိုင်အောင် အကျိုးပေးမည်ဖြစ်၏။

သီလသိက္ခာနှင့်ပတ်သက်သော ဝိနည်း ဒေသနာတော်၌ အဓမ္မနှင့်ပတ်သက်ပြီး မြင်လျှင် ဖြစ်စေ၊ ကြားလျှင်ဖြစ်စေ၊ ယုံမှားလျှင် ဖြစ်စေ၊ ကြောင့်ကြမဲ့ မနေကြဘဲ အရေးယူ ဆောင်ရွက်ကြ ရန် မြတ်စွာဘုရားက တပည့်သား သာဝကတို့အား ဟောကြားထားတော်မူထား၏။ ရှင်မဟာ ကဿပ စသော ရဟန္တာကြီးများအဆက်ဆက်တို့သည်လည်း မြတ်စွာဘုရား၏ အလိုတော် အတိုင်းပင် အဓမ္မမလွှမ်းမိုးနိုင်ရေးအတွက် မိမိတို့၏ဘဝကို စတေးပြီး အနစ်နာခံကာ ဆောင် ရွက်တော်မူကြ၏။ "အနေသာကြီးပဲ"ဟူသော အချောင်သမား စိတ်ဓာတ်ဖြင့် လျစ်လျူပြုရိုး မရှိ ခဲ့ကြ။ အမှန်အား ဖြင့်"အနေသာကြီးပဲ" ဟူသော ခံယူချက်သည်အသာ စံခြင်း၌ မြစ်ဖျားခံ၏။ အဓမ္မကို



www.burmeseclassic.com

www.burmeseclassic.com



တားမြစ်ရန်တာဝန် ရှိသည်ဟူသော ခံယူချက်သည် အနာခံခြင်း၌ မြစ်ဖျားခံ၏။ ထို့ကြောင့် ပါဏာတိပါတ သိက္ခာပုဒ်ကို စောင့် ထိန်းရာ၌ "ဟာနေ့ာပါဒါန"သဘော တရားအရ လောက၌ အဝိုင်းနှင့်လေးထောင့်တို့ တစ် ထပ် တည်းကျနိုင်ရေးအတွက် ဓမ္မဘက်မှ ကြံ့ကြံ့ ရပ် တည်ပြီး စောင့်ထိန်းအပ်ပါ၏။ ထိုသို့စောင့်ထိန်း ရာတွင် ဟာနနှင့် ဥပါဒါနအပေါ် မားမားရပ်နိုင် လေ၊ အဝိုင်းနှင့် လေးထောင့်တို့ တစ်ထပ်တည်းကျ လေ ဖြစ်ပေလိမ့်မည်။ အဝိုင်းနှင့် လေးထောင့်တို့ တစ်ထပ်တည်း ကျခြင်း ဟူသည်ကား လောက၏ ငြိမ်းချမ်းခြင်းပါတည်း။ လောက၏ သာယာခြင်း ပါတည်း။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၅
## လဇ္ဇီနှင့်အလဇ္ဇီ ခွဲခြားသိတတ်၍ လဇ္ဇီများအောင် ကြိုးစားပါ။

ဤလောက၌လူဟူသည် တစ်ယောက်တည်းနေ၍ ရသည်မဟုတ်။ ပတ်ဝန်းကျင် အသိုင်းအဝိုင်းနှင့် နေမှ ရသည်ချည်းဖြစ်၏။ သို့ရာတွင် လူသည် ပတ်ဝန်းကျင် အသိုက်အဝန်း၌ နေရစေကာမူ စိတ်ချမ်းသာကိုယ်ချမ်း သာဖြင့် နေချင်သည်ချည်း ဖြစ်၏။ ထို့ကြောင့်လူသည် ပတ်ဝန်းကျင် အသိုက် အဝန်း၌ နေရစဉ် စိတ်ချမ်းသာ ကိုယ်ချမ်းသာနှင့် နေလိုပါက စိတ်ချမ်းသာ ကိုယ်ချမ်း သာနှင့်နေရအောင် အားထုတ်ဖို့လို၏။ စိတ်ချမ်းသာ ကိုယ်ချမ်း သာနှင့် နေရအောင် အားထုတ်နည်းကို ငါးပါး သီလဟူ၍ ကျမ်းဂန်များ၌ဆို၏။

ငါးပါးသီလသည် လောက လူ့ဘောင် ငြိမ်းချမ်း သာယာရေးအတွက် လူလူချင်း ဆက်ဆံရာ၌ လိုက်နာ ကျင့်သုံးရန် ပြဋ္ဌာန်းထားသည့် စည်းမျဉ်းဖြစ်၏။ လူလူ ချင်း ဆက်ဆံရေးဆိုရာ၌ ပတ်ဝန်းကျင်တစ်ခုလုံးနှင့် ဆက်ဆံရေးလည်းပါ ဝင်၏။ သို့ရာတွင် လောက လူ့



www.burmeseclassic.com

www.burmeseclassic.com



ဘောင်၌ ငြိမ်းချမ်း သာယာမှု ဖြစ်ထွန်းအောင် ဆောင်ရွက်ရာတွင် လူလူချင်းဆက်ဆံရေးသည် ပို၍ ပဓာနကျသောကြောင့် လူလူချင်းဆက်ဆံရေးကို အဓိကအားပြု ၍ ဆိုခြင်းဖြစ်၏။ အမှန်အားဖြင့် လူလူချင်း ဆက်ဆံရေးကောင်းမွန်မှသာ လူ့ဘောင်လောကသည် ငြိမ်းချမ်းသာယာမည်ဖြစ်၏။ လူလူချင်း ဆက်ဆံရေးကောင်းမွန်ခြင်း ဟူသည်မှာလည်း ငါးပါး သီလစောင့်ထိန်းမှုအပေါ်၌ တည်၏။ ငါးပါးသီလ စောင့်ထိန်းသည်နှင့်အမျှ လူလူချင်းဆက်ဆံရေးသည် ကောင်းမွန်နေမည်ဖြစ်၏။ လူလူချင်း ဆက်ဆံရေးကောင်းမွန်နေသည်နှင့်အမျှ လောက လူ့ဘောင်သည် ငြိမ်းချမ်းသာယာနေမည်ဖြစ်၏။ ထိုအခါ လူ့ဘဝရခြင်းသည် မနုဿတ္တဘာဝေါ ဒုလ္လဘော ဟူသည်နှင့်အညီ ထိုက်ထိုက်တန်တန် ရခြင်းမည်၏။ ရခဲသော လူ့ဘဝကို ထိုက်ထိုက် တန်တန်ရခြင်းဖြစ်ပါက လောလောဆယ် ပစ္စုပ္ပန် ၌လည်း ချမ်းသာမည်ဖြစ်၏။ တမလွန်၌လည်း ချမ်းသာမည်ဖြစ်၏။ ယုံမှားဖွယ်ရာ ဘာမှမရှိ။

ငါးပါးသီလဟူသည် လူတို့အနေဖြင့် အမြဲစောင့်ထိန်းအပ်သောကြောင့် နိစ္စသီလ ဟူ၍ ဆို၏။ အမြဲစောင့်ထိန်းခြင်းကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲနေအောင်သတိဖြင့်စောင့်ထိန်းခြင်းဟု တင်စား ၍ ဆိုလေ့ရှိကြ၏။ ခါးဝတ်ပုဆိုး ကျွတ်သွားပါက လောကတွင် ရှက်ဖွယ်ဖြစ်သကဲ့သို့ ငါးပါးသီလ မမြဲပါကလည်း လောကတွင် ရှက်ဖွယ်ဖြစ်၏။ သို့ရာတွင် လူတို့အနေဖြင့် ပုဆိုးကျွတ်



www.burmeseclassic.com

www.burmeseclassic.com



ခြင်းကိုသာ လောကတွင် ရှက်ဖွယ်အဖြစ် မှတ်ယူတတ်ကြပြီး ငါးပါးသီလ မမြဲခြင်းကိုမူ လောကတွင်ရှက်ဖွယ်အဖြစ် မမှတ်ယူတတ်ခြင်းက ပို၍ မိုက်မဲရာကျ၏။ တိရစ္ဆာန်တို့အမြင်နှင့် မထူးခြားရာလည်းကျ၏။ အမှန်အားဖြင့် တိရစ္ဆာန်တို့သည် ခါးဝတ်ပုဆိုး မရှိခြင်းကိုမူ ရှက်စရာဟူ၍ မထင်မှတ်ကြသလို၊ လူမိုက်တို့သည်လည်း ငါးပါးသီလ မမြဲခြင်းကို ရှက်စရာဟူ၍မမှတ်ထင်ကြ။ ထို့ကြောင့် တိရစ္ဆာန် တို့၏ အသိနှင့်လူမိုက်တို့၏အသိသည် လောက လူ့ဘောင်ငြိမ်းချမ်းသာယာရေး ရှုထောင့်မှ ကြည့် လျှင် သိပ်ပြီးခြားနားလှသည် မဟုတ်ကြောင်းကို တွေ့ရမည်ဖြစ်၏။ အမှန်အားဖြင့် ဤလောက၌ ငြိမ်းချမ်းသာယာမှု မရှိခြင်းမှာလည်း လူမိုက်တို့က များသောကြောင့်ဖြစ်၏။ အရေအတွက်အားဖြင့် ဤလောက၌ လူမိုက်တို့က များလေသောအခါ အရေအတွက် အားဖြင့်လည်း စီမံဖန်တီးခွင့် ရှိသော နေရာကောင်းများကို လူမိုက်တို့ကပင် အရများကြ၏။ ထိုအခါ လောက လူ့ဘောင်၌ ငြိမ်းချမ်း သာယာမှုထွန်းကားအောင် ဆောင်ရွက်ဖို့ အတော်ပင်ခက်၏။

ဓမ္မတာအရ သီလမရှိသဖြင့် အရှက်မရှိ သောအလဇ္ဇီတစ်ယောက်သည် သီလမရှိသဖြင့် အရှက်မရှိသော အလဇ္ဇီတစ်ရာကို ဖန်တီးရန် လွယ်ကူပါ၏။ ဓမ္မတာအရပင် သီလရှိသဖြင့် အရှက် ရှိသော လဇ္ဇီတစ်ယောက်သည် သီလရှိ သဖြင့် အရှက်ရှိသော လဇ္ဇီတစ်ရာကို ဖန်တီးရန် အတော်ပင်ခက်ပါ၏။ ခက်ပါ



www.burmeseclassic.com

www.burmeseclassic.com

သော်လည်း ဖန်တီးရန် တာဝန်သည် သီလရှိသဖြင့် အရှက်ရှိသော လဇ္ဇီတိုင်း၌ရှိ၏။ ဒေသနာတော်အရလည်း အမွေ ဝါဒီအများ၏ အလယ်၌ အမွေဝါဒကို အင်အား ဖြင့် အတည်ပြုသောအခါ မွေဝါဒီအနေဖြင့် ကိုယ် နှုတ်တို့ဖြင့် ကန့်ကွက်ခွင့်မရပါက “န မေတံ ခမတိ” ငါမထောက်ခံဘူးဟု စိတ်ဖြင့်ကန့်ကွက် ဖြစ်အောင် ကန့်ကွက်ရမည်ဟူ၍ဆို၏။ ထို့ကြောင့် လောက လူ့ဘောင်၌ ငြိမ်းချမ်းသာယာရေးကို လိုလားသူဟူသမျှသည် ဤလောက၌ လူမိုက်များ မည်မျှပင် များစေကာမူ မိမိ၏ တာဝန်အရ ငါးပါးသီလကို မိမိအနေဖြင့်လည်း စောင့်ထိန်းရမည်ဖြစ်၏။ သူတစ်ပါးကိုလည်း စောင့်ထိန်းဖြစ် အောင် စွမ်းနိုင်သမျှ ဆွဲဆောင်ရမည်ဖြစ်၏။ သို့မှသာ မိမိအပေါ် ကျရောက်သော တာဝန်ကို တတ်နိုင်သမျှ ကျေပွန်အောင် ဆောင်ရွက်ရာ ရောက်ပေလိမ့်မည်။

ငါးပါးသီလတွင် ပထမ သိက္ခာပုဒ်မှာ ပါဏာတိပါတ သိက္ခာပုဒ်ဖြစ်၏။ ယင်းသိက္ခာပုဒ် ကို ကြင်နာမှုအပေါ် တည်ဆောက်ထားခြင်း ဖြစ်၏။ ကြင်နာမှုကို ပါဠိဝေါဟာရအားဖြင့် အဒေါသ ဟူ၍လည်းကောင်း၊ မေတ္တာ ဟူ၍လည်းကောင်း ဆို၏။ အမှန်အားဖြင့် ကြင်နာမှု၌ လက်တွေ့အားဖြင့် ချစ်ခြင်းသဘောလည်းပါ၏။ သနားခြင်း သဘောလည်းပါ၏။ ထို့ကြောင့် လူလူချင်း ဆက်ဆံ ရာ၌ တစ်ဦးအပေါ်တစ်ဦးက ကြင်နာမည်၊ ချစ် မည် ဆိုပါလျှင် အချင်းချင်း ဆက်ဆံရေး၌


www.burmeseclassic.com

www.burmeseclassic.com



မပြေပြစ်စရာ ဘာမျှမရှိ။ မချောမွေ့စရာ ဘာမျှမရှိ။ ထိုအခါ အချင်းချင်း၌ မငြိမ်းချမ်းစရာ ဘာမျှမရှိ။ မသာယာ စရာလည်း ဘာမျှမရှိ။ အစစ အရာရာ အားလုံးငြိမ်းချမ်းသာယာနေမည် ဖြစ်၏။ ထိုအခါ တစ်ဦးကို တစ်ဦးက သတ်ဖို့မဆိုထားနှင့်။ တစ်ဦး ၏ အကျိုးစီးပွားကို တစ်ဦးက ထိခိုက်အောင်၊ နစ်နာအောင် လုပ်ဖို့ပင် မရှိချေ။ ထို့ကြောင့် ပါဏာတိပါတ သိက္ခာပုဒ် ကို လွန်ကျူးပါဆိုလျှင် တောင်မှ ထိုအဆိုအတိုင်း မလွန် ကျူးမိတော့ဘဲ ပါဏာတိပါတ သိက္ခာပုဒ်ကို အလိုလို စောင့်ထိန်း မိလျက်သားဖြစ်ချေမည်။

"ပဲနိ"ကိုသာ မိမိက ထိန်းသိမ်းနိုင်ပါလျှင် "ပေါင်"သည် သူ့ကိုယ်သူ ထိန်းသိမ်းပြီးသားဖြစ်၏ ဟူ၍ ဆိုရိုးစကားရှိ၏။ ထို့ကြောင့် ပါဏာတိ ပါတ သိက္ခာပုဒ်အရ မိမိနှင့်ဆက်ဆံရသူများ အပေါ် မိမိကသာ တကယ်တမ်းချစ်မည်၊ တကယ်တမ်း ကြင်နာမည်၊ တကယ်တမ်းမြတ်နိုးမည်ဆိုပါလျှင် မိမိအနေဖြင့် ပါဏာတိပါတ သိက္ခာပုဒ်ကို လုံခြုံအောင် ထိန်းသိမ်းရာ ရောက်ပြီး၊ ကျန်သော သိက္ခာ ပုဒ်များကို လုံခြုံအောင် ထိန်းသိမ်း ဖို့လည်း ဘာမျှ မခက်ခဲ။ ကျန်သော သိက္ခာ ပုဒ်များသည် သူတို့ ကိုယ်ကိုပင် သူတို့ကပင် ထိန်းသိမ်း ကြပေလိမ့်မည်။ ထို့ကြောင့် ငါးပါးသီလတွင် ပါဏာတိ ပါတ သိက္ခာပုဒ်ကို လုံခြုံအောင် ထိန်းသိမ်းဖို့ အရေးကြီး ပါ၏။ ပါဏာတိပါတ သိက္ခာပုဒ်ကို တကယ်တမ်း လုံခြုံအောင် ထိန်းသိမ်းမည်ဆိုပါလျှင် မိမိအနေ ဖြင့်



www.burmeseclassic.com

www.burmeseclassic.com



မိမိနှင့် ဆက်ဆံရသူများအပေါ် တကယ်တမ်း ကြင်နာတတ် ဖို့လိုပါ၏။ ကြင်နာသည် ဆိုရာ၌ မေတ္တာသုတ် ပရိတ်တော်လာအတိုင်း မိခင်ဖြစ်သူက မိမိ၏တစ်ဦးတည်းသော သားအပေါ် ကြင်နာခြင်းမျိုးဖြင့် ကြင်နာနိုင်လေ ပါဏာတိ ပါတ သိက္ခာပုဒ်သည် ပို၍ လုံခြုံလေဖြစ်၏။ ကြင်နာမှုသည် ထိုထက်နည်းလျှင် ပါဏာတိပါတ သိက္ခာပုဒ်သည် လုံခြုံမှု ပို၍နည်းလေ ဖြစ်ပေလိမ့်မည်။

အမှန်အားဖြင့် ပါဏာတိပါတ သိက္ခာပုဒ် လုံခြုံမှုနှင့် စပ်လျဉ်း၍ ဆိုရလျှင် သူတစ်ဖက်သား အပေါ် ကြင်နာမှုသည် များစွာ ပြဿနာ၏။ ထို့ကြောင့် သူတစ်ဖက်သားအပေါ် ကြင်နာမှုမပါ ဘဲနှင့်ပါဏာတိပါတသိက္ခာပုဒ်ကို စောင့်ထိန်းခြင်း သည် လူ့ဘောင်လောက ငြိမ်းချမ်းသာယာရေး အတွက် သိပ်ပြီး ထိရောက်လှမည်မဟုတ်ချေ။

သူတစ်ဖက်သားအပေါ် ကြင်နာဖို့ ဆိုသည်မှာ တာဝန်သိစိတ်ရှိမှ ကြင်နာ၍ရသည်။ မိခင်သည် မိမိ၏သားကို မွေးမြူဖို့ တာဝန်ရှိ၏။ ထိုတာဝန်ကို မိခင်က သိ၏။ ထို့ကြောင့် မိခင်က သားကို ကြင်နာခြင်းဖြစ်၏။ သားကလည်း မိမိ၏ မိခင်ကို ပြုစုဖို့တာဝန်ရှိ၏။ ထိုတာဝန်ကို သားက သိ၏။ ထို့ကြောင့်သားက မိမိ၏ မိခင်ကို ကြင်နာခြင်း ဖြစ်၏။ ညီအစ်ကို မောင်နှမများသည်လည်း အချင်းချင်းယိုင်းပင်းဖို့ တာဝန်ရှိကြ၏။ ထိုတာဝန်ကို သူတို့သိကြ၏။ ထို့ကြောင့် ညီအစ်ကို



www.burmeseclassic.com

www.burmeseclassic.com



မောင်နှမများသည် အချင်းချင်းကြင်နာခြင်းဖြစ်၏။ ပဋ္ဌာန်း ဥပနိဿယ ပစ္စည်းအရ ဤမြေ၊ ဤရေ၊ ဤနိုင်ငံသားများသည် မိမိအပေါ် ဥပနိဿယ ပစ္စည်းဖြင့် ကျေးဇူးပြုကြ၏။ ထိုကျေးဇူးကို ပြန်ဆပ်ဖို့ မိမိ၌ တာဝန်ရှိ၏။ ထိုတာဝန်ကို မိမိကသိပါလျှင် မိမိအနေဖြင့် ဤမြေ၊ ဤရေ၊ ဤနိုင်ငံသားများအပေါ် မကြင်နာနိုင်စရာ ဘာမျှမရှိ။ တာဝန်ကို ကျေပွန်အောင်ဆောင်ရွက်သောအားဖြင့် ဤမြေ၊ ဤရေ၊ ဤနိုင်ငံသားများအပေါ် ကြင်နာရိုးမှန်ပါလျှင် ဤမြေ၊ ဤရေ၊ ဤနိုင်ငံသားများ၏ အကျိုးစီးပွားကို ထိခိုက်နစ်နာအောင် ဘာမျှလုပ်လိမ့်မည် မဟုတ်။ ဤသဘောသည်ပါဏာတိပါတ သိက္ခာ ပုဒ်ကို လုံခြုံအောင် ထိန်းသိမ်းခြင်း၌ အတွင်းဝင် ၏။ ထို့ကြောင့်ပါဏာတိပါတ သိက္ခာပုဒ်အနက်သည် သဒ္ဒတ္ထအားဖြင့် သူတစ်ပါး၏ အသက်ကို မသတ်ခြင်းဖြစ်သော်လည်း အဓိပ္ပာယတ္ထနှင့် သာဝတ္ထ အားဖြင့် မိမိအပေါ်ရှိသော သူတစ်ပါး၏ ကျေးဇူးကို ပြန်ဆပ်ရန် တာဝန်ကို သိခြင်း၊ ကြင်နာခြင်းနှင့် ပြုစုပျိုးထောင်ခြင်းတို့ ဖြစ်ကြ လေ၏။

အသိဟူသည် အဆင့်အားဖြင့် သုံးဆင့် ရှိ၏။ ပထမအဆင့်မှာ "စာပေသိ"ဖြစ်၏။ ဒုတိယ အဆင့်မှာ "လောကသိ"ဖြစ်၏။ တတိယအဆင့်မှာ "ဘဝသိ" ဖြစ်၏။ ထို့ကြောင့် အသိဟူသည် စာပေအဆင့်တွင် မရပ်ကောင်း၊ လောကအသိအဆင့်သို့ ရောက်အောင်သွားရ၏။ လောကသိ အဆင့်သို့ ရောက်ပြန်ပါကလည်း



www.burmeseclassic.com

www.burmeseclassic.com



လောကသိအဆင့်တွင် မရပ်ကောင်း၊ ဘဝသိအဆင့်သို့ ရောက်အောင် သွားရ၏။ ဘဝသိ အဆင့်သို့ ရောက်မှသာ အသိသည် ပြည့်စုံ၏။ သို့မဟုတ်ပါက အသိသည် မပြည့်စုံချေ။ ပြည့်စုံသောအသိသည် လောကအတွက် လည်းကောင်း၊ မိမိအတွက်လည်းကောင်း မှန်ကန်သော အကျိုးကို ဖြစ်စေနိုင်၏။ မပြည့်စုံသော အသိသည် လောကအတွက်လည်းကောင်း၊ မိမိအတွက်လည်းကောင်း မှန်ကန်သော အကျိုးကို မဖြစ်စေတတ်။ တစ်ခါတစ်ရံ အစွန်းရောက် သဘောကို ဆောင်တတ်သဖြင့် အန္တရာယ်ကိုပင် ဖြစ်စေတတ်၏။

အသိသုံးဆင့်တွင် စာပေသိကို သဒ္ဒတ္ထမှ ရ၏။ လောကသိကို အဓိပ္ပာယတ္ထမှ ရ၏။ ဘဝသိ ကို ဘာဝတ္ထမှရ၏။ ဘဝသိကို ခန္ဓာသိ ဟူ၍လည်း ဆိုကြ၏။ ထို့ကြောင့် ပါဏာတိပါတပုဒ်နှင့် စပ် လျဉ်း၍ အနက်ကို ဆိုသောအခါ သူ၏ အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ပါ၏ ဟူသော သဒ္ဒတ္ထတွင် မရပ်ဘဲ ယင်းအနက်မှ အစဉ်လျှောက်၍ တာဝန်ကို သိခြင်း၊ ကြင်နာခြင်း၊ ပြုစုပျိုးထောင်ခြင်းအထိ ယူရခြင်းဖြစ်၏။ အမှန်အားဖြင့် ဥပနိဿယ ပစ္စည်းအရတာဝန်ရှုထောင့်မှ ကြည့်လျှင် လောက တွင် ကျေးဇူးရှင်နှင့် ကျေးဇူး စားဟူ၍ နှစ်မျိုးသာ ရကောင်း၏။ ဤသည်မှာ ပဋ္ဌာန်း ဥပနိဿယ ပစ္စည်း အရ နှစ်မျိုးခွဲခြင်းဖြစ်၏။သို့ဖြစ်၍ သက်ရှိ သက်မဲ့ ဖြစ်သော ပတ်ဝန်းကျင်သည် ကျေးဇူးရှင် ဖြစ်လျှင် မိမိသည် ကျေးဇူးစား ဖြစ်၏။ မိမိသည် ကျေးဇူးစားဖြစ်လျှင်



www.burmeseclassic.com

www.burmeseclassic.com



မိမိအပေါ် တင်ရှိသော ပတ်ဝန်းကျင်ကျေးဇူးကိုပြန်ဆပ်ဖို့ တာဝန်ရှိ၏။ ထိုကဲ့သို့ ပတ်ဝန်းကျင်ကိုကျေးဇူးရှင်အဖြစ်မြင်ပါမှ ပတ်ဝန်းကျင်ကို မိမိ၏ကျေးဇူးရှင်အဖြစ် လေးစား လာမည်ဖြစ်၏။ ကြင်နာလာမည် ဖြစ်၏။ ထိုအခါ မှသာ မိမိသည် ပတ်ဝန်းကျင်၏ အကျိုးစီးပွားကို ဆောင်ရွက်ချင်လာမည်ဖြစ်၏။ မိမိ ပတ်ဝန်းကျင်ဟူသည် ပဓာနအားဖြင့် မိမိ၏ နိုင်ငံ၊ မိမိ၏ လူမျိုးနှင့် မိမိ၏ယဉ်ကျေးမှုဖြစ်၏။ အမှန်အားဖြင့် ပတ်ဝန်းကျင်တွင် အခြားနိုင်ငံ၊ အခြားလူမျိုးနှင့် ယင်းတို့၏ ယဉ်ကျေးမှုများ ပါဝင်သော်လည်း မိမိ အပေါ် ကျေးဇူးပြုခြင်း၌မူ မိမိနိုင်ငံ၊ မိမိလူမျိုးနှင့် မိမိယဉ်ကျေးမှုက ပို၍ ပဓာနကျ၏။ ထို့ကြောင့် ကျေးဇူးဆပ်ရာ၌ ပဓာနသဘောအရ ယင်းတို့ အပေါ်ထက် မိမိနိုင်ငံအပေါ်၊ မိမိလူမျိုးအပေါ်၊ မိမိယဉ်ကျေးမှုအပေါ် ပို၍ ကျေးဇူးဆပ်ရမည်ဖြစ်၏။ ပို၍တာဝန်ကို သိရမည်ဖြစ်၏။ ပို၍ ကြင်နာရမည်ဖြစ်၏။ ပို၍ကြင်နာသည်နှင့်အမျှ ပါဏာတိပါတ သိက္ခာပုဒ်သည် ပို၍လုံခြုံ၏။

တကယ်တမ်းကြင်နာလာပြီဆိုပါလျှင် မိမိကြင်နာရသူထံမှ မပေးဘဲ သူ့ပစ္စည်းကို ယူဖို့ မဆိုထားနှင့်၊ ပေးသောပစ္စည်းကိုပင် ယူလိုစိတ်မရှိဘဲ မိမိကသာ မိမိကြင်နာရသူအား မိမိပစ္စည်းကို ပေးချင်၏။ သူ့အကျိုးကျေးဇူး ရှိရေးအတွက် အဘက်ဘက်မှ ပံ့ပိုးချင်၏။ ထိုအခါ ငါးပါးသီလတွင် အဒိန္နာဒါနသိက္ခာပုဒ်၏ သီလသည် အလိုအလျောက် လုံခြုံပြီးသား ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် အဒိန္နာဒါန သိက္ခာပုဒ်ကို လုံခြုံအောင် စောင့်ထိန်းရာ၌ သူမပေးဘဲ သူ့ဥစ္စာ ကို မယူခြင်းသက်သက် သည်ပင် သီလသဘော အရ ဤသိက္ခာပုဒ်ကို လုံခြုံအောင် ထိန်းသိမ်းရာ ရောက်ပါ၏။ သို့ရာတွင် ထိုကဲ့သို့ ထိန်းသိမ်းခြင်း ကား ပါရမီသဘော မပါလျှင် လောကပါလ တရားအနေဖြင့် လောက၌ ငြိမ်းချမ်းသာယာမှု ဖြစ်ပေါ်လာအောင် ထိရောက်စွာ စွမ်းဆောင်နိုင် ဖို့ အခွင့်အလမ်း သိပ်မရှိချေ။ ထို့ကြောင့် ပါရမီ သဘောအရ အဓိသီလအနေဖြင့် ဤသိက္ခာပုဒ်ကို လုံခြုံအောင် ထိန်းသိမ်းရာ၌ မိမိဘက်မှ အနာ ခံသည့် သဘောပါရ၏။

အနာခံခြင်းဟူသည်မှာ လောဘကိုသတ် ခြင်းဖြစ်၏။ လောဘသေပါမှ နိဗ္ဗာန်ချမ်းသာကို ရမည်ဖြစ်၏။ လောဘကိုသတ်ရာတွင် အလောဘ သည် ပါရ၏။ ဤသိက္ခာပုဒ်ကိုစောင့်ထိန်းရာတွင် အလောဘ အပေါ် အခြေခံပါမှ ထိုက်ထိုက်တန်တန် စောင့်ထိန်းရာရောက်၏။ ပါဏာတိပါတ သိက္ခာပုဒ်ကို စောင့်ထိန်းရာတွင် အဒေါသအပေါ် အခြေခံရသလို၊ အဒိန္နာဒါန သိက္ခာပုဒ်ကို စောင့် ထိန်းရာတွင် အလောဘအပေါ် အခြေခံရခြင်း ဖြစ်၏။ အဒေါသသဘော ပါဝင်သောအခါ ကြင်နာခြင်းသဘောသည်ပြဋ္ဌာန်း၏။ အလောဘ သဘော ပါဝင်သောအခါ ဘာကိုမှ မမျှော်ကိုးဘဲ လွတ်လွတ် စွန့်လွှတ်ခြင်း သဘောသည် ပြဋ္ဌာန်း ၏။

မိဘသည် သားသမီးများကို ပံ့ပိုးသောအခါ သူတို့ထံမှ ပြန်လည်ရကောင်းစေ ဟူ၍ တစ်စုံတစ်ရာ



www.burmeseclassic.com

www.burmeseclassic.com



မျှော်ကိုးခြင်းမရှိဘဲ သူတို့ကောင်းစားရေး၊ သူတို့စိတ်ချမ်းသာ ကိုယ်ချမ်းသာဖြစ်ရေးနှင့် သူတို့ ကြီးပွားရေးအတွက်သာမျှော်ကိုး၏။ မိမိအတွက်မူ ဘာမျှ မမျှော်ကိုး။ ဤသည်မှာ အလောဘ၏ သဘောကိုပေါ်လွင်အောင် ဖော်ပြခြင်းဖြစ်၏။ ထို့ကြောင့် အလောဘအပေါ်အခြေခံ၍ အဒိန္နာ ဒါန သိက္ခာပုဒ်ကို စောင့်ထိန်းသောအခါ သူ တစ်ပါးအပေါ် ပံ့ပိုးချင်သော စိတ်သက်သက်ဖြင့် မိမိစွမ်းနိုင်သလို အဘက်ဘက်မှ ပံ့ပိုး၏။ ပစ္စည်းအားဖြင့်လည်း ပံ့ပိုး၏။ အကြံအား ဉာဏ်အား လိုလျှင် အကြံအား ဉာဏ်အားဖြင့် ပံ့ပိုး၏။ မေတ္တာ အားဖြင့်လည်း ပံ့ပိုး၏။

အဒိန္နာဒါန သိက္ခာပုဒ်အရ သူတစ်ပါး ပစ္စည်းကိုသူမပေးဘဲ မယူခြင်းသည် လူလူချင်း ဆက်ဆံရာ၌ လောက ငြိမ်းချမ်းသာယာမှု ဖြစ် အောင် အကြမ်းဆုံးဆောင်ရွက်မှုသာ ဖြစ်၏။ အထိရောက်ဆုံးဖြစ်အောင်ဆောင်ရွက်ရာ၌မူ သူက ပေးသည်ကို မယူဘဲ၊ ကြင်နာသောစိတ်ထား ဖြင့် ဘာကိုမျှ တုံ့ပြန်မျှော်ကိုးခြင်းမရှိဘဲ မိမိ တတ်နိုင်သလို အဘက်ဘက်မှ သူတစ်ပါးကို ပံ့ပိုးပေးရမည်ဖြစ်၏။ ထိုအခါ လူမှုဆက်ဆံရေး နယ်ပယ်၌ လူ့ဘဝကိုရခြင်းသည် ထိုက်တန်သော ရခြင်း ဖြစ်ပေလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၆
## ခေါင်းပုံဖြတ်ခြင်း ကင်းစေရေး

လူ့ဘဝတွင် ခန္ဓာငါးပါး ပါဝင်၏။ ခန္ဓာငါးပါးကို အကြမ်းအားဖြင့် ရေတွက်လျှင် ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ် ဟူ၍ဖြစ်၏။ ထို့ကြောင့် လူသည် မိမိ၏ဘဝနှင့် စပ်၍သိလေတိုင်း ခန္ဓာ ငါးပါး၏ ကန့်သတ်ချက်အရ သိခြင်းဖြစ်၏။ ထိုအသိအပေါ်၌ အခြေတည်၍ ကာယကံမှု၊ ဝစီကံ၊ မနောကံမှုတို့ကို ပြုခြင်း ဖြစ်၏။ အသိ အပေါ် အခြေတည်၍ ကံသုံးပါးတို့ကို ပြုခြင်း ဖြစ်သော် လည်း ခန္ဓာငါးပါးတို့၏ အလိုကိုလိုက်၍ အစုန် သဘောအရ ကံသုံးပါးတို့ကို ပြုခြင်းလည်း ရှိ၏။ ခန္ဓာငါးပါးတို့၏ အလိုကိုမလိုက်ဘဲ အဆန် သဘောအရ ကံသုံးပါးတို့ကို ပြုခြင်းလည်းရှိ၏။ ထို နှစ်မျိုးတို့တွင် အစုန်သဘောအရ ကံသုံးပါးကို ပြုခြင်း ဖြစ်ပါက လောကကြီးပွားရေးသို့ ဦးတည်သော ကံပြုခြင်းဟူ၍ဆိုရ၏။ အဆန်သဘောအရ ကံသုံးပါးကို ပြုခြင်းဖြစ်ပါက လောကုတ္တရာ ကြီးပွားရေးသို့ ဦးတည် သောကံပြုခြင်းဟူ၍ ဆိုရ ၏။

**ပညာ့ရိပ်မွန်**

www.burmeseclassic.com

www.burmeseclassic.com



သတ္တဝါဟူသမျှသည် ချမ်းသာချင်ကြ သည် ချည်းဖြစ်လေရာ လူသည်လည်း သတ္တဝါစု တွင် ပါဝင် သဖြင့် ချမ်းသာချင်သည်ပင်ဖြစ်၏။ ထို့ကြောင့် လူတို့ သည် မိမိ၏ဘဝချမ်းသာဖို့ အတွက် မလွဲမသွေ အား ထုတ်မည်ပင်ဖြစ်၏။ထိုသို့ အားထုတ်ရာတွင် လောဘ အပေါ် အခြေတည်၍ အားထုတ်သည်လည်းရှိ၏။ အလောဘအပေါ် အခြေတည်၍ အားထုတ်သည် လည်းရှိ၏။အမှန်အားဖြင့် ချမ်းသာအောင် အားထုတ်ရာ၌ နဖူးမှ ချွေး ခြေမပေါ်သို့ကျအောင် အားထုတ်ဖို့လို၏။ ပေါ့ပေါ့တန်တန် အားထုတ်၍မဖြစ်။ သို့ရာတွင် ချမ်း သာခြင်းကို အမိပ္ပာယ်ယူရာ၌မူ အစုန် "အနု လောမ" နည်းအရ ယူခြင်းနှင့် အဆန် "ပဋိ လောမ" နည်းအရ ယူခြင်းဟူ၍ နှစ်မျိုးရှိ၏။ အစုန် အနုလောမနည်းအရ ယူခြင်းသည် မြတ်စွာ ဘုရားပွင့်တော်မမူမီကပင် ရှိနှင့် ပြီးသော ယူနည်း ဖြစ်၏။ အဆန်ပဋိလောမနည်းအရ ယူခြင်းကား မြတ်စွာဘုရားပွင့်တော်မူမှ မြတ်စွာဘုရား ဟောတော်မူသဖြင့် ရရှိသော ယူနည်းဖြစ်၏။ ဤ လောက၌ ချမ်းသာကို ရှာရာတွင် အစုန် အနုလောမနည်း အရ ရှာသည်လည်းရှိ၏။ အဆန် ပဋိလောမနည်းအရ ရှာသည်လည်းရှိ၏။

မည်သည့်နည်းဖြင့် ချမ်းသာကို ရှာသည် ဖြစ်စေ နဖူးမှချွေး ခြေမပေါ်သို့ ကျအောင် ရှာရသည်ချည်း ဖြစ်၏။ ထိုသို့ ရှာရာတွင် ငါ့အတွက် သိမ်းပိုက်ဖို့ ဟူသော ရည်ရွယ်ချက်ဖြင့် ရှာခြင်းဖြစ်ပါက အစုန်



www.burmeseclassic.com

www.burmeseclassic.com



အနုလောမနည်းအရ ရှာခြင်းဟူ၍ ဆိုရ၏။ယင်းနည်းကို သာသနာပနည်းဟူ၍လည်း ဆိုရ၏။ လောကအတွက် စွန့်လွှတ်ဖို့ဟူသော ရည်ရွယ်ချက်ဖြင့် ရှာခြင်းဖြစ်ပါက အဆန်ပဋိ လောမနည်းအရ ရှာခြင်းဟူ၍ ဆိုရ၏။ ယင်းနည်း ကို သာသနာတွင်းနည်း ဟူ၍လည်း ဆိုရ၏။ သာသနာပနည်းဖြင့် ချမ်းသာကို ရှာသောအခါ "လောဘ"ကို အခြေခံ အုတ်မြစ်အဖြစ်ထားပြီး ကာယကံအရ ကိုယ်ဖြင့်ကြိုးပမ်းမှု၊ မနောကံအရ စိတ်ဖြင့်ကြိုးပမ်းမှုကို အပေါ်ထပ်အဆောက်အအုံ အဖြစ်ထားရ၏။သာသနာတွင်းနည်းအရချမ်းသာ ကို ရှာဖွေသောအခါ "အလောဘ"ကို အခြေခံ အုတ်မြစ်အဖြစ် ထားပြီး ကာယကံအရ ကိုယ်ဖြင့် ကြိုးပမ်းမှု၊ ဝစီကံအရ နှုတ်ဖြင့်ကြိုးပမ်းမှု၊ မနော ကံအရ စိတ်ဖြင့်ကြိုးပမ်းမှုတို့ကို အပေါ်ထပ် အဆောက်အအုံအဖြစ် ထားရ၏။

တစ်နည်းအားဖြင့်ဆိုရလျှင် ချမ်းသာကို ရှာရာ၌ လူတို့သည် ငါ့အတွက်နှင့် ငါ့အပေါင်း အသင်းအတွက် ရယူဖို့ ဟူသော ရည်ရွယ်ချက်ဖြင့် ရှာလျှင် သာသနာပ ရှာနည်းဖြင့် ရှာခြင်းဖြစ်၏။ ထိုရှာနည်းသည် လောဘ အပေါ် အခြေခံ၏။ ထို့ကြောင့် ထိုရှာနည်းဖြင့်ရသော ချမ်းသာသည် အကုသိုလ်ဝန်းရံသောချမ်းသာဖြစ်၏။ အကုသိုလ် ဝန်းရံသော ချမ်းသာဖြစ်သော်လည်း လင်းတငှက်များသည် အကောင်ပုပ်ကို နတ်သုဒ္ဓါထင်နေသလိုပင် လူတို့သည်အကုသိုလ်ဝန်းရံနေသော ချမ်းသာ ကို တကယ့်ချမ်းသာစစ်ကြီးအဖြစ် ထင်မှတ်ကြ၏။ ထို့



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ထိုချမ်းသာကို မိမိတို့အတွက် သိမ်းပိုက်ဖို့ အချင်းချင်းအားပြိုင်၍ သူနိုင် ကိုယ်နိုင် ရှာကြခြင်းဖြစ်၏။ သို့ဖြစ်၍ ဤလောက၌ ချမ်းသာကို ရှာရင်း အချင်းချင်း အန္တရာယ်ပြုနေကြခြင်းဖြစ် ၏။ အန္တရာယ်ပြုနေကြသဖြင့် ချမ်းသာကိုရှာရာမှ ဆင်းရဲ ဒုက္ခကို မတွေ့ချင်ပါဘဲလျက် တွေ့နေကြရခြင်းဖြစ်၏။ ဤသို့ဖြင့် လူတို့သည် ချမ်းသာကို ရှာပါလျက် မတွေ့ချင်သော ဆင်းရဲဒုက္ခကို တွေ့ ကာ၊ မကျေမနပ်ဖြင့် ဘဝနိဂုံး အဆုံးသတ်လိုက်ရ၏။ ဘဝနိဂုံး အဆုံးသတ်ခါနီးတွင်လည်း "မှားမိလေခြင်း" ဟူသော နောင်တတရားကလည်း လာပြန်ချေသေး၏။ ဤသည်မှာ လောဘ အပေါ် အခြေခံ၍ မိမိကိုယ်ကျိုး ကိုယ်စီးပွားအတွက် ချမ်းသာကို ရှာဖွေကြသူများ၏ ဘဝနိဂုံး ဖြစ်၏။

သာသနာတွင်းအရ အလောဘအပေါ် အခြေခံ၍ ချမ်းသာကိုရှာရာ၌ကား တစ်မျိုးဖြစ်၏။ အစကတည်းကပင် သူသည် နဖူးမှချွေး ခြေမပေါ်သို့ ကျအောင် အပင်ပန်းခံကာ ချမ်းသာကို ရှာဖွေပါသော်လည်း သူ၏ကိုယ်ကျိုး ကိုယ်စီးပွားအတွက် မရည်ရွယ်ဘဲ လောက၏ အကျိုးစီးပွားအတွက် ရည်ရွယ်ခဲ့သဖြင့် တဏှာလောဘကို တတ်နိုင်သလောက် ပယ်သတ်ပြီးဖြစ်၏။ တဏှာလောဘကို ပယ်သတ်နိုင်သည်နှင့်အမျှ သောကသည် ငြိမ်း၏။ သောကငြိမ်းသည်နှင့်အမျှ ဘေးသည် ကင်း၏။ ဘေးကင်းသည်နှင့်အမျှ ချမ်းသာ၏။ ဤတွင်မှတ်သားဖွယ် ဂါထာတစ်ပုဒ်ရှိ၏။ ဂါထာမှာ ဤသို့ ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



**ကာမတော ဇာယတိ သောကော၊**

**ကာမတော ဇာယတိ ဘယံ။**

**ကာမတော ဝိပ္ပမုတ္တဿ၊**

**နတ္ထိ သောကော ကုတော ဘယံ။**

ဂါထာ၏ ဆိုလိုရင်းမှာ “တဏှာလောဘကြောင့် သောကသည်ဖြစ်ရ၏။ တဏှာလောဘကြောင့် ဘေးသည်ဖြစ်ရ၏။ တဏှာလောဘ မရှိသူအား သောကသည် မဖြစ်တော့။ ဘေးကား ဆိုဖွယ်ရာ မရှိ မဖြစ်တော့သည်သာ” ဟူ၍ဖြစ်၏။

ထို့ကြောင့် ဤလောက၌ အသက်ရှင်နေသေးသရွေ့ ကာလပတ်လုံး လူသည် မိမိ၏ဘဝ ချမ်းသာရေးအတွက် အလုပ်ကို မနားမနေ နဖူးမှ ချွေး ခြေမပေါ်သို့ ကျသည့်တိုင်အောင် လုပ်ရမည် ဖြစ်၏။ အလုပ်ကို လုပ်ရာတွင် ကိုယ်အားဖြင့် လုပ်ရသည်လည်း ရှိနိုင်၏။ နှုတ်အားဖြင့် လုပ်ရ သည်လည်း ရှိနိုင်၏။ စိတ်အားဖြင့် လုပ်ရသည် လည်းရှိနိုင်၏။ မည်သို့ပင်ရှိရှိ အလုပ်ကို တစ်မျိုးမဟုတ် တစ်မျိုးတော့ မလျှော့သောဇွဲလုံ့လဖြင့် လုပ်ရမည်သာဖြစ်၏။ ထိုသို့လုပ်ရာတွင် တကယ် တမ်း စစ်မှန်သော ချမ်းသာကို ရချင်ရိုးမှန်ပါလျှင် “ငါ”ကောင်းစားရေးအတွက် “လောက”ကို အသုံး မချဘဲ “လောက” ကောင်းစားရေးအတွက် “ငါ”ကို အသုံးချဖို့လို၏။ တစ်နည်းအားဖြင့် ဆိုရလျှင် “လောက”သည် မိမိအတွက် ဒိုင်းမဟုတ်။ မိမိသည်သာ “လောက”အတွက် ဒိုင်း ဖြစ်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



ချမ်းသာကို ရှာဖွေရေးနှင့်ပတ်သက်၍ အဒိန္နာဒါန သိက္ခာပုဒ်ကိုလိုက်နာကျင့်သုံးရာတွင် သာသနာပနည်းအရလည်း ကျင့်သုံးနိုင်၏။ သာသနာတွင်း နည်းအရလည်း ကျင့်သုံးနိုင်၏။ သာသနာပနည်းအရကျင့်သုံးလျှင် မိမိ ကောင်းစားရေးအတွက်သာဦးတည်၏။ လောက ကောင်းစားရေးအတွက် ဦးမတည်။ အဒိန္နာဒါန သိက္ခာပုဒ်ကို စောင့်ထိန်းရသော ကုသိုလ်ကြောင့် လူချမ်းသာကို ရချင်၏။ နတ်ချမ်းသာကို ရချင်၏။ အကျဉ်း အားဖြင့်ဆိုရလျှင် သံသရာ ချမ်းသာကို ရချင်၏။ အမှန် အားဖြင့် လူသည် ဘဝနှင့် ဒုက္ခကို သီးခြားစီအဖြစ် ခွဲခြား၍ နားလည်သူ ဖြစ်၏။ ဘဝဟူသည် ဒုက္ခပင်တည်းဟူ၍ ဘဝနှင့်ဒုက္ခကို တစ်မျိုးတည်း အဖြစ် နားလည်သူ မဟုတ်။ ထို့ကြောင့် လူသည် သုဂတိဘုံဘဝ၌ ကျင်လည်ရခြင်းကိုပင် ဒုက္ခ အဖြစ်နားမလည်ဘဲ သုခအဖြစ် နားလည်နေခြင်း ဖြစ်၏။ ဤသည်မှာ သာသနာပနည်းအရ အဒိန္နာဒါန သိက္ခာပုဒ်ကို ကျင့်သုံးခြင်းဖြစ်၏။ သာသနာပနည်းအရ အဒိန္နာဒါန သိက္ခာပုဒ်ကို ကျင့်သုံးသောအခါ လောဘသည် အခြေခံ အုတ်မြစ်အဖြစ် ပါဝင်၏။ သာသနာတွင်းနည်း အရ အဒိန္နာဒါန သိက္ခာပုဒ်ကို ကျင့်သုံးသောအခါ လူ့စည်းစိမ်ကိုလည်း မတပ်မက်၊ နတ်စည်းစိမ်ကို လည်း မတပ်မက်။ အကျဉ်း အားဖြင့် ဆိုရလျှင် သံသရာစည်းစိမ် ဟူသမျှကို မတပ်မက်။ အမှန် အားဖြင့် သူသည် ဘဝကိုလည်း ဒုက္ခအဖြစ် မြင်၏။ သံသရာကိုလည်း ဒုက္ခအဖြစ် မြင်၏။ သံသရာ



www.burmeseclassic.com

www.burmeseclassic.com



လွတ်မြောက်ခြင်းကိုသာ သုခအဖြစ် မြင်၏။ ထို့ကြောင့် သူသည် ဘဝသမ္ပတ္တိနှင့်ဘောဂသမ္ပတ္တိ တို့၌ မတပ်မက် တော့ခြင်းဖြစ်၏။ သို့ရာတွင် ယင်းတို့ကို အသုံးမပြုဘဲ နေ၍ မဖြစ်နိုင်သဖြင့် အသုံးပြုတော့ ပြုရသေး၏။ အသုံး ပြုသော်လည်း မက်မောတွယ်တာသည့် အနေဖြင့် အသုံး ပြုခြင်း မဟုတ်။ အညစ်အကြေးစွန့်ရာ "ရေအိမ်" ကို မလွှဲသာ၍ အသုံးပြုသကဲ့သို့ အသုံးပြုခြင်းမျိုး သာ ဖြစ် ၏။ ထို့ကြောင့် သာသနာတွင်းနည်းအရ အဒိန္နာဒါန သိက္ခာပုဒ်ကို ကျင့်သုံးသောအခါ အလောဘသည် အခြေခံအုတ်မြစ်အဖြစ် ပါဝင် ခြင်းဖြစ်၏။ လောဘကို အခြေခံလျှင် ဝါဏိဇ္ဇဝါဒ သဘောသက်ဝင်၏။ အကျိုး များများရဖို့ မျှော်ကိုး၏။ အလောဘကို အခြေခံလျှင် မုတ္တစာဂသဘော သက်ဝင်၏။ တပ်မက်ခြင်း တဏှာ သေဖို့ကိုသာ မျှော်ကိုး၏။ အမှန်အားဖြင့်လည်း လောဘ ကို သတ်နိုင်လေ ချမ်းသာလေဖြစ်၏။

အဒိန္နာဒါန သိက္ခာပုဒ်အရ ပိုင်ရှင်မပေး သော ဥစ္စာကိုယူမှ သိက္ခာပုဒ်ကို ကျူးလွန်ရာ ရောက်၏။ ပိုင်ရှင်ပေးသော ဥစ္စာကိုယူလျှင် သိက္ခာပုဒ်ကို ကျူးလွန် ရာမရောက်။ ဤသည်မှာ သာသနာပကျင့်သုံးနည်း အရ ယူသောအဓိပ္ပာယ် ဖြစ်၏။ သာသနာတွင်းနည်း အရ ကျင့်သုံးလျှင် အဒိန္နာဒါနသိက္ခာပုဒ်၏ အဓိပ္ပာယ် သည် များစွာ ကျယ်ဝန်း၏။ သာသနာပကျင့်သုံးနည်း ဟူသည် မှာ "အသာစံ"သည့်နည်းဖြစ်၏။ အသာစံခြင်း ဟူ သည်မှာ လောဘ၏ အမည်တစ်မျိုး ဖြစ်၏။ သာ



www.burmeseclassic.com

www.burmeseclassic.com



သနာတွင်းကျင့်သုံးနည်းဟူသည်မှာ“ အနာခံ” သည့် နည်း ဖြစ်၏။ အနာခံခြင်း ဟူသည်မှာ လောဘကို သတ်ခြင်း၏ အမည်တစ်မျိုးဖြစ်၏။

လူဟူသည် ခန္ဓာငါးပါးဖြင့် ဖွဲ့စည်းထား ခြင်း ဖြစ်လေရာ ခန္ဓာငါးပါးတို့၏ လှုံ့ဆော်မှု အတိုင်း လူ၏ ဆန္ဒတွင် ရူပက္ခန္ဓာအရ စီးပွားရေးလည်းပါဝင်၏။ ဝေဒနာက္ခန္ဓာအရ အနုပညာရေးလည်းပါဝင်၏။ သညာက္ခန္ဓာအရ ပညာရေးလည်း ပါဝင်၏။သင်္ခါရက္ခန္ဓာအရ စီမံရေးလည်းပါဝင်၏။ ဝိညာဏက္ခန္ဓာအရ ဘာသာရေးလည်း ပါဝင်၏။ အကျဉ်းအားဖြင့်ဆိုရလျှင် လူ့ဘဝတွင် ခန္ဓာငါးပါးတို့၏ တောင်းဆိုချက်အရ ရေးရာဟူသမျှ အားလုံး ပါဝင်၏။ ထို့ကြောင့် လူ့ဘဝ အတွက် လိုအပ်သော ရေးရာဟူသမျှ အားလုံးကို အဒိန္နာဒါန သိက္ခာပုဒ် ၏ နယ်နိမိတ်အတွင်း၌ သွင်း၍ ယူရ၏။ ထိုသို့ ယူသောအခါသာသနာပနည်းဖြင့် ယူသည်လည်း ရှိ၏။ သာသနာတွင်းနည်းဖြင့် ယူသည်လည်းရှိ၏။ သာသနာပနည်းဖြင့် ယူခြင်းသည် ယူရိုးယူစဉ် လူသာမန်တို့ ယူနည်းဖြစ်၏။ သာသနာတွင်းနည်းဖြင့်ယူခြင်းသည် မြင့်မြတ်သူ ပါရမီရှင်တို့၏ ယူနည်း ဖြစ်၏။ ဤလောက၌လူအပေါင်းတို့ ချမ်းသာပါစေခြင်းငှာ၊ အစီးအပွားဖြစ်စေခြင်းငှာ ရည်ရွယ် ရိုး မှန်ပါလျှင် အဒိန္နာဒါန သိက္ခာပုဒ်၏ အဓိပ္ပာယ်ကို မြတ်စွာဘုရား၏ အဆုံးအမတော် အတိုင်း သာသနာတွင်းနည်းဖြင့် ယူအပ်၏။

ရူပက္ခန္ဓာသဘောအရ စီးပွားရေး နယ်ပယ်၌



www.burmeseclassic.com

www.burmeseclassic.com



အရင်း တစ်ကျပ်တန်ပစ္စည်းကို ငါးကျပ် အမြတ်တင်၍ ရောင်း၏။ ဝယ်သူကလည်းဝယ်၏။ အဒိန္နာဒါန သိက္ခာပုဒ်အရ ဘာအပြစ်ရှိသနည်း။ သာသနာပ နည်းအရ သိက္ခာပုဒ်၏ အဓိပ္ပာယ်ကို ယူလျှင် ဘာမှ အပြစ်မရှိ။ နှစ်ဦးသဘောတူ သူ ကြိုက်၍ သူဝယ်ခြင်း ဖြစ်လေရာ အဒိန္နာဒါန သိက္ခာပုဒ်ကို ကျူးလွန်ရာမရောက်။ သို့ရာတွင် သာသနာတွင်းနည်းအရ သိက္ခာပုဒ်၏ အဓိပ္ပာယ် ကို ယူလျှင်မူ ရောင်းသူသည် မတရား အမြတ် စားသူဖြစ်၏။ အမြတ်ကို ယူသင့်သည်ထက် ပို၍ ယူသူဖြစ်၏။ ထို့ကြောင့် သူသည် အဒိန္နာဒါန သိက္ခာပုဒ် အသွင်အားဖြင့် လိုက်နာသည်ဟု ဆိုနိုင်သော်လည်း အနှစ်သာရအားဖြင့် လိုက်နာသည်ဟု မဆိုနိုင်ချေ။ အလားတူပင် ဝေဒနာက္ခန္ဓာ သဘောအရ အနုပညာနယ်ပယ်၌လည်း ခန္ဓာ ဖွဲ့စည်းမှုအရ ဖြစ်ပေါ်လာသော လူတို့၏ပျော်ရွှင်ချမ်းမြေ့လိုစိတ်ကို အခွင့်ကောင်းယူပြီး ဝါဏိဇ္ဇ ဝါဒအရ အနုပညာရပ်များဖြင့် မတရား စီးပွား ရှာမှုများသည်လည်း ရှိပါ၏။ သညာက္ခန္ဓာသဘော အရ ပညာနယ်ပယ်၌လည်း ခန္ဓာဖွဲ့စည်းမှုအရ ဖြစ်ပေါ်လာသော လူတို့၏ ပျော်ရွှင် ချမ်းမြေ့လို စိတ်ကို အခွင့်ကောင်းယူပြီး ဝါဏိဇ္ဇ ဝါဒအရ အနုပညာရပ်များဖြင့် မတရား စီးပွားရှာမှုများလည်း ရှိပါ၏။ သညာက္ခန္ဓာ သဘောအရ ပညာ နယ်ပယ်၌လည်း ခန္ဓာဖွဲ့စည်းမှုအရ ဖြစ်ပေါ်လာ သော ကျောင်းသား ကျောင်းသူများ၏ ပညာ တတ်မြောက်လိုစိတ်ကို အခွင့်ကောင်း ယူပြီး ဝါဏိဇ္ဇဝါဒအရ ကျူရှင်အမျိုးမျိုးဖြင့်



www.burmeseclassic.com

www.burmeseclassic.com



မတရား စီးပွားရှာမှုများလည်း ရှိပါ၏။ သင်္ခါရက္ခန္ဓာ သဘောအရ အုပ်ချုပ်ရေးကဏ္ဍ စီမံ ခန့်ခွဲမှုနယ် ပယ်၌ လည်း ခန္ဓာဖွဲ့စည်းမှုအရ ဖြစ်ပေါ်လာသော လုပ်ပိုင်ခွင့် ရလိုမှုကို အခွင့်ကောင်းယူ၍ ဝါဏိဇ္ဇဝါဒအရ လာဘ်ပေး လာဘ်ယူမှုများဖြင့် မတရားစီးပွားရှာမှုများလည်း ရှိပါ၏။ အယုတ်ဆုံးအားဖြင့် ဝိညာဏက္ခန္ဓာ သဘောအရ ဘာသာ ရေး နယ်ပယ်၌ပင် ခန္ဓာဖွဲ့စည်းမှုအရ ဖြစ်ပေါ် လာသော ထိုထိုပုဂ္ဂိုလ်တို့၏ သူတော်စင်ဖြစ်လိုမှုကို အခွင့်ကောင်းယူပြီး ဝါဏိဇ္ဇဝါဒအရ မရိုးသားမှု များဖြင့် မတရားအမြတ်ထုတ်မှုများလည်း ရှိပါ၏။ ဝါဏိဇ္ဇဝါဒ အရ ထို မတရားစီးပွားရှာမှု၊ မတရား အမြတ်ထုတ်မှု ဟူသမျှသည် ကိုယ်၏ ဖြောင့်မတ် ခြင်း၊ နှုတ်၏ဖြောင့် မတ်ခြင်း "ဥဇု" ဂုဏ်နှင့်လည်း ဆန့်ကျင်၏။ စိတ်၏ ဖြောင့်မတ်ခြင်း "သုဟုဇု" ဂုဏ်နှင့်လည်း ဆန့်ကျင်၏။ ထို့ကြောင့် ဝါဏိဇ္ဇ ဝါဒအရ ရေးရာအဖြာဖြာ၌ မတရား စီးပွားရှာမှု၊ မတရား အမြတ်ထုတ်မှု ဟူသမျှသည် သာသနာ တွင်းနည်းအရ ပါရမီရှုထောင့်မှ ကြည့်လျှင် အဒိန္နာဒါန သိက္ခာပုဒ်၏ နယ်နိမိတ်အတွင်း၌ တစ်နည်း မဟုတ် တစ်နည်းဖြင့် ဝင်သည်သာဖြစ် ၏။ လက်တွေ့ အားဖြင့်လည်း ယနေ့ ကမ္ဘာကြီး ဆူပွက်နေသည်မှာ ဝါဏိဇ္ဇဝါဒအရ မတရား စီးပွားရှာမှုနှင့် မတရား အမြတ် ထုတ်မှုအပေါ် အခြေခံခြင်းကြောင့် ဖြစ်ကြောင်း တွေ့မြင် နိုင်၏။ မြတ်စွာဘုရား၏ ဒေသနာတော် ရှုထောင့်မှ ဆိုရလျှင် "ကာမတော ဇာယတေ သောကော၊ ကာမ



www.burmeseclassic.com

www.burmeseclassic.com



တော ဇာယတေ ဘယံ” အရ လောဘကြောင့် ဆူပွက်ခြင်း ဖြစ်၏။ တစ်နည်းအားဖြင့် ဆိုရလျှင် အဒိန္နာဒါန သိက္ခာပုဒ်ကို တကယ် တမ်းလုံခြုံအောင် မစောင့်ထိန်းသောကြောင့်သာ ဖြစ်ပါ၏။

လောကတွင် လူမှုရေး၊ ပညာရေး၊ နိုင်ငံရေး၊ အုပ်ချုပ်ရေး စသည်ဖြင့် ရေးရာအဖြာဖြာ ရှိကြရာတွင် စီးပွားရေးသည် ပဓာနဖြစ်၏ ဟူ၍ ဆိုကြလေရာ အဒိန္နာဒါန သိက္ခာပုဒ်သည် စီးပွား ရေးနှင့် များစွာသက်ဆိုင်၏။ ထို့ကြောင့်ဤ လောက၌ မတည်ငြိမ်မှုများ၊ ဆူပွက်မှုများ မဖြစ် ပေါ်ရလေအောင် “အူမတောင့်မှ သီလစောင့်နိုင်မည်”ဟူ၍ ဆိုကြလေသူများအနေဖြင့်လည်း အူမတောင့်ပြီး သီလစောင့်နိုင်အောင် ဤအဒိန္နာဒါန သိက္ခာပုဒ်ကို တကယ်တမ်း လုံခြုံအောင် စောင့် ထိန်းအပ်ပါ၏။ အဒိန္နာဒါန သိက္ခာပုဒ်ကို တကယ် တမ်းလုံခြုံအောင် စောင့်မည်ဆိုပါလျှင် ဝါဏိဇ္ဇ ဝါဒကို မုတ္တစာဂဖြင့် အစားထိုးဖို့လို၏။

အဒိန္နာဒါန သိက္ခာပုဒ်ကို စောင့်ထိန်းရာ တွင် “တစ်စ တစ်စ၊ စွန့်ဝံ့မှလျှင်၊ ဘဝနောက် နှောင်း၊ ဆက်တိုင်းကောင်း၏” ဟူသော အဆို အမိန့်အတိုင်း တဖြည်းဖြည်းခြင်း အနာခံသည့် ဘက်က နေနိုင်အောင် ကြိုးစားရမည်ဖြစ်၏။ အနာခံသည့်ဘက်က နေနိုင်လာလျှင် အခွင့် အရေး ဟူသမျှကို မတရားယူချင်သည့်သဘော ကင်းလာမည်ဖြစ်၏။ တရားသဖြင့် ရလာသည့် အခွင့် အရေးများကိုလည်း အများအတွက် အသုံးချလာနိုင်မည်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်၏။ ထိုအခါ အဒိန္နာဒါန သိက္ခာပုဒ်ကို စောင့်ထိန်းရန် လွယ်ကူလာမည် ဖြစ်၏။ အမှန်အားဖြင့် ဤလောက၌ အဒိန္နာဒါန သိက္ခာပုဒ်ကို တကယ်တမ်းလုံခြုံအောင် စောင့် ထိန်းနိုင်သည်နှင့်အမျှ လောကသည် ခေါင်းပုံ ဖြတ်ခြင်း ကင်းဝေးပြီး တကယ်ပင် ငြိမ်းချမ်းပေ လိမ့်မည်။ ထို့ကြောင့် အဒိန္နာဒါန သိက္ခာပုဒ်ကို သာသနာတွင်း အမြင်ဖြင့် စောင့်ထိန်းနိုင်အောင် ကြိုးစားဖို့ လူတိုင်း၌ တာဝန်ရှိလေ၏။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၇
## အကျင့်ခြင်း တူအောင် ကြိုးပမ်းကြ။

လောကကို ကစားကွင်း "ကီဠာထလ"ဟု ဆိုသူများက ဆိုကြ၏။ ထိုအဆိုအရ လောကသည် ကစားကွင်းဖြစ်လျှင် လူတို့သည် မိမိတို့ဘက်က နိုင်အောင် ကစားကြရမည် ဖြစ်၏။ နိုင်အောင် ကစားသော်လည်း နိုင်ချင်မှ နိုင်မည်ဖြစ်၏။ ကစားကွင်းတွင် ကစားသောအခါ နိုင်သူများက ပျော်ကြ၏။ ရှုံးသူများက ဝမ်းနည်းကြ၏။ ထိုအခါ ပျော်ကြသူများနှင့် ဝမ်းနည်းကြသူများ အပြိုင် ရှိနေသောကြောင့် လောကသည် ငြိမ်းချမ်းတော့ မည် မဟုတ်။ အမှန်အားဖြင့် လူဟူသမျှသည် အားလုံး ပျော် ချင်ကြသည်ချည်းဖြစ်၏။ ထို့ကြောင့် မိမိတို့နေထိုင်ရာ လောကကိုလည်း ငြိမ်းချမ်း စေချင်ကြပါ၏။ သို့ပါလျက် လူတို့သည် မိမိတို့ နေထိုင်ရာလောကကို ငြိမ်းချမ်း အောင် မဆောင်ရွက်ကြ။ လောကကို ငြိမ်းချမ်းစေချင်ပါ သည်ဆိုပြီး တကယ်တမ်း လက်တွေ့ကျတော့ လောက ကို ငြိမ်းချမ်းအောင် မဆောင်ရွက်ကြသည်မှာ မဆောင် ရွက်ချင်၍တော့မဟုတ်။ မဆောင်ရွက် နိုင်၍သာဖြစ်၏။ ထို့ကြောင့် ဆောင်ရွက်နိုင် အောင် ကြိုးပမ်းရမည် ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



လောကကိုစစ်မြေပြင် "ယုဒ္ဓဘူမိ"ဟု ဆို သူများက ဆိုကြ၏။ ထိုအဆိုအရ လောကသည် စစ်မြေပြင်ဖြစ်လျှင် လူတို့သည် မိမိတို့ဘက်က နိုင်အောင် တိုက်ကြရမည်ဖြစ်၏။ နိုင်အောင်တိုက်သော်လည်း နိုင်ချင်မှ နိုင်မည်ဖြစ်၏။ ရှုံးချင်လည်း ရှုံးမည်ဖြစ်၏။ မိမိက ဖြစ်စေချင်တိုင်း ဖြစ်သည်မဟုတ်။ သူဖြစ်ချင်သလိုသာ ဖြစ်၏။ မိမိက အစိုးမရ။ စစ်မြေပြင်တွင် စစ်တိုက်ကြသောအခါ နိုင်သူများက ပျော်ကြ၏။ ရှုံးသူများက ဝမ်းနည်း ကြ၏။ အမှန်အားဖြင့် လူဟူသည် အားလုံး ပျော်ချင်၏။ ဝမ်းနည်းချင်သူဟူ၍ မရှိ။ သို့ပါလျက် မလွှဲမရှောင်သာ ဝမ်းနည်းသူများသည် ဤ လောက၌ ရှိနေကြ၏။ အမှန်အားဖြင့် ဤလောက၌ ပျော်ရွှင်သူများချည်း ရှိအောင် ဆောင်ရွက်နိုင်သော လုပ်ငန်းစဉ်သည် ရှိပါ၏။ ထိုလုပ်ငန်းစဉ်ကား ငါးပါးသီလကို လိုက်နာကျင့်သုံးသော လုပ်ငန်းစဉ်ဖြစ်၏။ လောက၌ အားလုံး ပျော်ရွှင်အောင် လုပ်နိုင်သော လမ်းစဉ် ရှိပါလျက် ထိုလုပ်ငန်းစဉ်အတိုင်း လူတို့ မလိုက်နာကြခြင်း မှာ မလိုက်နာချင်၍တော့မဟုတ်။ မလိုက်နာနိုင်၍သာ ဖြစ်၏။ ထို့ကြောင့် လိုက်နာနိုင်အောင် ကြိုးပမ်းရမည်ဖြစ်၏။

**သံသာရဿစ ယာကောဋိ ကောဋိ နိဗ္ဗာ နဿစ**

= လောကသံသရာ၏ နယ်နိမိတ် အစွန်း နှင့် နိဗ္ဗာန်၏ နယ်နိမိတ်အစွန်းသည် အတူတူပင် ဖြစ်၏ဟု ဆိုသူများကလည်း ဆိုကြ၏။ ထိုအဆို အရဆိုပါလျှင် လောကကို ကြည့်ရာ၌ "မငြိမ်းချမ်း ခြင်း"ကိုလည်း ကြည့်၍ရ၏။

**ပညာ့ရိပ်မွန်**

www.burmeseclassic.com

www.burmeseclassic.com



"ငြိမ်းချမ်း ခြင်း"ကိုလည်း ကြည့်၍ရသည်။ ပုထုဇဉ်များ အနေဖြင့် လောကကိုကြည့်လျှင် မငြိမ်းချမ်းခြင်း ကို မြင်မည်ဖြစ်၏။ အရိယာများအနေဖြင့် လောကကို ကြည့်လျှင် ငြိမ်းချမ်းခြင်းကို မြင်မည် ဖြစ်၏။ တစ်မျိုး တည်းသော ကြည့်စရာကို ကြည့်ပါလျက် မငြိမ်းချမ်းခြင်း နှင့် ငြိမ်းချမ်းခြင်းတည်း ဟူသော အမြင်နှစ်မျိုးကို မြင်ရ ခြင်းသည်လည်း ကြည့်တတ်သော မျက်စိချင်း ခြားနား သော ကြောင့်ဖြစ်၏။ အမှန်အားဖြင့် လောကဟူသည် မှာ သင်္ခါရပင်ဖြစ်၏။ သင်္ခါရကိုကြည့်ကြသူချင်း အတူ တူ ပုထုဇဉ်တို့က လောကကိုသာမြင်ပြီး အရိယာက နိဗ္ဗာန်တိုင်အောင် မြင်၏။ သို့ဖြစ်လျှင် ကြည့်စရာအာရုံ တစ်မျိုးတည်း၌ ငြိမ်းချမ်းခြင်းနှင့် မငြိမ်းချမ်းခြင်း နှစ်မျိုး မြင်နိုင်သည်ဖြစ်လေရာ ငြိမ်းချမ်းခြင်းတစ်မျိုးတည်း ကိုသာ မြင်အောင် ကြည့်တတ်ဖို့ ကြိုးပမ်းရမည်ဖြစ်၏။ အမှန် အားဖြင့်လည်း လူတို့သည် လောက၌ ငြိမ်းချမ်း ခြင်းတစ်မျိုးတည်းကိုသာ မြင်လိုကြပါ၏။ သို့ပါလျက် ငြိမ်းချမ်းခြင်း တစ်မျိုးတည်းကို မြင်အောင် မကြည့်ကြ ခြင်းမှာလည်း မကြည့်ချင်၍တော့ မဟုတ်။ မကြည့်နိုင် သောကြောင့်သာ ဖြစ်ပါ၏။ ထို့ကြောင့် လောက၌ ငြိမ်း ချမ်းခြင်းကို မြင်အောင် ကြည့်တတ်ဖို့ ကြိုးပမ်း ရမည် ဖြစ်၏။ အမှန် အားဖြင့် အမြင်ခြင်း တူဖို့ဆိုသည်မှာ အကျင့်ခြင်း တူမှဖြစ်၏။ သို့ဖြစ်၍ မြတ်စွာဘုရားက အချင်း ချင်းဆက်ဆံရာ၌ အမြင်ခြင်း တူဖို့နှင့် အကျင့် ခြင်း တူဖို့အတွက် ဒိဋ္ဌိသီလ သာမည သဘောကို လိုက်နာ



www.burmeseclassic.com

www.burmeseclassic.com



ကျင့်သုံးရန် ဟောကြားတော်မူ ခြင်းဖြစ် ၏။ ထို့ကြောင့် ဤလောကတွင်လူတို့သည် တစ်ဦးနှင့်တစ်ဦးဆက်ဆံကြရာ၌ “ဒိဋ္ဌိသာမည” အရ အမြင်ခြင်းတူအောင်၊ “သီလသာမည”အရ အကျင့်ခြင်းတူအောင် ကြိုးပမ်းပြီး ဆက်ဆံကြမည်ဆိုပါလျှင် ဤလောကသည် နေချင်စဖွယ် ကောင်းလောက်အောင် ငြိမ်းချမ်းမည်ဖြစ်ပါ၏။

လောကပါလအရ အကျင့်ဟူသည်မှာ အခြေခံအကျဆုံးအားဖြင့် ငါးပါးသီလပင်ဖြစ်၏။ လူတို့သည် ငါးပါးသီလကိုသာ တကယ်တမ်းလိုက် နာကျင့်သုံးမည်ဆိုပါလျှင် ဤလောကသည် မငြိမ်းချမ်းစရာ အကြောင်းဘာမျှမရှိ။ တကယ်ပင် ငြိမ်းချမ်းမည်ဖြစ်၏။ အမှန်အားဖြင့်လည်း ငါးပါးသီလသည် လောကကို ငြိမ်းချမ်းစေနိုင်သော၊ အခြေခံအကျဆုံးသော လူသားအားလုံး၏ ကျင့်စဉ် ဖြစ်ပါ၏။ လူသားအားလုံး၏ ကျင့်စဉ်ဟူသည်မှာ လူမျိုး မရွေး၊ ဘာသာမရွေး လူသားတိုင်း လောကငြိမ်းချမ်းရေးအတွက် လိုက်နာကျင့်သုံးရမည့် လောကပါလကျင့်စဉ်ဖြစ်၏။ ထို့ကြောင့်လည်း ငါးပါး သီလကို နိစ္စသီလဟူ၍ဆိုခြင်းဖြစ်၏။ နိစ္စ ဟူသည်မှာ ကာလ၊ ဒေသ၊ ပုဂ္ဂလအရ နိစ္စ၊ အနာဂတ်ကမ္ဘာ၌လည်း နိစ္စ၊ အကျဉ်းအားဖြင့် လောကသံသရာ ရှိနေသေးသရွေ့ ကာလပတ်လုံး အမြဲတမ်းလိုက်နာကျင့်သုံးရမည့် ကိုယ်ကျင့်သိက္ခာ ဆိုင်ရာ ကျင့်ဝတ်ဖြစ်၏။ ဒေသအရလည်း နိစ္စပင် ဖြစ်၏။ မည်သည့်ဒေသ၌မဆို အမြဲတမ်းလိုက်နာ ကျင့်သုံးရမည်ဖြစ်၏။ ပုဂ္ဂလအရလည်း မည်သူမဆို



www.burmeseclassic.com

www.burmeseclassic.com



အမြဲတမ်းလိုက်နာ ကျင့်သုံးရမည်ဖြစ်၏။ မည်သည့်ဘာသာဝင်ဖြစ်ဖြစ် လူမှန်သမျှအတွက် နိစ္စသီလ ဖြစ်၏။ ထို့ကြောင့် ပဉ္စသီလသည် သဘာဝအားဖြင့် ဓမ္မတာသီလ ဖြစ်၏။

ပဉ္စသီလတွင် ဒုတိယ သိက္ခာပုဒ်မှာ အဒိန္နာဒါန သိက္ခာပုဒ်ဖြစ်၏။ အဒိန္နာဒါန၏ အနက်မှာ သူမပေးသော ပစ္စည်းကိုယူခြင်းဖြစ်၏။ ထို့ကြောင့် ကျင့်စဉ်အရ သူမပေးသောပစ္စည်းကို ယူလျှင် ဤဒုတိယသိက္ခာပုဒ်ကို ကျူးလွန်ရာ ရောက်၏။ သို့ဖြစ်လေရာ မည်သည့်ပစ္စည်းကိုမဆို ပိုင်ရှင်ကပေးမှ ယူရ၏။ ကုန်သွယ်ရေးရှုထောင့်မှ ကြည့်လျှင် ဤလောက၌ လူအားလုံးကို အုပ်စုဖွဲ့လိုက်ပါက ရောင်းသူနှင့်ဝယ်သူ နှစ်မျိုးသာ ရှိ၏။ လူအားလုံးတို့သည် ဤနှစ်မျိုးတွင် မလွဲ မသွေ ပါဝင်မည်ဖြစ်၏။ ရောင်းသူနှင့် ဝယ်သူ ကိုပင် ပေးသူနှင့် ယူသူဟူ၍လည်း ဆိုနိုင်၏။ ရောင်းသူနှင့်ဝယ်သူခေါ်ခေါ်၊ ပေးသူနှင့် ယူသူ ခေါ်ခေါ် ဤပုဂ္ဂိုလ်နှစ်မျိုးသည် အဒိန္နာဒါန သိက္ခာပုဒ်၏ နယ်နိမိတ်အတွင်း၌ ဝင်၏။ ထို့ကြောင့် လောကတစ်ခုလုံးသည် ဤ လူတန်းစားနှစ်မျိုးတွင် ပါဝင်သည် ဖြစ်လေရာ ဤလူတန်းစား နှစ်မျိုးလုံးကလည်း ဤဒုတိယ သိက္ခာပုဒ်၏ နယ်နိမိတ်အတွင်း၌ ပါဝင်သော ကြောင့် လောက၏ငြိမ်းချမ်းမှုသည် အဒိန္နာဒါန သိက္ခာပုဒ်ကို စောင့်ထိန်းမှုအပေါ်၌ များစွာ တည်၏။

စီးပွားရေးအရ အမြတ်ကြီးစားခြင်းသည် လည်း



www.burmeseclassic.com

www.burmeseclassic.com



ကောင်း၊ စစ်ရေးအရ သူတစ်ပါးနိုင်ငံကို တိုက်ခိုက် သိမ်းယူခြင်းသည်လည်းကောင်း၊ နိုင်ငံ ရေးအရ သူတစ်ပါးနိုင်ငံအပေါ် ဩဇာလွှမ်းခြင်း သည်လည်းကောင်း ဤသိက္ခာပုဒ်၏ နယ်နိမိတ် အတွင်း၌ ဝင်သည်ပင်ဖြစ်၏။ ထို့ကြောင့် ပေးသူ နှင့်ယူသူအဖြစ် အချင်းချင်းဆက်ဆံရာ၌ဖြစ်စေ၊ ပြည်ထောင်စုအချင်းချင်း ဆက်ဆံရာ၌ဖြစ်စေ၊ အဒိန္နာဒါနသိက္ခာပုဒ်အနှစ်သာရအားဖြင့် လိုက်နာကျင့်သုံးပြီး ဆက်ဆံမည်ဆိုပါက ဤ လောက၌ မငြိမ်းချမ်းစရာအကြောင်း ဘာမျှမရှိ။

အဒိန္နာဒါန သိက္ခာပုဒ်ကို အနှစ်သာရ အားဖြင့် လိုက်နာကျင့်သုံးရာ၌ အခြေခံကျသော အချက်မှာ "အပ္ပိစ္ဆာ"ရှိမှုပင်ဖြစ်၏။ "အပ္ပစ္ဆာ"ဟူ သည်မှာ မိမိအတွက် အလိုနည်းခြင်းဖြစ်၏။ အလို နည်းခြင်းဟူသည်မှာ တဏှာကို ပယ်သတ်ခြင်း ဖြစ်၏။ တဏှာကိုပယ်သတ်ခြင်းမရှိဘဲ သက်သက် အလိုနည်းခြင်းလည်းရှိ၏။ တဏှာကို ပယ်သတ်သော အားဖြင့် အလိုနည်းခြင်းလည်းရှိ၏။ တဏှာ ကို ပယ်သတ်ခြင်းမရှိဘဲ သက်သက် အလိုနည်း ခြင်းမှာ လိုချင်ရကောင်းမှန်းမသိခြင်း အပေါ်၌ အခြေတည်၏။ လိုချင်ရကောင်းမှန်း မသိသောအခါ အလိုနည်း၏။ အလိုနည်းသဖြင့် အရနည်း၏။ လိုချင်ရကောင်းမှန်း သိလျက် တဏှာကို ပယ်သတ်သောအားဖြင့် အလိုနည်းခြင်း ဖြစ်ပါက အရ နည်းခြင်းမဖြစ်။ လောကသည် လိုက်တမ်း ပြေးတမ်း ကစားနေရာ ကစားကွင်း ဖြစ်၏။ ကစားကွင်း၌ ကာမဂုဏ်



www.burmeseclassic.com

www.burmeseclassic.com



နှင့် လူတို့သည် လိုက်တမ်း ပြေးတမ်း ကစားနေသူများ ဖြစ်ကြ၏။ ကာမဂုဏ်နောက်သို့ မိမိကလိုက်လျှင် ကာမဂုဏ်က ပြေး၏။ မိမိက ကာမဂုဏ်နောက်သို့ မလိုက်လျှင် ကာမဂုဏ်က မိမိနောက်သို့လိုက်၏။ ထိုအခါ မိမိက အပြေးသမား၊ ကာမဂုဏ်က အလိုက်သမား ဖြစ်လေ၏။ ဤသဘောကိုပင် ရည်ရွယ်၍ လိုချင်လျှင်မရ၊ မလိုချင်မှ ရသည်ဟု ဆိုရိုးပြုကြခြင်းဖြစ်၏။

လက်တွေ့အားဖြင့်လည်း ယနေ့ကမ္ဘာကို ကြည့်လျှင် မိမိအတွက် ဘာကိုမျှ မမျှော်ကိုးဘဲ နိုင်ငံအပေါ် ကြင်နာသောစိတ်ဖြင့် နိုင်ငံအတွက် အနစ်နာခံပြီး ဆောင်ရွက်ကြသော ပုဂ္ဂိုလ်များ နောက်သို့ လာဘ်လာဘများကလည်း လိုက်ကြ၏။ ရာထူးဌာနန္တရများကလည်းလိုက်ကြ၏။ ထင်ပေါ် ကျော်စောမှုများကလည်းလိုက်ကြ၏။ ထိုပုဂ္ဂိုလ်များက အပြေးသမားဖြစ်ကြပြီး ကာမဂုဏ်များက အလိုက်သမားဖြစ်ကြ၏။ မြတ်စွာဘုရားကိုကြည့်မည်ဆိုလျှင်လည်း မြတ်စွာဘုရားလောက် လောကကို ကြင်နာသူမရှိ။ မြတ်စွာဘုရားလောက် လောကအတွက် အနစ်နာခံသူ မရှိ။ မြတ်စွာဘုရားလောက် လောကအကျိုးကို ဆောင်သူမရှိ။ သို့ရာတွင် မြတ်စွာဘုရားသည် လောကနှင့် ဆက် ဆံရာ၌ မိမိအတွက် ဘာကိုမျှ မမျှော်ကိုး။ သို့ပါလျက် ဗြဟ္မာတို့ကလည်း မြတ်စွာဘုရားကို မိမိတို့ မကိုးကွယ်ရာအဖြစ် ပူဇော်ကြ၏။ နတ်တို့ကလည်း မြတ်စွာဘုရားကို မိမိ တို့၏ မကိုးကွယ်ရာအဖြစ် ပူဇော် ကြ၏။ ဤသည်မှာ မလိုချင်ပါဘဲနှင့် ရသော ကာမဂုဏ်များ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ကြ၏။ ကာမဂုဏ်တွင် လာဘ် လာဘလည်းပါ၏။ အလေးအမြတ် ပြုမှုလည်းပါ ၏။ ထင်ပေါ်ကျော်စောမှု လည်း ပါ၏။ လာဘ် လာဘကို "လာဘ" ဟု ဆိုရ၏။ အလေးအမြတ် ပြုမှုကို "သက္ကာရ"ဟုဆိုရ၏။ ထင်ပေါ် ကျော်စောမှုကို "သိလောက"ဟုဆိုရ၏။ သို့ရာတွင် မြတ်စွာဘုရားသည် လာဘကိုလည်း မမက်မော။ မမက် မောပါဘဲလျက် လာဘကလည်း နောက်က လိုက် ၏။ သက္ကာရကလည်း နောက်က လိုက်၏။ သိလောက ကလည်း နောက်က လိုက်၏။ ဤသည်မှာ ဓမ္မတာ ဖြစ်၏။

အဒိန္နာဒါန သိက္ခာပုဒ်အရ ပေးသူနှင့် ယူသူ အဖြစ် အချင်းချင်းဆက်ဆံရာတွင် လောက ငြိမ်းချမ်းရေး အတွက် အချင်းချင်းအပေါ် ကြင်နာ ဖို့လို၏။ အနစ်နာ ခံဖို့လို၏။ တစ်ဖက်သား၏ အကျိုးကို ရည်စူးဖို့လို၏။ ဤအင်္ဂါသုံးရပ်အပေါ် အခြေခံပြီး အချင်းချင်းဆက်ဆံ ရာ၌ ပေးခြင်းနှင့် ယူခြင်းကို ပြုလုပ်မည်ဆိုပါက အဒိန္နာ ဒါန သိက္ခာ ပုဒ်ကို အနှစ်သာရအားဖြင့် စောင့်ထိန်းပြီး ဖြစ် တော့သည်။ အမှန်အားဖြင့် မိမိအပေါ် ကြင်နာ သော၊ မိမိအတွက် အနစ်နာခံသော၊ မိမိ၏ အကျိုးကို ဆောင် သော သူများအပေါ် သက် ရောက်အားနှင့် တန်ပြန်သက် ရောက်အားတို့၏ နိယာမအရ မည်သူမျှ မငြိမ်းချမ်း အောင် ပြုလုပ်မည် မဟုတ်။ ထိုအခါ ပေးခြင်း၊ ယူခြင်း ဖြင့် အချင်းချင်းဆက်ဆံရာ၌ လူမှုဆက်ဆံရေးသည် ချော မွေ့ပြီး လောကသည် ငြိမ်းချမ်းပေလိမ့်မည်။ အမှန်



www.burmeseclassic.com

www.burmeseclassic.com



အားဖြင့် လောက၌ မငြိမ်းမချမ်း ဖြစ်နေခြင်းမှာ တစ်ဦး နှင့်တစ်ဦး ပေးခြင်း၊ ယူခြင်း ဆက်ဆံရာ၌ နှစ်ဦးလုံးက အသာဘက်ကချည်း နေချင်သောကြောင့်ဖြစ်၏။ အကယ်၍ နှစ်ဦး လုံးက "အနာ"ဘက်ကချည်း နေချင်မည်ဆိုလျှင် လောက၌ မငြိမ်းချမ်းစရာအကြောင်း ဘာမျှ မရှိ။

အဒိန္နာဒါန သိက္ခာပုဒ်သည် လောက၌ ငြိမ်းချမ်းရေးအတွက်များစွာ အရေးကြီး၏။ အဒိန္နာဒါန သိက္ခာပုဒ်ကို အသွင်သဏ္ဌာန်အားဖြင့် စောင့်ထိန်းခြင်းမျိုး မဟုတ်ဘဲ အနှစ်သာရအားဖြင့် စောင့်ထိန်းမည်ဆိုပါလျှင် လောကသည် တကယ် ပင် ငြိမ်းချမ်းမည်ဖြစ်၏။ အဒိန္နာဒါန သိက္ခာပုဒ် အရ သူပေးလျှင် ယူနိုင်ခွင့်ရှိလေရာ အသွင် သဏ္ဌာန်အားဖြင့်သာ စောင့်ထိန်းရန် ကြိုးပမ်းသူများသည် သူကမပေးလျှင် ပေးအောင်လုပ်သော ဥပါယ်များကို သုံးကြ၏။ သူပေး၍ မိမိယူခြင်းမှာ အသွင် သဏ္ဌာန်ရှုထောင့်မှ ကြည့်လျှင် အဒိန္နာ ဒါန သိက္ခာပုဒ်ကို လွန်ကျူးရာ မရောက်။ သို့ရာတွင် ထိုပုဂ္ဂိုလ်မျိုးကို မြင်သဖြင့် လည်းကောင်း၊ ကြားသဖြင့် လည်းကောင်း၊ ယုံမှားသဖြင့်လည်းကောင်း၊ မြင်ရသူ၊ ကြားရသူ၊ ယုံမှားရသူများသည် လောက၌ ဓမ္မ မလွှမ်းမိုး နိုင်မှုအတွက် ဓမ္မဘက်ကနေ၍ စိတ် မကောင်း ဖြစ်ကြ၏။ ဓမ္မအတွက် စိတ်မကောင်း ဖြစ်ရခြင်း သည်ပင်လျှင် လောကအတွက် မငြိမ်းချမ်းခြင်း မည်ပါ၏။ ထို့ကြောင့် အသွင်သဏ္ဌာန် အားဖြင့် သာ အဒိန္နာဒါန သိက္ခာပုဒ်ကို စောင့်ထိန်း



www.burmeseclassic.com

www.burmeseclassic.com



ခြင်း သည် လောကအတွက် ငြိမ်းချမ်းခြင်းကို မဖြစ်စေနိုင် သည်မှာ သေချာပါ၏။ သို့ဖြစ်လေရာ လောကပါလ တရားအနေဖြင့် အဒိန္နာဒါန သိက္ခာပုဒ်ကို စောင့်ထိန်းရာတွင် အနှစ်သာရ အားဖြင့် စောင့်ထိန်းမှသာ ဤလောက၌ ငြိမ်းချမ်းမှု ထွန်းကားလာမည်ဖြစ်၏။ ငြိမ်းချမ်း သော လောက၌ အသက်ရှင်နေရပါမှသာ လူ့ဘဝ ကို ရကျိုး နပ်ပေလိမ့်မည်။

လောကကို ကစားကွင်း "ကီဠာထလ" အဖြစ် သဘောထားလိုကလည်း ထားနိုင်ပါ၏။ ကစားကွင်း အဖြစ် သဘောထားပါက လောက ငြိမ်းချမ်းရေးအတွက် ပုဂ္ဂိုလ်ချင်း အနိုင်ရအောင် ကစားခြင်းမျိုးမဟုတ်ဘဲ ဓမ္မက အဓမ္မအပေါ် အနိုင်ရအောင် ကစားခြင်းမျိုးဖြင့်သာ ကစားအပ် ပါ၏။ **သံသာရဿစ ယာကောဋိ၊ ကောဋိ နိဗ္ဗာနဿစ** -အရ လောက၏ နယ်နိမိတ်အစွန်းသည်ပင် နိဗ္ဗာန်၏ နယ်နိမိတ် အစွန်းဖြစ်သည်ဟု ယူလို ကလည်း ယူနိုင်ပါ၏။ ထိုသို့ယူပါက လောက၌ ငြိမ်းချမ်းမှုကို မြင်နိုင်အောင် လောကကို ကြည့် သောအခါ မိမိတို့အနေ ဖြင့် နေ့စဉ် ဆောင်ရွက် နေရသော ပေးခြင်း၊ ယူခြင်း လုပ်ငန်း၌ ငါ့ဘက်က "အသာ"ဟူသော အတ္တကို ပယ်သတ်နိုင်သမျှ ပယ် သတ်ပြီး ကြည့်အပ်ပါ၏။ ထို အခါမှသာ အဒိန္နာ ဒါန သိက္ခာပုဒ်ကို အနှစ်သာရအား ဖြင့် စောင့် ထိန်းနိုင်မည်ဖြစ်ပါ၏။ အဒိန္နာဒါန သိက္ခာပုဒ် ကို အနှစ်သာရ အားဖြင့် စောင့်ထိန်းနိုင်မှသာ လောက သည် ငြိမ်းချမ်းပေလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၈)

## ဓမ္မ ဂါရဝသည် မိမိအတွက်သစ္စာ

အဒိန္နာဒါန သဘောကို နားလည်လိုလျှင် အပြင် ပုံသဏ္ဍာန်နှင့် အတွင်းသရုပ်ကို နားလည်ဖို့လို၏။ အမှန်အားဖြင့် အရာဝတ္ထုတစ်ခု၌ဖြစ်စေ၊ ဖြစ်ရပ် တစ်ခု၌ဖြစ်စေ အပြင်ပုံသဏ္ဍာန်ပိုင်းနှင့် အတွင်း သရုပ်ပိုင်းဟူ၍ အပိုင်းနှစ်ပိုင်းသည် ဓမ္မတာအား ဖြင့် ပါဝင်၏။ ထို့ကြောင့် အရာဝတ္ထုတစ်ခုကို ဖြစ်စေ၊ ဖြစ်ရပ်တစ်ခုကိုဖြစ်စေ လေ့လာသော အခါ ဓမ္မတာအားဖြင့် ပါဝင်သော အပိုင်းနှစ်ပိုင်း နှင့် ယင်း အပိုင်းနှစ်ပိုင်းတို့၏ အဆက်အစပ်ကို မြင်အောင် လေ့လာရ၏။ သို့မှသာ အမှားနှင့် အမှန်ကို မြင်မည် ဖြစ်၏။ အမှားနှင့်အမှန်ကို မြင်ခြင်းသည် လေ့လာ သူများအနေဖြင့် မဇ္ဈိမ ပဋိပဒါကျအောင် လေ့လာသောကြောင့်ဖြစ်၏။ အမှန်အားဖြင့်လည်း မိမိတို့၏ လေ့လာမှု နည်း လမ်းသည် မဇ္ဈိမပဋိပဒါကျမှသာ အမှားကို အမှားအတိုင်း၊ အမှန်ကို အမှန်အတိုင်း ယထာ ဘူတ ကျကျ လေ့လာသူများက မြင်နိုင်၏။

ယနေ့လောကတွင် ကိုယ်ကျင့်သိက္ခာနှင့် ပတ်သက်၍ ဗုဒ္ဓဒေသနာတော်များကို အကိုးအကားပြု၍

**ပညာ့ရိပ်မွန်**

www.burmeseclassic.com

www.burmeseclassic.com



အော်ကြီးဟစ်ကျယ် ပြောဆိုကြသူများကို တွေ့နိုင်၏။ ထိုသို့ အော်ကြီးဟစ်ကျယ် ပြောဆို ကြခြင်းသည် အပြင် ပုံသဏ္ဌာန်ပိုင်းဖြစ်၏။ အပြင် ပုံသဏ္ဌာန်ပိုင်းကို အလေး အနက်ပြုပြီး ကိုယ်ကျင့် သိက္ခာနှင့်ပတ်သက်၍ အော်ကြီး ဟစ်ကျယ် ပြောဆိုတတ်ကြသူများကို တကယ့်သူတော် ကောင်း ဟူ၍ ဆုံးဖြတ်လျှင် ထိုဆုံးဖြတ်ချက်သည် မှန် ချင်မှ မှန်၏။ အပြင်ပုံသဏ္ဌာန်ကိုချည်း အားကိုး၍ လေ့လာသောနည်းသည် မဖြစ်မပဋိပဒါကျသော လေ့လာ နည်းမဟုတ်။ ထို့ကြောင့် အတွင်းသရုပ်ကိုလည်း လေ့လာဖို့လိုသေး၏။ အတွင်းသရုပ်ကို လေ့လာသော အခါ ဗုဒ္ဓဒေသနာတော်များကို အော်ကြီးဟစ်ကျယ် မပြောဆိုစေကာမူ လူလူချင်း ဆက်ဆံရာ၌ “အသာစံ” ဘက်က မနေတတ်ဘဲ “အနာခံ”ဘက်ကနေတတ်သူ များကိုလည်း တွေ့ရတတ်၏။ ထို့အပြင် ဗုဒ္ဓဒေသနာ တော်များကို အော်ကြီးဟစ်ကျယ်ပြောဆိုပြီး “အနာခံ” ဘက်က မနေတတ်ဘဲ “အသာစံ” ဘက်ကနေတတ် သူများ ကိုလည်း တွေ့ရတတ်၏။ ထို့ကြောင့် အတွင်း သရုပ် ကို မလေ့လာဘဲ အပြင်ပုံသဏ္ဌာန်ကို ကြည့်ပြီး ဗုဒ္ဓ ဒေသနာတော်များကို မပြောဆိုတတ်ကာမျှနှင့် သူတော် ကောင်း မဟုတ်ဟူ၍ ဆုံးဖြတ်လျှင် မှန်ချင်မှမှန်၏။ ထို့ကြောင့် အရာဝတ္ထုတစ်ခုနှင့် ပတ်သက်၍ဖြစ်စေ၊ ဖြစ်ရပ်တစ်ခု နှင့် ပတ်သက်၍ဖြစ်စေ၊ အများနှင့်အမှန် ဆုံးဖြတ်တော့မည်ဆိုပါလျှင် အပြင်ပုံသဏ္ဌာန်ကိုလည်း လေ့လာရ၏။ အတွင်းသရုပ်ကိုလည်း လေ့လာရ၏။



www.burmeseclassic.com

www.burmeseclassic.com



ယင်းနှစ်မျိုးတို့၏ အဆက်စပ်ကိုလည်း လေ့လာရ၏။ သို့မှသာ မဇ္ဈိမပဋိပဒါ ကျသော လေ့လာနည်းဖြင့် ပြဿနာကိုလေ့လာ၍ ဆုံးဖြတ်သည်မည်၏။ သို့မဟုတ်ဘဲ အပြင်ပုံသဏ္ဌာန်ကို ချည်းဖြစ်စေ၊ အတွင်းသရုပ်ကိုချည်း ဖြစ်စေ လေ့လာပြီး အမှားအမှန်ကို ဆုံးဖြတ်ပါက ထိုသို့ သော ဆုံးဖြတ်ချက်မျိုးသည် အန္တပဋိပဒါကျ လေ့လာပြီး ဆုံးဖြတ်သော ဆုံးဖြတ် ချက်မျိုးသာ ဖြစ်၏။ အန္တပဋိပဒါကျသော လေ့လာခြင်း ဟူသည်မှာ အစွန်းရောက် လေ့လာခြင်းမျိုးသာ ဖြစ်၏။ ထို့ကြောင့် ပြဿနာတစ်ရပ်ကိုလေ့လာ ရာ၌ အန္တပဋိပဒါကျ လေ့လာခြင်းသည် ဗုဒ္ဓ ဒေသနာတော်အရ ကျင့်သုံးအပ်သော လေ့လာ နည်း မဟုတ်။ ဗုဒ္ဓဒေသနာတော်အရ ကျင့်သုံး အပ်သော လေ့လာနည်းဟူသည် မဇ္ဈိမပဋိပဒါကျ သော နည်းသာဖြစ်၏။

လောက၏ ကိုယ်ထည်ကား မာယာဖြစ် ၏။ ထို့ကြောင့် လောကသည် လှည့်စားတတ်၏။ သူတော်ကောင်း မဟုတ်သူများကလည်း သူတော် ကောင်းစကားကို အော်ကြီးဟစ်ကျယ် ပြောတတ် ၏။ ထိုသို့ အော်ကြီးဟစ်ကျယ် ပြောခြင်းသည် အပြင်ပုံသဏ္ဌာန်က မိမိ၏ မာယာဖြင့် လှည့်စား ခြင်းဖြစ်၏။ ထို့ကြောင့် အပြင်ပုံသဏ္ဌာန်ကို မြင် အောင်ကြည့်ရ၏။ အပြင်ပုံသဏ္ဌာန်ကို မြင်ရုံနှင့် လည်း အမှားအမှန်ဆုံးဖြတ်ရာ၌ မလုံလောက်သေး။ အပြင်ပုံသဏ္ဌာန်သည် အစွန်းတစ်ဖက်သာ ဖြစ်၏။ ထို့ကြောင့် အတွင်းသရုပ်ကိုလည်း မြင် အောင်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



ရပြန်၏။ ဤလောက၌ သူတော် ကောင်း စကားကို အော်ကြီးဟစ်ကျယ် မပြော ပါဘဲလျက် အတွင်းသရုပ် အနေဖြင့် တကယ့် သူတော်ကောင်းများသည်လည်း ရွက် ပုန်းသီး သဘောအရ ရှိတတ်ကြ၏။ မျိုးချစ်စိတ် စကား ကို လူကြားအောင် မပြောသော်လည်း အရေးကြုံ သော အခါ တကယ့်အာဇာနည် သူရဲကောင်းများ သည်လည်း အလျှိုအလျှို ပေါ်ထွက်လာတတ်ကြ ၏။ ထို့ကြောင့် အတွင်းသရုပ်ကိုလည်း မြင်အောင် ကြည့်တတ်ဖို့လိုခြင်း ဖြစ်၏။ သို့ရာတွင် အတွင်း သရုပ် သက်သက်သည်လည်း အစွန်းတစ်ဖက်ပင် ဖြစ်၏။

အစွန်းတစ်ဖက် ဟူသမျှသည် "မာယာ" သာ ဖြစ်၏။ ထို့ကြောင့် အပြင်ပုံသဏ္ဍာန်ကိုလည်း သူ့ချည်း ကိုသာ အားကိုးမိပါက အမှားကို အမှား မှန်းမသိရလေ အောင် ဖုံး၏။ အမှားကို အမှန်ထင် ရအောင် ဖော်၏။ အတွင်းသရုပ်ကိုလည်း သူ့ ချည်းသာ အားကိုးမိပါက အမှန်ကို အမှားထင် ရအောင်ဖော်၏။ ဤသည်မှာ "မာယာ" ၏ သဘောဖြစ်၏။ မာယာသည် ဖုံးလည်း ဖုံးတတ်၏။ ဖော်လည်းဖော်တတ်၏။ ဒဿနကျမ်းများ၌ ဖုံးခြင်းကို "အာဝရဏ"ဟုခေါ်၏။ ဖော်ခြင်းကို "ဝိက္ခေပ"ဟု ခေါ်၏။ ထို့ကြောင့် မာယာ၏ လှည့်စားမှု အရ မိမိအနေဖြင့် အပြင်ပုံသဏ္ဍာန်ကို ကြည့်ပြီး လူရိုး လူကောင်းဟူ၍ သတ်မှတ်ထားသူ ကလည်း တကယ် တမ်း အတ္တသမား ဖြစ်နေသည်ကိုလည်း တွေ့ရတတ် ၏။ အတွင်းသရုပ်ကို ကြည့်ပြီး လူညံ့ဟူ၍ သတ်မှတ်



www.burmeseclassic.com

www.burmeseclassic.com



ထားသူကိုလည်း တကယ့် လူတော်ဖြစ်နေသည်ကို လည်း တွေ့ရ တတ်၏။ ထိုသို့ တွေ့ရ ခြင်းမှာ မိမိ လေ့လာစဉ်က အပြင် ပုံသဏ္ဍာန်ကို လည်းကောင်း၊ အတွင်း သရုပ်ကို လည်းကောင်း၊ အပြင်ပုံသဏ္ဍာန်နှင့် အတွင်းသရုပ်တို့၏ အဆက်အစပ်ကို လည်း ကောင်း နားလည်အောင် ပြည့်ပြည့်စုံစုံ မလေ့လာ မိသောကြောင့် ဖြစ်၏။ အမှန်အားဖြင့် အပြင် ပုံသဏ္ဍာန်နှင့် အတွင်း သရုပ်တို့၏ အဆက်အစပ် သည် အချင်းချင်း လိုက်လျော ညီထွေဖြစ်သည် လည်းရှိ၏။ လိုက်လျောညီထွေ ဖြစ် လျှင် "အနုရောမိ"ဟု ခေါ်၏။ အချင်းချင်း ဆန့်ကျင် ဘက် ဖြစ်သည်လည်း ရှိ၏။ ဆန့်ကျင်ဘက်ဖြစ်လျှင် "ဝိရောမိ"ဟု ခေါ်၏။

လူ့ဘဝကိုရလာသူ ဟူသမျှသည် လောက ၌ ငြိမ်းချမ်းသာယာရေးအတွက် ဆောင်ရွက်ရန် တာဝန် ကိုယ်စီရှိ၏။ တာဝန်မှာ နှစ်မျိုး ရှိ၏။ တစ်မျိုးသော တာဝန်မှာ မိမိ၏ပတ်ဝန်းကျင်ကို ကောင်းအောင် ဆောင်ရွက်ပေးရန် ဖြစ်၏။ ယင်းကို "အာရမ္ဘဏာ နုယော ဂ" ဟု ခေါ်၏။ အာရမ္ဘဏာ နုယောဂဟူသည်မှာ မိမိ၏ ပတ်ဝန်း ကျင်ကို ကောင်းအောင် အားထုတ်ခြင်း ဖြစ်၏။ မိမိ ပတ်ဝန်းကျင်ကို ကောင်းအောင် အားထုတ် ဖို့ဆို သည် မှာ မိမိကိုယ်တိုင်က ကောင်းမှဖြစ်၏။ ထို့ကြောင့် ပတ် ဝန်းကျင်လောကကို ကောင်းအောင် အားထုတ်ဖို့ အတွက် မိမိကိုယ်ကို ကောင်း အောင် အားထုတ်ရ၏။ မိမိကိုယ်ကို ကောင်း အောင် အား ထုတ်ခြင်းကို "သန္တာ



www.burmeseclassic.com

www.burmeseclassic.com



နာ နုယောဂ” ဟုခေါ်၏။ ထို့ကြောင့် မိမိကိုယ်ကို ကောင်းအောင် အားထုတ်ခြင်းသည်လည်း တာဝန်နှစ်မျိုး အတွက် တစ်မျိုးသော တာဝန်ဖြစ်၏။

အမှန်အားဖြင့် လူဟူသည် မိမိကိုယ်ကို ကောင်းအောင် ဆောက်တည်ရုံမျှနှင့် တာဝန်ကျေ သည်မဟုတ်။ မိမိ၏ ပတ်ဝန်းကျင်လောကကို ကောင်းအောင် ဆောင်ရွက်ပေးဖို့လည်း လိုသေး ၏။ သို့မှသာ တာဝန်ကျေမည် ဖြစ်၏။ အမှန်အား ဖြင့် လူဟူသည် မိမိတစ်ဦးတည်း ရပ်တည်နိုင် သည်မဟုတ်။ ပတ်ဝန်းကျင်၏ အထောက် အပံ့ ဥပနိဿယကို ရယူပြီးမှသာ ရပ်တည်နိုင်သူ ဖြစ် ၏။ ထို့ကြောင့် လူဟူသည် မိမိ၏ ပတ်ဝန်းကျင်၏ ကျေးဇူးစား ဖြစ်လေရာ မိမိ ပတ်ဝန်းကျင်အပေါ် ကျေးဇူးဆပ်ဖို့ များစွာ တာဝန်ရှိ၏။ မိမိ၏ ပတ်ဝန်းကျင် လောကတွင် သက်ရှိလည်း ပါဝင် ၏။ သက်မဲ့လည်း ပါဝင်၏။ ထို့ကြောင့် လူဟူသည် ဥပနိဿယပစ္စည်းလာ ကျေးဇူး တရားအရ မိမိ နိုင်ငံနှင့် မိမိ လူမျိုးကို ဤကမ္ဘာမြေပြင်၌ ပျောက် မသွားစေရလေအောင် အားထုတ်ရခြင်း ဖြစ်၏။ ဤသို့ အားထုတ်ရခြင်းသည် မိမိအပေါ် ဥပနိဿယ ပစ္စည်းဖြင့် ကျေးဇူးပြုထားသော မိမိ ပတ်ဝန်းကျင် လောကအား ပြန်လည်၍ ကျေးဇူးဆပ်ခြင်းဖြစ်၏။ ထို့ကြောင့် လူဟူသည် မိမိအတွက် မိမိဘာသာမိမိ ကောင်းအောင် ဆောက်တည်ရုံမျှနှင့် လောကအပေါ် ကျေးဇူးကျေသော လူကောင်းတစ်ယောက် ဖြစ်မလာနိုင် သေးချေ။ ထို့အပြင် ထိုမျှဖြင့် လူသည် ငှက်အပေါင်း



www.burmeseclassic.com

www.burmeseclassic.com



တို့၏ အားကိုးမှီခိုရာ သက်မဲ့သစ်ပင် တစ်ပင်ထက် လည်း ဘာမျှ ပိုမိုအဓိပ္ပာယ် ရှိမလာနိုင်သေးချေ။ ထို့ကြောင့် လူဟူသည် သက်ရှိဖြစ်သည့်အလျောက် သက်မဲ့သစ်ပင် တစ်ပင်ထက်ပို၍ အဓိပ္ပာယ်ရှိရ လေအောင် မိမိ၏ ပတ်ဝန်းကျင် လောကကို ကောင်းအောင် ဆောင်ရွက်ပေးရ မည် ဖြစ်၏။ ထိုသို့ ဆောင်ရွက် ပေးပါမှလည်း လူ့ဘဝ သည် ဒုလ္လဘသဘောကို ခံယူထိုက်၏။

မိမိ၏ ပတ်ဝန်းကျင်လောကကို ကောင်း အောင် ဆောင်ရွက်ရာတွင် မိမိကိုယ်တိုင်က ကောင်းဖို့လိုလေရာ၊ မိမိကိုယ်တိုင်က ကောင်းဖို့ ဆိုသည်မှာ ငါးပါးသီလကို လုံခြုံအောင် စောင့် ထိန်းပါမှ မိမိကိုယ်တိုင်က ကောင်း မည်ဖြစ်၏။ ငါးပါးသီလကို စောင့်ထိန်းရာတွင်လည်း အပြင် ပုံသဏ္ဌာန်ပိုင်းအနေဖြင့် စောင့်ထိန်းရုံသာမက အတွင်းသရုပ်ပိုင်းအနေဖြင့်ပါ စောင့်ထိန်း ရမည် ဖြစ်၏။ သို့မှသာ မိမိအနေဖြင့် တကယ်တမ်း ကောင်းမည် ဖြစ်၏။ မိမိအနေဖြင့် တကယ်တမ်း ကောင်းပါမှလည်း မိမိ၏ပတ်ဝန်းကျင်လောကကို ကောင်းအောင် ဆောင် ရွက်ပေးနိုင်မည်ဖြစ်၏။ အမှန်အားဖြင့် မိမိကိုယ်ကို ကောင်းအောင် အား ထုတ်ခြင်းသည် အတ္တဂါရဝသဘော ကို ဆောင်၏။ မိမိပတ်ဝန်းကျင်ကိုကောင်းအောင် အား ထုတ်ခြင်းသည် လောကဂါရဝသဘောကို ဆောင်၏။ အမှန် အားဖြင့် လူဟူသည် ဘဝတာဝန်အရ မိမိကိုယ်ကို ကောင်းအောင် အားထုတ်ရသည်မှာ မှန်၏။ မိမိ၏ ပတ်ဝန်းကျင်လောကကို ကောင်းအောင် အား ထုတ်ရ



www.burmeseclassic.com

www.burmeseclassic.com



သည်မှာလည်း မှန်၏။ သို့ရာတွင် ထိုမျှနှင့် မလုံလောက်သေး။ မိမိကိုယ်ကို အတ္တဂါရဝအရ ကောင်းအောင် အားထုတ်ရာတွင် ဖြစ်စေ၊ မိမိပတ်ဝန်းကျင်လောကကို လောကဂါရဝအရ ကောင်းအောင် အားထုတ်ရာတွင် ဖြစ်စေ ဓမ္မနှင့်အညီ ဖြစ်အောင် အားထုတ်ဖို့ လို အပ်၏။ ဓမ္မနှင့် အညီဖြစ်ပါမှ ဓမ္မဂါရဝသဘော သက်ရောက်မည်ဖြစ်၏။ ဓမ္မဂါရဝသဘောသက် ရောက်ပါမှလည်း မိမိကိုယ်ကိုဖြစ်စေ၊ မိမိ၏ ပတ်ဝန်းကျင်လောကကို ဖြစ်စေ တကယ်တမ်း ကောင်းအောင် ဆောင်ရွက်ရာ ရောက်မည်ဖြစ် ၏။ သို့မဟုတ်ပါက မိမိကိုယ်ကိုလည်း နှစ်ရာ ရောက်မည်ဖြစ်၏။ မိမိပတ်ဝန်း ကျင်လောကကို လည်း နှစ်ရာရောက်မည်။ ထို့ကြောင့် လူအနေ ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ရာတွင် ဓမ္မ ဂါရဝသည် မိမိအတွက် အလင်းရောင်ဖြစ်၏။ ဓမ္မဂါရဝသည် မိမိအတွက် သစ္စာဖြစ်၏။ ဓမ္မ ဂါရဝ ကို မိမိအတွက် အလင်းရောင်၊ မိမိအတွက် သစ္စာအဖြစ် ခံယူမထားပါလျှင် လူသည် မိမိအကျိုးစီးပွားကိုသာ အလေးအမြတ် ပြုပြီး မလုပ်သင့် မလုပ်ထိုက်သည်များကို လုပ် တတ်၏။ သစ္စာမဲ့သည်များကို လုပ်တတ်၏။ ထို့ကြောင့် ဓမ္မဂါရဝ ရှိဖို့လို၏။

ဤလောက၌ လုပ်ငန်းများကို လုပ်ရာတွင် ဓမ္မဂါရဝ ဖြစ်ဖို့ဆိုသည်မှာ လွယ်သည် မဟုတ်။ ကိုယ်တိုင် လုပ်ကြည့်မှ သိ၏။ မိမိဘဝကို စတေး နိုင်မှဖြစ်၏။ မိမိ၏ဘဝကို စတေးခြင်း ဟူသည် မှာလည်း လောက၏ မှန်ကန်သော အကျိုး စီးပွားအတွက် အရာရာတိုင်း၌



www.burmeseclassic.com

www.burmeseclassic.com



တပ်မက်သော မိမိတဏှာကို ပယ်သတ်ခြင်းပင် ဖြစ်လေရာ၊ ဓမ္မ ရှုထောင့်မှကြည့်လျှင် မြင့်မြတ်သော လုပ်ငန်း ပင်ဖြစ်၏။မြင့်မြတ်သော လုပ်ငန်းဖြစ်သော ကြောင့်လည်း သာမန်ပုဂ္ဂိုလ်များ အနေဖြင့်မူ လုပ်နိုင်ဖို့ ခက်ခဲခြင်းဖြစ်၏။ အကယ်၍ လုပ်နိုင် သူများက လုပ် လျှင်ပင် ထိုပုဂ္ဂိုလ်များကို သာမန် ပုဂ္ဂိုလ်များက လူဖျင်း လူညံ့ဟူ၍ ဆိုတတ်ကြသေး ၏။ အမှန်အားဖြင့်လည်း ဤလောက၌ လုပ်ငန်းများသည် ဓမ္မဂါရဝသဘောကို မဆောင်သေးသမျှ ကာလပတ်လုံး အပြင် ပုံသဏ္ဌာန် အနေ ဖြင့်သာ အကျိုးရှိသည်ဟု ထင်ရပြီး အကယ်တမ်း အတွင်းသရုပ် အနေဖြင့် အကျိုးရှိမည်မဟုတ်။ အမှန် အားဖြင့် အကျိုးရှိခြင်းဟူသည်မှာ ဓမ္မ၏ အမည်သာ ဖြစ်၏။ အဓမ္မ၏ အမည်မဟုတ်။

ငါးပါးသီလတွင် အဒိန္နာဒါနသည် များစွာ အရေးကြီး၏။ အဒိန္နာဒါနနှင့် ပတ်သက်လျှင် အပြင် ပုံသဏ္ဌာန်ကိုလည်း သိဖို့လို၏။ အတွင်း သရုပ်ကိုလည်း သိဖို့လို၏။ အပြင်ပုံသဏ္ဌာန်နှင့် အတွင်းသရုပ်တို့၏ အဆက်အစပ်ကိုလည်း သိဖို့ လို၏။ထိုသုံးမျိုးကိုသိပါမှ အဒိန္နာဒါနနှင့်ပတ်သက် ၍ မဇ္ဈိမပဋိပဒါကျကျ သိသည် မည်၏။ မဇ္ဈိမ ပဋိပဒါကျကျသိပါမှလည်း မှန်ကန်သော အသိကို ရမည်ဖြစ်၏။ မှန်ကန်သော အသိဟူသည်မှာ အကုသိုလ်ကို အကုသိုလ်မှန်းသိခြင်းနှင့် ကုသိုလ် ကို ကုသိုလ်မှန်းသိခြင်းဖြစ်၏။ မိမိက အကုသိုလ်ကို လုပ် နေပါလျက် ကုသိုလ်ကို လုပ်နေသည်ဟု သိခြင်းသည်



www.burmeseclassic.com

www.burmeseclassic.com



လည်းကောင်း၊ မိမိက ကုသိုလ်ကိုလုပ် နေပါလျက် အကုသိုလ်ကို လုပ်နေသည်ဟု သိခြင်း သည်လည်းကောင်း မှန်ကန်သော အသိမဟုတ်၊ ဖောက်ပြန်သော အသိဖြစ်၏။

အမှန်အားဖြင့် မာယာဟူသည် မိမိ ကိုယ်ကို လှည့်စားတတ်၏။ မိမိပတ်ဝန်းကျင်ရှိ သာမန်လူများကိုလည်းလှည့်စားတတ်၏။ ထို့ ကြောင့် မာယာ၏ လှည့်စားမှုကို မခံရလေအောင် များစွာ သတိထားဖို့ လို၏။

အဒိန္နာဒါန၏ နယ်ပယ်တွင် လာဘလည်း ပါဝင်၏။ သက္ကာရလည်းပါဝင်၏။ သိလောက လည်း ပါဝင်၏။လာဘဟူသည် စီးပွားဥစ္စာဖြစ်၏။ လာဘအရ မိမိရထိုက်သည်ထက် ပို၍ရအောင် ကြိုးစား၏။ ကြိုးစားသည့်အတိုင်းရ၏။ ကြိုးစား သည့်အခါတွင် ဓမ္မဂါရဝသဘော ပါဝင်ဖို့ပို၍လို ၏။ သက္ကာရ ဟူသမျှ ရာထူးဌာနန္တရ ဖြစ်၏။ သက္ကာရအရ ရာထူးတစ်နေရာကို ရအောင် ကြိုးစားရာတွင် ဓမ္မဂါရဝအရ အရည်အချင်း ရှိဖို့ အရေးကြီး၏။ သိလောကဟူသည် ဘွဲ့ထူးဂုဏ်ထူး ဖြစ်၏။ သိလောကအရ ဂုဏ်ထူးဘွဲ့ထူး ရအောင် ကြိုးစားရာတွင်လည်း တကယ်တမ်း အရည် အချင်း ရှိဖို့က ပို၍ အရေးကြီး၏။

ဥပါယ်တံမျဉ်၌ ကျွမ်းကျင်လိမ္မာကြလေသော အခါ အတည်ပြုထားသော စည်းမျဉ်း စည်း ကမ်းများနှင့်လည်း ညီညွတ်ပါ၏။ ညီညွတ်ပါကြောင်း သက်သေပြ



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



စရာ အထောက်အထားများ လည်း ရှိကြပါ၏။ ထို့ကြောင့် အဒိန္နာဒါန သိက္ခာ ပုဒ်အရ ငြိစွန်းသည်ဟု မဆိုသာပါ။ ထိုသို့ မဆိုသာခြင်းမှာ အဒိန္နာဒါနသိက္ခာပုဒ်ကို အပြင် ပုံသဏ္ဌာန်ရှုထောင့်မှ ကြည့်သောကြောင့်ဖြစ်ပါ၏။ အကယ်၍ အဒိန္နာဒါနသိက္ခာပုဒ်ကို အတွင်း သရုပ်ရှုထောင့်မှလည်းကောင်း၊ အပြင်ပုံသဏ္ဌာန် နှင့် အတွင်း သရုပ်တို့၏အဆက်အစပ်ရှုထောင့်မှ လည်းကောင်း ကြည့်ပါလျှင် ဓမ္မဂါရဝသဘော မပါဘဲ ဥပါယ် တံမျဉ်၌ လိမ္မာအောင် လုပ်ခြင်းသည် အဒိန္နာဒါန သိက္ခာပုဒ်မှ လွတ်ကင်းပါသည် ဟု ဆိုဖို့ရန် ခက်ပါ၏။ ထိုသို့ဖြစ်လျှင် ဗုဒ္ဓဘာသာ ဝင်တို့သည် အဒိန္နာဒါနသိက္ခာပုဒ်ကို မြတ်စွာဘုရား၏ အဆုံးအမနှင့်အညီ လောကပါလ တရားအဖြစ် တည်ရှိနေမည့် အတိုင်းအတာအထိ အနက်အဓိပ္ပာယ် များကို သိရှိလိုက်နာ ကျင့်သုံးရန် လိုအပ်ပါသတည်း။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)
## လူ့ဘဝ၏တာဝန်နှစ်ရပ်

အဒိန္နာဒါနတွင် မပေးသောဥစ္စာကို ယူခြင်း ပါဝင်၏။ မပေးသော ဥစ္စာကိုယူမှ အဒိန္နာဒါန သိက္ခာပုဒ်ကို ကျူးလွန်ရာရောက်၏။ပေးသောဥစ္စာ ကိုယူလျှင်မူ အဒိန္နာဒါန သိက္ခာပုဒ်ကို ကျူးလွန်ရာ မရောက်။ ပေးသည်ဆိုရာတွင်လည်း မှန်မှန် ကန်ကန်ပေးခြင်းနှင့် မမှန်မကန်ပေးခြင်းတို့ ပါဝင်ပြန်၏။ မှန်မှန် ကန်ကန်ပေးသည်ဖြစ်စေ၊ မမှန်မကန်ပေးသည် ဖြစ်စေ ပေးသဖြင့် ယူပါက ထိုသို့ယူခြင်းအတွက် အဒိန္နာဒါန သိက္ခာပုဒ်ကို ကျူးလွန်ရာမရောက်။ ထို့ကြောင့် လူတို့သည် အဒိန္နာဒါန သိက္ခာပုဒ်ကို ကျူးလွန်ရာမရောက်ရ လေအောင် ဥပါယ် တံမျဉ်ဖြင့် မပေးလျှင် ပေးအောင်အားထုတ်ကြလေ၏။

အမှန်အားဖြင့်သီလဟူသည်မှာ ကိုယ်ကျင့် သိက္ခာ ထိန်းသိမ်းမှုနှင့် စပ်၏။ ကိုယ်ကျင့် သိက္ခာ ထိန်းသိမ်းမှုဟူသည်မှာလည်း မိမိကိုယ်ကို မိမိကပြန်လည် လေးစားခြင်းပင်ဖြစ်၏။ မိမိကိုယ်ကို မိမိကပြန်လည် လေးစားရာတွင် လောကကို လေးစားခြင်းသဘော



www.burmeseclassic.com

www.burmeseclassic.com



လည်းပါ၏။ ဓမ္မကိုလေးစားခြင်း သဘောလည်းပါ၏။ မိမိ ကိုယ်ကိုလေးစားခြင်းကို အတ္တာဓိပတိဟု ဆို၏။ လောကကိုလေးစားခြင်းကို လောကာဓိပတိဟု ဆို၏။ ဓမ္မကိုလေးစားခြင်းကို ဓမ္မာဓိပတိဟုဆို၏။ ဤအဓိပတိ သုံးပါးတို့ တစ်ပြိုင်နက် တစ်ပေါင်း တည်း ရှိပါမှသာ ကိုယ်ကျင့် သီလနှင့် ပြည့်စုံသည် မည်၏။ ပုထုဇဉ်တို့ ဓမ္မတာအရ လောကကိုငဲ့ပြီး မလုပ်သင့်သည်ကို လုပ်ရသည်များလည်း ရှိတတ် ၏။ သို့ရာတွင် ဓမ္မ ရှုထောင့်မှ ကြည့်ပါက ဓမ္မ အတွက် ဖြစ်ပါမူ မည်သို့ပင်ဖြစ်စေ မလွဲမသွေ လုပ်ထိုက်သည်ပင်ဖြစ်၏။ ထို့ကြောင့် ဓမ္မသည် လောကထက်လည်းအရေးကြီး၏။ မိမိထက်လည်း အရေးကြီး၏။ ဓမ္မနှင့် ယှဉ်သော လောကဖြစ်ပါမှ လောကသည် တန်ဖိုးရှိသော လောကဖြစ်၏။ ဓမ္မနှင့်မယှဉ်သော လောက ဖြစ်ပါမူ လောက သည် တန်ဖိုးရှိသော လောက ဖြစ်လိမ့်မည် မဟုတ်။ ဓမ္မနှင့် ယှဉ်သောမိမိ ဖြစ်ပါမှ မိမိသည် တန်ဖိုးရှိသော မိမိဖြစ်၏။ ဓမ္မနှင့် မယှဉ်သော လောက ဖြစ်ပါမူ မိမိသည် တန်ဖိုးရှိသော မိမိ ဖြစ်လိမ့်မည်မဟုတ်။ ထို့ကြောင့် လောကကို အလေးပြုရာ၌ဖြစ်စေ၊ မိမိကိုယ်ကို အလေး ပြု ရာ၌ဖြစ်စေ၊ ဓမ္မကိုစံအဖြစ်ထား၍အလေးပြုရ၏။ ပရမတ္ထသစ္စာအနေဖြင့် ပြောမည် ဆိုပါလျှင် ဓမ္မ သာရှိ၍ ပုဂ္ဂိုလ်သတ္တဝါဟူသည် မရှိပါချေ။ ထို့ ကြောင့် အဓိပတိ သုံးပါးတို့တွင် အတ္တာဓိပတိနှင့် လောကာဓိပတိတို့ထက် ဓမ္မာဓိပတိကိုပို၍အလေး အမြတ်ပြုရခြင်း ဖြစ်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



ပုဂ္ဂိုလ်သတ္တဝါဟူသည် ပရမတ္ထသစ္စာအရ မရှိသော်လည်း သမ္မုတိသစ္စာအရ ရှိ၏။ အမှန် အားဖြင့် သမ္မုတိသစ္စာဟူသည် အပြင်ပုံသဏ္ဍာန် ဖြစ်၍ပရမတ္ထသစ္စာဟူသည် အတွင်းသရုပ်ဖြစ်၏။ အပြင်ပုံသဏ္ဍာန်နှင့် အတွင်းသရုပ်တို့၏ အဆက် အစပ်ကိုလည်း လေ့လာရ၏။ သို့မှသာ အမှန် အကန်သိနိုင်မည်ဖြစ်၏။ ပရမတ္ထသစ္စာအနေဖြင့် ပုဂ္ဂိုလ် သတ္တဝါဟူသည် ခန္ဓာအဖွဲ့အစည်းအရ အားလုံး အတူတူချည်းဖြစ်သော်လည်း သမ္မုတိ သစ္စာ အနေဖြင့်မူ တစ်ဦးနှင့်တစ်ဦး မတူညီကြ။ သမ္မုတိ သစ္စာကိုလိုက်၍ အမျိုးမျိုးဖြစ်ကြရ၏။ အမှန်အားဖြင့်လည်း အပြင်ပုံသဏ္ဍာန်နှင့်အတွင်း သရုပ်တို့သည် အချင်းချင်းတစ်ခုနှင့်တစ်ခု ခွဲခြား ၍ မရကောင်း။ ထို့ကြောင့် အရာဝတ္ထုတစ်ခုကို ဖြစ်စေ၊ ဖြစ်ရပ်တစ်ခုကို ဖြစ်စေ လေ့လာသော အခါ အပြင်ပုံသဏ္ဍာန်နှင့် အတွင်းသရုပ်တို့ကို အစုံလိုက် အစုံလိုက် လေ့လာရခြင်းဖြစ်၏။ ထိုသို့ လေ့လာ မှုလည်း ပြည့်စုံပါ၏။ သို့ရာတွင် အပြင်ပုံသဏ္ဍာန် နှင့်အတွင်းသရုပ်တို့ကို လေ့လာရာတွင် အတွင်း သရုပ်ကို ပို၍ ဦးစားပေးရ၏။

အဘိဓမ္မာဒါန သိက္ခာပုဒ်တွင်လည်း အပြင် ပုံသဏ္ဍာန်နှင့်အတွင်းသရုပ်ဟူ၍ ရှိသည်ပင် ဖြစ်လေရာ အပြင်ပုံသဏ္ဍာန်အရပေးသဖြင့်ယူ ခြင်းကို သာမည အားဖြင့်မယူဘဲ၊ မှန်မှန်ကန်ကန် တရားသဖြင့် ပေးမှ ယူခြင်းကိုသာ အတွင်းသရုပ် အနေဖြင့် ယူပါမှ သီလ၏ အဓိပ္ပာယ်သည် လောကပါလတရားအနေဖြင့် ပိုမိုပြည့်စုံ



www.burmeseclassic.com

www.burmeseclassic.com



မည်ဖြစ် ၏။ သီလဟူသည် လောကပါလ သဘောကို ဆောင်သည်ဖြစ်လေရာ ဤလောက၌ မတရား အမြတ်ကြီးစားများကို နှိမ်နင်းသောအားဖြင့် အဒိန္နာဒါန သိက္ခာပုဒ်ကို ကျူးလွန်သင့်ပါကလည်း ကျူးလွန်ရမည်ဖြစ်၏။ ထိုသို့ အဒိန္နာဒါန သိက္ခာ ပုဒ်ကို ကျူးလွန်သဖြင့် ထိုက်သင့်သော အကုသိုလ် အပြစ်များကို ရရှိခံစားရမည် ဖြစ်သော်လည်း လောက၌ ငြိမ်းချမ်းမိုးနိုင်ရေးအတွက် ဆောင်ရွက် သော ကုသိုလ်ကောင်းမှုကြောင့် ဖြစ်လေရာ ဘဝတိုင်း၌ အထက်တန်းက နေရဖို့များ၏။ ကိုယ်ကျိုး မဖက်မုတ္တစာဂ သဘောသက်သက်ဖြင့် ခွင့်လွှတ် ဆောင်ရွက်သော ကုသိုလ်ကို ပါရမီကုသိုလ်ဟု ဆို၏။ အဒိန္နာဒါန အကုသိုလ်ကံကြောင့် တိရစ္ဆာန် ဘဝ၌ ဖြစ်ရစေကာမူ လောက၌ ငြိမ်းချမ်းမိုးရန် ကိုယ်ကျိုးစွန့်၍ဆောင်ရွက်သော ပါရမီ ကုသိုလ် ကြောင့် တိရစ္ဆာန်မင်း၊ တိရစ္ဆာန် ပုရောဟိတ် စသည်ဖြင့် အထက်တန်းကျကျဖြစ်ရ၏။ ဤ သဘောသုံးမျိုးကို ဇာတ်တော်များ၌ တွေ့ရ၏။ ဘုရားအလောင်းတော်များ၊ ရှင်သာရိပုတ္တရာ အလောင်း တော်များ၊ ရှင်အာနန္ဒာ အလောင်းတော်များကို ထိုထို တိရစ္ဆာန်ဘဝများ၌ တွေ့ရ သည်မှာ ဆိုင်ရာအကုသိုလ် နှင့်ပါရမီကုသိုလ်တို့၏ ရောနှော အကျိုးပေးမှုကြောင့် သာဖြစ်၏။

အမှန်အားဖြင့် လူ့ဘဝကို ရ၍ လူဖြစ်လာသည် နှင့်တစ်ပြိုင်နက် တာဝန်နှစ်ခုကို မလွဲမသွေ ဆောင်ရွက်ရမည် ဖြစ်၏။ ထိုတာဝန်နှစ်ခုကို ဆောင်ရွက်ရန်အလို့ငှာ



www.burmeseclassic.com

www.burmeseclassic.com



လူ ဟူ၍ဖြစ်လာခြင်းပင် ဖြစ်၏။ ထိုတာဝန်နှစ်ခုအနက် တစ်ခုသောတာဝန် မှာ အနစ်နာခံခြင်းဖြစ်၏။ အခြား တစ်ခုသော တာဝန်မှာ သူတစ်ပါးအကျိုးကို ဆောင်ရွက် ခြင်း ဖြစ်၏။ သိဒ္ဓတ္ထမင်းသားသည် မိမိ၏ ကိုယ်ကျိုး စွန့်၍လောကအတွက်အနစ်နာခံခြင်းဖြင့် တဏှာ ကို ပယ်တတ်သော အရဟတ္တ မဂ်ဉာဏ်တော်ကို ရခဲ့၏။ ကိုယ်ကျိုးမစွန့်နိုင်ခြင်းသည် တဏှာကို မပယ်သတ် နိုင် သောကြောင့် ဖြစ်၏။ သူတစ်ပါး အကျိုးကို ဆောင်ရွက် ခြင်းဖြင့် သဗ္ဗညုတဉာဏ်တော်ကို ရခဲ့၏။ ထို့ကြောင့် အနစ်နာခံခြင်း ဟူသည်မှာသာမန်မဟုတ်။ အရဟတ္တ မဂ်ဉာဏ်တော် ကို ရစေနိုင်စွမ်းရှိပါ၏။ သူတစ်ပါး၏ အကျိုးကို ဆောင်ရွက်ခြင်းဟူသည်မှာလည်း သာမန် မဟုတ်။ သဗ္ဗညုတဉာဏ်တော်ကို ရစေနိုင်စွမ်း ရှိပါ၏။ ထို့ကြောင့်အနစ်နာခံခြင်းနှင့် သူတစ်ပါးအကျိုးကို ဆောင်ရွက်ခြင်းကို လူ့ဘဝ၏ မွေးရာပါတာဝန် နှစ်ရပ် ဟူ၍ ဆိုရခြင်း ဖြစ်၏။

အဒိန္နာဒါနနှင့်ပတ်သက်၍ အရေးကြီး သော အရာဝတ္ထုမှာ သုံးမျိုးရှိ၏။ ထိုသုံးမျိုးတို့တွင် ပထမ တစ်မျိုးမှာ လာဘဖြစ်၏။ လာဘဟူသည် ပစ္စည်းဥစ္စာ ဖြစ်၏။ ဒုတိယတစ်မျိုးမှာ သက္ကာရ ဖြစ်၏။သက္ကာရ ဟူသည်မှာ ရာထူးဌာနန္တရဖြစ်၏။ ဤနေရာတွင် အာဏာကိုဆိုရ၏။ တတိယတစ်မျိုး မှာ သိလောက ဖြစ်၏။ သိလောက ဟူသည်မှာ ဘွဲ့ထူးဂုဏ်ထူးဖြစ်၏။ ဤနေရာတွင် ပညာကို ဆိုရ၏။ ထိုသုံးမျိုးတို့တွင်



www.burmeseclassic.com

www.burmeseclassic.com



လာဘအရ ပစ္စည်းဥစ္စာ ကို မရလျှင် ရအောင်ယူ၏။ ရသောပစ္စည်းကို လောကအတွက်မသုံး။ မိမိအတွက်သာ သုံး၏။ ဤသို့သုံးခြင်းအားဖြင့် အဒိန္နာဒါန သိက္ခာပုဒ်အရ အသွင်သဏ္ဌာန်အနေဖြင့် အပြစ်မရှိသော်လည်း အနှစ်သာရအနေဖြင့်မူ အပြစ်ရှိ၏။ သိလောက အရ ပညာကို မရလျှင် ရအောင်ယူ၏။ ရသော ပညာကို လောကအတွက်မသုံး။ မိမိအတွက်သာ သုံး၏။ ဤသို့ သုံးခြင်းအားဖြင့် အဒိန္နာဒါန သိက္ခာ ပုဒ်အရ အထင်ရှိ အနေဖြင့် အပြစ်မရှိသော်လည်း အမှန်ရှိ အနေဖြင့်မူ အပြစ်ရှိပါ၏။

အဒိန္နာဒါန သိက္ခာပုဒ်ကို ယုတ္တိပိုင်းနှင့် ပတ်သက်ပြီး စဉ်းစားလျှင် ပို၍ နားလည်ဖွယ် ရှိ၏။ ယုတ္တိမှာ နှစ်ပိုင်းရှိ၏။ တစ်ပိုင်းမှာ အာဂမ ယုတ္တိပိုင်းဖြစ်၏။ အခြားတစ်ပိုင်းမှာ သဘာဝ ယုတ္တိပိုင်းဖြစ်၏။ အာဂမ ယုတ္တိပိုင်းသည် မြင်သာ သောအပိုင်းဖြစ်၏။ထို့ကြောင့် အာဂမယုတ္တိပိုင်းကို အပြင်ပုံသဏ္ဌာန်ပိုင်း ဟူ၍လည်းကောင်း၊ အသွင် သဏ္ဌာန်ပိုင်းဟူ၍ လည်းကောင်း၊ အထင်ရှိပိုင်း ဟူ၍လည်းကောင်း ဆိုရ၏။ သဘာဝ ယုတ္တိပိုင်း သည် မမြင်သာသော အပိုင်းဖြစ်၏။ ထို့ကြောင့် သဘာဝယုတ္တိပိုင်းကို အတွင်းသရုပ်ပိုင်းဟူ၍ လည်းကောင်း၊ အနှစ်သာရပိုင်း ဟူ၍လည်း ကောင်း၊ အမှန်ရှိ အပိုင်းဟူ၍ လည်းကောင်း ဆိုရ ၏။ အမှန်အားဖြင့်လည်း ဤလောက၌ အရာဝတ္ထုများတွင် လည်းကောင်း၊ ဖြစ်စဉ် ဖြစ်ရပ်များတွင် လည်းကောင်း မြင်သာသော



www.burmeseclassic.com

www.burmeseclassic.com



အပိုင်းက ပို၍ ပို၍ နည်းပြီး မမြင်သာသော အပိုင်းက ပို၍ပို၍ များ ပါ၏။ ထို့ကြောင့် အရာဝတ္ထု တစ်ခုနှင့် ပက်သက်လျှင်ဖြစ်စေ၊ ဖြစ်စဉ်ဖြစ်ရပ် တစ်ခုနှင့် ပတ်သက်လျှင်ဖြစ်စေ အများအမှန် ဆုံးဖြတ်ရာ၌ မမြင်သာသောအပိုင်းကို ချန်လှပ်ပြီး မြင်သာ သော အပိုင်း အပေါ်၌သာ အခြေပြုပြီး ဆုံးဖြတ် ကြခြင်း ဖြစ်လေသောကြောင့် အပြည့်အစုံ မှန်ကန်မှုဟူ၍ အလွန်ပင် ရှားပါးလေ၏။ ထို့ကြောင့် အဒိန္နာဒါန သိက္ခာ ပုဒ်နှင့်ပတ်သက်၍ အပြည့်အစုံ မှန်ကန်မှု ရှိစိမ့်သောငှာ မမြင်သာသော အပိုင်းကိုလည်း ထည့်သွင်း၍ စဉ်းစားရ၏။ မမြင်သာသော အပိုင်း ဟူသည်မှာ သဘာဝယုတ္တိ ပိုင်း သို့မဟုတ် အတွင်းသရုပ်ပိုင်း သို့မဟုတ် အနှစ်သာရပိုင်း သို့မဟုတ် အမှန်ရှိအပိုင်းပင် ဖြစ်၏။ လူတို့သည် တစ်ဦးနှင့်တစ်ဦး အချင်းချင်း ဆက်ဆံပြောဆိုကြရာ၌ နားဖြင့် ကြားရသော အပိုင်းထက် နားဖြင့် မကြားရသော အပိုင်းက ပို၍လေးနက်သည်မှာလည်း ဤဓမ္မတာ အရပင် ဖြစ်လေ၏။

လူ့တာဝန်အရ အနစ်နာခံခြင်းနှင့် သူ တစ်ပါးအကျိုးကို ဆောင်ရွက်ခြင်း တာဝန်နှစ်ရပ် ကို ဆောင်ရွက်ရာတွင် အချင်းချင်း ဆက်ဆံ၍ ဆောင်ရွက်သည်လည်းရှိ၏။ အချင်းချင်း မဆက် ဆံဘဲ ဆောင်ရွက်ရသည်လည်းရှိ၏။ ကျန်းမာရေး နယ်ပယ်၌လည်း လူနာနှင့် ဆရာဝန်ဟူ၍ အချင်းချင်း ဆက်ဆံရသည့် သဘောသည် ရှိ၏။ စီးပွားရေးနယ်ပယ်၌လည်း ရောင်းသူနှင့်ဝယ်သူ ဟူ၍ အချင်းချင်း ဆက်ဆံရသည့်သဘောသည် ရှိ၏။ အုပ်



www.burmeseclassic.com

www.burmeseclassic.com



ချုပ်ရေး နယ်ပယ်၌လည်း အုပ်ချုပ်သူနှင့် အုပ်ချုပ်ခံရသူ ဟူ၍ လည်းကောင်း၊ နိုင်ငံရေး နယ်ပယ်၌ စည်းရုံးသူနှင့် စည်းရုံးခံရသူ ဟူ၍ လည်းကောင်း၊ လူမှုရေးနယ်ပယ်၌ လုပ်ဖော်ကိုင်ဖက် ဟူ၍လည်းကောင်း၊ ပညာရေးနယ်ပယ်၌လည်း ဆရာနှင့် တပည့် ဟူ၍ လည်းကောင်း အချင်းချင်း ဆက်ဆံရသည့်သဘောသည်ရှိ၏။ အမှန်အားဖြင့် လူသည် တစ်ဦးတည်းတစ်ယောက် တည်းနေ၍ မဖြစ်ကောင်းသဖြင့် အချင်းချင်း မလွဲမသွေ ဆက်ဆံရမည့်သဘော ရှိခြင်း ဖြစ်၏။

ထိုသို့ မလွဲမရှောင်သာ အချင်းချင်း ဆက် ဆံရခြင်းရှိလေရာ ဆက်ဆံမှုပြေပြစ်စေရန်များစွာ အရေးကြီး၏။ ဆက်ဆံမှုပြေပြစ်ပါမှ လူ့လောကသည် ငြိမ်းချမ်းမည် ဖြစ်၏။ ထို့ကြောင့် နိုင်ငံတိုင်း၌ အချင်းချင်း ဆက်ဆံရသော နယ်ပယ်များကို အရေးကြီးသော ဘာသာရပ်များအဖြစ် ကြိုးစား ပမ်းစား လေ့လာကြလေ၏။ ထိုအမြင်အရ ကျန်းမာရေး၊ လူမှုရေး၊ ပညာရေး စသော အချင်းချင်း တစ်ဦးနှင့်တစ်ဦးဆက်ဆံရသော နယ်ပယ်များသည် အရေးကြီးသောနယ်ပယ်များဖြစ်ကြ၏။ထို့ကြောင့် ထိုနယ်ပယ်များကို နိုင်ငံတော်က တာဝန်ယူ၍ အရေးတကြီးထားပြီး လေ့လာကြခြင်း ဖြစ်၏။ ထိုအမြင်အရဆိုလျှင် ဘာသာရေးဟူသည် မည်သူ တစ်ဦးတစ်ယောက်နှင့်မျှ မဆက်ဆံရဘဲ "ဆိတ် ငြိမ်လေ ပို၍ကောင်းလေ" သဘောရှိသဖြင့် နိုင်ငံတော်က တစ်စုံတစ်ရာ လုံ့လစိုက်ထုတ်ရန် မလိုသော ရေးရာတစ်ခု



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပါ၏။ ထို့ကြောင့် လည်း ဘာသာရေးနှင့် ပတ်သက်၍လည်း မြန်မာနိုင်ငံ၌ ယနေ့ တိုင်အောင် နိုင်ငံနှင့်အဝှမ်း ဖြစ်ဖြစ်မြောက်မြောက် လေ့လာမှု မရှိခြင်း ဖြစ် လေ၏။

အခြားဝါဒများအရ မဆိုသာသော်လည်း ထေရဝါဒဗုဒ္ဓဘာသာအရဆိုလျှင် ဘာသာရေးသည် များစွာ အရေးကြီးပါ၏။ ဘာသာရေးသည် "ဆိတ်ငြိမ်ရာသို့ ချဉ်းကပ်နိုင်လေ ကောင်းလေ" သဘော ရှိသည် မှန်သော်လည်း ကျန်းမာရေး၊ စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေး၊ ပညာရေး၊ အုပ်ချုပ်ရေး စသော ရေးရာ အားလုံးတို့၏ အခြေခံအုတ်မြစ် ဖြစ်၏။ ကျန်းမာရေး၊ စီးပွား ရေး၊ နိုင်ငံရေး၊ လူမှုရေး၊ ပညာရေး၊ အုပ်ချုပ်ရေး စသောရေးရာ ဟူသမျှတို့သည် ဘာသာရေး အခြေခံအုတ်မြစ်အပေါ်၌ တည်ဆောက်ရသော အပေါ်ထပ် အဆောက်အအုံများ ဖြစ်ကြ၏။ အမှန်အားဖြင့် မည်သည့်လုပ်ငန်းကို လုပ်သည် ဖြစ်စေ စိတ်ဖြင့် လုပ်ရသည်သာဖြစ်၏။ စိတ်ဟူ သည်မှာလည်း ကုသိုလ်စိတ်နှင့် အကုသိုလ် စိတ်ဟူ၍ နှစ်မျိုးသာ ရှိလေရာ၊ လုပ်ငန်းတစ်ခုခုကို လုပ်ရာ၌ ကုသိုလ်စိတ် ဖြစ်လျှင်ဖြစ်၊ မဖြစ် လျှင် အကုသိုလ်စိတ်သာ ဖြစ်ရပေလိမ့်မည်။ အမှန်အားဖြင့် ကုသိုလ်စိတ်ဖြစ်အောင် ဘာသာ ရေးကို နားလည်မှ ထားတတ်၏။ အကုသိုလ် စိတ်ဖြစ်အောင်ကား ဘာသာရေးကို နားလည်ဖို့ မလို။ လောဘ၊ ဒေါသ၊ မောဟနှင့် မာန်မာနများ ခြံရံပြီး မိမိ၏ စိတ်ကို ထားချင်သလို အထိန်းအကွပ်မရှိဘဲ ထားလိုက်လျှင်ပင် အကုသိုလ်စိတ် များ အလိုလို ရောက်လာမည်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်၏။ ထို့ကြောင့် လုပ်ငန်း တစ်ခုခုကို လုပ်ရာတွင် စိတ်ကို မလွဲ မသွေ ထားရသည့် အတူတူ ကုသိုလ်စိတ်ကို ထားနိုင်အောင် ကြိုးပမ်းရမည် ဖြစ်၏။

ကုသိုလ်စိတ်ကို ထားနိုင်အောင် ကြိုးပမ်းခြင်း ဟူသည်မှာ ဘာသာရေးကိုလေ့ကျင့်ခြင်း ဖြစ်၏။ သို့ဖြစ် လေရာ မည်သည့်ကိစ္စကို ဆောင်ရွက်သည်ပင် ဖြစ်စေ စိတ်ဖြင့် ဆောင်ရွက်ရ၏။ စိတ်ပါဝင်လျှင် ကုသိုလ် သဘော သို့မဟုတ် အကုသိုလ် သဘောသည် ပါဝင်မည် ဖြစ်၏။ ကုသိုလ်နှင့် အကု သိုလ်သဘောပါဝင်လျှင် ဘာသာရေး အမြင်သည် မဖြစ်မနေ ပါဝင်ဖို့ လို၏။ အယုတ်အားဖြင့် ကိုယ် လက် သုတ်သင်ရာ၌ပင် ဘာသာ ရေးသဘော ပါဝင်စေရန် မဟာသတိပဋ္ဌာန်သုတ်တော်၌ မြတ်စွာ ဘုရားက ဟောကြားတော်မူထား၏။ ထို့ကြောင့် ဤလောကရှိရေးရာဟူသမျှကို ဆောင်ရွက်ရာတွင် ဘာသာရေးကို အခြေခံအုတ်မြစ်အဖြစ် ထားရလေ၏။ ဤသို့ထားနိုင်မှလည်း ထေရဝါဒ ဗုဒ္ဓဒေသနာတော်နှင့် ညီညွတ်မည် ဖြစ်၏။ သို့ဖြစ်၍ လောကရေးရာ အားလုံး တို့တွင် ဘာသာရေးသည် အချင်းချင်းကို မငဲ့ဘဲ တစ်ဦး တည်း တစ်ယောက်တည်း ဆောင်ရွက်ရသည့် ရေးရာပင် ဖြစ်သော်လည်း အခြေခံအကျဆုံးနှင့် အပြဋ္ဌာန်းဆုံး ဖြစ်ပါ၏။

ဘာသာရေးအခြေခံအရ မည်သည့်လုပ် ငန်းကို လုပ်လုပ် ကုသိုလ်စိတ်ဖြင့် လုပ်နိုင်အောင် ကြိုးစားရမည် ဖြစ်၏။ ကုသိုလ်စိတ်ဖြင့် လုပ်နိုင် အောင် ကြိုးစားရာတွင်



www.burmeseclassic.com

www.burmeseclassic.com



လည်း ကုသိုလ်သည် သံသ ရာ ချမ်းသာကို ပေးနိုင်သော ဝဋ္ဋာဘိမုခ ကုသိုလ် နှင့် သံသရာလွန်ချမ်းသာကို ပေးနိုင် သော ဝိဝဋ္ဋာ ဘိမုခ ကုသိုလ် ဟူ၍ နှစ်မျိုးရှိပြန်ရာ ထေရ ဝါဒ ဗုဒ္ဓဒေသနာတော်အရ ဆိုပါလျှင် သံသရာ လွန် ချမ်းသာကို ပေးနိုင်သော ဝိဝဋ္ဋာဘိမုခ ကုသိုလ် စိတ်ဖြင့် သာ ဤလောကလုပ်ငန်း ဟူသမျှကို လုပ်အပ်လေ၏။ သံသရာလွန် ချမ်းသာကို ပေး နိုင်သောဝိဝဋ္ဋာဘိမုခ ကုသိုလ်ဟူသည်မှာမည်သည့် လုပ်ငန်းကို လုပ်လုပ် မိမိ အတွက် မမျှော်ကိုးဘဲ လောကအတွက် မျှော်ကိုးသော စိတ်သက်သက်ဖြင့် လုပ်သော ကုသိုလ်ဖြစ်၏။ ငါ့ အတွက် ရှေ့တန်း တင်မထားဘဲ လောကအတွက်ရှေ့ တန်းတင်သော ကုသိုလ်ဖြစ်၏။ ထိုသို့လုပ်ပါမှလည်း ဘဝအမြင် သစ်ဖြင့် လောကကိုကြည့်ရာ ရောက်ပေလိမ့် မည်။ ဘဝအမြင်ဟောင်းဖြင့် လောကကို ကြည့်နေသမျှ ကာလပတ်လုံး သာသနာတော်နှင့် ကြုံကြိုက်ရပါ သော် လည်း တကယ်တမ်း အနှစ်သာရအားဖြင့် ကြုံကြိုက်ရာ ရောက်လိမ့်မည် မဟုတ်။

ဤလောက၌ မည်သည့်လုပ်ငန်းကို လုပ် လုပ် ထေရဝါဒဗုဒ္ဓဒေသနာတော်အရ ဘဝအမြင် သစ်ဖြင့် လုပ်ပါက အဒိန္နာဒါန သိက္ခာပုဒ်ကို ကျူး လွန်ဖို့ မဆို ထားနှင့်၊ လာဘအရ ပေးသော ပစ္စည်း တိုင်းကိုလည်း ယူမည်မဟုတ်။ သက္ကာရ အရ ပေး သော ရာထူးတိုင်းကို လည်းယူမည်မဟုတ်၊ သိ လောက အရ ပေးသော ဘွဲ့ထူး ဂုဏ်ထူးတိုင်းကိုလည်း ယူမည် မဟုတ်။ ပေးခွင့်ရှိသူက



www.burmeseclassic.com

www.burmeseclassic.com



မိမိအပေါ် စေတနာထား၍ ပေးစေကာမူ မိမိနှင့်တန်ရာ တန်ရာကိုသာ ကြည့်၍ မိမိနှင့်တန်ရာ တန်ရာ ကိုသာ ယူမည် ဖြစ်၏။ ဤသဘောကို ယထာ လာဘ သန္တောသ ဟူ၍ခေါ်၏။ ယထာ လာဘ သန္တောသ ဟူသည်မှာ မိမိ၏ အရည်အချင်းအရ ရသင့်သလောက်နှင့် ရောင့်ရဲခြင်း ဖြစ်၏။

လူသည် တကယ်တမ်း ရိုးသားသူ ဖြစ်ပါက မိမိ အရည်အချင်းကို မိမိက သိပါ၏။ အိန်းစတိန်းကို အစ္စရေးနိုင်ငံ၏သမ္မတအဖြစ် ဆောင် ရွက်ပါရန် တိုက်တွန်းသောအခါ မိမိ၌ သမ္မတ အရည်အချင်း မရှိပါကြောင်း အိန်းစတိန်းက ငြင်းပယ်သည်ဟု ကြားဖူး၏။ ထို့ကြောင့် မိမိ၏ အရည် အချင်းကို မသိဘူးဆိုပါလျှင် မရိုးသားသူ သော်လည်း ဖြစ်နိုင်၏။ မောဟာဂတိ လွန်ကဲသူ သော်လည်း ဖြစ်နိုင်၏။ သို့မဟုတ်ပါက မည်သူ မဆို မိမိ ၏ အရည်အချင်းကို မိမိက သိရမည်ပင် ဖြစ်၏။ အမှန်အားဖြင့် ပုထုဇဉ်တို့၏ ဓမ္မတာ အတိုင်း လူသည် မရိုးမဖြောင့် ဖြစ်သောအခါ၊ သို့မဟုတ် မောဟာဂတိ လွန်ကဲသောအခါ လောက၌ မိမိနှင့် မထိုက်တန်သည့် အရာဘာ ကိုမျှမရှိဟု ထင်လေ၏။ ထိုအထင်ကြောင့်ပင် ထိုပုဂ္ဂိုလ်မျိုး ကြီးစိုးရာဒေသသည် မငြိမ်းချမ်းဘဲ ရှိခြင်း ဖြစ်၏။

အဒိန္နာဒါနအရ ပေးသောပစ္စည်းကို ယူရာတွင် ယူဖို့အတွက် ထိုက်တန်သော အရည်အချင်း မိမိ၌ ရှိသည် ဆိုစေဦး၊ ရသမျှကို အကုန် ယူသည် မဟုတ်။ ယူသင့်သမျှ



www.burmeseclassic.com

www.burmeseclassic.com



ကိုသာ ယူ၏။ ဤ သည်ကိုပင် ယထာဗလသန္တောသ ဟုဆို၏။ယထာ ဗလသန္တောသ ဟူသည်မှာ ရသင့် သလောက်ထဲက ယူသင့်သလောက်ဖြင့် ရောင့်ရဲခြင်း ဖြစ်၏။ နောက်ထပ် ရောင့်ရဲခြင်း တစ်မျိုးရှိသေး၏။ ယင်း ရောင့်ရဲခြင်းကို ယထာ သာရုပ္ပ သန္တောသ ဟု ခေါ်၏။ ယထာ သာရုပ္ပ သန္တောသ ဟူသည်မှာ ယူသင့် သလောက်ထဲက သင့်လျော်သလောက်ဖြင့် ရောင့်ရဲခြင်း ဖြစ်၏။ အဒိန္နာဒါန သိက္ခာပုဒ်ကို စောင့်ထိန်းရာတွင် သန္တောသ သုံးမျိုးဖြင့်သာ စောင့်ထိန်းမည် ဆိုပါက ထို နိုင်ငံ၊ ထိုလူမျိုးသည် ဤကမ္ဘာမြေအပြင် တွင် အငြိမ်းချမ်း ဆုံးသော နိုင်ငံနှင့် လူမျိုး ဖြစ်ပေလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၁၀
## ကမ္ဘာသားများ ချမ်းသာရေး ဥပဒေများနှင့် ငါးပါးသီလ

ငါးပါးသီလတွင် တတိယသိက္ခာပုဒ်မှာ "ကာမေသု မိစ္ဆာစာရ" သိက္ခာပုဒ်ဖြစ်၏။ ကာမေသု မိစ္ဆာစာရ၏ အနက်မှာ ကာမတို့၌ မှားယွင်းစွာ ကျင့်ခြင်း ဖြစ်၏။ ကာမတို့၌ မှားယွင်းစွာ ကျင့်ခြင်း ဟူသည် မှာ သူတစ်ပါး သားမယား၊ သူတစ်ပါး သားသမီး များကို စော်ကားခြင်း ဖြစ်၏။ သူတစ်ပါး သား မယား၊ သူတစ်ပါး သားသမီးများကို စော်ကားခြင်း သည် လောကကို ကမောက်ကမ ဖြစ်သွားစေနိုင် သော အကျင့်ယုတ်ဖြစ်၏။ တိရစ္ဆာန်လောကနှင့် ဘာမှမခြားသော အကျင့်ဖြစ်၏။ ထို့ကြောင့် ကာမေသု မိစ္ဆာစာရ အကျင့်သည် လောကပါလ အကျင့်များအနက် များစွာ အပြစ်ကြီးသော အကျင့်ယုတ် ဖြစ်လေ၏။

အမှန်အားဖြင့် ကာမေသုအရ ကာမတို့ကို ယူခြင်းသည် လောကပါလရှုထောင့်မှ အပြစ်အကြီးဆုံးကို ယူခြင်းဖြစ်၏။ သမ္မုတိသစ္စာအရ ယူ ခြင်း ဟူ၍လည်း ဆိုနိုင်၏။ သမ္မုတိသစ္စာအရ ကာမတို့၌ မှားယွင်းစွာ ကျင့်လေ့ရှိသူတို့ကို မည်မျှ ပင် စီးပွားဥစ္စာရှိသူ ဖြစ်ပါစေ၊



www.burmeseclassic.com

www.burmeseclassic.com



မည်မျှပင် အာဏာ ရှိသူ ဖြစ်ပါစေ၊ မည်မျှပင် ဂုဏ်ဒြပ်ဖြင့် ထင်ရှား ကျော်ကြားသူ ဖြစ်ပါစေ လူအပေါင်းက စက်ဆုပ် ရွံရှာမည်ဖြစ်၏။ လူအပေါင်းက မသိလျှင်လည်း သူ၏ ကိုယ်စောင့်နတ်တို့က သိပြီး နတ်ပြဟ္မာ အဆက်ဆက် တို့က စက်ဆုပ်ရွံရှာမည် ဖြစ်၏။ ဓမ္မ ဟူသည် လူတို့၏ စိတ်ဆန္ဒနှင့် ကင်းပြီး သူ့ သဘောကို သူဆောင်၏။ အကုသိုလ်ဓမ္မသည် မကောင်းသော သဘောကို ဆောင်၍ ကုသိုလ် ဓမ္မသည် ကောင်းသော သဘောကို ဆောင်၏။ လူတို့က မိမိ တို့၏ ဆန္ဒအရ ဆောင်စေချင်သော သဘော ကို ဆောင်သည် မဟုတ်။ ထို့ကြောင့် ကာမေသုမိစ္ဆာ စာရ မှုကို ပြုထားသောသူသည် အချိန်အခါနှင့် အခြေအနေတို့ အရ မည်မျှပင် ဘုန်းမီးနေလ ထွန်းလင်း တောက်ပနေစေ ကာမူ တစ်ခုသောနေ့တွင် အကုသိုလ်၏ အကျိုးကို မလွှဲ မသွေ ခံယူရမည် ဖြစ်၏။ ပုန်းကွယ်စရာ နေရာဟူ၍ မရှိ။ ဤသည်မှာ ဓမ္မတို့၏ နိယာမ ဖြစ်၏။

သမ္မုတိသစ္စာအရ ကာမေသု၌ ကာမ၏ အရကို သူတစ်ပါး၏ သားမယား၊ သူတစ်ပါး သား သမီးများ အဖြစ်ယူခြင်းသည် ယဉ်ကျေးမှုနယ်ပယ် ၌ အောက်ဆုံး ထစ် (Lower limit) အနေဖြင့် ယူခြင်း ဖြစ်၏။ ပရမတ္ထသစ္စာအရ ကာမေသု၌ ကာမအရ ယူမည်ဆိုလျှင် ကာမဂုဏ် ငါးပါးကို ယူရမည် ဖြစ်၏။ ဤသို့ယူပါက အပေါ်ဆုံးအဆင့် (Upper limit) အနေဖြင့် ယူခြင်း ဖြစ်၏။ ကာမ ဂုဏ်ငါးပါးတွင် ရူပါရုံလည်း ပါ၏။ သဒ္ဒါ ရုံလည်း ပါ၏။ ဂန္ဓာရုံလည်း ပါ၏။ ရသာရုံလည်း



www.burmeseclassic.com

www.burmeseclassic.com



ပါ၏။ ဖောဋ္ဌဗ္ဗာရုံလည်းပါ၏။ဤအာရုံငါးပါး ကာမဂုဏ် တရားများကို ကာမေသု၌ ကာမဟူ၍ ဆိုရ၏။ ထို့ကြောင့် သူတစ်ပါး သားမယား၊ သူတစ်ပါး သား သမီး တို့၌ ဖောက်လွဲဖောက်ပြန် ကျင့်ခြင်းကို ယဉ်ကျေးမှု နယ်ပယ်၏ အောက်ထစ်ဆုံးအနေဖြင့် ကာမေသု မိစ္ဆာစာရ ဟူ၍ ဆိုရ၏။ ဤသည်မှာ သမ္မုတိ သစ္စာအမြင် ဖြင့် ကာမေသုမိစ္ဆာစာရ၏ အနက်ကို ပြောခြင်းဖြစ်၏။ ပရမတ္ထသစ္စာ အမြင် ဖြင့် ကာမေသု မိစ္ဆာစာရ၏ အနက် ကို ပြောရမည် ဆိုလျှင် အာရုံငါးပါး ကာမဂုဏ်တရားတို့ ၌ ဖောက် လွဲဖောက်ပြန် ကျင့်ခြင်း ဖြစ်၏။ ဤသို့ကျင့် ခြင်းကို ယဉ်ကျေးမှု နယ်ပယ်၌ အမြင့်ဆုံးအဆင့် အနေ ဖြင့် မှားယွင်းစွာ ကျင့်ခြင်း ဟူ၍ ဆိုရ၏။

လူဟူသည် ဓမ္မတာအားဖြင့် ရူပါရုံနှင့် တွေ့လျှင် လည်း ကောင်းသော အဆင်းကိုသာ မြင် ချင်၏။ သဒ္ဒါရုံ နှင့် တွေ့လျှင်လည်း ကောင်းသော အသံကိုသာကြားချင် ၏။ဂန္ဓာရုံနှင့်တွေ့လျှင်လည်း ကောင်းသော အနံ့ကိုသာ နမ်းချင်၏။ ရသာရုံနှင့် တွေ့လျှင်လည်း ကောင်းသော အစာ အာဟာရကိုသာ စားချင်၏။ ဖောဋ္ဌဗ္ဗာရုံနှင့်တွေ့ လျှင်လည်း ကောင်းသော အတွေ့အထိကိုသာ ထိတွေ့ ချင်၏။ဤသည်မှာ ဝတ္ထုကာမနှင့်ကိလေသာတို့၏ အချင်း ချင်း ဆွဲဆောင်သည့် သဘောဖြစ်၏။ ဆွဲဆောင် သည့် အဆင့်၌ ရပ်တန့်သွားမည်ဆိုပါလျှင် ကမ္မ ပထ မမြောက်၍ကာမေသုမိစ္ဆာစာရသီလအတွက် စိုးရိမ်စရာ မရှိ။ သို့ရာတွင် လူဟူသည် ဝတ္ထုကာမတို့၌ တွယ်တာ



www.burmeseclassic.com

www.burmeseclassic.com



မက်မောတတ်သော ကိလေသာ ကာမကို အကန့်အသတ်မရှိ လွှတ်ပေးတတ်၏။ ထိုအခါ ကောင်းသော အဆင်း၌လည်း မှားယွင်း စွာ ကျင့်ခြင်း မိစ္ဆာစာရသည် ဖြစ်ပေါ်လာ၏။ ကောင်းသောအနံ့၌လည်း မှားယွင်းစွာ ကျင့်ခြင်း မိစ္ဆာစာရသည် ဖြစ်ပေါ်လာ၏။ ကောင်းသော အစာအာဟာရ၌လည်း မှားယွင်းစွာ ကျင့်ခြင်း မိစ္ဆာစာရသည် ဖြစ်ပေါ်လာ၏။ ကောင်းသော အတွေ့အထိ၌လည်း မှားယွင်းစွာ ကျင့်ခြင်း မိစ္ဆာ စာရသည် ဖြစ်ပေါ်လာ၏။

အမှန်အားဖြင့် လူ့ယဉ်ကျေးမှု နယ်ပယ် ၌ အောက်ထစ်ဆုံးအဆင့် (Lower limit) မှသည် အပေါ်ဆုံးအဆင့် (Upper limit) သို့ တဖြည်း ဖြည်းချင်း တက်၍ တက်၍ သွားရာ၌ လောက၏ ငြိမ်းချမ်းမှုသည်လည်း တဖြည်းဖြည်းချင်း တက်၍ တက်၍ သွားလေ၏။ ကာမေသု၌ ကာမအရ သူ တစ်ပါး၏ သားမယား၊ သူတစ်ပါး သားသမီးများ ကို စော်ကားခြင်းသည် လူ့ယဉ်ကျေးမှုနယ်ပယ်၌ အောက်ထစ်ဆုံးအဆင့်ကို ကျူးလွန်ခြင်း ဖြစ်၏။ အာရုံငါးပါး ကာမဂုဏ်တရားတို့၌ ဖောက်လွဲ ဖောက်ပြန်ကျင့်ခြင်းသည် ယဉ်ကျေးမှု နယ်ပယ်၌ အပေါ်ဆုံးအဆင့်ကို ကျူးလွန်ခြင်း ဖြစ်၏။ ထို့ ကြောင့် သူတစ်ပါး သားမယား၊ သူတစ်ပါး သား သမီးများကို စော်ကားခြင်းသည် လောကငြိမ်းချမ်း မှုကို အပြင်းထန်ဆုံး ဖြိုဖျက်နိုင်၏။ အာရုံ ငါးပါး ကာမဂုဏ်တရားတို့၌ ဖောက်လွဲဖောက်ပြန် ကျင့်ခြင်းသည် လောကငြိမ်းချမ်းမှုကို တဖြည်းဖြည်း ချင်း ဖြိုဖျက်နိုင်၏။ ထို့ကြောင့် အောက်



www.burmeseclassic.com

www.burmeseclassic.com



ဆုံးထစ် အနေဖြင့် ကာမတို့၌ မှားယွင်းစွာ ကျင့်ခြင်းသည်လည်း မကောင်း။ မှားယွင်းစွာ ကျင့်သမျှ မည်သို့ပင် ကျင့်ကျင့် မကောင်း။

သမ္မုတိသစ္စာအရ သူတစ်ပါး သားမယား၊ သူတစ်ပါး သားသမီးများကိုစော်ကားမှု ကာမေသု မိစ္ဆာစာရ သိက္ခာပုဒ်ကို ကျူးလွန်ရာ ရောက်ပါ ၏။ ဤသို့ရောက်ခြင်းမှာလည်း ကာမေသု၌ ကာမအရ သူတစ်ပါး သားမယား၊ သူတစ်ပါး သားသမီး ကိုယူခြင်းကြောင့် ဖြစ်၏။ အကယ်၍ ကာမေသု၌ ကာမအရ ကာမဂုဏ်ငါးပါးတို့ကိုယူမည်ဆိုပါလျှင် ယင်းကာမဂုဏ်တို့၌ မိစ္ဆာစာရအရ မှားယွင်းစွာ ကျင့်ပါက ကာမေသု မိစ္ဆာစာရ သိက္ခာပုဒ်ကို ကျူးလွန်ရာရောက်မည်ပင် ဖြစ်၏။ သို့ရာတွင် ရှေးဆရာအဆက်ဆက်တို့သည် ကာမေသု၌ ကာမအရ သူတစ်ပါး သားမယား၊ သူတစ်ပါး သား သမီးများကိုသာ ယူခဲ့ပါ၏။ ထို့ကြောင့် အာရုံငါးပါး ကာမဂုဏ်တရားတို့၌မိစ္ဆာစာရ အရ မှားယွင်းစွာ ကျင့်စေကာမူ ကာမေသု မိစ္ဆာစာရ သိက္ခာပုဒ်ကို ကျူးလွန်ရာ မရောက်ပါချေ။

ကာမေသု မိစ္ဆာစာရ သိက္ခာပုဒ်ကို ကျူး လွန်ရာ မရောက်သော်လည်း ကာမေသုမိစ္ဆာစာရ သိက္ခာပုဒ်၏ နယ်ပယ်အတွင်း၌ကား ကျရောက် ပါ၏။ အမှန်အားဖြင့် ငါးပါးသီလ၏ မူရင်းအနက် မှာ လောကပါလတရားများ အနေဖြင့် လောက၌ ငြိမ်းချမ်းသာယာမှုကို ဖြစ်ထွန်းပေါ်ပေါက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေးပင်ဖြစ်၏အာရုံငါးပါး ကာမဂုဏ်တရားတို့၌ မိစ္ဆာစာရအရ



www.burmeseclassic.com

www.burmeseclassic.com



မှားယွင်းစွာ ကျင့်နေပါလျှင် လောက၌ ငြိမ်းချမ်းသာယာမှု ဖြစ် ထွန်းဖို့ မလွယ်ကူပါချေ။ ဆူပွက်နေဖို့က များလေ၏။

ယာဉ်လောက၌ ကြည့်ပါဦး။ မှတ်တိုင် တစ်တိုင် ကျော်လျှင်ပဲ စပယ်ယာက ပိုက်ဆံကို ပို၍ တောင်းတော့၏။ အချိန်လင့်သွားလျှင်ပဲ ယာဉ်စီးခကို ကြိုက်သလို တောင်းတော့၏။ ဤသည်မှာ ယာဉ်စီးခနှင့်ပတ်သက်၍ ကာမဂုဏ်တို့၌ မိစ္ဆာစာရ ဖြစ်၏။ မှားယွင်းစွာကျင့်ခြင်း ဖြစ်၏။အမှန်အားဖြင့် ယာဉ်စီးခ ဟူသည် သတ်မှတ်ထားပြီး ဖြစ်၏။သို့ရာတွင် သတ်မှတ်ယာဉ်စီးခကို သတ် မှတ်ထားသည့်အတိုင်း မလိုက်နာ။ သတ်မှတ်ထားသည့် အတိုင်း လိုက်နာပါလျှင် ကာမဂုဏ် တို့၌ သမ္မာစာရ ဖြစ်၏။ သတ်မှတ်ထားသည့် အတိုင်း မလိုက်နာသော အခါ မိစ္ဆာစာရ ဖြစ်၏။ ထို့ကြောင့် ယာဉ်လောက၌လည်း ကာမေသုမိစ္ဆာ စာရ သိက္ခာပုဒ်ကို သမ္မုတိသစ္စာ အနေဖြင့် လွန် ကျူးရာ မရောက်သော်လည်း၊ ပရမတ္ထ သစ္စာအား ဖြင့် လွန်ကျူးရာမရောက် ဟူ၍ ဆိုရန် ခက်ပါ၏။ လူသားအချင်းချင်း ဆက်ဆံရာ၌ တစ်ဦးက အခြား တစ်ဦးအပေါ် အမြတ် ထုတ်ခြင်း ဟူသ မျှသည် ကာမဂုဏ်တို့၌ မိစ္ဆာစာရသဘော သက်ဝင်သည်ချည်းဖြစ်လေ၏။ မိစ္ဆာစာရသဘော ပါဝင်ပါလျှင် ကာမေသုမိစ္ဆာစာရ၌ တစ်နည်း မဟုတ် တစ်နည်းဖြင့် သက်ဝင်သည်သာ ဖြစ်၏။ တိုက်ရိုက်နှင့် သွယ်ဝိုက်ဟူ၍ နည်း နှစ်မျိုး ရှိသည့်အနက် သက်ဝင်သည့် နည်းချင်းသာ ကွာခြားချင် ကွာ



www.burmeseclassic.com

www.burmeseclassic.com



ခြားမည်ဖြစ်၏။ သဘောအားဖြင့် သက်ဝင် သည်က တော့အမှန်ပင်။ အဘယ်ကြောင့် ဆိုသော် ယာဉ်စီးခသည် လည်း ကာမေသု၌ ကာမအရ ယူနိုင်သောကြောင့်ပင် ဖြစ်၏။

ကုန်သည်လောက၌ ကြည့်လျှင်လည်း ဤ သဘောကိုတွေ့နိုင်၏။ တစ်ကျပ်တန်ပစ္စည်းကို သုံးကျပ် နှင့်ရောင်းလိုက်၏သတ်မှတ်စျေးနှုန်းသည် ရှိ၏။ သတ်မှတ်စျေးနှုန်းအတိုင်း ရောင်းချပါက ကာမဂုဏ် တို့၌ သမ္မာစာရ ဖြစ်၏။ သတ်မှတ်စျေး နှုန်းအတိုင်း မရောင်းဘဲ တန်ဖိုးကို ပို၍ရောင်းပါ က ကာမဂုဏ်တို့၌ မိစ္ဆာစာရဖြစ်၏။ ရောင်းသူနှင့် ဝယ်သူ နှစ်ဦးနှစ်ဖက် သဘောတူသဖြင့် ရောင်း ခြင်းနှင့်ဝယ်ခြင်းဖြစ်သော ကြောင့် ကာမေသုမိစ္ဆာ စာရ သိက္ခာပုဒ်ကို ထိခိုက်ငြိစွန်း စရာ ဘာမျှမရှိဟု ဆိုနိုင်သော်လည်း ထိုသို့ဆိုနိုင်ခြင်း မှာ သမ္မုတိသစ္စာအရ ဆိုနိုင်ခြင်းသာဖြစ်၏။ ပရမတ္ထ သစ္စာ အရဆိုပါမူ တန်ရာတန်ကြေး သတ်မှတ်စျေးထက် ပို၍ ရောင်းချသမျှသည် ကာမဂုဏ်တို့၌ မိစ္ဆာ စာရချည်း သာ ဖြစ်၏။ ထို့ကြောင့် အမြတ်ကြီးစား ကုန်သည်များ သည်လည်း ကာမေသုမိစ္ဆာစာရ သိက္ခာပုဒ်ကို လွန်ကျူး ကြသူများဟူ၍ သမ္မုတိ သစ္စာအရ မဆိုနိုင်သော်လည်း၊ ပရမတ္ထသစ္စာ အားဖြင့်မူ ကာမေသုအရ ကာမဂုဏ်တို့၌ သမ္မာ စာရအရ မှန်ကန်စွာ ကျင့်ကြံကြသူများ မဟုတ် ကြဘဲ မိစ္ဆာစာရအရ မှားယွင်းစွာ ကျင့်ကြံနေကြ သူများ ဖြစ်ကြောင်းကို ငြင်းဆိုနိုင်ဖွယ် မရှိပါချေ။



www.burmeseclassic.com

www.burmeseclassic.com



ပစ္စည်းရှင်တို့သည် မိမိတို့ပစ္စည်းများနှင့် ပတ်သက်၍ တန်ရာတန်ကြေးကို သိကြပါ၏။ လုပ်အားခနှင့် အတိုးရင်းပွားများကိုလည်း သိကြပါ၏။ထိုအခါ မိမိတို့ပစ္စည်းများအပေါ် သတ်မှတ် ရောင်း ဈေးကို သတ်မှတ်ပြီး ရောင်းချကြပါ၏။ သို့ရာတွင် မိမိတို့ပစ္စည်း အရောင်းတွင်ကျယ်လာ သည်နှင့် တစ်ပြိုင်နက် မိမိတို့ ပစ္စည်းများအပေါ် ဈေးတင်ကြတော့၏။ ဤသည်မှာ ကာမေသုအရ ကာမဂုဏ်တို့၌ သမ္မာစာရအရမှန်ကန်စွာ ကျင့် သုံးခြင်း မဟုတ်ဘဲ မိစ္ဆာစာရအရ မှားယွင်းစွာ ကျင့်သုံးခြင်းပင် ဖြစ်၏။ ဤသဘောမှာလည်း သမ္မုတိသစ္စာအရ ကာမေသုမိစ္ဆာစာရ သိက္ခာပုဒ် ကို ကျူးလွန်သည် ဟု မဆိုနိုင်ပါသော်လည်း၊ ပရမတ္ထသစ္စာအရ ဆိုပါမူ ကာမေသုမိစ္ဆာစာရ သိက္ခာပုဒ်၏ နယ်နိမိတ် အတွင်း၌ ဧကန်ပင် ကျ ရောက်ပါလေ၏။

လူတို့သည် တစ်ဦးကို တစ်ဦးက "ကိုင်း ကျွန်းမှီ ကျွန်းကိုင်းမှီ" သဘောဖြင့် နေထိုင်ကြရ သည် ဖြစ်လေရာ တစ်ဦး ပြိုလဲလျှင် အခြားတစ်ဦး က လဲမည်ပင် ဖြစ်၏။ လူတို့တွင် တရုတ်လည်း ပါ၏။ ကုလားလည်း ပါ၏။ မြန်မာလည်း ပါ၏။ အခြားလူမျိုးများလည်း ပါ၏။ တရုတ်၊ ကုလား၊ မြန်မာနှင့် အခြားလူမျိုးများကို ဖယ်လိုက်လျှင် အားလုံး လူသားချည်းသာဖြစ်၏။ တရုတ်လည်း မရှိ။ ကုလားလည်းမရှိ။ မြန်မာလည်း မရှိ။ အခြား လူမျိုးများလည်းမရှိ။ ထို့ကြောင့် တရုတ်၊ ကုလား၊ မြန်မာ၊ အခြားလူမျိုးများဟူသည်မှာ တကယ်



www.burmeseclassic.com

www.burmeseclassic.com



တမ်း ပြောလျှင် ပပဉ္စအမြင်များဖြင့်သာ မြင်၍ရသော သင်္ကေတ များသာဖြစ်၏။ ပပဉ္စအမြင်များအနက် တဏှာအမြင်ဖြင့်ပြောလျှင် ငါ့လူမျိုးမှ တွယ်တာ စရာ ကောင်း၏။ မာနအမြင်ဖြင့် ပြောလျှင် ငါ့ လူမျိုးမှ ဂုဏ် ယူစရာ ကောင်း၏။ ဒိဋ္ဌိအမြင်ဖြင့် ပြောလျှင် ငါ့လူမျိုးမှ ခိုင်ခံ့၏။ ထို့ကြောင့် ပပဉ္စ အမြင်မျိုးဖြင့်သာ လောကကို ကြည့်မည်ဆိုပါလျှင် လူသားကို မမြင်ရတော့ဘဲ တရုတ်၊ ကုလား၊ မြန်မာနှင့် အခြားလူမျိုးများကိုသာ မြင်မည် ဖြစ် ၏။ အမှန်အားဖြင့် တရုတ်၊ ကုလား၊ မြန်မာနှင့် အခြား လူမျိုးများကို သီးခြားစီခွဲ၍ မြင်ခြင်းကို ပပဉ္စ အမြင်ဟု ခေါ် ၍၊ လူသားချည်းအဖြစ် သီးခြားစီ မခွဲခြား ဘဲ မြင်သော အမြင်ကို ပြဟ္မစိုရ် အမြင်ဟု ခေါ် ၏။

လောကကို ပြဟ္မစိုရ်အမြင်နှင့် မကြည့်ဘဲ ပပဉ္စ အမြင်ဖြင့်ကြည့်သောအခါကာမေသုမိစ္ဆာစာရ သဘော သည်ဝင်လေ၏။ ကာမေသုမိစ္ဆာစာရတွင် သူတစ်ပါး သားမယား၊ သူတစ်ပါးသားသမီးမှသည် ငါးဖြာအာရုံ ကာမဂုဏ်တို့အထိ ပါဝင်၏။ ပပဉ္စ အမြင်ဖြင့် လောက ကိုကြည့်လျှင် နှစ်ခုကိုမြင်ရ၏။ ပြဟ္မစိုရ်အမြင်ဖြင့် လောကကို ကြည့်လျှင် တစ်ခု တည်းကို မြင်ရ၏။ နှစ်ခု ဟူသည်ကား မိမိနှင့် သူတစ်ပါး ဖြစ်၏။ တစ်ခုတည်း ဟူသည်ကား မိမိပင် ဖြစ်၏။ နှစ်ခုက မိမိက “အသာ” ဖြစ်၏။ သူတစ်ပါးက “မိမိထက်အညံ့” ဖြစ်၏။ ထို့ ကြောင့် ကာမေသုအရ အဆင်းနှင့် ပတ်သက်လျှင်လည်း မိမိရသောအဆင်းက သူတစ်ပါးရသော အဆင်း ထက်



www.burmeseclassic.com

www.burmeseclassic.com



သာစေချင်၏။ အသံနှင့် ပတ်သက်လျှင် လည်း မိမိရသော အသံက သူတစ်ပါးရသောအသံ ထက် သာစေချင်၏။ အနံ့နှင့် ပတ်သက်လျှင် လည်း မိမိရသော အနံ့က သူ တစ်ပါးရသော အနံ့ ထက်သာစေချင်၏။ ရသနှင့်ပတ် သက်လျှင်လည်း မိမိရသော ရသက သူတစ်ပါးရသော ရသထက် သာစေချင်၏။ အထိအတွေ့နှင့် ပတ်သက် လျှင် လည်း မိမိရသော အထိအတွေ့က သူတစ်ပါးရ သော အထိအတွေ့ထက် သာစေချင်၏။ သာစေ ချင်ပါ လျက် မသာလျှင် သာသောနည်းကို သုံးရ ၏။ ဤသို့ လျှင် မှားယွင်းသောအကျင့် မိစ္ဆာစာရ သည် ဖြစ်ပေါ် ရလေ၏။

လောကကို ကြည့်သောအခါ တရုတ်၊ ကုလား၊ မြန်မာနှင့် အခြားလူမျိုးများ ဖြစ်စေကာမူ လူသားအဖြစ် ဖြင့် ကြည့်စရာကလည်း မိမိ၊ ကြည့် သူကလည်း မိမိဖြစ် လျှင် အားလုံးတစ်ခုတည်း ဖြစ် သည် မည်၏။ တရုတ် ဟူ၍လည်း ကွဲပြားမှု မရှိ။ ကုလားဟူ၍လည်း ကွဲပြားမှု မရှိ။ မြန်မာဟူ၍ ကွဲ ပြားမှု မရှိ။ အခြားလူမျိုး များ ဟူ၍ ကွဲ ပြားမှု မရှိ။ အားလုံး မိမိတစ်ဦးတည်းသာ ဖြစ်၏။ ထို့ကြောင့်အဆင်းအရာမှာဖြစ်စေ၊ အသံအရာ မှာ ဖြစ်စေ၊ အနံ့အရာမှာဖြစ်စေ၊ ရသာအရာမှာ ဖြစ်စေ၊ အထိအတွေ့ အရာမှာဖြစ်စေ တစ်ဦးထက် တစ်ဦးက "သာ"အောင် လုပ်စရာ ဘာမျှမရှိ။ "သာ"အောင် လုပ်စရာ ဘာမျှမရှိလျှင် မှားယွင်း စရာ၊ ကျင့်စရာလည်း ဘာမျှမရှိ။ ထိုအခါ ကာမေသုမိစ္ဆာစာရ သဘော ဟူ၍



www.burmeseclassic.com

www.burmeseclassic.com



မရှိတော့ဘဲ ကာမေသု သမ္မာစာရ သဘောသာ ရှိတော့မည် ဖြစ်၏။ ထို့ကြောင့် ကာမေသုမိစ္ဆာစာရမှ လွတ်မြောက်အောင် ဆောင်ရွက်တော့မည်ဆိုပါလျှင် လောက၌ ပြဟ္မစိုရ်အမြင်ကို မတည်ဆောက်နိုင် ဘဲ ကာမေသု မိစ္ဆာစာရ သိက္ခာပုဒ်ကို လုံခြုံအောင် ထိန်းသိမ်းနိုင်ဖို့ ဆိုသည်မှာ အလွန်ပင် ခက်ခဲ သောလုပ်ငန်းဖြစ်၏။ ထို့ကြောင့် လောကတွင် အရေးကြီးဆုံး လုပ်ငန်းအနေဖြင့် လုပ်ရမည် ဆိုလျှင် ပြဟ္မစိုရ် အမြင်ကို တည်ဆောက်သည့် လုပ်ငန်းသာ ဖြစ်၏။ သူလည်းလူ၊ ငါလည်းလူ ဘာမျှ မထူး။ အကာကို ခွာလိုက်လျှင် အတွင်း၌ ရုပ်နာမ် ခန္ဓာတို့ဖြင့် ဖွဲ့စည်းထားသော လူသား သတ္တဝါသာ ရှိပါလေ၏။

အမှန်အားဖြင့် ကာမေသု သမ္မာစာရအရ ငါးဖြာအာရုံ ကာမဂုဏ်တို့၌ တစ်ဦးထက် တစ်ဦး က "သာ" အောင်ကြိုးပမ်းခြင်း မရှိသဖြင့် လောက ၌ ငြိမ်းချမ်းသာယာမှု ထွန်းကားနိုင်သော်လည်း၊ ပြဟ္မစိုရ်အမြင်ဟူသည် တဏှာကို ပယ်သတ်နိုင် ခြင်း မရှိသောကြောင့် လူသားတို့၏ ရင်တွင်း၌ သောကကား ရှိနေမည်သာ ဖြစ်၏။ **ကာမတော ဇာယတေ သောကော** = တဏှာကြောင့် သောက သည် ဖြစ်၏ ဟူ၍ ကျမ်းဂန်များ၌ ဆိုထားသည် မဟုတ်ပါလား။ သောကဟူသည် ဒုက္ခအုပ်စုပင် ဖြစ်ရကား ဤဒုက္ခသည် ခန္ဓာရှိနေသရွေ့ တွေ့ကြုံ ရမည့် ဒုက္ခဖြစ်ချေ၏။ ကာမေသုမိစ္ဆာစာရသိက္ခာပုဒ်ကို ကျူးလွန်ခြင်းကြောင့် တွေ့ကြုံရမည့် ဒုက္ခ မျိုး



www.burmeseclassic.com

www.burmeseclassic.com



တော့မဟုတ်။ ကာမေသုမိစ္ဆာစာရ သိက္ခာပုဒ် ကို ကျူး လွန်ခြင်းကြောင့် တွေ့ကြုံရမည့် ဒုက္ခကား လောကကို တုန်လှုပ်ချောက်ချားစေနိုင်သော ဒုက္ခမျိုး ဖြစ်၏။ လောက ကို ကမောက်ကမ ဖြစ် စေနိုင်သော ဒုက္ခဟု ဖြစ်၏။ ဤ ဒုက္ခကို သချ်ာ ဒဿနၐ္ ဘူတိကဒုက္ခဟုဆို၏။ ပတ်ဝန်း ကျင် ကြောင့် ဖြစ်ရသော ဒုက္ခမျိုး ဖြစ်၏။ တဏှာ ကြောင့် ဖြစ်ရသော ဒုက္ခကို ကျမ်းဂန်များ၌ သင်္ခါရ ဒုက္ခ ဟု ဆိုပါ၏။

တဏှာဟူသည် အကန့်အသတ်မရှိ။ရတိုင်း လိုချင်၏။ မရသေးသော အရာဝတ္ထုကို ရချင်၏။ ယင်း ကို ကာမတဏှာဟုခေါ်၏။ ကာမတဏှာကို သက္ကာယ တဏှာ ဟုခေါ်၏။ ကာမ တဏှာသည် သက္ကာယဒိဋ္ဌိနှင့် ယှဉ်၏။ ရပြီးသော အရာဝတ္ထု ကိုလည်း အခိုက်အတန့် မြတ်နိုး၏။ ယင်းကို ဘဝတဏှာဟုခေါ်၏။ဘဝတဏှာ သည် သဿတ ဒိဋ္ဌိနှင့် ယှဉ်၏။ အခိုက်အတန့် မြတ်နိုး နေသော အရာဝတ္ထုကို တစ်နေ့တွင် ငြီးငွေ့ကာ မလိုချင် တော့ဘဲ စွန့်ပစ်ချင်လာ၏။ ယင်းကို ဝိဘဝ တဏှာ ဟု ခေါ်၏။ ဝိဘဝတဏှာသည် ဉစ္ဆေဒ ဒိဋ္ဌိနှင့် ယှဉ်၏။ ကာလအနေဖြင့် ဆိုရလျှင် ကာမ တဏှာသည် ဉပါဒ် ခဏနှင့် ယှဉ်၏။ ထို့ကြောင့် ကာမတဏှာကို ဉပ္ပါဒ တဏှာ ဟု ဆိုရ၏။ ဘဝ တဏှာသည် ဌီခဏနှင့် ယှဉ်၏။ ထို့ကြောင့် ဘဝ တဏှာကို ဌိတိတဏှာ ဟု ဆိုရ၏။ ဝိဘဝ တဏှာ သည် ဘင်ခဏနှင့်ယှဉ်၏။ ထို့ကြောင့် ဝိဘဝ တဏှာကို ဘင်္ဂတဏှာ ဟု ဆိုရ၏။



www.burmeseclassic.com

www.burmeseclassic.com



အမှန်အားဖြင့် တဏှာသည် ကာမေသု ဝယ် ကာမတို့၌ အကန့်အသတ် မရှိဘဲ မက်မော ၏။ ကာမ တို့၌ အကန့်အသတ် မရှိဘဲ မက်မော လေသောအခါ သမ္မာစာရအရ မှန်ကန်စွာ ကျင့်ဖို့ ခက်၏။ မှန်ကန်စွာ ကျင့်ဖို့ ဆိုသည်မှာလည်း အကန့်အသတ်ရှိမှ ဖြစ်၏။ အကန့်အသတ် ရှိရလေအောင် ခြိုးခြံမှုသန္တောသ ရှိအောင် အားထုတ်ရ၏။ ခြိုးခြံမှုသန္တောသ ဟူသည် တဏှာကို ထိန်း ကျောင်းသည့် အထိန်းအကျောင်းဖြစ် ၏။ ခြိုးခြံမှု သန္တောသဟူရာ၌ ပစ္စည်းဥစ္စာကို ရှာဖွေ သော အခါ နဖူးမှချွေး ခြေမပေါ်သို့ ကျအောင် မနား မနေရှာရ၏။ ဘဝတက်လမ်းကို အားထုတ်ရာတွင် လည်း ထိပ်ဆုံး ဘဝသို့ရောက်အောင်အားထုတ် ရ၏။ အကျိုးခံစားရာ၌မူ ခြိုးခြံနိုင်သမျှ ခြိုးခြံရ၏။ အမှန် အားဖြင့် လောက၌ ရနိုင်သမျှရအောင် ရှာဖွေပြီး သုံးစွဲ ရာ၌မူ ခြိုးခြံနိုင်သမျှ ခြိုးခြံပြီး သုံးစွဲ ခြင်းသည် ကာမေ သု မိစ္ဆာစာရ သိက္ခာပုဒ်ကို လုံခြုံအောင် ထိန်းသိမ်းရာ၌ အကောင်းဆုံးနည်း ဖြစ်၏။ လောက၌ ကာမေသု မိစ္ဆာ စာရ သိက္ခာပုဒ် ကို စောင့်ထိန်းသောအားဖြင့် သူတစ်ပါး သား မယား၊ သူ တစ်ပါး သားသမီးကို မစော်ကားရုံသာ မက ငါးဖြာအာရုံ ကာမဂုဏ်တို့၌ပါ လွန်လွန်ကဲကဲ မလိုက်စားဘူး ဆိုပါက၊ မိမိတို့၏ အဆင့်နှင့် လျော်ညီစွာ တန်ရာတန်ရာဖြင့် ကျေနပ်ရောင့်ရဲ မည် ဆိုပါက လူ့ဘဝ သည် များစွာ နေချင်စဖွယ် ကောင်းသော ဘဝမျိုး ဖြစ်ပေ လိမ့်မည်။

**ပညာ့ရိပ်မွန်**

www.burmeseclassic.com

www.burmeseclassic.com



ယနေ့ကမ္ဘာတွင် နိုင်ငံအချင်းချင်းလိုက်နာကျင့်သုံးရမည့် ဥပဒေများနှင့် နိုင်ငံတစ် နိုင်ငံ အတွင်း၌ နိုင်ငံသားအချင်းချင်း လိုက်နာကျင့်သုံး ရမည့် ဥပဒေများကို ပြဋ္ဌာန်း ထားရှိပြီး ဖြစ်၏။ထိုဥပဒေများ၏ မူရင်း ရည်ရွယ်ချက်မှာ လောက ၌ အသက်ရှင် နေထိုင်ရစဉ် ကာလအတွင်း အချင်းချင်း ခိုက်ရန်ဒေါသဖြင့် ကိုယ်ထိလက် ရောက် ကျူးလွန်ခြင်း မရှိဘဲ စိတ်အေးချမ်း သာယာစွာဖြင့် နေထိုင်နိုင်ရေးအတွက်ပင်ဖြစ်၏။ သို့ရာတွင် ထိုဥပဒေ များကား လူတို့၏ အကျိုး စီးပွားအတွက် လူတို့က ပြဋ္ဌာန်းထားရှိသော လူ့ဥပဒေများ ဖြစ်ကြ၏။ လူ့ဥပဒေများကား အချိန်အခါနှင့် အခြေအနေအရ သမ္မုတိသစ္စာ အရသာ မှန်ကန်သည်လည်း ရှိ၏။ သမ္မုတိသစ္စာရော ပရမတ္ထသစ္စာပါ သစ္စာနှစ်ရပ်လုံး အတွက် မှန်ကန်သော ဥပဒေတစ်မျိုး ရှိသေး၏။ထိုဥပဒေ ကား ငါးပါးသီလဖြစ်၏။ ငါးပါးသီလအရ အရည် အချင်းအနေဖြင့် ငါးပါးသာဖြစ်သော်လည်း အရေအတွက် အနေဖြင့်မူ အဆုံးအပိုင်းအခြား မရှိ၊ ချဲ့ချင်သလောက် ချဲ့၍ရ၏။ အရေအတွက် အနေဖြင့် အဆုံး အပိုင်းအခြား မရှိ၊ ချဲ့ချင် သလောက် ချဲ့၍ရသော်လည်း အရည်အချင်း အနေဖြင့် ဤငါးပါးသီလကိုသာ လုံအောင် ထိန်း နိုင်မည် ဆိုပါလျှင် ကမ္ဘာ့ ဥပဒေ ဟူသမျှသည် ငါးပါးသီလ၌ တစ်နည်းမဟုတ် တစ်နည်းဖြင့် အတွင်းဝင်သည်သာ ဖြစ်သောကြောင့် ကမ္ဘာ့ လူသားအားလုံးတို့သည် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာ စွာဖြင့် ဘဝရသကို စံစားနိုင်ကြပေလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)
## ငြိမ်းချမ်းရေးနှင့် ကာမေသုမိစ္ဆာစာရ

ကာမေသုမိစ္ဆာစာရ၌ ကာမေသုအရ ကာမဂုဏ် ငါးပါး ဟူသည်မှာ အကျဉ်းအားဖြင့် မိမိတို့၏ လုပ် ငန်းဟူသမျှ ပင် ဖြစ်၏။ မိမိတို့၏ လုပ်ငန်းများကို လုပ်ရာ၌ ထိုက် တန်သော အကျိုးကိုသာ ရအောင် လုပ်ခြင်းဖြစ်ပါက မိစ္ဆာစာရမဖြစ်။ ထိုက်တန်သော အကျိုးထက် ပို၍ ရအောင် လုပ်ခြင်းဖြစ်မှသာ မိစ္ဆာစာရဖြစ်၏။ထိုက်တန် သော အကျိုးထက်ပို၍ ရအောင်လုပ်ရာ၌ သူနှင့်ကိုယ် ဟူ၍ နှိုင်းယှဉ်စရာ ရှိသောအခါမှသာ မိစ္ဆာစာရ သဘော ဖြင့် ထိုက်တန်သော အကျိုးထက် ပို၍ရအောင် လုပ် တတ်၏။ အမှန်အားဖြင့် မိမိကိုယ်ကို မထိန်း သိမ်းနိုင် သော ပုထုဇဉ်တို့ ဓမ္မတာအရ ဆိုပါလျှင် သူ့ထက် မိမိက သာချင်၏။ ထိုအခါ သူ့ထက် တစ်နည်းနည်းဖြင့် မိမိက သာအောင် လုပ်လေ ၏။ ထိုသို့လုပ်ခြင်းဖြင့် မိစ္ဆာစာရ သဘောသည် ပေါ်ပေါက်လာရသည်။

**ပညာ့ရိပ်မွန်**

www.burmeseclassic.com

www.burmeseclassic.com



သူ့ထက် မိမိက သာအောင် လုပ်တိုင်း လည်း မိစ္ဆာစာရသဘောသည် ပေါ်ပေါက်လာ သည် မဟုတ်ပါ။ တရားသဖြင့်သာအောင်လုပ် ခြင်း ဖြစ်ပါက မိစ္ဆာစာရ သဘောမရှိ။ သမ္မာစာရ သဘောသာ ရှိ၏။ မတရား သဖြင့် သာအောင် လုပ်မှသာ မိစ္ဆာစာရသဘော ရှိလာ မည် ဖြစ်၏။ သို့ရာတွင် တစ်ဦးနှင့် တစ်ဦး ယှဉ်လာပြီ ဆိုလျှင် တရားသဖြင့် ဖြစ်စေ၊ မတရားသဖြင့် ဖြစ်စေ နိုင် လိုကြသည်မှာ မိုက်မဲသော ပုထုဇဉ်တို့၏ ဓမ္မတာ သာ ဖြစ်လေ၏။ ထိုသို့ ဓမ္မတာ ဝင်လာသည်နှင့် တစ်ပြိုင်နက် မိစ္ဆာစာရသည်ပေါ်ပေါက်ဖို့ လွယ်ကူ ၏။

ဝန်ထမ်းတစ်ယောက်အနေဖြင့် ရာထူး လည်း တိုးချင်၏။ ပစ္စည်းဥစ္စာလည်း ချမ်းသာချင် ၏။ ထင်ပေါ် ကျော်ကြားမှုလည်း ရှိချင်၏။ ဤ သည်မှာဓမ္မတာဖြစ်၏။ ထိုဓမ္မတာအတိုင်း ရာထူး တိုးအောင် ကြိုးစား၏။ ပစ္စည်းဥစ္စာ စုမိအောင် ကြိုးစား၏။ ထင်ပေါ် ကျော်ကြား အောင်လည်း ကြိုးစား၏။ ထိုသို့ ကြိုးစားရာတွင် တရား သဖြင့် ကြိုးစားသည်လည်း ရှိသည်။ မတရားသဖြင့် ကြိုးစားသည်လည်းရှိသည်။ တရားသဖြင့် ကြိုးစား ခြင်း ဖြစ်ပါက ကာမေသု သမ္မာစာရ၌ အတွင်း ဝင်မည်ဖြစ် ၏။ မတရားသဖြင့် ကြိုးစားခြင်း ဖြစ်ပါက ကာမေသု မိစ္ဆာစာရ၌ အတွင်း ဝင်မည် ဖြစ်၏။ မတရားသဖြင့် ကြိုး စားခြင်းဖြင့် ရာထူး တိုးချင်လည်း တိုးနိုင်၏။ ပစ္စည်းဥစ္စာ ကြွယ်ဝ ချင်လည်း ကြွယ်ဝနိုင်၏။ ထင်ပေါ်ကျော်ကြား ချင် လည်း ထင်ပေါ်ကျော်ကြားနိုင်၏။ ကြီးပွားခြင်းတွင်



www.burmeseclassic.com

www.burmeseclassic.com



မတရားသောလုပ်ငန်းဖြင့် ကြီးပွားခြင်းလည်း ရှိနိုင်၏။ တရားသော လုပ်ငန်းဖြင့် ကြီးပွားခြင်းလည်း ရှိ၏။ မတရားသော လုပ်ငန်းဟူသည် ကောင်းကျိုးကို မပေးနိုင်ဘဲ မကောင်းကျိုးကိုသာ ပေးနိုင်၏ဟူသော ပုံသေသတ်မှတ်ချက်သည်မရှိ။

ထို့ကြောင့် ပဋ္ဌာန်းဥပနိဿယ ပစ္စည်းခန်း တွင် အကုသိုလ်ကလည်း ကုသိုလ်ကို ကျေးဇူးပြုပြန်၏။ ကုသိုလ်ကလည်း အကုသိုလ်ကို ကျေးဇူးပြုနိုင်၏ဟု မိန့်တော်မူ၏။ ထို့ကြောင့် အကုသိုလ် လုပ်ငန်းဖြင့်လည်း ချမ်းသာနိုင်၏။ ကုသိုလ် လုပ် ငန်းဖြင့်လည်း မွဲသွားနိုင်၏။ အတိတ်က ကုသိုလ် ကို လုပ်သောအခါ အကုသိုလ်ဖြင့် ရသော ပစ္စည်း များဖြင့် လုပ်၏။ ထိုပုဂ္ဂိုလ်များကား အကုသိုလ် လုပ်ငန်းဖြင့် ချမ်းသာတတ်၏။ ချမ်းသာခြင်း၌ အကုသိုလ်သည်အင်အားကြီးမားသောအထောက်အပံ့ဖြစ်၏။ ကုသိုလ်ဖြင့် ရသော ပစ္စည်းများဖြင့် အကုသိုလ်ကို လုပ်၏။ ထိုသူများကား ကောင်း ရောင်း ကောင်း ဝယ် သမ္မာအာဇီဝဖြင့် လုပ်ကိုင် စားသောက်ပါလျက် ဆင်းရဲ မွဲတေတတ်၏။ဆင်းရဲ မွဲတေခြင်း၌ ကုသိုလ်သည် အားကြီးသော အထောက်အပံ့ဖြစ်၏။ ထို့ကြောင့် မကောင်းသော အသက်မွေးမြူမှုဖြင့်လည်း ချမ်းသာချင်ချမ်းသာ နိုင်၏။ ကောင်းသော အသက်မွေးမြူမှုဖြင့်လည်း ဆင်းရဲချင် ဆင်းရဲနိုင်၏။

အကျိုးတရား တစ်ခုကို ဖြစ်ပေါ်စေမှု၌ အကြောင်းတရားတို့သည် လေးပါး ပါဝင်ကြရ၏။ ကံ



www.burmeseclassic.com

www.burmeseclassic.com



လည်း လို၏။ ဉာဏ်နှင့် ဝီရိယလည်း လို၏။ ဆန္ဒလည်း လို၏။ စိတ်ထားလည်း လို၏။ ဆန္ဒ၊ စိတ္တ၊ ဝီရိယ၊ ဝီမံသ၊ ပေါင်း လေးခုတို့ကို ဣဒ္ဓိလေး ပါးဟု ခေါ်၏။ ဣဒ္ဓိလေးပါးနှင့် ပြည့်စုံမှ အကျိုး တရား ဖြစ်ပေါ် လာနိုင်၏။ ဣဒ္ဓိပါဒ်လေးပါးနှင့် ကံ အကြောင်းတရားတွင် ကံသည် ဥပါဒါန ကာရဏ မည်၏။ ဥပါဒါန ကရဏ ဟူသည်မှာ ကိုယ်ထည်အကြောင်း ဖြစ်၏။ စားပွဲလုပ်ရာ၌ သစ်သားသည်ကိုယ်ထည်အကြောင်း ဖြစ်သကဲ့သို့ ပင် အကျိုးပေးရာ၌လည်း ကံသည် ကိုယ်ထည်အကြောင်းဖြစ်၏။ ဉာဏ်နှင့်ဝီရိယသည် နိမိတ္တ ကာရဏ မည်၏။ နိမိတ္တ ကာရဏ ဟူသည်မှာ ဗိသုကာ အကြောင်း ဖြစ်၏။ စားပွဲလုပ်ရာတွင် လက်သမားမပါလျှင် မဖြစ်သကဲ့သို့ အကျိုးပေးရာ၌လည်း ဉာဏ်နှင့် ဝီရိယ မပါလျှင် မဖြစ်။ ထို့ကြောင့် ဉာဏ်နှင့် ဝီရိယသည် ဗိသုကာ အကြောင်း ဖြစ်၏။ ဆန္ဒသည် ပတ္ထနာကာရဏ မည်၏။ ပတ္ထနာကာရဏ ဟူသည်မှာ ရည်မှန်း ချက် အကြောင်း ဖြစ်၏။ ရည်မှန်းချက်မရှိလျှင် ဘာမျှ မဖြစ်လာနိုင်သကဲ့သို့ အကျိုးပေးရာ၌ ဆန္ဒ မပါလျှင်လည်းဘာမျှ ဖြစ်မလာနိုင်ပေ။ ထို့ကြောင့် အကျိုးပေးရာ၌ ဆန္ဒကိုလည်း အကြောင်းတစ်ရပ် အနေဖြင့်လိုအပ်၏။စိတ်သည်သမ္မာဝါယိကာရဏ မည်၏။သမ္မာဝါယိကာရဏ ဟူသည်မှာ ပုံစံအကြောင်း ဖြစ်၏။ စားပွဲလုပ်ရာ၌ စားပွဲပုံစံရှိပါမှ စားပွဲကို လုပ်၍ရ၏။ ထို့အတူ အကျိုးတရားတစ်ခုကို ဖြစ်ပေါ်စေရာ၌ စိတ်ထားသည်လည်း ပုံစံ



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းအနေဖြင့် ပါဝင်ရသည်ပင် ဖြစ်၏။ ဤသည်မှာ ဒသနကျမ်းများ၌ ဖော် ပြကြသော အဆိုအမိန့်များဖြစ်လေ၏။

ဝန်ထမ်းများအနေဖြင့် ရာထူးတိုးချင်သည် ဖြစ်စေ၊ ပစ္စည်းဥစ္စာ စုမိချင်သည် ဖြစ်စေ၊ ထင်ပေါ်ကျော်ကြားချင်သည် ဖြစ်စေ အကြောင်း တရားများကို မှန်ကန်စွာ အသုံးချသင့်၏။အကြောင်းတရားများတွင် အတိတ်အကြောင်းက တစ်ပါးနှင့် ပစ္စုပ္ပန်အကြောင်းက လေးပါးပါဝင် သည်ဖြစ်ရာအတိတ်အကြောင်းကိုမတတ်နိုင်သည် ဆိုစေဦး၊ပစ္စုပ္ပန်အကြောင်းကိုတော့ ထိန်းသိမ်းရန်တတ်နိုင်ရမည် ဖြစ်၏။ အကြောင်းတရားများတွင် အတိတ်အကြောင်းမှာကံဖြစ်၏၊ပစ္စုပ္ပန်အကြောင်းမှာ ဉာဏ်နှင့် ဝီရိယ တည်းဟူသော နိမိတ္တ အကြောင်း၊ ဆန္ဒတည်းဟူသော ပတ္ထနာအကြောင်း စိတ်တည်းဟူသော သမဝါယီ အကြောင်းတို့ပင် ဖြစ်ကြ၏။ ပစ္စုပ္ပန်အကြောင်း လေးပါးတို့ကို အကုသိုလ် သဘောမရှိဘဲကုသိုလ်သဘောရှိ အောင် ပြုပြင်ရမည်ဖြစ်၏။

ရာထူးတိုးရာ၌ဖြစ်စေ၊ ပစ္စည်းဥစ္စာ စုမိရာ၌ဖြစ်စေ၊ ထင်ပေါ်ကျော်ကြားအောင် လုပ်ရာ၌ ဖြစ်စေ၊ ပစ္စုပ္ပန်ကုသိုလ် အကြောင်းများဖြင့်သာ လုပ်ဆောင်ပါကကာမေသုမိစ္ဆာစာရသာ ဖြစ်ပေ လိမ့်မည်။ ပစ္စုပ္ပန်ကုသိုလ်အကြောင်းများဖြင့် လုပ် ဆောင်ခြင်း ဟူသည်မှာ မိမိအတွက် တစ်စုံတစ်ရာ မျှော်ကိုးခြင်းမပြုဘဲ မိမိတာဝန်ကိုကျေပွန်အောင် ဆောင်ရွက်ခြင်း ဖြစ်၏။ အထက်လူကြီး



www.burmeseclassic.com

www.burmeseclassic.com



များကို လည်း မျက်နှာလိုအားရ လုပ်ခြင်းမျိုးလည်း မရှိ။ ယှဉ်ဖက်များကိုလည်း ချောက်တွန်းခြင်းမျိုး မရှိ။ အောက်ငယ်သားများကိုလည်း မတရား ဖိနှိပ် ညှဉ်းဆဲခြင်းမျိုး မရှိ။ မိမိတာဝန်အရ လုပ်သင့် လုပ်ထိုက်သည်ကိုသာ လုပ်ခြင်း ဖြစ်၏။ ထိုသို့ လုပ်ခြင်းအားဖြင့် ရာထူးတိုးချင်လည်း တိုးမည်။ မတိုးလျှင်လည်း ကိစ္စ မရှိ။ ပစ္စည်းဥစ္စာများကို စုဆောင်းမိချင်လည်း စုဆောင်းမိမည်။ မစုဆောင်းမိလျှင်လည်းကိစ္စမရှိ။ ထင်ပေါ်ကျော် ကြားချင်လည်း ထင်ပေါ်ကျော်ကြားမည်။ မကျော် ကြားချင်လည်း ကိစ္စမရှိ။ တကယ်တမ်း ကိစ္စရှိ သည်ကား ရာထူးတိုး ရအောင် ဟူသော ရည်ရွယ်ချက် မရှိခြင်းပင် ဖြစ်၏။ ပစ္စည်းဥစ္စာစုဆောင်း မိအောင် ဟူသော ရည်ရွယ်ချက် မရှိခြင်းပင် ဖြစ်၏။ ထင်ပေါ်ကျော်ကြားအောင် ဟူသော ရည်ရွယ်ချက် မရှိခြင်းပင် ဖြစ်၏။ မိမိအတွက် ဘာမဆို ဘာမျှော်လင့်ချက်မှ မရှိ။ လုပ်ငန်းပြီးစီးရေးဟူသော ဦးတည်ချက်သာရှိ၏။ လုပ်ငန်းပြီးစီးရေးသည်သာ မျှော်လင့်ချက်ရှိ၏။ ဤနည်းဖြင့် ပစ္စုပ္ပန်အကြောင်း လေးပါးကို ကုသိုလ်သဘောရှိ အောင် အားထုတ်၏။ ဤသို့ အားထုတ်ခြင်းသည် ထေရဝါဒနှင့်အညီ အားထုတ်ခြင်း ဖြစ်၏။ ဤသို့ အားထုတ်ပါမှ ကာမေသု သမ္မာစာရ ဖြစ်၏။

ဒသနကျမ်းများ အဆိုအရ လူတွင် ဥပါဓိ နှင့် ခန္ဓာ ဟူ၍ အပိုင်းနှစ်ပိုင်း ပါရှိ၏။ ထိုတွင် ဥပါဓိ ဟူသည်မှာ အပြင်ပိုင်း ပုံသဏ္ဌာန် ဖြစ်၏။ ခန္ဓာဟူသည်မှာ



www.burmeseclassic.com

www.burmeseclassic.com



အတွင်းပိုင်းသရုပ်ဖြစ်၏။ ဥပါဓိ ကြောင့် "သူသူငါငါ" ကွဲပြားနေရခြင်း ဖြစ်၏။ ခန္ဓာအားဖြင့်ကား အားလုံး အတူတူပင် ဖြစ်၏။ ဘာမျှ ခြားနားမှု မရှိ။ အကယ်၍ ဥပါဓိကို ဖယ် လိုက်လျှင် အားလုံးသော သတ္တဝါတို့သည် ခန္ဓာ ချင်းအားလုံး အတူတူချည်း ဖြစ်ကြပေလိမ့်မည် ၏။ အိုးကို ရိုက်ခွဲလိုက်သောအခါ အိုးထဲက အကာ များသည် အားလုံး တစ်သားတည်း ရောနှောသွား သကဲ့သို့ ဥပါဓိ များကို ဖယ်ရှားလိုက်သောအခါ အားလုံးသော သတ္တဝါ တို့သည် တစ်မျိုးတည်း ဖြစ် သွားပေလိမ့်မည်။ ဤသို့ တစ်မျိုးတည်း ဖြစ်သွား ခြင်းကိုပင် ဗြဟ္မစိုရ်အမြင်ဖြင့် မြင်ခြင်းဟူ၍ ဆိုရ၏။ ဗြဟ္မစိုရ်အမြင်ဖြင့် မြင်သောအခါ တရုတ် လည်း မရှိ။ ကုလားလည်းမရှိ။ အင်္ဂလိပ်လည်း မရှိ။ မြန်မာ လည်း မရှိ။ အားလုံး လူချည်းသာ ရှိလေ၏။ သူလည်း လူ၊ ငါလည်း လူ၊ တစ်ဦးနှင့် တစ်ဦး ခြားနား ချက်ဟူ၍ ဘာမျှ မရှိ။ အမှန် အားဖြင့် ငါနှင့်သူ ဟူ၍ နှစ်ယောက်ရှိမှသာ ကြိုက် ခြင်းနှင့် မကြိုက်ခြင်းတို့ ရှိနိုင် ၏။ ငါနှင့် သူ ဟူ၍ နှစ်ယောက်မရှိဘဲ အားလုံးတစ် ယောက်တည်းရှိ သောအခါ ကြိုက် ခြင်းနှင့် မကြိုက်ခြင်း မဖြစ် ပေါ်ဘဲ ငြိမ်းချမ်းခြင်းသာ ဖြစ်ပေါ်ပေလိမ့်မည်။ ဤ ငြိမ်းချမ်းခြင်းကိုပင် ဗြဟ္မဝိဟာရ ဟူ၍ လည်းကောင်း၊ ဗြဟ္မစိုရ် ဟူ၍ လည်းကောင်း ခေါ်ပါ၏။

ဗြဟ္မဝိဟာရ သို့မဟုတ် ဗြဟ္မစိုရ် ဖြစ်ပွားခြင်း သည် ကာမေသု သမ္မာစာရ ဖြစ်ခြင်း၏ အကြောင်းပင် ဖြစ်၏။ အကယ်၍ လောက၌ ငါ နှင့် သူ ဟူ၍ နှစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ရှိနေပါက ကြိုက်ခြင်း နှင့် မကြိုက်ခြင်းဟူ၍ ခံစားမှု နှစ်မျိုးသည် ဖြစ်ပေါ်လာမည် ဖြစ်၏။ တစ်ဦးထက်တစ်ဦးက သာအောင် ကြိုးစားမည်ဖြစ်၏။ တစ်ဦးက တစ်ဦး ထက်သာအောင် ကြိုးစားသောအခါ မတရား သော နည်းကို အသုံးပြုလာနိုင်၏။ ထိုအခါ ကာမေသုမိစ္ဆာစာရ သဘောသည် ပေါ်လာမည် ဖြစ်၏။ ကာမဂုဏ်တို့၌ မမှန်မကန် ကျင့်သုံးခြင်း သည် မိစ္ဆာစာရပင် ဖြစ်၏။ ကာမဂုဏ်တို့၌ မမှန် မကန်ကျင့်သုံးသောအခါ ရသင့်သည်ထက် ပို၍ ယူခြင်းသည် ဖြစ်ပေါ်လာ၏။ ရာထူးတိုးမှု၌လည်း ရသင့်သည်ထက် ပို၍ ယူရန် အားထုတ်၏။ ပစ္စည်းဥစ္စာ စုဆောင်းမှု၌လည်း ရသင့်သည်ထက် ပို၍ ယူရန် အားထုတ်၏။ ကျော်ကြားမှု၌လည်း ရသင့်သည်ထက် ပို၍ ယူရန် အားထုတ်၏။ ထိုအခါ လောကသည် မငြိမ်း မချမ်း ဖြစ်ပေ လိမ့်မည်။ လောက မငြိမ်းချမ်းခြင်းသည် ကာမေ သု မိစ္ဆာစာရ သိက္ခာပုဒ်ကို ကျူးလွန်ခြင်းကြောင့် ဖြစ်လေ၏။

ကမ္ဘနိယာမအရ လူသည် သူ့အတိုင်း အတာနှင့် သူ ဖြစ်၏။ သူဌေးလည်း သူဌေးအတိုင်း အတာနှင့် သူဌေး ဖြစ်၏။ ဆင်းရဲသားလည်း ဆင်းရဲသားအတိုင်း အတာနှင့် ဆင်းရဲသားဖြစ်၏။ အရာရှိလည်း အရာရှိ အတိုင်းအတာနှင့် အရာရှိ ဖြစ်၏။ စာရေးလည်း စာရေး အတိုင်းအတာနှင့် စာရေး ဖြစ်၏။ မိမိတို့၏ အတိုင်း အတာအတွင်း၌ အသုံးအစွဲကို သုံးစွဲပါက ကာမေသု မိစ္ဆာစာရ သိက္ခာပုဒ်ကို လိုက်နာရာ ရောက်၏။ မိမိတို့၏



www.burmeseclassic.com

www.burmeseclassic.com



အတိုင်းအတာကို ကျော်လွန်ပြီး သုံးစွဲပါက ကာမေသု မိစ္ဆာစာရ သိက္ခာပုဒ်ကို ကျူးလွန်ရာ ရောက်၏။ အမှန် အားဖြင့် ကာမေသုမိစ္ဆာစာရ ဝေရာမဏီဟူသည်မှာ မိမိတို့၏ အတိုင်းအတာ၊ မိမိတို့၏ ပမာဏကို မကျော် လွန်ဘဲ မိမိတို့၏ လုပ်ငန်းများကို ဆောင်ရွက်မှုပင်ဖြစ် ၏။ အကယ်၍ မိမိတို့၏ အတိုင်းအတာ၊ မိမိတို့၏ ပမာဏကို ကျော်လွန်ပြီး လုပ်ပါက ကာမေသုမိစ္ဆာစာရ သိက္ခာပုဒ်ကို ကျူးလွန်ရာ ရောက်၏။

လူဟူသည် ပတ်ဝန်းကျင်နှင့် နေသည် ဖြစ် လေရာ မိမိကလည်းကာမဂုဏ်တို့၌ မမှန်မကန် ပြုကျင့်၏။ သူကလည်းကာမဂုဏ်တို့၌ မမှန်မကန် ပြုကျင့်၏။ ထို သို့ဆိုလျှင် ကာမဂုဏ်တို့၌ မမှန်မကန် ပြုကျင့်ကြသူ ချည်း ထိတ်တိုက်ရင်ဆိုင် ရဖွယ် ရှိချေ၏။ ထိတ်တိုက် ရင် ဆိုင်သည် ဆိုကတည်းက အချင်းချင်း ပဋိပက္ခသဘော သည် ပေါ်လာမည်ဖြစ်၏။ အမှန်အားဖြင့် ပဋိပက္ခကို ငြိမ်းပျောက်ပါစေခြင်း အကျိုးငှာ ငါးပါးသီလ ကျင့်ဝတ် ကို ပညတ်တော်မူခဲ့ခြင်း ဖြစ်ပါ၏။ ငါးပါးသီလကို အမည်ခံ လိုက်နာရုံမျှဖြင့် လူ့ လောက၌ ပဋိပက္ခသဘော သည် ပြေပျောက်နိုင်လိမ့်မည် မဟုတ်။ ထို့ကြောင့် ကာမေသုမိစ္ဆာ စာရ ဝေရာမဏီအရ သူတစ်ပါး သားပျို သမီးပျို များနှင့် သူတစ်ပါးအိမ်ရာကို မကျူးလွန်ခြင်း အားဖြင့် ဤတတိယ သိက္ခာပုဒ်ကို စောင့်ထိန်း လိုက်နာ ခြင်းအပြင် **မိမိတို့၏ အတိုင်းအတာ၊ မိမိ တို့၏ ပမာဏ ကို မကျော်လွန်ဘဲ မိမိတို့၏ လုပ်ငန်းများကို မှန်မှန်**



www.burmeseclassic.com

www.burmeseclassic.com



**ကန်ကန် လုပ်ဆောင်ခြင်း အားဖြင့် ဤတတိယသိက္ခာပုဒ်ကို အနှစ်သာရအားဖြင့် စောင့်ထိန်းအပ်ပါ၏။** ဤသို့ စောင့်ထိန်း ပါက ဤတတိယသိက္ခာပုဒ်ကို အသွင်သဏ္ဍာန် ရော၊ အနှစ်သာရပါ နှစ်မျိုးစုံသော ရှုဒေါင့်မှ စောင့်ထိန်းရာရောက်၏။ ပို၍လည်း လေးနက်စေ လေ၏။ ပို၍လည်း မြတ်စွာဘုရား အလိုတော်နှင့် ညီညွတ်စေ၏။ ပို၍လည်း လောက၌ ငြိမ်းချမ်းမှု ပေါ်ပေါက်စေနိုင်၏။

လူ့အသိနှင့် ပတ်သက်၍ဆိုရလျှင် ပတ် ဝန်းကျင်ကြောင့်လည်း လူ့အသိသည် ဖြစ်ပေါ်၏။ အတွေ့အကြုံကြောင့်လည်း လူ့အသိသည် ဖြစ် ပေါ်၏။ ဉာဉ်နှင့် စရိုက်ကြောင့်လည်း လူ့အသိ သည် ဖြစ်ပေါ်၏။ ကံကြောင့်လည်း လူ့အသိ သည် ဖြစ်ပေါ်၏။ ဤအကြောင်းလေးပါးတို့သည် လူ့အသိ ဖြစ်ပေါ်ခြင်း၏ အကြောင်းတရားများ ဖြစ်ကြ၏။ ဤ၌ လူ့အသိဟူသည်မှာ အဘိဓမ္မာ သဘောအရ ပြောရလျှင် "ဇော" ပင်ဖြစ်၏။ "ဇော" ကိုပင် "ကမ္မဘဝ" ဟူ၍လည်း ခေါ်၏။ အကြောင်းလေးပါးတို့တွင် ပတ်ဝန်းကျင်ကို ကာမုပါဒါန်ဟုဆိုရ၏။ အတွေ့အကြုံကို ဒိဋ္ဌုပါဒါန်ဟု ဆိုရ၏။ ဉာဏ်နှင့် စရိုက်ကို သီလဗ္ဗတုပါဒါန်ဟု ဆိုရ၏။ ကံကို အတ္တဝါဒုပါဒါန်ဟု ဆိုရ၏။ ဥပါဒါနပစ္စယာဘဝေါအရ ဥပါဒါန်ကြောင့် ကမ္မဘဝ ဖြစ်ပေါ်ရခြင်း ဖြစ်လေရာ အကြောင်းတရား လေးပါးကြောင့် လူသားတို့၏ အသိစိတ်သည် ဖြစ်ပေါ်ရ၏ ဟူ၍ ဆိုနိုင်၏။



www.burmeseclassic.com

www.burmeseclassic.com



အသိလေးမျိုးတို့တွင် ပတ်ဝန်းကျင်သိ ထက် အတွေ့အကြုံသိက ပို၍အားကောင်း၏။ အတွေ့အကြုံ သိထက် ဉာဉ်နှင့်စရိုက်သိက ပို၍ အားကောင်း၏။ ဉာဉ်နှင့်စရိုက်သိထက် ကံသိက ပို၍ အားကောင်း၏။ လောကအတွေ့အကြုံအရ စာပေတတ်ကျွမ်းသူများကို အတွေ့အကြုံ အသိပညာရှင်များဟု ဆို၏။ အတွေ့ အကြုံ အသိပညာ ရှင်များဟူသည် ဒိဋ္ဌပါဒါနပစ္စယာ ကမ္မဘဝေါအရ ဒိဋ္ဌုပါဒါန်ကြောင့် ဇောများဖြစ်ကြသူ များ ဖြစ်ကြ ၏။ ဒိဋ္ဌုပါဒါန်ဟူသည် အတွေ့အကြုံများပင် ဖြစ် ၏။ ဤ၌ စာပေအတွေ့အကြုံကို ဆို၏။ စာပေ အတွေ့အကြုံအရ ထိုသူများသည် စာပေကျမ်းဂန် များကို တတ်ကျွမ်းကြပါ၏။ ထို့ကြောင့် စာပေ သိများကို ထိုက် ထိုက်တန်တန် သိကြပါ၏။ သို့ရာတွင် စာပေသိတည်း ဟူသော အတွေ့အကြုံသည် ဉာဉ်နှင့် စရိုက် သိအား လောက် အားမကောင်းချေ။ ထိုအခါ "အကုသိုလ်က ဘယ်လို" ဟူ၍ အော်ကျယ်ဟစ်ကျယ် ပြောဆိုနိုင်သော် လည်း သူ၏ ဉာဉ်၊ သူ၏ စရိုက်၏ လွှမ်းမိုးမှုများကို မတွန်းလှန်နိုင်သည့်အတွက် သူသည် လူလိမ္မာ မဖြစ်နိုင် ဘဲ ရှိလေ၏။ "ပါးစပ်က ဘုရား ဘုရား၊ လက်က ကားရား ကားရား" ဖြစ်ရလေ၏။ ထို့ကြောင့် ဤ လောက၌ ပညာတတ် လူမိုက်များ ကို တွေ့နေရခြင်း ဖြစ်၏။အမှန်အားဖြင့် ပညာတတ်လေ ကြောက်စရာ ကောင်းလေ ဟူသည် ဉာဉ် စရိုက်သိကို မတော်လှန်နိုင် ရှာသော စာပေသိ ပညာရှင်များကြောင့် ဖြစ်ပေါ်လာသော



www.burmeseclassic.com

www.burmeseclassic.com



ဆိုရိုး စကားတစ်ခု ဖြစ်ချေ၏။ ဆိုရိုးစကားကလည်း တကယ်ပင် မှန်ကန်ပါ၏။

ဉာဉ်သိနှင့် စရိုက်သိကို လွှမ်းမိုးနိုင်သော အသိမှာ ကံကြမ္မာသိ ဖြစ်၏။ တကယ်တမ်းကျွတ်ချိန် ရောက်လာပြီဆိုလျှင် ဉာဉ် ဘယ်လောက် ဆိုးဆိုး၊ စရိုက်ဘယ်လောက်ဆိုးဆိုး ထိုဆိုးသော ဉာဉ်၊ ထိုဆိုးသောစရိုက်ကို ကံကြမ္မာ အလှည့်အပြောင်းက ချေဖျက်နိုင်၏။ ထို့ကြောင့် ကံကြမ္မာ အလှည့်အပြောင်းကို ဘဝ၏အကွေ့ဟု ဆိုရ၏။ ဤနေရာ၌ ကံကြမ္မာကို အတ္တဝါဒဟု ဆို၏။ အတ္တဝါဒ ဆိုသည်မှာ အတ္တဟု ဆိုစရာဟူ၍ အဓိပ္ပာယ် ရ၏။ အမှန်အားဖြင့် အရဟတ္တမဂ်ကို မရသရွေ့ အတ္တသည် ရှိနေမည် ဖြစ်၏။ အတ္တ ရှိနေသေးသရွေ့ ကံသည် ရှိနေမည်ဖြစ်၏။ အရဟတ္တမဂ်ဖြင့် အတ္တကို အကြွင်းမဲ့ ပယ်လိုက်သည်နှင့် တစ်ပြိုင်နက် အတ္တချုပ်ငြိမ်းသွားပြီး ကံသည် လည်း ချုပ်ငြိမ်းသွားမည် ဖြစ်၏။ ထိုအခါ ကံဟူ သမျှသည် ကြိယာအဖြစ်သို့ ရောက်သွားပေလိမ့် မည်။ ထို့ကြောင့် ကံကိုပင် အတ္တဝါဒဟု ဆိုနိုင်၏။ အတ္တဟူသည် အမြဲမရှိ၊ ပျက်စီးနိုင်သလို ကံသည် လည်း အမြဲမရှိ၊ ပျက်စီး နိုင်ပါ၏။

အသိဟူသမျှသည် ဥပါဒါန်ကြောင့် ဖြစ် လေရာ ဥပါဒါန် မရှိတော့လျှင် အသိဟူ၍လည်း မရှိတော့။ အသိမရှိတော့လျှင် ဘဝဟူ၍လည်း မရှိတော့ချေ။ ဤနေရာ၌ အသိဟူသည်မှာ ကုသိုလ်ဇောနှင့် အကုသိုလ်ဇောတို့ပင် ဖြစ်၏။ ထို့ ကြောင့်ပင် ဥပါဒါနိရောဓာ ဘဝနိရောဓာ-



www.burmeseclassic.com

www.burmeseclassic.com



ဥပါဒါန်တို့ ချုပ်လျှင် ကမ္မဘဝလည်း ချုပ်လေ၏ ဟူ၍ ပဋိစ္စသမုပ္ပါဒ်၌ ပဋိလောမနည်းအရ ဟောကြားတော်မူခြင်း ဖြစ်၏။

အာရုံများကို အာရုံပြုရာ၌ ဥပါဒါန် ချုပ်သွားအောင် မြင်လျှင် မြင်ကာမျှ၊ ကြားလျှင် ကြားကာမျှ အဆင့်၌သာ ရပ်တန့်ရ၏။ ဘာကိုမြင်သည်၊ ဘာကို ကြားသည်ဟူ၍အထိမရောက်အောင်သတိ ထားရ၏။ မြင်ခြင်း၊ ကြားခြင်း၌လည်း "ငါ"က မြင်သည်၊ "ငါ" က ကြားသည်ဟူ၍ အတ္တသဘော မပါဝင်စေဘဲ မြင်စိတ်က မြင်ခြင်းဖြစ်သည်၊ ကြားစိတ်က ကြားခြင်းဖြစ်သည် ဟူ၍သာ နား လည်ရအောင် သတိထားရ၏။ အတ္တသဘော မပါ ဝင်လျှင် ကံဖြစ်ဖို့ လမ်းမရှိ။ အမှန်အားဖြင့် အတ္တ ရှိမှ ကံဖြစ်၏။ အတ္တမရှိတော့သဖြင့် ကံဖြစ်ဖို့ လမ်းမရှိလျှင် ပဋိစ္စသမုပ္ပါဒ်၌ ပဋိလောမနည်းအရ ခန္ဓာများ လည်ပတ်နေခြင်းသာ ဖြစ်၏။ အနုလောမနည်းအရ လည်ပတ်နေခြင်းမဟုတ်။ခန္ဓာများသည် ပဋိစ္စသမုပ္ပါဒ်၌ ပဋိလောမနည်း အရ လည်ပတ်ခြင်းဖြစ်လျှင် ဘဝဒုက္ခမှ လွတ် မြောက်ရေးသို့ ဦးတည်နေခြင်းဖြစ်၏။ ဘဝ လွတ်မြောက်ရေးသို့ ဦးတည်ပါလျှင် ဥပါဒါန်များ ချုပ်ပြီး ကံကြမ္မာသိများ ချုပ်ငြိမ်းကာ သန္တိသုခကို မျက်မှောက် ပြုနိုင်ပေလိမ့်မည်။

ကာမေသု မိစ္ဆာစာရအရ သူတစ်ပါး၏ သားမယားကို ပြစ်မှားခြင်းမှ ကြဉ်ရှောင်ခြင်းသည် ဤသိက္ခာပုဒ်၏ တိုက်ရိုက်အနက်အဓိပ္ပာယ် ဖြစ်၏။ သွယ်ဝိုက်



www.burmeseclassic.com

www.burmeseclassic.com



အနက် အဓိပ္ပာယ်အရ ဆိုပါ လျှင် လူမှုဆက်ဆံရေး နယ်ပယ်၌ မိမိတို့၏ ဆိုင်ရာ ဆိုင်ရာလုပ်ငန်းများအတွက် အကျိုး အမြတ်ကို ရယူသောအခါ စည်းလွတ် ဘောင်လွတ် မယူဘဲ စည်းနှင့် ဘောင်နှင့် ယူရန်ဖြစ်၏။ လိုချင်သလောက် ယူခြင်းသည် ကာမေသု၌ ကာမအရ ကာမဂုဏ်တို့အပေါ် မှားယွင်းစွာ ကျင့်ခြင်း ဖြစ်၏။ ရသင့်သလောက် ယူခြင်းသာလျှင် ကာမေသု၌ ကာမအရ ကာမဂုဏ်တို့အပေါ် မှန်ကန်စွာ ကျင့်ခြင်းမည်ပါ၏။ ထို့ကြောင့် ကာမေသု၌ ကာမအရ သူတစ်ပါး သားမယား၌ ပြစ်မှားခြင်းကို အသွင်သဏ္ဌာန်အားဖြင့်ယူ၍၊ ငါး ဖြာ အာရုံကာမဂုဏ်တို့၌ သင့်လျော်သော အတိုင်း အတာထက် ပိုလွန်၍ ယူခြင်းကို အနှစ်သာရအား ဖြင့် ယူအပ်ပါ၏။ ထိုသို့ယူပါမှလည်း ကာမေသု မိစ္ဆာစာရ ဝေရမဏီ၏ အနက်အဓိပ္ပာယ်သည် လောက၌ ငြိမ်းချမ်းသာယာမှုကို ဖြစ်စေနိုင်ပေ လိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

## ကာမေသု မိစ္ဆာစာရကို
## အနှစ်သာရအားဖြင့် ထိန်းသိမ်းပါ။
## သန္တောသ တရားကို ထူထောင်ပါ။

ကာမေသု မိစ္ဆာစာရ အရ ကာမဂုဏ်တို့၌ လွန်ကဲစွာ ကျင့်ခြင်းသည် ငါးပါးသီလကို ကျူးလွန်ခြင်း ဖြစ်၏။ အကယ်၍ကာမဂုဏ်တို့၌ လွန်ကဲစွာ မကျင့်ပါက ကာမေသုမိစ္ဆာစာရ သိက္ခာပုဒ်ကို လွန်ကျူးရာ မရောက်သည့်ပြင် ငါးပါးသီလကို လည်း လွန်ကျူးရာ မရောက်။ ထို့ကြောင့် ကာမဂုဏ်တို့၌ လွန်ကျူးစွာ မကျင့်အပ်ပါချေ။

ကာမဂုဏ်တို့၌ လွန်ကျူးစွာ မကျင့်ဖို့ဆိုပါက မိမိတို့၏ အကျိုးစီးပွားအတွက် ရနိုင်သလောက် အခွင့်အရေးများ မယူဘဲ ရသင့်သလောက် အခွင့် အရေးများကိုသာ ယူဖို့လို၏။ အကယ်၍ ပေးပိုင် ခွင့် ရှိသူက ပေးစေကာမူ မိမိတို့အနေဖြင့် ယူသင့်သလောက်ကိုသာ ယူရမည် ဖြစ်၏။ ပေးတိုင်းယူ ခြင်းသည် ကာမေသု မိစ္ဆာစာရ အရ ကာမဂုဏ် တို့၌ လွန်ကျူးစွာ ကျင့်ရာ ရောက်၏။

**ပညာ့ရိပ်မွန်**

www.burmeseclassic.com

www.burmeseclassic.com



ပေးပိုင်ခွင့် ရှိသူက ပေးခြင်းသည် ရာထူးလည်း ဖြစ်နိုင်၏။ စီးပွားဥစ္စာလည်း ဖြစ်နိုင်၏။ ဘွဲ့ထူး ဂုဏ်ထူး လည်း ဖြစ်နိုင်၏။ အခြားသော အခွင့်အရေး တစ်မျိုးမျိုး ဖြစ်ချင်လည်း ဖြစ်နိုင်၏။

ရနိုင်သလောက်မယူဘဲ ရသင့် သလောက်သာ ယူခြင်းသည် သန္တောသ မည်၏။ သန္တောသ ရှိပါမှ ကာမေသုမိစ္ဆာစာရအရကာမဂုဏ်တို့၌ လွန်ကျူးစွာ ကျင့်ရာမရောက်ဘဲ ကာမေသု မိစ္ဆာ စာရ ကာမဂုဏ်တို့၌ သင့်လျော်စွာ ကျင့်ရာ ရောက် မည်ဖြစ်၏။ သန္တောသသည် သုံးမျိုးရှိ၏။ ရနိုင်သလောက်မယူဘဲ ရသင့်သလောက်သာ ယူခြင်းလည်းရှိ၏။ ယင်းသည် ယထာလာဘ သန္တောသ မည်၏။ ရသင့် သလောက်ထဲကမှ လိုအပ် သလောက်ကိုသာ ယူခြင်းလည်းရှိ၏။ ယင်းသည် ယထာဗလ သန္တောသ မည်၏။ လိုအပ်သလောက် ထဲကမှ မိမိဘ၀အခြေအနေနှင့် ထိုက်သလောက်ကိုသာ ယူခြင်းလည်း ရှိ၏။ ယင်းသည် ယထာ သာရုပ္ပ သန္တောသမည်၏။ အမှန်အားဖြင့် သန္တော သ ရှိပါမှ လောကတွင် ကာမေသုမိစ္ဆာစာရ သိက္ခာပုဒ်ကို အနှစ်သာရ အားဖြင့် ထိန်းသိမ်းသည် မည်၏။ ထို့ကြောင့် ကာမေသုမိစ္ဆာစာရ သိက္ခာပုဒ်ကို ထိန်းသိမ်းခြင်း၏ အခြေခံသဘောသည် သန္တောသရှိမှုပင် ဖြစ်၏။ သန္တောသမရှိဘဲ နှင့် ကာမေသုမိစ္ဆာစာရ သိက္ခာပုဒ်ကို အနှစ်သာရ အားဖြင့် ထိန်းသိမ်း၍ ရကောင်းသည်မဟုတ်။ အသွင်သဏ္ဌာန် အားဖြင့်သာ ထိန်းသိမ်း၍ ရကောင်းလေ၏။ အသွင်



www.burmeseclassic.com

www.burmeseclassic.com

သဏ္ဍာန်အားဖြင့် ကာမေသုမိစ္ဆာစာရ သိက္ခာပုဒ်ကို ထိန်းသိမ်းခြင်း သည် လောကပါလတရားအရ လောကငြိမ်းချမ်း သာယာမှုကို တကယ်တမ်း ဖြစ်စေနိုင်သည် မဟုတ်။ အနှစ်သာရအားဖြင့် ကာမေသု မိစ္ဆာ စာရသိက္ခာပုဒ်ကို ထိန်းသိမ်းနိုင်မှသာ လောက ပါလတရားအရ လောက၌ ငြိမ်းချမ်းသာယာမှုကို ဖြစ်စေနိုင်မည်ဖြစ်ပါ၏။

ကာမဂုဏ်တို့ရရှိအောင် အားထုတ်ရာ၌ သန္တောသ ရှိမှုသည် ပါရမီရှိမှုဖြစ်၏။ ပါရမီမရှိဘဲ နှင့် သန္တော ရှိမှုဟူ၍ မဖြစ်ကောင်း။ သာမန်အားဖြင့် လူတို့သည် ရလေ လိုလေ အိုတဏှာဖြစ်၏။ လောဘကို မသတ်နိုင်သောကြောင့် သံသရာမှ မထွက်မြောက်နိုင်ခြင်း ဖြစ်၏။ သန္တောသဟူသည် တစ်နည်းနည်းအားဖြင့် လောဘကိုသတ်ခြင်း ပင်ဖြစ်၏။ လောဘကိုအောင်နိုင်လျှင် လောကကို အောင်နိုင်သည်ပင်ဖြစ်ရာ၏။လောဘကို အောင် နိုင်အောင် လုပ်သော လုပ်ငန်းဟူသမျှသည် ပါရမီ သဘောကို ဆောင်ပါ၏။

ပါရမီတို့တွင် ဒါနပါရမီသည် အခြေခံ အကျဆုံး ဖြစ်၏။ ဒါနအရ သူတစ်ပါးအား ပေးကမ်းစွန့်ကြဲရ၏။ သူတစ်ပါးအား ပေးကမ်း စွန့်ကြဲရာတွင် ပစ္စည်းဥစ္စာပေးမှု လည်း ပါ၏။ အကြံဉာဏ်ပေးမှုလည်းပါ၏။ သာမန် သဘော အရလူသည် ယူချင်သည့်သဘောသာရှိပေ၏။ ပေးချင်သည့် သဘောမရှိ။ လူတိုင်းက ယူချင်သည့် သဘောရှိနေလျှင် လူတစ်ယောက်နှင့် တစ်ယောက် ထိပ်


www.burmeseclassic.com

www.burmeseclassic.com



တိုက် ရင်ဆိုင်နေရမည်ချည်း ဖြစ်၏။ ထိုအခါ လောက၌ ငြိမ်းချမ်းမှုဟူ၍ ဖြစ်ပေါ်နိုင်ဖွယ်မရှိ။ အမှန်အားဖြင့် လောက၌ ငြိမ်းချမ်းမှုဟူ၍ ရှိမှသာ လောကသည် နေချင်စဖွယ် ဖြစ်မည်ဖြစ်၏။ ထို့ကြောင့် လောက၌ ယူချင်သူချည်း မရှိဘဲ ပေးချင် သူလည်းရှိဖို့ လိုအပ်၏။ သို့မှသာ လောက၌ လိုက်လျောညီထွေ သဘောသည် သက်ရောက် လာပေလိမ့်မည်။ လောက၌ လိုက်လျော ညီထွေ သဘော သက် ရောက်သည်နှင့်အမျှ လောက သည် ငြိမ်းချမ်း သာယာပေလိမ့်မည်။ အမှန်အားဖြင့် လောက၌ ယူချင်သူများထက် ပေးချင်သူများက များမည် ဆိုလျှင် လောက၌ ထိပ်တိုက်တွေ့စရာများလည်း ရှိတော့ မည် မဟုတ်တော့။

ပေးချင်သောစိတ်က အဆန်စိတ်ဖြစ်၏။ အစုန် စိတ်မဟုတ်။ အဆန်စိတ်ကို မွေးယူရ၏။ အစုန်စိတ်က မွေးယူဖို့မလို။ ပင်ကိုကပင် ရှိနှင့် ပြီးသော စိတ်ဖြစ်၏။ အဆန်စိတ်ကို မွေးမြူခြင်း သည် ပါရမီကို ဖြည့်ကျင့်ခြင်း ဖြစ်၏။ ပါရမီကို ဖြည့်ကျင့်ပါမှ သံသရာ ဝဋ္ဋဒုက္ခမှ ထွက်မြောက် နိုင်မည်ဖြစ်၏။ အဆန်စိတ်ကို မွေးခြင်း အားဖြင့် ပါရမီကို ဖြည့်ကျင့်ခြင်းမရှိဘဲ အစုန်စိတ် အတိုင်းသာ ရှိနေမည်ဆိုပါက သံသရာဝဋ္ဋဒုက္ခ၌ တဝဲ လည်လည်သာ ရှိနေပေလိမ့်မည်။ ထို့ကြောင့် လူဟူ၍ ဖြစ်လာပါက ပေးချင်သောအဆန်စိတ်ကို မွေးမြူရန် လိုအပ်ပါ၏။ ပေးချင်သောအဆန်စိတ် ကို မွေး မြူပါမှ လည်း လူဆိုသောလူ ဖြစ်လာမည် ဖြစ်၏။ သို့မဟုတ်ပါ



www.burmeseclassic.com

www.burmeseclassic.com



က လူသဏ္ဍာန်ရှိသော လူသာ ဖြစ်ပါက မနုဿတ္တဘာဝေါ ဒုလ္လဘော ဟူသော မြတ်စွာဘုရား၏ ဒေသနာတော်နှင့် ညီညွတ် လိမ့်မည် မဟုတ်။

လူတွင် ပေးချင်သောစိတ်ရှိရုံနှင့်လည်း မပြီးသေး။ မကောင်းသော ဒုစရိုက်များကို မပြုလုပ်မိအောင် နေတတ်ဖို့လည်း လိုသေး၏။ မကောင်းသော ဒုစရိုက်များတွင် ကိုယ်ဖြင့် ပြုလုပ်ရသော မကောင်းမှု ဒုစရိုက်များလည်း ရှိ၏။ နှုတ်ဖြင့် ပြုလုပ်ရသော မကောင်းမှု ဒုစရိုက် များလည်းရှိ၏။ စိတ်ဖြင့် ကြံစည်ရသော မကောင်းမှုဒုစရိုက်များလည်းရှိ၏။ ထို ဒုစရိုက် သုံးမျိုးကို မပြုလုပ်မိအောင် ရှောင်ဖို့လို၏။ ထို ကဲ့သို့ ရှောင်ကြဉ်ပါက သီလပါရမီကို ဖြည့်ကျင့်ရာ ရောက်၏။ သို့ရာတွင် လူဟူသည် အခါခပ်သိမ်း မကောင်းမှုဒုစရိုက်များကို ရှောင်ကြဉ် နိုင်မည် မဟုတ်။

အမှန်အားဖြင့် မိမိ၏ ကိုယ်ကျိုးစီးပွားနှင့် ပတ်သက်လာလျှင် မကောင်းမှုဒုစရိုက်ဟူသမျှကို မလုပ်မိအောင် ရှောင်ကြဉ်ရမည်ဖြစ်၏။ သို့ရာတွင် မိမိ၏ မိသားစုနှင့် ပတ်သက်လာလျှင်ဖြစ်စေ၊ မိမိ၏ရပ်ရွာနှင့် ပတ်သက်လာလျှင်ဖြစ်စေ၊ မိမိ နိုင်ငံလူမျိုးနှင့် ပတ်သက်လာလျှင်ဖြစ်စေ၊ လောကနှင့် ပတ်သက်လာလျှင် ဖြစ်စေ မကောင်းမှု ဒုစရိုက်များကို ရှောင်ကြဉ်ဖို့ ခဲယဉ်း၏။ အကျဉ်းအားဖြင့် လောက၏အကျိုးစီးပွားကို ထိခိုက်သောမကောင်းမှု ဒုစရိုက်များကို ရှောင်ကြဉ်ရန် မသင့်ပါချေ။ ဓမ္မ ဘက်မှ နေ၍ တိုက်ခိုက်ရမည်ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



လောက၌ အမွေ မလှမ်းမိုးရလေအောင် ဆောင်ရွက်ဖို့ အတွက် လူဆိုသော လူတို့၌ တာဝန်ရှိပါ၏။ အကယ်၍ မိမိ၏မိသားစုကို ထိခိုက်စော်ကားမှုကို လက်ပိုက်၍ ကြည့်နေလျှင်ဖြစ်စေ၊ မိမိ၏ရပ်ရွာ အကျိုးစီးပွားကို ထိခိုက်စော်ကားမှုကို လက်ပိုက် ၍ ကြည့်နေလျှင်ဖြစ်စေ၊ မိမိနိုင်ငံနှင့် လူမျိုး၏ အကျိုးစီးပွားကို ထိခိုက်စော်ကား မှုကို လက်ပိုက် ကြည့်နေလျှင်ဖြစ်စေ၊ လောက၏ အကျိုးစီးပွားကို ထိခိုက်စော်ကားမှုကို လက်ပိုက်၍ ကြည့် နေလျှင် ဖြစ်စေ လောက၌ အမွေလွှမ်းမိုးလာမည် ဖြစ်၏။ အမှန်အားဖြင့် လောက၌ အမွေလွှမ်းမိုးခြင်းကို မည်သည့် နည်းနှင့်မျှ ခွင့်ပြုရမည် မဟုတ်။ တစ်နည်းနည်း အားဖြင့် တွန်းလှန် တိုက်ဖျက် ရ မည်သာ ဖြစ်၏။ ထိုသို့ တွန်းလှန် တိုက်ဖျက်ရာ၌ ကိုယ်ကျိုးစီးပွားအတွက် မဟုတ်ဘဲ လောက အကျိုးစီးပွား အတွက်သာ တွန်းလှန် တိုက်ဖျက်ရမည် ဖြစ်၏။ ထိုကဲ့သို့ တွန်းလှန် တိုက်ဖျက် ပါမှ ဓမ္မဘက်မှ ရပ်တည်၍ တွန်းလှန် တိုက်ဖျက်ခြင်း မည်ပါ၏။

လူဟူသည် အမွေကို တွန်းလှန်တိုက်ဖျက်ရုံနှင့် လည်း မပြီးသေး။ လွတ်လွတ် စွန့်လွှတ်သော စိတ်ထား ရှိဖို့လည်း လို၏။ လွတ်လွတ် စွန့်လွှတ်သော စိတ်ထား ရှိမှုကို ပါဠိဝေါဟာရအားဖြင့် မုတ္တ စာဂဟူ၍ခေါ်၏။ ဒါနမှုကို လုပ်သည်ဖြစ်စေ၊ သီလမှုကို လုပ်သည်ဖြစ်စေ မိမိ၏ ကိုယ်ကျိုး စီးပွားကို ငဲ့ကွက်ခြင်းမပြုဘဲ သူတစ် ပါး၏ အကျိုးစီးပွားအတွက်၊ လောက၏ အကျိုးစီးပွား



www.burmeseclassic.com

www.burmeseclassic.com



အတွက် ငဲ့ကွက်၍ ပြုလုပ်ခြင်းသည် လွတ်လွတ်စွန့် လွှတ်မှု မုတ္တစာဂ ဖြစ်၏။

သူတစ်ပါးအား ပေးကမ်းရာ၌ ဖြစ်စေ၊ သူတစ်ပါးအတွက် မကောင်းမှု ဒုစရိုက်ကို ကျူးလွန်ရာ၌ဖြစ်စေ ထိုသူများထံမှ တုံ့ပြန်မှုကို မမျှော်ကိုးဘဲ သက်သက် ပေးချင်၍ ပေးခြင်းမျိုး၊ သူတစ်ပါး မထိခိုက်ရလေအောင် ကူညီချင်၍ ကူညီခြင်းမျိုးသာ ဖြစ်စေရမည် ဖြစ်၏။ မိမိ အတွက်မူ ပစ္စုပ္ပန်၌ နစ်နာချင်လည်း နစ်နာမည် ဖြစ်၏။ တမလွန်၌ နစ်နာချင်လည်း နစ်နာမည်ဖြစ်၏။ နစ်နာမှုတွင် ပစ္စည်းဥစ္စာ ဆုံးရှုံးချင်လည်း ဆုံးရှုံးမည် ဖြစ်၏။ ကိုယ်အင်္ဂါအစိတ်အပိုင်းများ ဆုံးရှုံးချင်လည်း ဆုံးရှုံးမည်ဖြစ်၏။ အသက် သည်ပင် ဆုံးရှုံးချင်လည်း ဆုံးရှုံးမည် ဖြစ်၏။ အပါယ်သို့ ကျချင်လည်း ကျမည် ဖြစ်၏။ အကယ်၍ အကုသိုလ်ကံကြောင့် အပါယ်သို့ ကျစေကာမူ သူတစ်ပါးအတွက်၊ လောက အတွက် ဓမ္မဘက်က ရပ်တည်ခဲ့သော ပါရမီကုသိုလ် ကံကြောင့် ဖြစ်လေရာဘဝတို့၌ အထက်တန်းက သာဖြစ်ရ၏။ ငှက် ဖြစ်လျှင်လည်း ငှက်မင်း၊ ငှက် ပရောဟိတ်၊ မျောက် ဖြစ်လျှင်လည်း မျောက်မင်း၊ ဆင်ဖြစ်လျှင်လည်း ဆင်မင်း ဖြစ်ရ၏။ ဤသဘော ကို ဇာတ်တော်များ၌ တွေ့နိုင်၏။ အကုသိုလ်ကံက အကုသိုလ် အကျိုးကိုပေး၍ ပါရမီကုသိုလ်ကံက ပါရမီကုသိုလ် အကျိုးကိုပေး၏။ ကံချင်း မရော။ အကုသိုလ် အကုသိုလ်သတ်သတ်၊ ကုသိုလ် ကုသိုလ်သတ်သတ် ဖြစ်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဒါနမှု ပြုရာ၌ဖြစ်စေ၊ သီလမှု ပြုရာ၌ ဖြစ်စေ လွတ်လွတ်စွန့်လွှတ်ခြင်း မုတ္တစာဂကို နေက္ခမ္မပါရမီ ဟူ၍ ဆိုရ၏။ နေက္ခမ္မ၏ အနက်မှာ ကာမတို့မှ ထွက်မြောက်မှု ဟူ၍ဖြစ်၏။ ကာမအရ ဝတ္ထုကာမလည်း ပါ၏။ ကိလေသာ ကာမလည်း ပါ၏။ ကာမနှစ်မျိုးတွင် ကိလေသာကာမက ပို၍ အရေးကြီး၏။ ရွံ့ညွှန်တော၌ ပေါက်သောကြာ သည် ရွံ့ညွှန်တို့ဖြင့် မလိမ်းကျံသော အခါ ပို၍ မြတ်နိုးဖွယ်ဖြစ်သကဲ့သို့ ကာမဂုဏ်တော၌ နေပါ လျက် တဏှာရာဂဖြင့် မလိမ်းကျံခြင်းသည် မြတ်နိုးဖွယ်ကောင်းပါ၏။ အမှန်အားဖြင့် မျက်စိ ရှိပါက မျက်စိဖြင့် မြင်စရာကို မြင်မည်ဖြစ်၏။ နားရှိပါက နားဖြင့် ကြားစရာကို ကြားမည်ဖြစ်၏။ နှာခေါင်း ရှိပါက နှာခေါင်းဖြင့် နံစရာကိုနံမည် ဖြစ်၏။ လျှာရှိပါက လျှာဖြင့် စားစရာကို စားမည် ဖြစ်၏။ ကိုယ်ခန္ဓာရှိပါက ကိုယ်ခန္ဓာဖြင့် ထိတွေ့ စရာကို ထိတွေ့မည်ဖြစ်၏။ မြင်စရာ၊ ကြားစရာ၊ နံစရာ၊ စားစရာ၊ ထိတွေ့စရာများကား ကာမဂုဏ်တရားများ ဖြစ်ကြ၏။ သို့ရာတွင် ကာမဂုဏ်များ ကား အရေးကြီးကြသည် မဟုတ်။ ကာမဂုဏ်၌ တပ်မက်သော တဏှာရာဂ မရှိခြင်းကသာ အရေး ကြီး၏။ ထို့ကြောင့် တဏှာရာဂ မရှိလျှင် ကာမဂုဏ်သည် ကာမဂုဏ်ဟူသော အမည်ကိုပင် ရနိုင်တော့မည် မဟုတ်။ သင်္ခါရဟူသော အမည် ကိုသာ ရဖို့ရှိတော့ ၏။ ထို့ကြောင့် နေက္ခမ္မအရ ကိလေသာကာမမှ လွတ်မြောက်မှုကို ပဓာနအား ဖြင့် ယူ၍ ဝတ္ထုကာမမှလွတ်မြောက်မှုကို အပဓာန အားဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ယူရ၏။ ကိလေသာကာမမှ လွတ်မြောက် မှု ဟူသည်ကား လွတ်လွတ်စွန့်လွှတ်မှု မုတ္တစာဂ ဖြစ်၏။

လူဟူသည် လွတ်လွတ်စွန့်လွှတ်မှု မုတ္တ စာဂရှိရုံနှင့်လည်း မပြီးသေး၊ ပညာရှိဖို့လည်း လိုသေး၏။ ပညာရှိမှုကား ရိုးရိုးပညာမဟုတ်။ ပါရမီ ပညာရှိမှုပင်ဖြစ်၏။ ပါရမီပညာဟူသည် ကား အကြောင်းနှင့်အကျိုးတို့၏ ဖြစ်ပေါ်မှုနှင့် အကြောင်းနှင့်အကျိုးတို့၏ ချုပ်ပျောက်မှုကို သိသော ပညာဖြစ်၏။ ပါဠိဝေါဟာရအားဖြင့် ဆိုရ လျှင် ပဋိစ္စသမုပ္ပါဒ်ကို သိသောပညာဖြစ်၏။ ပဋိစ္စသမုပ္ပါဒ်ကို သိရာတွင် အဖြစ် အနုလောမ သဘောကိုလည်း သိရ၏။ အချုပ် ပဋိလောမကို လည်း သိရ၏။ အမှန်အားဖြင့် အဖြစ် အနု လောမသဘောကို သိရုံမျှနှင့် ပါရမီပညာ အမည် ကို မရနိုင်သေး။ အချုပ် ပဋိလောမကိုပါ သိမှ ပါရမီပညာအမည်ကို ရ၏။ အချုပ်ပဋိလောမကိုပါ သိပါမှ မိမိ သိသော ပညာဖြင့် ကိလေသာကို ပယ်နိုင်မည်ဖြစ်၏။ အမှန်အားဖြင့် သိရုံသာသိပြီး ကိလေသာကို မပယ်နိုင်သောပညာသည် ရိုးရိုး ကာမာဝစရ ပညာသာဖြစ်သည်။ ပါရမီပညာ မဟုတ်။ သိသည်နှင့်တစ်ပြိုင်နက် ကိလေသာကို ပယ်နိုင်သော ပညာမှသာ ပါရမီပညာဖြစ်၏။ ထို့ကြောင့် လူဟူသည် မိမိ၏အသိ၊ မိမိ၏ ပညာ ဖြင့် အဝိဇ္ဇာတဏှာ စသော ကိလေသာများကို ပယ်သတ်ရမည်ဖြစ်၏။

မိမိ၏အသိ၊ မိမိ၏ပညာဖြင့် အဝိဇ္ဇာ တဏှာ စသော ကိလေသာများကို ပယ်သတ်နိုင်ရုံမျှနှင့်လည်း



www.burmeseclassic.com

www.burmeseclassic.com



မပြီးသေး။မဖြစ်သေးသော အကုသိုလ် များကို မဖြစ်ရလေအောင်၊ ဖြစ်ပြီးသော အကုသိုလ်များကို ပယ်သတ်နိုင်အောင် ကြိုးပမ်းဖို့ လည်း လို၏။ တစ်ဖန် မဖြစ်သေးသော ကုသိုလ် များကို ဖြစ်ပွားလာအောင်၊ ဖြစ်ပြီးသော ကုသိုလ် များကိုလည်း တိုးပွားအောင် ကြိုးပမ်းဖို့လည်း လို၏။ ထိုကဲ့သို့ ကြိုးပမ်းနိုင်ပါမှ ဝီရိယပါရမီကို ဖြည့်ကျင့်ရာ ရောက်၏။

ဝီရိယဟူသည် အစ၌သာ အားကောင်းသော ဝီရိယလည်း ရှိ၏။ အလယ်တိုင်အောင် အားကောင်းသော ဝီရိယလည်းရှိ၏။ အဆုံးတိုင် အောင် အားကောင်းသော ဝီရိယလည်း ရှိ၏။ ပါရမီ ဝီရိယကား လုပ်ငန်း၏ အစ၊ အလယ်၊ အဆုံး သုံးပါးလုံး၌ အားကောင်းဖို့ လိုသည့်အပြင် မကောင်းမှုနှင့်မယှဉ်ဘဲ ကောင်းမှုနှင့်သာ ယှဉ် သော ဝီရိယဖြစ်၏။ ယင်းကိုပင် သမ္မပ္ပဓာန် ဝီရိယ ဟု ဆိုရ၏။ ထို့ကြောင့် လူဟူသည် မည်သည့် လုပ်ငန်းကို လုပ်လုပ်၊ ပါရမီ ဝီရိယမျိုးဖြင့် လုပ် ရမည်ဖြစ်၏။ ပါရမီ ဝီရိယဖြင့် လုပ်ပါမှ လူဆို သော လူ ဖြစ်နိုင်၏။

လူဟူသည် ဝီရိယ ပါရမီရှိရုံနှင့်လည်း မပြီးသေး။ သည်းခံခြင်း ခန္တီရှိဖို့လည်း လိုအပ်၏။ လုပ်ငန်းဟူသမျှ၌ အနည်းနှင့်အများ ကျော်လွှား ရမည့် အခက်အခဲများ ရှိစမြဲဖြစ်၏။ ထို အခက်အခဲများသည် လူ၏ အရည်အသွေးကို စမ်းသပ် တတ်သော စမ်းသပ်ချက်များ သာဖြစ်၏။ မည်သူက မည်သို့ပင် စမ်းသပ် စမ်းသပ်၊ ထိုအခက်အခဲ များကို ကျော်လွှားနိုင်အောင် ကြိုးပမ်းရ



www.burmeseclassic.com

www.burmeseclassic.com



မည် ဖြစ်၏။ ထိုကဲ့သို့ စိတ်ဓာတ်မကျဘဲ ကျော်လွှား နိုင်အောင် ကြိုးပမ်းခြင်းသည် သည်းခံခြင်း ခန္တီ မည်၏။ ထို့ကြောင့် လူသည် လုပ်ငန်း၌ကြုံတွေ့ နေရသော အခက်အခဲဟူသမျှကို ကျော်လွှား နိုင်အောင် အားထုတ်ရ၏။ ထိုကဲ့သို့ အားထုတ် နိုင်ပါမှ ခန္တီပါရမီနှင့် ပြည့်စုံရာ ရောက်မည် ဖြစ် ၏။

လုပ်ငန်းများတွင် တွေ့ကြုံရသော အခက် အခဲများကို ကျော်လွှားနိုင်ရုံနှင့်လည်း လူဟူသည် ပြည့်စုံသည် မမည်သေး။ သစ္စာရှိဖို့လည်း လိုသေး ၏။ မြတ်စွာဘုရားအလောင်းတော်သည် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းတို့ ကာလပတ်လုံး မုသာ ဝါဒသိက္ခာပုဒ်ကိုမူ မည်သည့်အခါမျှ မကျူးလွန်ခဲ့ ချေ။ မုသာဝါဒ သိက္ခာပုဒ်သည် ထိုမျှလောက် အရေးကြီး၏။ မုသာဝါဒသိက္ခာပုဒ် အရေးကြီးသည်နှင့်အမျှ သစ္စာပါရမီသည်လည်း အရေးကြီး ပါ၏။ လူလူချင်းဆက်ဆံရာ၌ စကားကို အခိုင်အမာပြု၍ ဆက်ဆံရသည်ဖြစ်လေရာ၊ တစ်ဦး စကားကိုမှ တစ်ဦးက မယုံကြည်နိုင်ပါလျှင် ဤ လောက၌ လူမှု ဆက်ဆံရေးဟူ၍ မည်သို့မျှ ရှိနိုင် တော့မည်မဟုတ်။ လူမှုဆက်ဆံရေး မရှိတော့လျှင် ဤလောကသည် ကမောက်ကမ ဖြစ်ရုံမှ တစ်ပါး အခြား ဘာမှ မဖြစ်နိုင်တော့။ ထို့ကြောင့် ဤ လောကသည် ကမောက်ကမ မဖြစ်ရလေအောင် လူသည် မှန်မှန်ကန်ကန် ပြောဖို့လည်း လိုအပ် ပါ၏။ သို့မှသာ တစ်ဦး၏ စကားကို တစ်ဦးက ယုံကြည်ပြီး အချင်းချင်း ဆက်ဆံရမည်ဖြစ်၏။

**ပညာ့ရိပ်မွန်**

www.burmeseclassic.com

www.burmeseclassic.com



မှန်မှန်ကန်ကန် ပြောဆိုရုံနှင့်လည်း မပြီး သေး။ ဒါနမှု၊ သီလမှု စသော လုပ်ငန်းများ မပျက်ပြား သွားရလေအောင် ခိုင်မာသော ဆုံးဖြတ်ချက်ချပြီး ထို ဆုံးဖြတ်ချက်အတိုင်း ဆောင်ရွက်ဖို့လည်း လို၏။ ယင်းသို့ ဆောင်ရွက် ခြင်းကို အဓိဋ္ဌာန် ပါရမီ ဖြည့်ကျင့်သည်ဟု ဆို၏။ အဓိဋ္ဌာန် ပါရမီသည် ထိုထိုပါရမီတို့၏ ဆန့်ကျင်ဘက်များကို နှိမ်နင်းပေးသော ပါရမီဖြစ်၏။ ထို့ကြောင့် ထိုထိုပါရ မီများ မရှိဘဲနှင့် အဓိဋ္ဌာန် ပါရမီ ဟူ၍ မရှိနိုင်။ အမှန်အားဖြင့် ဒါနပါရမီကို ဖြည့်ကျင့်ရာ၌ ဒါန၏ ဆန့်ကျင်ဘက်များကို အဓိဋ္ဌာန်ပါရမီက ဖယ်ရှားပေး၏။ သီလပါရမီကို ဖြည့်ကျင့်ရာ၌ သီလ၏ ဆန့်ကျင်ဘက်များကို အဓိဋ္ဌာန် ပါရမီက ဖယ်ရှားပေး၏။ အခြားပါရမီကို ဖြည့်ကျင့်ရာ၌လည်း အခြား ပါရမီများ၏ ဆန့်ကျင်ဘက်များကို အဓိဋ္ဌာန် ပါရမီက ဖယ်ရှား ပေး၏။ ထို့ကြောင့် ထိုထိုပါရမီများသည် မိမိတို့ ဆိုင်ရာ အထွတ်အထိပ်သို့ရောက်ကြရခြင်းဖြစ်၏။ အကယ်၍ ဒါန ပြုလုပ်ရာ၌ စိတ်ကွက်စရာ အကြောင်းများနှင့် တွေ့ကြုံသောအခါ ဒါနသည် အားပျော့လာတတ်၏။ ထိုအခါ အဓိဋ္ဌာန် ပါရမီက အားပျော့မသွား ရလေအောင် အားဖြည့်ပေးရ ၏။ သီလ ဆောက်တည်ရာ၌လည်း ထိုအတူ အားပျော့လာပါက အားပျော့မသွားရလေအောင် အဓိဋ္ဌာန် ပါရမီက အားဖြည့်ပေးရ၏။ အခြား ပါရမီများ အားပျော့သွားရာ၌လည်း အဓိဋ္ဌာန် ပါရမီက အားပျော့မသွား



www.burmeseclassic.com

www.burmeseclassic.com



အောင် ပံ့ပိုးပေး၏။ ထို့ကြောင့် လုပ်ငန်းများကို လုပ်ရာတွင် အဓိဋ္ဌာန် သဘောကို ပါဝင် ကြိုးပမ်းအပ်၏။

အဓိဋ္ဌာန်သဘောပါဝင်ရုံနှင့်လည်း မပြီး သေး။ မေတ္တာသဘောလည်း ပါဝင်ဖို့လိုပါ၏။အမှန်အားဖြင့် မေတ္တာဟူသည် လောကၥသိပ် သည်းခြင်း၏ သင်္ကေတဖြစ်၏။ မေတ္တာသာ မရှိလျှင် လောကၥ သိပ်သည်းခြင်း ဟူ၍ မရှိ တော့ဘဲ ဖရိုဖရဲ ကွဲခြင်းသာ ရှိပေလိမ့်မည်။ သိပ်သည်းခြင်းသည် "အား" ဖြစ်၏။ ဖရိုဖရဲ ကွဲခြင်းသည် အားမဟုတ်၊ "ချည့်နဲ့" ခြင်း ဖြစ်၏။

မေတ္တာကို ချစ်ခြင်း ဟူ၍ ဘာသာပြန် ဆိုကြ၏။ အမှန်အားဖြင့် ချစ်ခြင်းတွင် ချစ်သူချစ် လည်း ပါဝင်၏။ မိသားစုချစ်ခြင်းလည်း ပါဝင်၏။ လောကချစ်လည်း ပါဝင်၏။ ချစ်သူချစ်ကို တဏှာ ပေမဟူ၍ခေါ်၏။ မိသားစုချစ်ကို ဂေဟဿိတ ပေမ ဟူ၍ခေါ်၏။ လောကချစ်ကိုသာ မေတ္တာ ဟူ၍ခေါ်၏။ ချစ်သူချစ်၌လည်း ဘောင်ရှိ၏။ မိသားစုချစ်၌လည်း ဘောင်ရှိ၏။ လောကချစ်၌ကား ဘောင်မရှိ။ ထို့ကြောင့် မေတ္တာဖြင့်ချစ်ရာ၌ လောကတွင် အချစ်မခံရသူဟူ၍ ကျန်ရစ်ခြင်း မရှိ။ အားလုံး အချစ်ခံရသူချည်း ဖြစ်၏။ ထို့ကြောင့် လူဟူသည် လောကကို မေတ္တာဖြင့် ချစ်တတ်ဖို့ လည်းလို၏။

မေတ္တာဖြင့်ချစ်ရုံနှင့်လည်း မပြီးသေး။ လျစ်လျူရှုတတ်ဖို့လည်း လို၏။ လျစ်လျူရှုခြင်းကို ဥပေက္ခာမေတ္တာဟူ၍ခေါ်၏။ လောကအတွက် ကောင်းစား အောင် အားထုတ်ရာ၌ လျစ်လျူမှု မရှိ၊ ကြီးစွာလုံ့လ



www.burmeseclassic.com

www.burmeseclassic.com



စိုက်၏။ အကျိုးကို ရရှိခံစားရာ၌သာ လျစ်လျူရှု၏။ ကံအတိုင်းထား၏။ ထို့ကြောင့် ဥပေက္ခာမေတ္တာ ဟူသည် အကြောင်း၌ လျစ်လျူမရှုဘဲ အကျိုး၌သာ လျစ်လျူရှု၏။ ထို့ကြောင့် လူဟူသည် လောကအတွက် လုပ်ငန်း ကို လုပ်ရာ၌ လုပ်နိုင်သမျှ လုပ်၍ အကျိုးရရှိမှု၌မူ ကံအတိုင်း ရချင်သလောက် ရစေရန် လျစ်လျူရှုနိုင်ရမည်ဖြစ်၏။

လူဟူသည် ကာမေသု သမ္မာစာရ ကာမ ဂုဏ် တို့၌ သင့်လျော်စွာ ကျင့်နိုင်ရေးအတွက် ပါရမီ ဆယ်ပါး တို့ကို စွမ်းနိုင်သလောက် ကျင့်သုံးအပ်၏။ ထိုသို့ကျင့် သုံးပါက ကာမဂုဏ်တို့၌ မှားယွင်းစွာ ကျင့်သုံးခြင်း၏ ဆန့်ကျင်ဘက် ဖြစ် သော သန္တောသတရားကို ထူထောင် ရာ ရောက်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)
## ကိုယ်၊ နှုတ်၊ စိတ် ညီအောင်ကြိုးစားပါ။

မုသာဝါဒါ ဝေရမဏီ-မုသားပြောခြင်းမှ ရှောင် ကြဉ် ပါ၏ဟူ၍ ဆိုရာ၌ မုသားဆိုသည်မှာ လိမ်၍ ပြောခြင်း နှင့် ပြောသည့်အတိုင်း မလုပ်ခြင်းပင် ဖြစ်၏။ အမှန်အား ဖြင့် လိမ်၍ပြောခြင်းနှင့် ပြောသည့်အတိုင်း မလုပ်ခြင်း သည် သူတစ်ဖက် သားကို အထင်မှားအောင် လှည့်စား ခြင်းဖြစ်၏။ ထို့ကြောင့် လူတစ်ယောက်ကို ဖြစ်စေ၊ လူအများ ကိုဖြစ်စေ အထင်မမှားရလေအောင် ကြွားဝါ ခြင်း မပြုဘဲ မှန်မှန်ကန်ကန် ပြောဆိုခြင်းနှင့် ပြော သည့် အတိုင်းလုပ်ခြင်းသည် မုသာဝါဒါ ဝေရမဏီ အရ မုသား ပြောဆိုခြင်းမှ ရှောင်ကြဉ်သည် မည်၏။

ကုသိုလ်အရာတွင် သစ္စဝါစာသည် အင် အား ကောင်း၍ အကုသိုလ်အရာတွင် မုသာဝါဒ သည် အင် အားကောင်း၏။ မြတ်စွာဘုရား အလောင်းတော်အနေ ဖြင့် ငါးပါးသီလတွင် ပါဏာတိပါတ စသော သိက္ခာ



www.burmeseclassic.com

www.burmeseclassic.com



ပုဒ်များကို အကြောင်းအား လျော်စွာ လွန်ကျူးနိုင်သော်လည်း မုသာဝါဒ သိက္ခာပုဒ်ကိုကား သူတစ်ပါး အကျိုးပျက်လောက်အောင် မည်သည့်အခါမျှ လွန်ကျူးခဲ့ခြင်း မရှိဟူ၍ ဆရာတော် အရှင်ဇနကာဘိဝံသက သူ၏ ဗုဒ္ဓဝင် အမေးအဖြေ၌ ဆို၏။ ထို့ကြောင့် မုသာဝါဒ သိက္ခာပုဒ်သည် ဘုရားကိုပင် ဖြစ်စေနိုင်လောက်အောင် ကုသိုလ်အရာ၌ အရေးပါ၏။ အကုသိုလ်အရာ၌ အရေးပါ ကြောင်းကိုမူ အပြန်နည်းဖြင့် သိနိုင်လေ၏။

မှန်ကန်သောစကား သစ္စဝါစာသည် မုသာဝါဒ၏ ဆန့်ကျင်ဘက်ဖြစ်၏။ ထို့ကြောင့် မှန်ကန်စွာ ပြောဆိုခြင်းကို သစ္စပါရမီ အနေဖြင့် ဟောကြားတော်မူခြင်း ဖြစ်၏။ သို့ရာတွင် မှန်ကန်စွာ ပြောဆိုတိုင်းလည်း သစ္စပါရမီ ဖြစ်သည် မဟုတ်။ ပါရမီ ဟူသည်မှာ မြင့်မြတ်သူတို့၏ လုပ်ငန်းဖြစ်၏။ ထို့ကြောင့် မှန်ကန်စွာ ပြောဆိုရာ၌ မြင့်မြတ်မှု သဘောပါအောင် ပြောဖို့ လို၏။ သို့မှသာ မှန်ကန်စွာ ပြောဆိုခြင်းသည် သစ္စပါရမီမြောက်သော ပြောဆိုခြင်း ဖြစ်ပေ လိမ့်မည်။ အမှန်အားဖြင့် သူ တစ်ပါးထံမှ အကျိုးကို မမျှော်ကိုးသော စိတ်ထားဖြင့် မှန်မှန်ကန်ကန် ပြောဆိုခြင်းသည်သာ မြင့်မြတ်သော သဘောကို ဆောင်၏။ အသိဉာဏ်ပညာနှင့် ယှဉ်ရာ၌လည်း ရောက်၏။ နိဗ္ဗာန်၏ အထောက်အပံ့လည်း ဖြစ်၏။ လောက၌ မည်သည့်လုပ်ငန်းကို လုပ် သည် ဖြစ်စေ၊ ဉာဏ်နှင့်ယှဉ်ပြီး လုပ်ပါမှ မြင့် မြတ်ရာရောက်၏။ မြင့်မြတ်ရာ ရောက်ပါမှလည်း ပါရမီမြောက်၏။ ပါရမီ



www.burmeseclassic.com

www.burmeseclassic.com



မြောက်ပါမှလည်း နိဗ္ဗာန် ကို ရောက်နိုင်၏။ သို့မဟုတ်ပါက နိဗ္ဗာန်ကို ရောက်ဖို့အကြောင်း မရှိပါချေ။

လောကတွင် လူဟူသည် တစ်ဦးနှင့်တစ်ဦး မလွဲမသွေ ဆက်ဆံရ၏။ ထိုသို့ဆက်ဆံရာတွင် စကားသည် ပဓာနကျသော ကဏ္ဍမှ ပါဝင်၏။ စကားကို အားကိုး၍ ယုံထိုက် မယုံထိုက် ဆုံးဖြတ် ကာ ဆက်ဆံရခြင်း ဖြစ်လေရာ မမှန်မကန်သော စကားကို အားကိုးပြီးဆက်ဆံမိပါက လောက သည် ကမောက်ကမ ဖြစ်သွားပေလိမ့်မည်။ ထို့ ကြောင့် တစ်ဦးနှင့်တစ်ဦး ဆက်ဆံရာတွင် လောက၌ ငြိမ်းချမ်းသာယာမှု ဖြစ်ထွန်းရေးအတွက် မုသာဝါဒ သိက္ခာပုဒ်မှ ရှောင်ကြဉ်ကာ မှန်မှန်ကန်ကန် ပြောဆိုပြီး ဆက်ဆံဖို့လို၏။ ထိုကဲ့သို့ ပြောဆိုပြီး ဆက်ဆံခြင်းအားဖြင့် လောက၌ ငြိမ်းချမ်းသာယာမှုကို ဖြစ်ထွန်းစေနိုင် ၏။ ပြောသူအနေဖြင့် မြင့်မြတ်မှုသဘော ပါဝင် ပါက သစ္စပါရမီကို ဖြည့်ကျင့်ရာလည်းရောက်၏။ သစ္စပါရမီသဘော မရောက်သည့်တိုင်အောင် မုသာဝါဒ သိက္ခာပုဒ်ကို လိုက်နာကျင့်သုံးရာ ရောက်သည်ကတော့ အမှန်ဖြစ်၏။

နှုတ်တစ်ရာ စာတစ်လုံး ဟူသော ဆိုရိုး စကား ရှိ၏။ အမှန်အားဖြင့် စာ ဟူသည်မှာလည်း စကား၏ အုပ်စုဝင်ပင် ဖြစ်၏။ သို့ဖြစ်လေရာ ဝစီကံသည် သစ္စာနှင့် ယှဉ်ပါက လောကကို စောင့်ရှောက်တတ်၏။ သစ္စာနှင့် မယှဉ်ပါက လောကကို ဖျက်ဆီးတတ်၏။ ထို့ကြောင့် လောက၏ ကောင်းကျိုး ဆိုးပြစ်သည် ဝစီကံအပေါ်၌



www.burmeseclassic.com

www.burmeseclassic.com

တည်၏။ ဝစီကံ ဟူသည် စကားပင်ဖြစ်၏။ ဒဿန ကျမ်းများ၌မူ စကားသံနှင့် ပတ်သက်၍ အဆင့်လေးဆင့် ထားကြ၏။ ယင်းအဆင့် လေးဆင့်မှာ-

(၁) ပရာ၊ (၂) ပဿန္တိ၊ (၃) မဇ္ဈိမာ၊ (၄) ဝဲခါရီ တို့ ဖြစ်ကြ၏။ ပရာအဆင့်မှာ "စကားလုံး အလျဉ်" အဆင့်ဖြစ်၏။ ပဿန္တိအဆင့်မှာ စကား လုံး အလျဉ် အဆင့်ထဲမှ "ပုံစံမဲ့ စကားသံ" အဆင့် ဖြစ်၏။ မဇ္ဈိမာ အဆင့်မှာ "ပုံစံရှိ စကားသံ" အဆင့် ဖြစ်၏။ ဝဲခါရီ အဆင့်မှာ ဌာန် ကရိုဏ်း ပယတ်သို့ ရောက်သော အသံ အဆင့် ဖြစ်၏။ အမှန်အားဖြင့် ပရာအဆင့်၊ ပဿန္တိ အဆင့်၊ မဇ္ဈိမာအဆင့်တို့သည် ဌာန် ကရိုဏ်း ပယတ်သို့ ရောက်သော အသံအဆင့်များ မဟုတ်ကြ။ ထို့ကြောင့် ထိုအဆင့် သုံးဆင့်တို့သည် ဒိဗ္ဗသောတ အဘိညာဉ်မှ တစ်ပါး ပကတိ နားဖြင့် ကြားနိုင် သော အဆင့်များ မဟုတ်ကြချေ။ ဝဲခါရီအဆင့် သည်သာလျှင် ပကတိ နားဖြင့် ကြားနိုင်သော အသံအဆင့်ဖြစ်၏။ ထို့ကြောင့် လူတို့ ကြားနေရသော အသံအဆင့်များသည် ဝဲခါရီအဆင့် စကားသံများ ဖြစ်ကြ၏။ ဤသို့ ဒဿန ပညာရှင် များက ဆိုကြ၏။

မုသာဝါဒါ ဝေရမဏီအရ မုသားကို မဆို ခြင်း သည် ဖြောင့်မတ်ခြင်းဖြစ်၏။ ထိုဖြောင့်မတ်ခြင်းသည် နှစ်မျိုးရှိ၏။ သာမန်ဖြောင့်မတ်ခြင်းနှင့် အလွန်ဖြောင့် မတ်ခြင်းတို့ ဖြစ်ကြ၏။ သာမန် ဖြောင့်မတ်ခြင်းကို ပါဠိ ဝေါဟာရအားဖြင့် ဥဇု ဟု ခေါ်၏။ အလွန်ဖြောင့်မတ်ခြင်း


www.burmeseclassic.com

www.burmeseclassic.com



ကို သုဟုဇ ဟု ခေါ်၏။ သာမန် ဖြောင့်မတ်ခြင်းအရ ကိုယ်နှင့် နှုတ် ရှေ့နောက် ညီညွတ်ခြင်း ဖြစ်ပါက မုသာဝါဒါ ဝေရမဏီ သိက္ခာပုဒ်ကို အသွင်သဏ္ဌာန် အားဖြင့် စောင့်ထိန်းရာ ရောက်၏။ အမှန် အားဖြင့် မုသာဝါဒါ ဝေရမဏီ သိက္ခာပုဒ်အရ အပြောနှင့် အလုပ် ရှေ့နောက် ညီ ညွတ်လျှင်ပင် သိက္ခာပုဒ်၏ ဆိုလိုရင်းအနက်သည် ပြီးပြည့်စုံ၏။ သို့ရာတွင် အနှစ်သာရအားဖြင့်မူ သိက္ခာပုဒ်ကို စောင့်ထိန်းရာ မရောက်သေးချေ။ အနှစ်သာရ အားဖြင့် မုသာဝါဒါ ဝေရမဏီ သိက္ခာပုဒ်ကို စောင့်ထိန်းမည်ဆိုပါလျှင် စိတ်၏ စွမ်းအား ပါဝင်ဖို့ လိုပါ၏။ အမှန်အားဖြင့် လောက၏ ကောင်းကျိုး ဆိုးပြစ်ကို ဖန်တီးသူမှာ စိတ်သာ ဖြစ်၏။ ထို့ကြောင့် မုသာဝါဒါ ဝေရမဏီ သိက္ခာပုဒ်ကို တကယ်တမ်း အနှစ်သာရအားဖြင့် စောင့်ထိန်း မည်ဆိုပါက စိတ်စွမ်းအားပါဝင်ဖို့ လိုခြင်းဖြစ် သည်ဟု ဆိုခြင်းဖြစ်၏။

ဤလောက၌ စိတ်က တကယ်တမ်း မပါဘဲ နှုတ်က ပြောပြီး ပြောသည့်အတိုင်း လုပ်ကိုင်ခြင်းများသည် ရှိတတ်ပါ၏။ စိတ်ထဲကမူ ဆန့်ကျင်ဘက် ဖြစ်ချင်ဖြစ်နေတတ်၏။ သို့မဟုတ် လုံးလုံး စိတ်မပါဘဲလည်း ဖြစ်ချင် ဖြစ်နေတတ်၏။ ဤသို့ ဖြစ်နေပါက မုသာဝါဒါ ဝေရမဏီ အရ သိက္ခာပုဒ် ကို လုံသည်ဆိုရုံမျှ စောင့်ထိန်းရာ ရောက်၏။ ထိုသို့ စောင့်ထိန်းရုံမျှနှင့် လောက၌ ငြိမ်းချမ်း သာယာမှု ဖြစ်ထွန်းပေါ်ပေါက်ဖို့ ခက်ပါ၏။ အမှန်အားဖြင့် လောက၌ ငြိမ်းချမ်းသာယာမှု ဟူ၍မရှိဘဲ



www.burmeseclassic.com

www.burmeseclassic.com



မိမိတို့၏ ဘ၀လုံခြုံမှုဟူသည် တကယ်တမ်း ဖြစ်ကောင်း သောအရာ မဟုတ်ချေ။ ထို့ကြောင့် လုပ်ငန်းများကို လုပ်ရာတွင် မည်သည့်လုပ်ငန်းကို လုပ်သည် ဖြစ်စေ၊ လောက၌ ငြိမ်းချမ်းသာယာမှုဖြစ်ရေးကို ရှေးရှုပြီး လုပ်ငန်း များကိုလုပ်ဖို့ လူတိုင်း၌ တာ၀န် ရှိပါ၏။ လောက၌ ငြိမ်းချမ်းသာယာမှု ဖြစ်မှ မိမိ တို့၏ ဘ၀လုံခြုံမှု သည်လည်း ဖြစ်ပေါ်ပေလိမ့်မည်။

သို့ဖြစ်လေရာ မုသာ၀ါဒါ ၀ေရမဏီအရ သိက္ခာပုဒ်ကို စောင့်ထိန်းရာတွင် အသွင်သဏ္ဌာန် အားဖြင့် စောင့်ထိန်းရုံမျှနှင့် မကျေနပ်သေးဘဲ အနှစ်သာရအားဖြင့်ပါ စောင့်ထိန်းနိုင်အောင် ကြိုးပမ်းအပ်၏။ အနှစ်သာရ အားဖြင့် စောင့်ထိန်း နိုင်အောင် ကြိုးပမ်းရာ၌ ကိုယ်၊ နှုတ်၊ စိတ်တို့ တစ်ဖြောင့်တည်းကျဖို့လို၏။ ကိုယ်နှင့်နှုတ်တို့ တစ် ဖြောင့်တည်း ကျရုံနှင့် မလုံလောက်။ စိတ်ပါ တစ် ဖြောင့်တည်း ကျဖို့လိုခြင်းဖြစ်၏။ စိတ်ထဲကလည်း အမှန်အတိုင်း ပြောချင်မည်။ နှုတ်ကလည်း စိတ် ထဲက ရှိသည့်အတိုင်း ပြောမည်။ ကိုယ်ကလည်း ပြောသည့် အတိုင်း လုပ်မည်ဆိုပါမှ အလွန် ဖြောင့် မတ်ခြင်း သုဟုဇု ဂုဏ်နှင့် ပြည့်စုံမည်ဖြစ်၏။ သုဟုဇုဂုဏ်နှင့် ပြည့်စုံအောင် ကြံစည်ခြင်း၊ ပြောဆိုခြင်း၊ လုပ်ကိုင်ခြင်း ဖြစ်လျှင် မုသာ ၀ါဒါ ၀ေရမဏီအရ သိက္ခာပုဒ်ကို အနှစ်သာရအားဖြင့် စောင့်ထိန်းရာ ရောက်၏။ သိက္ခာပုဒ်ကို အနှစ် သာရ အားဖြင့် စောင့်ထိန်းရာ ရောက်ပါမှလည်း လောက၌ ငြိမ်းချမ်းသာယာမှု ဖြစ်ထွန်းခြင်းသည် လောက၌ အခမ္ဘ



www.burmeseclassic.com

www.burmeseclassic.com



အပေါ် ဓမ္မကအောင်နိုင်အောင် ဆောင်ရွက်ခြင်းမည်၏။အမှန်အားဖြင့် လောက၌ အဓမ္မအပေါ် ဓမ္မက အောင်နိုင်အောင် ဆောင် ရွက်ဖို့ရန် လူတိုင်း၌ တာဝန်ရှိ၏။ တာဝန် ရှိသည် ဟု သိရုံနှင့်လည်း မပြီးသေး။ တာဝန်ကို ကျေပွန် အောင် ဆောင်ရွက်ဖို့လည်းလိုသေး၏။ တာဝန်ကို ကျေအောင် ဆောင်ရွက်ပါမှ ရတောင့်ရခဲ ရလာ သော လူ့ဘဝကို ရကျိုးနပ်ပေလိမ့်မည်။

စကားလုံးများနှင့် ပတ်သက်၍ ဗုဒ္ဓစာပေ ကျမ်းဂန်များ၌ နိရုတ္တိ၊ ဓမ္မ၊ အတ္ထ၊ ပဋိဘာန ဟူသော ဝေါဟာရများ ရှိကြ၏။ ထိုတွင် နိရုတ္တိဟူ သည်မှာ အသံသာဖြစ်၏။ ဓမ္မဟူသည်မှာ ဝေါဟာရအဖြစ်သို့ ရောက်သော အသံဖြစ်၏။ ယင်းကို သဒ္ဒါဟူ၍လည်းကောင်း၊ အမည်ဟူ၍ လည်းကောင်း ဆိုရ၏။ အတ္ထဟူသည်မှာ သဒ္ဒါသို့မဟုတ် အမည်က ထွန်းပြသော အရာဝတ္ထု ဖြစ်၏။ ပဋိဘာန ဟူသည်မှာ နိရုတ္တိအပေါ်၌ အခြေခံသော သဒ္ဒါနှင့် အရာဝတ္ထုတို့၏ အဆက်အစပ် ဖြစ်၏။ ယင်းကို ဉာဏ်၌ထင်လာခြင်း ဟူ၍ လည်းကောင်း၊ အနက် ဟူ၍ လည်းကောင်း ဆိုရ ၏။ ဤသို့လျှင် နိရုတ္တိ၊ ဓမ္မ၊ အတ္ထနှင့် ပဋိဘာန တို့၏ အနက်ကို ဖော်ပြနိုင်၏။ ဤသို့ဖော်ပြခြင်း မှာ စကားနှင့်စပ်သော ဖော်ပြခြင်း ဖြစ်၏။

ဖော်ပြပါ နိရုတ္တိ၊ ဓမ္မ၊ အတ္ထနှင့် ပဋိဘာန တို့၏ အနက်ကို သိသာနိုင်ရန် ငွေစက္ကူ ဥပမာဖြင့် ပြောဆိုနိုင်မည်ဖြစ်၏။ ငွေစက္ကူတွင် စက္ကူသားလည်း ပါ၏။ စက္ကူသား၏ တစ်ဖက်စီတွင် ခေါင်း နှင့် ပန်းလည်း ပါ



www.burmeseclassic.com

www.burmeseclassic.com



၏။ ထို့နောက် တန်ဖိုးလည်း ပါ၏။ ထိုတွင် ငွေစက္ကူသားသည်နိရုတ္တိနှင့် တူ၏။ ခေါင်းသည် ဓမ္မနှင့် တူ၏။ ပန်းသည် အတ္ထနှင့် တူ၏။ တန်ဖိုးသည် ပဋိဘာနနှင့် တူ၏။ ငွေစက္ကူ တွင် ခေါင်းနှင့် ပန်း မပါဝင်လျှင် ဖြစ်စေ၊ ခေါင်း ချည်း ပါဝင်လျှင် ဖြစ်စေ၊ သို့မဟုတ် ပန်းချည်း ပါဝင်လျှင်ဖြစ်စေ တန်ဖိုးကို ရိုက်နှိပ်မထားလျှင် ဖြစ်စေ ထိုငွေစက္ကူသည် အသုံးပြု၍ မရသကဲ့သို့ နိရုတ္တိတွင်လည်း ဓမ္မ မပါလျှင် ဖြစ်စေ၊ အတ္ထမပါ လျှင် ဖြစ်စေ၊ ပဋိဘာန မပါလျှင်ဖြစ်စေ ထိုနိရုတ္တိ သည် အသုံးပြု၍ ရသော နိရုတ္တိ မဟုတ်။

နိရုတ္တိတွင် ဓမ္မသည် သဒ္ဒါ သို့မဟုတ် အ မည် ဖြစ်၏။ အတ္ထဟူသည် သဒ္ဒါ သို့မဟုတ်အမည် က ထွန်းပြသော အရာဝတ္ထုဖြစ်၏။ ပဋိဘာန ဟူ သည်ကားသဒ္ဒါနှင့်အရာဝတ္ထုတို့၏ အဆက်အစပ် ဖြစ်၏။ ယင်းကိုပင် အနက်ဟူ၍ခေါ်ရ၏။ ထို့ ကြောင့် ပဋိဘာနတွင် ဓမ္မသဘောလည်း ပါဝင် ၏။ အတ္ထသဘောလည်းပါဝင်၏။ နိရုတ္တိသဘော လည်း ပါဝင်၏။ အမှန်အားဖြင့် ဆိုရလျှင် ငွေစက္ကူ၏ တန်ဖိုးကို သိသည်နှင့်တစ်ပြိုင်နက် စက္ကူသား သဘောကိုလည်း သိပြီးဖြစ်၏။ ခေါင်း ၏ သဘောကိုလည်း သိပြီးဖြစ်၏။ ပန်း၏သဘော ကိုလည်း သိပြီး ဖြစ်၏။ ထိုငွေစက္ကူကား ကျပ်တန် ဖြစ်သည်၊ ငါးကျပ်တန်ဖြစ်သည်၊ တစ်ဆယ်တန် ဖြစ်သည်ကို လည်း ကောင်း၊ ခေါင်းကမည်သို့ ဖြစ်သည်၊ ပန်းက မည်သို့ ဖြစ်သည်ကို လည်း ကောင်း ငွေစက္ကူ၏ တန်ဖိုးကို မြင်



www.burmeseclassic.com

www.burmeseclassic.com



သည်နှင့် သိနိုင်၏။ ထိုနည်းအတူပဋိဘာနကို မြင်သည်နှင့် နိရုတ္တိ၏ သဘောကိုလည်း သိ၏။ ဓမ္မ၏ သဘောကိုလည်း သိ၏။ အတ္ထ သဘောကို လည်း သိ၏။ ထိုသို့ သိခြင်းသည် တစ်ပြိုင်နက် သိခြင်းဖြစ်၏။ ထို့ကြောင့် ပဋိဘာနကို အသိ၏ အသိဟူ၍ လည်းကောင်း၊ ဉာဏ်၏ဉာဏ်ဟူ၍ လည်းကောင်း ဆိုရခြင်းဖြစ်၏။ အသိ၏ အသိ၊ သို့မဟုတ် ဉာဏ်၏ ဉာဏ် ဟူသည်မှာ နိရုတ္တိ အသိ၊ ဓမ္မအသိ၊ အတ္ထအသိတည်းဟူသော အသိသုံးမျိုးတို့ကို တစ်ပြိုင်နက် ဖြစ်ရာအသိပင် ဖြစ်၏။

အမှန်အားဖြင့် သဒ္ဒါကိုသာ သိပြီး ယင်း သဒ္ဒါက ရည်ညွှန်းသော အရာဝတ္ထုကို မသိလျှင် "ဒီသဒ္ဒါက ဘာကို ဟောပါလိမ့်" ဟူ၍ စူးစမ်းရ၏။ အရာဝတ္ထုကိုသာ သိပြီး သဒ္ဒါကို မသိပါကလည်း "ဒီအရာဝတ္ထုကို ဘာခေါ်ပါလိမ့်"ဟူ၍ စူးစမ်းရ ၏။ ထို့ကြောင့် နိဗ္ဗာန်သိမှ တစ်ပါး ကျန်သော အသိ ဟူသမျှသည် သဒ္ဒါနှင့် အနက်တို့ဖြင့် ဝန်းရံရ၏။ သဒ္ဒါနှင့် အနက်တို့ ဝန်းရံရသဖြင့်လည်း ကျန်သော အသိအားလုံးကို သဒ္ဒါနှင့် အနက်တို့ဖြင့် ပြောနိုင် ဆိုနိုင်ခြင်း ဖြစ်၏။ ပြော၍ ဆို၍ ရခြင်းသည်လည်း ဖြစ်၏။ နိဗ္ဗာန်မှာမူကား သဒ္ဒါနှင့် အနက်တို့ ဝန်းရံ ခြင်း မရှိသဖြင့် နိဗ္ဗာန် ကို သဒ္ဒါနှင့် အနက်တို့ဖြင့် လည်း ပြောနိုင်ဆိုနိုင် ခြင်း မရှိ။ ပြော၍ ဆို၍လည်း မရ။

အသိ၏ ကိုယ်ထည်သည် စကားလုံးဖြစ်၏။ စကားလုံးဟူရာ၌ အသံထွက်ခြင်းနှင့် အသံ မထွက်ခြင်း



www.burmeseclassic.com

www.burmeseclassic.com



သည် ပဓာန မဟုတ်။ သဒ္ဒါနှင့်အနက် ပါခြင်းသာ ပဓာန ဖြစ်၏။ အမှန်အားဖြင့် အနက် ဆိုသည်မှာသဒ္ဒါနှင့် သဒ္ဒါက ရည်ညွှန်းသော အရာဝတ္ထုတို့၏ အဆက်အစပ်ဖြစ်၏။ ယင်းကို ပဋိဘာနဟု ခေါ်၏။ ငွေစက္ကူတွင်ခေါင်း၊ ပန်းနှင့် ယင်းတို့ ၏ တန်ဖိုးပါဖို့သာ ပဓာန ဖြစ်သကဲ့သို့ ပင်ဖြစ်၏။ အသံထွက်ခြင်းနှင့် မထွက်ခြင်းမှာ ပဓာန မဟုတ် ဟူ၍ ဆိုရာ၌ စကားလုံးဟူသမျှ သည် အသံမထွက်သော အဆင့်မှ အသံထွက် သော အဆင့်သို့ ရောက်မြဲ ဖြစ်၏။ လောကတွင် မည်သည့် အရာဝတ္ထုကို သိသည်ဖြစ်စေ ရှေးဦး စွာ စိတ်ထဲက အရာဝတ္ထု၏ အမည်ကို ရွတ်ဆိုရ ၏။ အသံကတော့ ထွက်ချင်မှ ထွက်၏။ ခွေးကို သိရာ၌ စိတ်ထဲက "ခွေး" ဟူ၍ ရွတ်ဆို ရ၏။ စိတ်ထဲက ရွတ်ဆိုရုံမျှနှင့် သိခြင်းကိစ္စ သည်ပြီး၏။ သိခြင်းကိစ္စ ပြီးမှ သိသည့်အတိုင်း အသံထွက်၍ ရွတ်ဆိုချင်လည်း ရွတ်ဆိုပေလိမ့်မည်။ မရွတ်ဆိုဘဲ တိတ်တိတ်နေချင်လည်း နေပေလိမ့်မည်။ အမှန်အားဖြင့် နိဗ္ဗာန်ကိုသိသော အသိမှတစ်ပါး ကျန်အသိ ဟူသမျှသည် သဒ္ဒါ သို့မဟုတ် အမည်၊ အနက်တို့နှင့် ကင်း၍ ဖြစ်ကောင်းသော သဘော မရှိ။ ထို့ကြောင့် အသိ၏ ကိုယ်ထည်သည် စကားလုံး ဖြစ်သည်ဟု ဆိုခြင်းဖြစ်၏။ အသိ၏ ကိုယ်ထည်အရ စကားလုံးများကို ပြောသည့်အခါ စကားလုံးများသည် မှန်ဖို့အရေးကြီး၏။ စကားလုံး များ မှန်နိုင်စေရန် အသိကလည်း မှန်ဖို့ အရေးကြီး၏။ စကားလုံးများ မှန်သောအခါ သစ္စာပြု၍ ရ၏။

**ပညာ့ရိပ်မွန်**

www.burmeseclassic.com

www.burmeseclassic.com



လူဟူသည် စကားမပြောဘဲ မနေနိုင် သော သတ္တဝါဖြစ်၏။ စကားပြောသောအခါ ကိုယ် ဖြင့်လည်း ပြော၏။ ကိုယ်ဖြင့် ပြောပါက ကာယကံ ဟူ၍ ဆိုရ၏။ နှုတ်ဖြင့်လည်းပြော၏။ နှုတ်ဖြင့် ပြောပါက ဝစီကံ ဟူ၍ ဆိုရ၏။ စိတ်ဖြင့်လည်း ပြော၏။ စိတ်ဖြင့် ပြောပါက မနောကံ ဟူ၍ ဆိုရ ၏။ အမှန်အားဖြင့် လောကတွင် နှုတ်ဖြင့် ပြော သည်ကိုသာ စကားပြောသည် ဟူ၍ ဆိုကြ ၏။ နှုတ်ဖြင့်ပြောမှသာ ကြားရခြင်းကြောင့်ကြားရ သည် ကို အကြောင်းပြု၍ နှုတ်က ပြောသော စကားလုံး များ ကိုသာ စကားဟူ၍ ဆိုခြင်းဖြစ်၏။ သို့ရာတွင် ကံသုံးပါး လုံးဖြင့် စကားပြောသည်က တော့အမှန်။ ဖြောင့်မှန်ခြင်း ဆိုသည်မှာ ကံ သုံးပါးလုံးနှင့်ဆိုင်သော ဝေါဟာရဖြစ်၏။ ထို့ကြောင့် ကံ သုံးပါးတို့ ဖြင့် စကားပြောသည် ဟူ၍ ဆိုရခြင်းဖြစ်၏။

စကားပြောရာတွင် ကြားရသည်၊ မကြား ရသည် မှာ ပဓာနမဟုတ်။ အမှန်အားဖြင့်လည်း လောကတွင် ကြားရသော စကားများထက် မကြား ရသော စကားများ က ပို၍စိတ်ဝင်စားဖွယ် ကောင်း၏။ “စားပါ” ဟူ၍ နှုတ်ကပြောသော် လည်း ကိုယ်ကမူ မပေး။ စိတ်က လည်း မပေးချင်။ ထိုအခါ ကိုယ်ဖြင့်ပြောသော စကား များနှင့် နှုတ်ဖြင့်ပြောသော စကားများကိုမူ ကြားရ၏။ စိတ်ဖြင့် ပြောသော စကားကိုမူ မကြားရ။ အကယ်၍သာ စိတ်ဖြင့်ပြောသော စကားကိုကြား ရပါမူ အမှန်အတိုင်း ပို၍သိ မည်ဖြစ်၏။ လောကတွင် အမှန်အတိုင်း သိဖို့က



www.burmeseclassic.com

www.burmeseclassic.com



ပို၍ အရေး ကြီး၏။ သဘာဝ တောတောင် ရေမြေတို့သည် စကားပြောကြသည်ပင်ဖြစ်၏။ သို့ရာတွင် သူတို့ပြောသော စကားများကား ပကတိနားဖြင့် ကြား ရသောစကားများ မဟုတ်ကြ။ ဉာဏ်နားဖြင့် နားထောင်တတ်သူမှ ကြားရသော စကားများ ဖြစ်ကြ၏။ ထို့ကြောင့်လောကတွင် ပကတိနားဖြင့် ကြားရသော စကားများထက် ပကတိနားဖြင့် မကြားရသော စကားများက ပို၍စိတ်ဝင်စားဖွယ် ကောင်းသည်ဟု ဆိုခြင်း ဖြစ်ပါ၏။

လူမှုဆက်ဆံရေး နယ်ပယ်၌ "မှုသားမပါလက်ာမချော" ဟူသော ဆိုရိုးစကား ရှိ၏။ထိုစကားသည် လူမှုဆက်ဆံရေးနယ်ပယ်၌သာ မှန်၏။ သစ္စာနယ်ပယ်၌မူ မမှန်။သစ္စာနယ်ပယ်၌မူ မှန်စေရန်အတွက်ကာယကံနှင့်ဝစီကံ လည်း ရှေ့နောက်ညီညွတ်ဖို့ လို၏။ အထူးအားဖြင့် မနောကံပါ ရှေ့နောက် ညီညွတ်ဖို့ လို၏။ သို့မှသာ ဖြောင့်မတ်ခြင်း ဖြစ် မည်။ အလွန်ဖြောင့်မတ်ခြင်း ဖြစ်မည်။ ဖြောင့် မတ်ခြင်းနှင့် အလွန်ဖြောင့်မတ်ခြင်းဖြစ်ပါမှ သစ္စာဆို၍ရ၏။ သစ္စာဆိုရခြင်းသည် သစ္စာ နယ်ပယ်၌ မှန်ကန်ခြင်းဖြစ်၏။ သစ္စာနယ်ပယ်၌ မှန်ကန်ခြင်းဖြစ်ပါမှ မုသာဝါဒါ ဝေရမဏီ အရ မုသားကိုအသွင်သဏ္ဌာန်အားဖြင့် သာမက အနှစ် သာရအားဖြင့်ပါ ရှောင်ကြဉ်ရာရောက်၏။ ထိုသို့ ရှောင်ကြဉ်နိုင်မှလည်းလောက၌ ငြိမ်းချမ်း သာယာမှုကို ဖြစ်စေနိုင်မည်ဖြစ်၏။ အမှန်အားဖြင့် ချမ်းသာခြင်းဟူသည်မှာ ငြိမ်းချမ်းသာယာမှု အပေါ်၌ တည်၏။ ငြိမ်းချမ်းသာယာမှု မရှိသမျှ



www.burmeseclassic.com

www.burmeseclassic.com



ကာလပတ်လုံး မိမိတို့၏ ဘဝလည်း မလုံခြုံ၊ ချမ်းသာခြင်းလည်း မရှိ။ ထို့ကြောင့်လောက၌ ငြိမ်းချမ်းသာယာမှု ရှိရလေအောင် ဆောင်ရွက်ဖို့ လိုအပ်ခြင်းဖြစ်၏။

မုသာဝါဒါ ဝေရမဏီအရ လောက၌ ပကတိနားဖြင့် မကြားရသော စကားများထက် ပကတိနားဖြင့်ကြားရသော စကားများက ပို၍ အရေးကြီး၏။ ပကတိနားဖြင့် မကြားရသော စကားများကို ဉာဏ်နားဖြင့် ကြားနိုင်သူတို့ကား လူနည်းစုမျှသာ ဖြစ်ကြ၏။ လူမှုဆက်ဆံရေး နယ်ပယ်တွင် လူများစုသည် ပဓာနဖြစ်၏။ မုသာ ဝါဒါ ဝေရမဏီ သိက္ခာပုဒ်မှာလည်း လူတိုင်းလူတိုင်းကို ရည်ရွယ်၍ ဟောကြားထားသော သိက္ခာပုဒ်ဖြစ်၏။ ထို့ကြောင့် မုသာဝါဒါ ဝေရ မဏီ သိက္ခာပုဒ်ကို စောင့်ထိန်းရာတွင် အသွင် သဏ္ဍာန်အားဖြင့် စောင့်ထိန်းသည့်သဘောနှင့် ကာယကံနှင့်ဝစီကံတို့ရှေ့နောက် ညီညွတ်အောင် စောင့်ထိန်းရမည်ဖြစ်၏။ ထို့ထက် ကျော်လွန်၍ အနှစ်သာရအားဖြင့်ပါ စောင့်ထိန်းသည့်သဘော နှင့် ကာယကံ၊ ဝစီကံ၊ မနောကံတည်း ဟူသော ကံသုံးပါးတို့ ရှေ့နောက် ညီညွတ်အောင် စောင့် ထိန်းရာ၏။

www.burmeseclassic.com

## အခန်း (၁၄)
## အတုမာယာကိုသာ မြတ်နိုးတတ်ကြခြင်း

အသံဟူသမျှသည် စိတ်ထဲမှ စ၍ဖြစ်၏။ ဌာန် ကရိုဏ်း ပယတ်အဆင့်သို့ ရောက်သောအခါမှသာ နှုတ်၌ဖြစ်၏။ ဌာန် ကရိုဏ်း ပယတ်အဆင့်သို့ ရောက်ပါမှလည်း ဝေါဟာရအမည်ကို ရ၏။ ဝေါ ဟာရအမည်ကို ရပါမှ လည်း အနက်ကို ဟောနိုင် ၏။ အနက်ကို ဟောနိုင်သော ဝေါဟာရကား မာယာနှင့် ယှဉ်သည်လည်းရှိ၏။ သစ္စာနှင့် ယှဉ် သည်လည်းရှိ၏။ မာယာနှင့် ယှဉ်သော ဝေါဟာရ ဟူသည်မှာ စိတ်နှင့် နှုတ် ရှေ့နောက်မညီသော ဝေါဟာရများဖြစ်၏။ စိတ်ထဲရှိသည်တစ်မျိုး၊ နှုတ်က ပြောသည်က တစ်မျိုး၊ ဤသို့ စိတ်နှင့် နှုတ် ရှေ့နောက် မညီညွတ်သော ဝေါဟာရမျိုးဖြစ်၏။ သစ္စာနှင့် ယှဉ်သော ဝေါဟာရ ဟူသည်မှာ စိတ်နှင့် နှုတ် ရှေ့နောက် ညီညွတ်သော ဝေါဟာရ ဖြစ်၏။ စိတ်ထဲက ရှိသည့်အတိုင်း နှုတ်က ပြော၏။ဤသို့ လျှင် စိတ်နှင့် နှုတ်တို့သည် ရှေ့နောက် ညီညွတ် ကြ၏။

**ပညာ့ရိပ်မွန်**

www.burmeseclassic.com

www.burmeseclassic.com



နှုတ်ကပြောသောအခါ ကိုယ်အမူအရာလည်း ပါဝင်လာ၏။ ထိုအခါ ကိုယ်အမူအရာသည် မာယာနှင့် ယှဉ်သော ကိုယ်အမူအရာလည်း ဖြစ်နိုင်၏။ သစ္စာနှင့် ယှဉ်သော ကိုယ်အမူအရာလည်း ဖြစ်နိုင်၏။ မာယာနှင့် ယှဉ်သော ကိုယ်အမူအရာ ဟူသည်မှာ နှုတ်နှင့် ဖြစ်စေ၊ စိတ်နှင့် ဖြစ်စေ ရှေ့နောက်မညီညွတ်သော ကိုယ်အမူအရာဖြစ်၏။ စိတ်ထဲကရှိသည်က တစ်မျိုး၊ ကိုယ်က လုပ်သည်က တစ်မျိုး၊ ဤသို့ ကိုယ်၊ စိတ်၊ နှုတ်တို့ ရှေ့နောက် မညီညွတ်သော ကိုယ်အမူအရာမျိုး ဖြစ်၏။ သစ္စာနှင့် ယှဉ်သော ကိုယ်အမူအရာ ဟူသည်မှာ စိတ်နှင့် ဖြစ်စေ၊ နှုတ်နှင့် ဖြစ်စေ ရှေ့နောက် ညီညွတ်သော ကိုယ်အမူအရာဖြစ်၏။ ဤသို့လျှင် ကိုယ်၊ နှုတ်၊ စိတ်တို့သည် ရှေ့နောက်ညီညွတ်ကြ၏။

နှုတ်သည်လည်း စိတ်နှင့် ရှေ့နောက်ညီ ညွတ်ပါမှ၊ကိုယ်အမူအရာသည်လည်း နှုတ်နှင့်စိတ် တို့နှင့် ရှေ့နောက်ညီညွတ်ပါမှ သစ္စာနှင့် ယှဉ်သည် မည်၏။ သစ္စာနှင့် ယှဉ်ပါမှလည်း သစ္စပါရမီ ထိုက်၏။ သစ္စပါရမီ ထိုက်ပါမှလည်း တကယ်တမ်း ကောင်းကျိုးကို ပေး၏။ သို့ရာတွင် လူတို့သည် မာယာကိုသာ မြတ်နိုးတတ်ကြ၏။ သစ္စာကို မမြတ် နိုးတတ်ကြ။ ထို့ကြောင့်“မုသားမပါ လင်္ကာမချော” ဟူသော ဆိုရိုးကို တီထွင်ခဲ့ကြခြင်း ဖြစ်၏။

တစ်ရံသောအခါက ဆရာနှင့် တပည့်တို့ သည် ခရီးသွားကြ၏။ လမ်းတွင် လူတစ်ယောက် က ဝက်လို



www.burmeseclassic.com

www.burmeseclassic.com



အော်နေ၏။ သူ၏အော်သံသည်ဝက်၏ အော်သံနှင့် အလွန်တူ၏။ ထို့ကြောင့် လူအများက ဝိုင်းအုံ၍ ကြည့်ကြ၏။ တပည့်လုပ်သူကလည်း အများနည်းတူ ဝင်၍ ကြည့်၏။ အမှန်အားဖြင့် အံ့သြဘွယ်ကောင်းသော ပြကွင်း ပင်ဖြစ်၏။ ဆရာ လုပ်သူက တပည့်လုပ်သူအား "ဒီထက်ကောင်း သော ပြကွင်းကို ပြသပါမည်" ဟု ပြော၍ ခေါ်မှ တပည့်လုပ်သူက လိုက်လာ၏။ ဆရာနှင့် တပည့် တို့ ခရီးဆက်ကြ၏။ လမ်းတွင် တပည့်လုပ်သူက ဆရာအား ဝက်အော်သံကို ပြပါရန် ပြောလေရာ ဆရာက တပည့်အား ဝက်တစ်ကောင်ဖမ်းစေ၏။ ဖမ်းပြီးနောက် တုတ်နှင့် ရိုက်စေ၏။ ထိုအခါ ဝက် သည် အော်လေ၏။ ထိုအခါ ဆရာက လူကအော် သော ဝက်သံနှင့်ဝက်က အော်သောဝက်သံ နှစ်မျိုး အနက် မည်သည့်အသံက ပို၍နှစ်သက်ဖွယ် ရှိသနည်းဟု မေးလေရာ၊ တပည့်က ဝက်က အော်သော ဝက်သံသည် ဘာမျှဆန်းသည် မဟုတ်။လူက အော်သော ဝက်သံသည်သာ ဆန်း၏။ ထို့ကြောင့် ဝက်ကအော်သောဝက်သံထက် လူက အော် သော ဝက်သံက ပို၍နှစ်သက်ဖွယ်ရှိပါသည်ဟု ပြန်လည် ဖြေကြား၏။

လူကအော်သော ဝက်သံသည် "အတု" မာယာ ဖြစ်၏။ဝက်ကအော်သောဝက်သံသည်သာ "အစစ်" သစ္စာဖြစ်၏။ သို့ရာတွင် လူတို့သည် အဝိဇ္ဇာ၏ မာယာ ကွန်ရက်၌ မွေးဖွား၍ ကြီးပြင်း လာသူများဖြစ်ကြသည့် အလျောက် "အတု"မာယာ ကိုသာ မြတ်နိုးတတ်ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



အစစ်သစ္စာကို မမြတ် နိုးတတ်ကြ။ “အစစ်”သစ္စာကို မြတ်နိုးတတ်ဖို့ ဆို သည်မှာလည်း အမြင်ကို ပြောင်းလဲပစ်နိုင်ပါမှ ဖြစ်ပေလိမ့်မည်။ အမြင်ကို ပြောင်းလဲပစ်ဖို့ ဆိုသည်မှာလည်း အာသဝေါတရား လေးပါးတို့၏ စွမ်းဆောင်ချက်ကို သိပါမှဖြစ်ပေလိမ့်မည်။ အမှန်အားဖြင့် ဘဝကို ဖန်တီးနေသည်မှာ အာသဝေါ တရား လေးပါးပင်ဖြစ်၏။ အာသဝေါတရားကို အရက်နှင့် နှိုင်းလေ့ရှိ၏။ အရက် ဟူသည် အရက် မူးသမားကို လောက၌ ကမောက်ကမ မြင်စေနိုင်၏။ စိတ်ဆိုးစရာ မဟုတ်ပါဘဲလျက် စိတ်ဆိုးစရာ အဖြစ် မြင်စေနိုင်၏။ ချစ်စရာ မဟုတ်ပါဘဲလျက် ချစ်စရာအဖြစ် မြင်စေနိုင်၏။ အရက်မူးသမား၏ လောကအမြင်ကား အားလုံး ကမောက်ကမ သာ တည်း။

ထိုနည်းအတူ အာသဝေါတရားတို့သည် လည်း ပုထုဇဉ်တို့အား လောက၌ ကမောက်ကမ မြင်စေနိုင်၏။ အာသဝေါတရား လေးပါးတို့တွင် ကာမာသဝက မမက်မောစရာ မဟုတ်သော ရုပ် နာမ် ခန္ဓ သင်္ခါရတို့ကိုပင် မက်မောစရာ ကာမဂုဏ်အဖြစ်မြင်စေ၏။ ဘဝါသဝက ပုဂ္ဂိုလ်သတ္တဝါ အရာဝတ္ထု မဟုတ်သော ရုပ်နာမ်ခန္ဓ သင်္ခါရတို့ကို ပင် ပုဂ္ဂိုလ် သတ္တဝါ အရာဝတ္ထုအဖြစ် မြင်စေ၏။ဒိဋ္ဌာသဝက ရုပ်နာမ်ခန္ဓသင်္ခါရတို့နှင့် ပတ်သက်၍ အမှားကို အမှန်၊ အမှန်ကို အမှားအဖြစ် မြင်စေ၏။ အဝိဇ္ဇာသဝက ရုပ်နာမ်ခန္ဓသင်္ခါရတို့နှင့် ပတ်သက်၍ မာယာကို သစ္စာ၊ သစ္စာကို မာယာအဖြစ် ကမောက်ကမ မြင်ရအောင် ဖော်၍ မာယာကို မာယာ အဖြစ်၊ သစ္စာကို



www.burmeseclassic.com

www.burmeseclassic.com



သစ္စာအဖြစ် အမှန်အတိုင်း မမြင်ရအောင် ဖုံး၏။ ထို့ကြောင့် လူတို့သည် လောက၌ ဓမ္မကိုဓမ္မအဖြစ်အမှန်အတိုင်း မမြင်ဘဲအဓမ္မအဖြစ် ကမောက်ကမမြင် နေကြခြင်း ဖြစ်၏။ အဓမ္မကိုလည်း အဓမ္မအဖြစ် အမှန်အတိုင်း မမြင်ဘဲ ဓမ္မအဖြစ် ကမောက်က မမြင်နေကြခြင်း ဖြစ်၏။ ဤသို့ မြင်ခြင်းမှာ အာသဝေါတရားတို့ကြောင့် ဖြစ် ၏။ ထို့ကြောင့် အမြင်မှန်ဖို့အတွက် အာသဝေါတရားတို့ကို ပယ် သတ်နိုင်ဖို့ လိုပါ၏။ အာသဝေါတရားတို့ကို ပယ် နိုင်ရန် ရှေးဦးစွာ သစ္စာနှင့်ယှဉ်သော ကာယကံမှု၊ သစ္စာနှင့်ယှဉ်သော ဝစီကံမှု၊ သစ္စာနှင့်ယှဉ်သော မနောကံမှုတို့ကိုတည်ဆောက်ရပေလိမ့်မည်။

သစ္စာနှင့် ယှဉ်သောကံဖြစ်မှသာ သစ္စာရှိ ခြင်း ဟူ၍လည်းကောင်း၊ ရိုးသားဖြောင့်မတ်ခြင်း ဟူ၍ လည်းကောင်း ဆိုရာ၏။ သို့မဟုတ်ပါက သစ္စာမဲ့ခြင်း ဟူ၍သာ ဆိုနိုင်၏။ သစ္စာရှိခြင်းကို သစ္စပါရမီ၌ထည့်သွင်းရ၏။ သစ္စပါရမီ၌ ထည့် သွင်းခြင်း ခံရမှသာ မြင့်မြတ်သူတို့၏ လုပ်ငန်း ဖြစ်၏။ သစ္စာမဲ့ခြင်းကား ယုတ်ညံ့သူတို့၏ လုပ်ငန်း ဖြစ်၏။

လူ့ဘဝ ဟူသည်မှာ မနုဿတ္တဘာဝေါ ဒုလ္လဘောအရ အလွန်ရခဲသော ဘဝမျိုးဖြစ်၏။ ပြဟ္မာ့ပြည်က “အပ်”တစ်စင်း၊ လူ့ပြည်က “အပ်” တစ်စင်း၊ အပ်သွားခြင်းသာ ထိဖွယ်ရာ၊ ပမာပုံသို့ ခင်း ဟူသည်နှင့်အညီ ရတောင့်ရခဲ ရလာသော လူ့ဘဝကို မှန်မှန်ကန်ကန် အသုံးချဖို့လို၏။ မှန်မှန်ကန်ကန် အသုံးချဖို့ဆိုသည်မှာ



www.burmeseclassic.com

www.burmeseclassic.com



အရာရာ၌ သစ္စာ ရှိခြင်းပင်ဖြစ်၏။ လောက၌ တကယ်တမ်း သစ္စာရှိလာလျှင် လူမှုဆက်ဆံရေး နယ်ပယ်၌ တကယ်တမ်း အသုံးဝင်ပါ၏။

အသံသည် ဌာန် ကရိုဏ်း ပယတ်အဆင့် သို့ ရောက်ပြီး ဝေါဟာရအမည်ကို ရလာလျှင် မိမိ၏ဆိုလိုရင်းကို သိစေနိုင်၏။ ယင်းဆိုလိုရင်းသည် သစ္စာနှင့် ယှဉ်မှ မှန်ကန်သော ဆိုလိုရင်း ဖြစ်၏။ မှန်ကန်သော ဆိုလိုရင်းဖြစ်မှ ယုံကြည် ထိုက်၏။ ကျမ်းဂန်များ၌ တကယ်တမ်း ယုံကြည်ထိုက်သော ဆိုလိုရင်းဟူသည် အရိယာတို့၏ စကားလုံးများ၌သာ ရကောင်းသည်ဟူ၍ ဖော်ပြ ထား၏။ အမှန်အားဖြင့် အရိယာတို့၏ စကားလုံး များသည် ကံသုံးပါးတို့၌ တစ်ဖြောင့်တည်း ကျ ကြ၏။ ထို့ကြောင့် ရိုးဖြောင့်ခြင်းဖြစ်၏။ သစ္စာနှင့် ယှဉ်ခြင်း ဖြစ်၏။ သစ္စာ နှင့်ယှဉ်၍လည်း ယုံကြည် ထိုက်ခြင်းဖြစ်၏။ တကယ်တမ်း ယုံကြည်ထိုက်သော စကား ဖြစ်ပါမှ လည်း လောက လူမှုဆက်ဆံရေး နယ်ပယ်၌ တကယ် တမ်း အသုံးဝင်၏။ လူမှု ဆက်ဆံရေး နယ်ပယ်၌ တကယ်တမ်း အသုံးဝင်မှလည်း လောက၌ ငြိမ်းချမ်း သာယာမှုကို ဖြစ်စေ ပေလိမ့်မည်။ သို့မဟုတ်ဘဲ လူလူချင်း ဆက်ဆံရာ၌ "တထင့်ထင့်" ဖြင့် ဆက်ဆံနေရပါက လောက၌ ငြိမ်းချမ်းသာယာမှုကို ရနိုင်ဖို့အကြောင်း မရှိချေ။ ထို့ကြောင့် စကားပြောရာတွင် မှန်မှန်ကန်ကန် ပြောဖို့ အရေးကြီး၏။

မှန်မှန်ကန်ကန် ပြောဆိုမှုနှင့် ပတ်သက်၍ မြင့်

**ပညာ့ရိပ်မွန်**

www.burmeseclassic.com

www.burmeseclassic.com



မြတ်သူတို့၏ စကားများသည်လည်း အရိယာတို့၏ စကားကဲ့သို့ပင် ကံသုံးပါး၌ တစ် ဖြောင့်တည်း ကျပါ၏။ သို့ဖြစ်၍သာ မြင့်မြတ်သူ တို့၏ စကားများကိုလည်း ကျမ်းဂန်များတွင် သစ္စပါရမီ၌ ထည့်သွင်းထားခြင်း ဖြစ်၏။

အမှန်အားဖြင့် လောက၌ သစ္စာရှိသော စကားကို ဆိုကြသူများသည် သစ္စာမဲ့သော စကား ကို ဆိုကြသူများ ထက်အရေအတွက်အားဖြင့် နည်းပါး၏။ ဗြဟ္မဏကျမ်း များ၏ အဆိုအရ ခေတ် သည် သစ္စယုဂခေတ်၊ တြေတာ ယုဂခေတ်၊ ဒွါပရ ယုဂခေတ်၊ ကလိယုဂခေတ် ဟူ၍ ခေတ်အားဖြင့် လေးခေတ်ရှိ၏။ ထိုတွင် သစ္စာစကားကို လေးပုံ ပုံလျှင် လေးပုံလုံး ပြောသောခေတ်သည် သစ္စ ယုဂ မည်၏။ သစ္စာစကားကို လေးပုံ ပုံလျှင် သုံးပုံပြော သောခေတ်သည် တြေတာယုဂခေတ် မည်၏။ သစ္စာ စကားကို လေးပုံပုံလျှင် နှစ်ပုံပြောသော ခေတ်သည် ဒွါပရယုဂခေတ်မည်၏။ သစ္စာစကား ကို လေးပုံ ပုံလျှင် တစ်ပုံနှင့် တစ်ပုံအောက် ပြောသော ခေတ်သည် ကလိ ယုဂခေတ် မည်၏။

ယနေ့ခေတ်ကို ကလိယုဂခေတ် ဟူ၍ဆိုကြလေ ရာ၊ သစ္စာစကားကို ပြောသောပုဂ္ဂိုလ် များသည် လေးပုံ ပုံလျှင် တစ်ပုံနှင့် တစ်ပုံအောက် ပင်ရှိကြ၏။ ထို့ကြောင့် သစ္စာစကားပြောမှုနှင့် ပတ်သက်လျှင် ယနေ့ခေတ်သည် ဆီမီးခွက်ခေတ် ပင်ဖြစ်တော့၏။ သို့ရာတွင် ဆီမီးခွက်ကို ငြိမ်း မသွားရလေအောင် အားထုတ်ရမည်ဖြစ်၏။ ဆီမီး



www.burmeseclassic.com

www.burmeseclassic.com



ခွက် ငြိမ်းမသွားပါမှ ဆီမီးခွက်မှ အလင်းရောင်ကို ကမ္ဘာသို့ ဖြန့်နိုင်အောင် ကြိုးပမ်း၍ ရနိုင်ပေမည်။ ထိုသို့ ကြိုးပမ်းနိုင်ရန် လူဆိုသော လူတိုင်း၌ တာဝန်ရှိ၏။ အထူးအားဖြင့် သစ္စာ၌ ယုံကြည်ကြသော ဗုဒ္ဓဘာသာဝင်တိုင်း၌ တာဝန် ရှိ၏။ ထိုတာဝန်ကို ကျေပွန်အောင် စွမ်းနိုင်သလောက် ထမ်းရွက်ရမည် ဖြစ်၏။

သစ္စာစကားနှင့်ပတ်သက်လျှင် မှန်ကန်ဖို့ က အရေးကြီး၏။ ကံသုံးပါး ရှေ့နောက် ညီညွတ်ဖို့ က အရေးကြီး၏။ ပရိတ်ကြီး ဝဋ္ဋသုတ်၌ ငုံးမင်းက သစ္စာပြုခြင်းကို ဖော်ပြထား၏။ ငုံးမင်းက သစ္စာပြု လိုက်သည်နှင့်တစ်ပြိုင်နက် တောမီးသည် လောင်လက်စကို မလောင်နိုင်ဘဲ ငုံးမင်းကို ရှောင်သွား၏။ ဤသည်မှာ မှန်သော သစ္စာစကား၏ အာနုဘော်ကြောင့်ဖြစ်၏။ မှန်သောသစ္စာစကားကို နတ်ဒေဝါများက စောင့်ရှောက်ကြ၏။ ဤသစ္စာ စကား၏ အခြေခံသည် “သောက” ဖြစ် နိုင်သော် လည်း တကယ်တမ်း သစ္စာအဆင့်သို့ ရောက် ချိန် ၌မူ ကုသိုလ်ဖြစ်၏။ ထို့ကြောင့် ကောင်းကျိုးကို ပေးနိုင်ခြင်းဖြစ်၏။ ပဋ္ဌာန်း ဥပနိဿယပစ္စည်း ခန်း၌ အကုသိုလ်ကလည်း ကုသိုလ်ကို ကျေးဇူးပြုနိုင်သည်ပင် ဖြစ်၏။

ကဏှဒီပါယနဇာတ်၌လည်း မြွေကိုက်ခံရသော သားငယ် အဆိပ်ပြေရေးအတွက်ရသေ့ကြီး ဒါယကာ၊ ဒါယိကာမသုံးဦးတို့ အသီးသီး သစ္စာပြု ရာ၌ ဆရာရသေ့က “ရသေ့ဝတ်နှင့် နေရသော်လည်း တစ်နေ့မှ ရသေ့ဝတ်



www.burmeseclassic.com

www.burmeseclassic.com



နှင့် မပျော်ပါဘူး။ ဤစကားသည် မှန်သောစကား ဖြစ်ပါတယ်။ ဤမှန်သော စကားကြောင့် ကလေး၌ တက်နေသော မြွေဆိပ်သည် ကျပါစေသား”ဟု သစ္စာပြု လိုက်ရာ မြွေဆိပ် သုံးပုံတစ်ပုံ ကျသွား၏။ တစ်ဖန် ဒါယကာက “ဤရသေ့ကို မိဘအစဉ်အလာအရ ကိုးကွယ်ခြင်း ဖြစ်ပါတယ်။ စိတ်ထဲက နည်းနည်းမှ မကြည်ညိုပါဘူး။ ဤစကားသည် မှန်သောစကား ဖြစ်ပါတယ်။ ဤမှန်သော စကားကြောင့် ကလေးငယ်၌ တက်နေသောအဆိပ်သည် ကျပါစေသား” ဟု သစ္စာပြုလိုက်ရာ မြွေဆိပ်သည် သုံးပုံနှစ်ပုံ ကျသွား၏။ တစ်ဖန် ဒါယိကာမက “မိဘများ ပေးစားလို့သာ ဒီခင်ပွန်းကို ယူခဲ့ရခြင်းဖြစ်ပါတယ်။ ဒီခင်ပွန်းကိုနည်းနည်းမှ မချစ်ခင်ပါဘူး။ ဤစကားသည် မှန်သောစကား ဖြစ်ပါတယ်။ ဤ မှန်သော စကားကြောင့် ကလေးငယ်၌ တက်နေသော မြွေဆိပ်သည် ကျပါစေသား” ဟု သစ္စာပြု လိုက်ရာ မြွေဆိပ်သုံးပုံလုံး ကျသွား၏။ ဤဇာတ်၌ သူတို့ ပြုကြသော သစ္စာစကားသည် ကံသုံးပါးလုံး ရှေ့နောက် ညီ၏။ ထို့ကြောင့် မှန်ကန်၏။ ဖြောင့်မတ်၏။ ဖြောင့်မတ်မှန်ကန်သော အသံ၌ အာနိသင်ရှိ၏။ စွမ်းအင်ရှိ၏။ ထို့ကြောင့် သစ္စာ ပြု၍ ရခြင်းဖြစ်၏။ သစ္စာပြုရာ၌ ဉပတ္ထမ္ဘက အဆင့်အနေဖြင့် အကုသိုလ်ဖြစ်ချင်ဖြစ်နိုင်သော်လည်း ဇနကအဆင့် အနေဖြင့်မူ ကုသိုလ်သာ ဖြစ်နိုင်၏။

ပြာဟ္မဏကျမ်းများ၌ အသံကို ပြာဟ္မာ ဟူ၍ဆို၏။ ပြာဟ္မသည် နေရာတိုင်း၌ရှိ၏။ နေရာတိုင်း၌



www.burmeseclassic.com

www.burmeseclassic.com



ရှိခြင်းကို သဗ္ဗဗျာပီဟူ၍ ဆို၏။ ထို့အတူ အသံသည်လည်း နေရာတိုင်း၌ရှိ၏။ အသံသည် သဗ္ဗဗျာဗီပင်ဖြစ်၏။ အသံကို ဖြစ်ပေါ်လာအောင် လုပ်၍မရ။ ထွက်ပေါ်လာအောင်သာ လုပ်၍ရ၏။ သက်မဲ့၌လည်း အသံသည်ရှိ၏။ သက်ရှိ၌လည်း အသံသည် ရှိ၏။ သစ်တုံးကို ခေါက်ကြည့်ပါက အသံထွက်လာသည် ကို တွေ့ရ၏။ သက်ရှိအတွက် ဌာန် ကရိုဏ်း ပယတ်တို့အဆင့်သို့ ရောက်လာ ပါက အသံသည် ထွက်လာ၏။ ရှိခြင်းနှင့် ထွက်ပေါ်လာခြင်းသည် ခြားနား၏။ ရှိခြင်းကား နိစ္စ၊ ထွက် ပေါ်ခြင်းကား အနိစ္စ။ ရှိခြင်းတွင် ဥပါဒ် ဌီ ဘင် ဟူ၍ မရှိ။ ထွက်ပေါ်ခြင်းတွင်သာ ဥပါဒ် ဌီ ဘင် ဟူ၍ ရှိ၏။ အမှန်အားဖြင့် ဥပါဒ် ဌီ ဘင် ဟူ၍ မရှိဘဲ ထာဝရ ရှိနေသော ဓမ္မကိုသာ ရှိခြင်းဟူ၍လည်းကောင်း၊ အရှိ တရားဟူ၍လည်းကောင်း ဆိုရ၏။ ဥပါဒ် ဌီ ဘင် ဟူ၍ ရှိနေသော ဓမ္မကိုကား ထွက်ပေါ်ခြင်း ဟူ၍ လည်း ကောင်း၊ အဖြစ်တရား ဟူ၍ လည်းကောင်း ဆိုရ၏။

သစ်တုံးထဲ၌လည်း အသံသည် ရှိ၏။ မြေကြီး ထဲ၌လည်း အသံသည်ရှိ၏။ အကြောင်း တရားတို့ တိုက် ဆိုင်မှု မရှိ၍သာ မကြားရခြင်း ဖြစ်၏။ သစ်တုံးကို တုတ်နှင့်ခေါက်လိုက်သော အခါ အသံသည် ထွက်ပေါ် လာ၏။ မြေကြီးကို ဖနောင့်နှင့် ပေါက်လိုက်သောအခါ အသံသည် ထွက်ပေါ်လာ၏။ တုတ်နှင့်ခေါက်ခြင်း၊ ဖနောင့် နှင့်ပေါက်ခြင်းသည် အကြောင်းတရားတို့ ပေါင်း ဆုံမှုပင် ဖြစ်၏။ အကြောင်းတရားတို့ ပေါင်းဆုံမှု မရှိ



www.burmeseclassic.com

www.burmeseclassic.com



သောအခါ အသံသည် ထွက်ပေါ်မလာတော့။ အသံမရှိတော့၍မဟုတ်။ အကြောင်းတရားတို့ ပေါင်းဆုံမှု မရှိသောကြောင့်သာ အသံထွက်ပေါ် မလာခြင်းဖြစ်၏။ အမှန်အားဖြင့် အသံသည် ဥပါဒ် ဌီ ဘင်မဲ့ အနေဖြင့် ထာဝစဉ်ရှိပါ၏။ ထို့ကြောင့် အသံကို နေရာတိုင်း၌ ရှိသည့်အတွက် ဗြာဟ္မာဟူ၍ ဆိုခြင်း ဖြစ်၏။ ဗြာဟ္မာဖြစ်ပါက သဗ္ဗသတ္တိမန္တ အနေဖြင့် အနှိုင်းမဲ့စွမ်းအင်ရှိ၏။ သို့ဖြစ်၍လည်း သစ္စာပြု၍ ရခြင်းဖြစ်၏။ ကျိန်စာ တိုက်၍ ရခြင်းဖြစ်၏။

ဗြာဟ္မဏဝါဒသည် ထေရဝါဒနှင့်ခြားနား ၏။ ဗြာဟ္မဏဝါဒအရ အသံချည်းသက်သက်ကပင် စွမ်းအင်အနန္တရှိ၏။ သုံးတတ်ဖို့သာ လို၏။ တန္တရဝါဒဟူသည် မှာ ဗြာဟ္မဏဝါဒမှ ခွဲထွက်လာ သော ဝါဒပင်ဖြစ်၏။ တန္တရဝါဒသည် အသံကို အသုံးချသော ဝါဒဖြစ်၏။ ထေရဝါဒကား အသံချည်းသက်သက် အသုံးကျကြောင်းကို မဆို။စေတနာနှင့်ယှဉ်မှသာ အသုံးကျကြောင်းကို ဆို၏။ စေတနာနှင့်ယှဉ်ရာတွင်လည်း ကာယကံ၊ ဝစီကံ၊ မနောကံတို့ တစ်ဖြောင့်တည်းကျမှသာ သစ္စာထိုက်သဖြင့် အသုံးကျကြောင်းကို ဆို၏။ ကာယကံ၊ ဝစီကံ၊ မနောကံတို့ ဆိုသည်မှာ တရားကိုယ်အားဖြင့် ကာယစေတနာ၊ ဝစီ စေတနာ၊ မနောစေတနာတို့ပင် ဖြစ်ကြ၏။ ဤ သို့လျှင် ဗြာဟ္မဏဝါဒနှင့် ထေရဝါဒတို့သည် အချင်းချင်း ခြားနားကြ၏။ ထိုသို့ပင် ခြားနားသော်လည်း အသံ



www.burmeseclassic.com

www.burmeseclassic.com



နှင့်ပတ်သက်၍ မှတ်သားဖွယ် ဟူသမျှကို ထေရဝါဒ အတိုင်းသာ မှတ်ယူရမည် ဖြစ်၏။

လုပ်ငန်းများကို လုပ်ကြရာတွင် အသိက ဦးဆောင်၏။ တစ်ဖန် အသိကို စကားလုံးများက ဦးဆောင်၏။ ကိုယ်တွေ့အားဖြင့်လည်း မည်သည့် အရာဝတ္ထုကို သိသည်ဖြစ်စေ၊ ထိုသို့သိရာ၌ စိတ်ထဲက စကားလုံးများကို အသံမထွက်ဘဲ ရွတ်ဆိုပြီးမှ သိခြင်းဖြစ်၏။ ခွေးကို သိလျှင်လည်း ခွေးဟူ၍ ရွတ်ဆို၏။ အသံကမူ မထွက်။ နွားကို သိလျှင်လည်း စိတ်ထဲကအသံမထွက်ဘဲ နွားဟူ၍ ရွတ်ဆိုပြီးမှ သိခြင်းဖြစ်၏။ အခြားဘာကို သိသိ စကားလုံးများကို ရှေးဦးစွာ ရွတ်ဆိုပြီးမှ သိ၍ ရလေ၏။ ထို့ကြောင့်အသိကို စကားလုံးများက ဦးဆောင်သည်ဟု ဆိုရခြင်းဖြစ်၏။ အကယ်၍ အရာဝတ္ထု တစ်ခုခုကို အရာဝတ္ထုတစ်ခုခုမှန်းသာ သိပြီး ယင်းအသိနှင့်ပတ်သက်သော စကားလုံးများကို မရွတ်ဆိုနိုင်လျှင် ယင်းအသိသည် ပြည့်စုံသော အသိမဟုတ်။

အသိဟူသမျှသည် စကားလုံးကို စိတ်ထဲ က ရွတ်ဆိုပြီးမှ သိခြင်း ဟူ၍ဖြစ်လေရာ အသိဖြစ် ပေါ်တိုင်း စကားလုံးကို ရွတ်ဆိုမှု ပါဝင်ရ၏။ ထိုသို့ ပါဝင်သဖြင့် စကားလုံးရွတ်ဆိုမှုကို အသံထွက်သည်ဖြစ်စေ၊ မထွက်သည်ဖြစ်စေ ရွတ်ဆိုသူက ကြားရ၏။ တန်ခိုးရှင်နတ် ပြဟ္မာများကလည်း ကြားရ၏။ ထို့ကြောင့် ဘာကိုပဲ ကြံသည်ဖြစ်စေ၊ ဘာကိုပဲသိသည်ဖြစ်စေ ထိုထိုကြံသမျှ၊ ထိုထိုသိ သမျှ စကားလုံးနှင့်ကင်း၍ မဖြစ်ကောင်းသော



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ထိုထိုကြံသမျှ၊ ထိုထိုသိသမျှကို တန်ခိုးရှင်နတ်ပြဟ္မာများက သိကြသည်ပင်ဖြစ်၏။ ထို့ ကြောင့် မိမိ၏ ကြံစည်မှု၊ မိမိ၏ သိမှုနှင့် ပတ် သက်၍ မိမိကိုယ်တိုင်က သိသလို တန်ခိုးရှင် နတ် ပြဟ္မာများကလည်း သိကြသည်ပင်ဖြစ်၏။ သို့ဖြစ်လေရာ မိမိအနေဖြင့် သစ္စာကို ဆိုသည် မှန်စေဦး၊ မိမိဆိုသော သစ္စာသည် တကယ်တမ်း သစ္စာထိုက် သည် မထိုက်သည်ကို တန်ခိုးရှင် နတ်ပြဟ္မာများက သိကြပေလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၁၅
## တကယ်တမ်း သစ္စာထိုက်ရန် လိုအပ်ချက်

မုသာဝါဒါ ဝေရမဏီ - မုသားပြောခြင်းမှ ရှောင် ကြည် ပါ၏ ဟူရာ၌ မုသားဟူသည်မှာ မဟုတ်မမှန်သော အရာဝတ္ထုကို ပြောဆိုသော စကား ဖြစ်၏။ အရာဝတ္ထုက ဟုတ်မှန်ပါလျက် မဟုတ်ဟု ပြောဆိုသောစကားသည် လည်းကောင်း၊ အရာဝတ္ထုက မဟုတ်မမှန်ပါလျက် ဟုတ်မှန်သည်ဟု ပြောဆိုသောစကားသည်လည်း ကောင်း မုသား ဖြစ်၏။ စာပေ ကျမ်းဂန်အရ မုသားသည် ကိုယ်နှင့် နှုတ်ဖြင့် မဟုတ်မမှန် သိစေခြင်းဖြစ်၏။ သို့ရာ တွင် သစ္စာထိုက်အောင် ပြောဆိုရာ၌ကား စေတနာသည် အရေးကြီး၏။ ထို့ကြောင့် တကယ်တမ်း မုသားမှ လွတ် ကင်းပြီး သစ္စာထိုက်အောင် ဆိုသော စကားသည်ကား မနောကံ၌ အခြေတည်မှ ဖြစ်မည် ဖြစ်၏။ ကာယကံနှင့် ဝစီကံတို့မျှ လောက်ဖြင့် မလုံလောက်။

တကယ်တမ်း သစ္စာထိုက်အောင်ဆိုလျှင် ကာယ ကံ၊ ဝစီကံနှင့် မနောကံတို့ တစ်ဖြောင့်တည်း ကျဖို့ လို၏။ တစ်ဖြောင့်တည်း ကျခြင်းမှာလည်း နှစ်မျိုးရှိ၏။ တစ်မျိုး



www.burmeseclassic.com

www.burmeseclassic.com



သော တစ်ဖြောင့်တည်းကျခြင်းမှာ "သာဝယဝ"ဖြစ်၍ အခြား တစ်မျိုးသော တစ်ဖြောင့်တည်းကျခြင်းမှာ "နိရဝယဝ"ဖြစ်၏။ "သာဝယဝ" သဘောအရ တစ်ဖြောင့်တည်းကျခြင်းမှာ ကာယကံ၊ ဝစီကံနှင့် မနောကံတို့သည် အချင်းချင်း ရောနှောရုံ သဘောမျှရှိခြင်းဖြစ်၏။ ကာယကံ ကလည်း ကာယကံသတ်သတ်၊ ဝစီကံကလည်း ဝစီကံ သတ်သတ်၊ မနောကံကလည်း မနောကံ သတ်သတ်။ သူတို့ချင်း ရောနှောတော့ ရောနှော ၏။ သို့ရာတွင် တစ်သားတည်းဖြစ်အောင်တော့ မပေါင်း။ "သာဝယဝ" ၏အနက်မှာလည်း အစိတ် စိတ်အနေဖြင့် ရှိခြင်းပင် ဖြစ်၏။ "နိရဝယဝ" ၏ အနက်မှာကား အစိတ်စိတ် အနေဖြင့် မရှိခြင်း ဟူ၍ဖြစ်ရာ၊ "နိရဝယဝ"သဘော အရ တစ်ဖြောင့်တည်းကျပါက ကာယကံ၊ ဝစီကံနှင့် မနောကံတို့သည် အချင်းချင်း ရောနှောရုံ အဆင့်ကို ကျော်လွန်ကာ တစ်သားတည်းကျခြင်း အဆင့်သို့ ရောက်လေ၏။

အမှန်အားဖြင့်လည်း အရာဝတ္ထုများကို စုပေါင်းရာတွင် ရောနှောသော အဆင့်လည်း ရှိ၏။ ယင်းကို ပါဠိဝေါဟာရအားဖြင့် သံယောဂ သမ္ဗန္ဓ ဟုခေါ်၏။ ဆန်နှင့်စပါးကို ရောနှော ထားသည့် သဘောမျိုးဖြစ်၏။ အောက်စီဂျင်နှင့် ဟိုက်ဒြိုဂျင် နှစ်ဆတို့ကို စုပေါင်းလိုက်ပါက ရေ ဖြစ်သွား၏။ ယင်းကဲ့သို့ စုပေါင်းခြင်းမျိုးကိုမူ သမဝါယသမ္ဗန္ဓ ဟုခေါ်၏။ သံယောဂသမ္ဗန္ဓအရ စုပေါင်းခြင်းကို ရောနှောခြင်းဟုဆို၏။ ရောနှောခြင်း



www.burmeseclassic.com

www.burmeseclassic.com



အရ စုပေါင်းရာတွင် ပါဝင်သော အရာဝတ္ထု တို့မှတစ်ပါး အခြားသော အရာဝတ္ထုသစ် ထွက်ပေါ်မလာပေ။ သမဝါယ သမ္မန္ဓအရ စုပေါင်းရာ တွင် ပါဝင်သော အရာဝတ္ထုများ ပျောက်သွားပြီး အခြားသော အရာဝတ္ထုသစ် တစ်ခု ထွက်ပေါ် လာရ၏။ ဆန်နှင့်စပါး စုပေါင်းရာတွင် ဆန်နှင့် စပါးသာရှိပြီး အခြားဘာမျှ မရှိ။ အောက်စီဂျင်နှင့် ဟိုက်ဒြိုဂျင်နှစ်ဆတို့ ပေါင်းရာတွင် အောက်စီဂျင် နှင့် ဟိုက်ဒြိုဂျင်တို့ ပျောက်သွားပြီး ရေဖြစ်ပေါ် လာ၏။ ဤသို့ အရာဝတ္ထုသစ် ဖြစ်ပေါ်လာအောင် စုပေါင်းနိုင်မှသာ အားသစ်ကို ရလေ၏။

သို့ဖြစ်လေရာ ကံများကို သစ္စာထိုက်အောင် စုပေါင်းရာ၌ ကာယကံ၊ ဝစီကံနှင့် မနောကံတို့ကို တစ်သားတည်းကျအောင် စုပေါင်း အပ်၏။ ထိုအခါ ကာယကံသည်လည်း ကာယကံ အနေဖြင့် သတ်သတ် မရှိ။ ဝစီကံသည်လည်း ဝစီကံ အနေဖြင့် သတ်သတ်မရှိ။ မနောကံသည် လည်း မနောကံအနေဖြင့် သတ်သတ်မရှိ။ အားလုံး တစ်ပေါင်းတည်း အနေဖြင့်သာ သစ္စာထိုက်သော ကံဟူ၍ ဖြစ်လာမည်ဖြစ်၏။ သစ္စာ ထိုက်သော ကံကား ဓမ္မသစ်ဖြစ်၏။ ဓမ္မသစ်ဖြစ်၍ အားရှိခြင်း ဖြစ်၏။ အားရှိ၍လည်း လောက၌ အံ့ဖွယ်ကောင်း လောက်အောင် အကျိုးတရားများ ကို ဖြစ်ပေါ်စေနိုင်ခြင်း ဖြစ်၏။

လောက၌ အံ့ဖွယ် ကောင်းလောက်အောင် အကျိုးတရားများကို ဖြစ်ပေါ်စေလိုပါက သစ္စာဆိုခြင်း



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် အားထုတ်အပ်၏။ သစ္စာဆိုခြင်း ကား လူတိုင်း လုပ်နိုင်စွမ်းသော အလုပ်ဖြစ်၏။ လူတိုင်းလုပ်နိုင်စွမ်းသော်လည်း ကာယကံ၊ ဝစီကံနှင့် မနောကံတို့ တစ်ဖြောင့်တည်းကျဖို့တော့ လိုအပ်၏။ တစ်ဖြောင့်တည်း ကျရုံနှင့်လည်း မပြီးသေး။ တစ်သားတည်း ဖြစ်ဖို့လည်း လိုအပ်၏။ ထို့ကြောင့် သစ္စာဆိုနိုင်ရေးအတွက် ကာယကံ၊ ဝစီကံနှင့် မနောကံတို့ကို တစ်ဖြောင့်တည်းကျ အောင် အားထုတ်အပ်၏။

သစ္စာနှင့်စပ်၍ ဆိုရလျှင် သူတစ်ပါးတို့ ယုံကြည်စေရန် ပြောဆိုသော သစ္စာလည်းရှိ၏။ မိမိအလိုရှိသော အရာဝတ္ထုကို ရနိုင်စေရန် ပြောဆိုသော သစ္စာလည်းရှိ၏။ မဟုတ်မမှန် ပြော ဆိုခြင်းမှ ရှောင်ကြဉ်ရန် ပြောဆိုသော သစ္စာ လည်း ရှိ၏။ ထိုသစ္စာသုံးမျိုးတို့တွင် မဟုတ်မမှန် ပြောဆိုခြင်းမှ ရှောင်ကြဉ်ရန် ပြောဆိုသော သစ္စာသည် အခြေခံ အကျဆုံးဖြစ်၏။ အမှန်အားဖြင့် သစ္စယုဂခေတ်သည် ဤသစ္စာအပေါ်၌ တည်ဆောက်ထားခြင်းဖြစ်၏။ သစ္စယုဂခေတ်ဟူသည် လူလေးပုံရှိလျှင် လေးပုံလုံးက မုသားပြောခြင်းမှ ကြဉ်ရှောင်ပြီး မှန်ကန်သော သစ္စာစကားကို ပြောသောခေတ် ဖြစ်၏။

သူတစ်ပါးတို့ ယုံကြည်စေရန် ပြောသော သစ္စာနှင့် ပတ်သက်၍ဆိုရလျှင် မဟာသုတ သောမမင်းက ပေါရိသာဒအား သစ္စာပြုရာ၌ “အဆွေတော် ပေါရိသာဒ၊ ငါသည် သင့်ထံမှ ခေတ္တထွက်ခွာ၍ နေပြည်တော်၌ ချိန်းဆိုထားသည့်အတိုင်း နန္ဒပုဏ္ဏားနှင့် စကားကြွေး မရှိရ



www.burmeseclassic.com

www.burmeseclassic.com



လေအောင် တရားတော်ကို နာပြီးနောက် သစ္စာ ကိုစောင့်သောအားဖြင့် သင့်ထံသို့ ပြန်လာပါမည်။ ငါသည် မဟုတ် မမှန် ပြောဆိုခြင်း ဖြစ်ခဲ့သော် ဤသန်လျက်လှံ တို့ဖြင့် ကောင်းစွာ စောင့်ရှောက်သောမင်းမျိုး၌ နောက် ထပ်တစ်ဖန် မဖြစ်ပါစေသား” ဟူ၍ ပေါရိသာဒ ယုံကြည်လာ အောင် သစ္စာဆိုခဲ့၏။ ဤသစ္စာမျိုးမှာ သူတစ်ပါးတို့ ယုံကြည်စေရန် ဆိုသော သစ္စာ ဖြစ်၏။

ဤသစ္စာသည်လည်း အားရှိသော သစ္စာ ပင်ဖြစ်၏။ အားရှိသည် ဆိုသော်လည်း သစ္စာ ဆိုသူ ကိုယ်တိုင်က မုသားကို မဆိုတတ်သူဖြစ်ပါမှ အားရှိ၏။ ထို့ကြောင့် ဤသစ္စာသည်လည်း မုသား ကို ပြောဆိုခြင်းမှ ရှောင်ကြဉ်သော သစ္စာ၌ အခြေတည်ပါ၏။

မိမိအလိုရှိသော အရာဝတ္ထုကို ရနိုင်စေ ရန် ပြောဆိုသောသစ္စာနှင့် ပတ်သက်၍ ဆိုရလျှင် သိဝိမင်းကြီး၏ အတ္ထုပ္ပတ္တိသည် မှတ်သားဖွယ် ကောင်း၏။ သိဝိမင်းကြီးကား မျက်စိနှစ်ကွင်း အလင်း မရတော့သဖြင့် မင်းမလုပ်တော့ဘဲ မင်္ဂလာ ဥယျာဉ်တော်ရှိ ရေကန်အနီး၌ နေ၏။ ထိုသို့နေသောအခါ မိမိ လှူဒါန်းလိုက်သော မျက်စိ အလှူဒါနကို အမြဲမပြတ် ဆင်ခြင်၍နေ၏။ တစ် နေ့တွင် သိကြားမင်းလာ၍ “သင်မင်းကြီး အလိုရှိသော ဆုကို တောင်းတော်မူပါ” ဟု ဆို၏။ ထိုအခါ သိဝိမင်းကြီးက “ကျွန်ုပ်မှာ စည်းစိမ်ဥစ္စာ ရတနာရွှေငွေ များစွာရှိပါ၏။ ယခုအခါ မျက်စိနှစ်ဖက် စုံလုံးပျက်နေသဖြင့် သေခြင်းကိုသာ အလိုရှိပါသည်”ဟု ပြောလျှင်၊ သိကြားမင်းက



www.burmeseclassic.com

www.burmeseclassic.com



"အရှင်မင်းကြီး၊ သေခြင်းကို အလိုရှိပါသည်ဟု ဆိုခြင်းမှာ တကယ်ပင် သေခြင်းကို အလိုရှိပါ သလော၊ သို့မဟုတ် မျက်စိမမြင်သဖြင့် ပြောခြင်း ဖြစ်ပါသလော"ဟူ၍မေး ၏။ သိဝိမင်းကြီးကလည်း မျက်စိမမြင်သဖြင့် ပြောဆို ခြင်း ဖြစ်ကြောင်း ပြောလေရာ သိကြားမင်းက "အရှင် မင်းကြီး မျက်စိမြင်လာစေရန် ကျွန်ုပ် ဖန်ဆင်းနိုင်စွမ်း မရှိပါ။ သို့ရာတွင် သစ္စာ၏ စွမ်းအင်ဖြစ်ကား တတ်နိုင် ပါ၏။ ထို့ကြောင့် အရှင်မင်းကြီး အနေဖြင့် သစ္စာပြုတော် မူပါ"ဟု ပြောဆို၏။

ထိုအခါ သိဝိမင်းကြီးက "ကျွန်ုပ်ထံ မှောက် တောင်းရမ်းရန် လာရောက်ကြသော အလှူခံ ပုဂ္ဂိုလ်တို့ကို လည်းကောင်း၊ ထိုအလှူခံ ပုဂ္ဂိုလ် တို့အနက် မိမိတို့ အလိုရှိရာကို တောင်းရမ်း သော အလှူခံတို့ကို လည်း ကောင်း ကျွန်ုပ်သည် နှစ်သက် မြတ်နိုးသည်ချည်းဖြစ်ပါ ၏။ ဤသစ္စာကြောင့် ကျွန်ုပ်၏မျက်စိသည် ကောင်းစွာ ဖြစ်သတည်း" ဟု သစ္စာပြုလိုက်လျှင် ပထမမျက်စိသည် ကောင်း စွာ ဖြစ်လာ၏။ ထို့နောက် "မျက်မမြင် ပုဏ္ဏား သည် ကျွန်ုပ်ထံ လာရောက်၍ မျက်စိကို အလှူခံသော အခါ ထိုပုဏ္ဏားအား ကျွန်ုပ် မျက်စိနှစ်ဖက်လုံးကို လှူ ဒါန်းလိုက်ပါ၏။ ထိုသို့လှူဒါန်းသောအခါ ကျွန်ုပ် သည် နှစ်ခြိုက်အားရ ဝမ်းသာလှပါ ၏။ ဤသစ္စာစကား သည်လည်း မှန်သော သစ္စာ စကားဖြစ်ပါ၏။ ဤမှန် သော သစ္စာစကားကြောင့် ကျန်မျက်စိတစ်ဖက်သည် ကောင်းစွာ ဖြစ်ပါစေသတည်း" ဟု သစ္စာပြုလိုက်သည်



www.burmeseclassic.com

www.burmeseclassic.com



နှင့် တစ်ပြိုင် နက် ကျန်မျက်စိတစ်ဖက်လည်း ကောင်းစွာ ဖြစ်ပေါ်လာ၏။

ထို့ကြောင့် ဤသစ္စာသည်လည်း သိကြား မင်းပင် ဖန်ဆင်းနိုင်စွမ်း မရှိသော မျက်စိ နှစ်ဖက်လုံးကို ရစေနိုင်လောက်အောင် အားရှိ ပါ၏။ အားရှိသည်ဆိုသော်လည်း မုသား မဆိုတတ် သူတို့က ပြုမှသာ အားရှိ၏။ ထို့ကြောင့် ဤသစ္စာ သည်လည်း မုသားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်သောသစ္စာ၌ပင် အခြေတည်ပါ၏။

ဖော်ပြပါ သစ္စာနှစ်ပါးတွင် ပထမသစ္စာ က သူတစ်ပါးတို့ ယုံကြည်စေဖို့အတွက် သစ္စာပြု ခြင်းဖြစ်၏။ ဒုတိယသစ္စာက မိမိဆန္ဒ ပြည့်ဝစေဖို့ အတွက် သစ္စာပြုခြင်းဖြစ်၏။ သစ္စာနှစ်ပါးစလုံးမှာ မုသားကို ရှောင်ကြဉ်သော သစ္စာအပေါ်၌ အခြေခံရ၏။ ထို့ကြောင့် လောက၌ မဟုတ်မမှန် ပြောဆို ခြင်းမှ ရှောင်ကြဉ်မှုသည် များစွာ အရေးကြီး၏။ ထိုကဲ့သို့ ရှောင်ကြဉ်နိုင်ပြီဆိုလျှင် သစ္စာပြုခြင်း အားဖြင့် မိမိ၏ဆန္ဒကို ပြည့်ဝအောင် လုပ်၍ ရသည်ချည်းဖြစ်လေ၏။

သီဟိုဠ်ကျွန်း စောရကကျောင်းတိုက်၌ သီတင်းသုံး နေထိုင်တော်မူသော မဟာမိတ္တမထေရ်၏ မိခင်၏ ရင်သား၌ အဆိပ်အိုင်းအနာ ပေါက်လာ၏။ ထိုအခါ မိခင်က သမီးဘိက္ခုနီမအား မောင်တော် မဟာမိတ္တမထေရ်ထံ ဆေးတောင်းရန် လွှတ်လိုက်၏။ မိခင်၏ စေခိုင်းချက်အတိုင်း နှမဖြစ်သူ ဘိက္ခုနီမက မောင်တော် မဟာမိတ္တထံ ဆေးလာတောင်း၏။ မဟာမိတ္တမထေရ်ထံ



www.burmeseclassic.com

www.burmeseclassic.com



တွင် အိုင်းအနာ ပျောက်ဆေးဟူ၍မရှိ။ သို့ရာတွင် မိမိ၏ မိခင်၌ စွဲကပ်နေသော အိုင်း အနာကို ပျောက်ကင်းစေချင်၏။ သီလရှိသူ၏ ဆန္ဒ ဟူသမျှသည် ပြည့်စုံမြဲဖြစ်၏ဟူ၍ မြတ်စွာ ဘုရား၏ ဒေသနာတော်ကို အားကိုး၍ မဟာမိတ္တမထေရ်က ဤသို့သစ္စာပြု၏။

"ငါသည် ရဟန်းဖြစ်သည့် အခါမှစ၍ ယနေ့တိုင်အောင် တပ်မက်သော တဏှာရာဂဖြင့် ဣန္ဒြေကို ဖျက်ကာ မိန်းမအာရုံကို မကြည့်ဖူးပေ။ ဤစကားသည် မှန်သောသစ္စာဖြစ်၏။ ဤမှန် သော သစ္စာစကားကြောင့် ငါ့မိခင်၏ ချမ်းသာ ခြင်းသည် ဖြစ်စေသတည်း"ဟု မြွက်ဆိုပြီးလျှင်၊ နှမဖြစ်သူ ဘိက္ခုနီမအား "သင်ပြန်၍ ယခု ငါဆိုသော သစ္စာ စကားကို မိခင်ထံရောက်လျှင် ရွတ် ဆို၍ မိခင်ကိုယ်ကို သုံးသပ်ပါလေ" ဟု မှာလိုက် ၏။

သမီး ဘိက္ခုနီမကလည်း မောင်တော် မဟာမိတ္တမထေရ် မှာလိုက်သည့်အတိုင်း မိခင်ထံ သွား၍ သစ္စာဆိုပြီး မိခင်၏ကိုယ်ကို သုံးသပ်လိုက် ရာ၊ မိခင်၏ ရင်သား၌ စွဲကပ်နေသော အဆိပ် အိုင်းအနာသည် ရေမြှုပ်စိုင်သကဲ့သို့ ခဏချက်ချင်း ကျေပျောက်သွား၏။ ထိုအခါ မိခင်ကြီး က "မြတ်စွာဘုရားသာ သက်တော်ထင်ရှား ရှိပါလျှင် ငါ့သား မဟာမိတ္တ၏ ဦးခေါင်းတော်ကို ရွှေ လက်တော်ဖြင့် အဘယ်မှာလျှင် မသုံးသပ်ဘဲ ရှိပါအံ့နည်း" ဟု ဝမ်းမြောက်စကားဆို၏။

နောက်ဝတ္ထုတစ်ခုရှိသေး၏။ သီဟိုဠ်ကျွန်း တွင် ပင်ဖြစ်၏။ အမျိုးသမီးတစ်ယောက် ရောဂါ ဖြစ်သော



www.burmeseclassic.com

www.burmeseclassic.com



အခါ ဆေးဆရာက ယုန်သားအစိုကို ရလျှင် ပျောက်မည် ပြောသဖြင့် သားကြီးဖြစ်သူက ညီငယ် ဇဂ္ဂနကို လယ်တောသို့သွား၍ ယုန်ရှာရန် လွှတ်လိုက်၏။ ညီငယ် ဇဂ္ဂနလည်း လယ်တောသို့ ယုန်ရှာရန် ထွက်ခဲ့၏။ ယုန်တစ်ကောင်သည် ဇဂ္ဂနကို မြင်၍ပြေးလေရာ နွယ်ပင် နှင့်ငြိပြီး မပြေးနိုင်ဘဲရှိ၏။ ထိုအခါ ဇဂ္ဂနသည် ယုန်ကို အလွယ်တကူပင် ဖမ်းမိ၏။ သို့ရာတွင် ယုန်သည် ကြောက်လန့်သဖြင့် အော်လေ၏။ ဇဂ္ဂနသည် "ငါ့မိခင် အသက်ချမ်းသာရေးအတွက် သူတစ်ပါး၏ အသက်ကို သတ်ရမည်ဆိုလျှင် တရားမည်မဟုတ်။ မကောင်းမှုဖြင့် ကောင်းကျိုး ကိုရအောင် အားထုတ်ခြင်းသည် သူမိုက်တို့၏ ကျင့်စဉ်သာ ဖြစ်၏"ဟု ဆင်ခြင်ကာ ယုန်ကို လွှတ်လိုက်၏။ ထို့နောက် ဇဂ္ဂနသည် အိမ်သို့ ပြန် လာ၏။

အိမ်သို့ ရောက်သောအခါ "ယုန်ကို မရခဲ့ဘူးလား" ဟူ၍ အစ်ကိုကြီးက ညီငယ်ဇဂ္ဂနအား မေးရာ ဇဂ္ဂနကလည်း ယုန်ကိုရကြောင်း၊ စဉ်းစားကြည့်သောအခါ တရားသည်မထင်၍ လွှတ်လိုက်ကြောင်း အမှန်အတိုင်းပင် ပြန်ပြော၏။ အစ်ကိုကြီးက မကျေမနပ် ပြောဆိုသောအခါ ဇဂ္ဂနသည် မိခင်ထံသို့သွား၍ "အကျွန်ုပ်သည် လူ ဖြစ်သည်မှစ၍ ယနေ့အထိ သေစေလိုသော စိတ် ဖြင့် သတ္တဝါကို သတ်ဖူးသည်မရှိပါ။ ဤစကားသည် မှန်သော သစ္စာဖြစ်ပါ၏။ ဤမှန်သော သစ္စာကြောင့် ကျွန်ုပ်၏မိခင်သည် ကျန်းမာ ချမ်းသာပါစေ



www.burmeseclassic.com

www.burmeseclassic.com



သား” ဟု သစ္စာပြုလိုက်၏။ ဤသို့ သစ္စာပြုသည်နှင့် တစ်ပြိုင်နက်ပင် ဇဂ္ဂန၏ မိခင်သည် ကျန်းမာသွား၏။

အမှန်အားဖြင့် သစ္စာ၏ အားသည် တကယ့်အား ဖြစ်၏။ သိကြားမင်းပင် မတတ်နိုင်သည်ကို သစ္စာက တတ်နိုင်၏။ သို့ရာတွင် ထိုအားကား လွယ်လွယ်နှင့် ရနိုင်ကောင်းသော အား မဟုတ်။ မုသာဝါဒ သိက္ခာပုဒ်ကို ရှောင်ကြဉ်နိုင်မှ သာ ရနိုင်သော အားဖြစ်၏။ မုသာဝါဒ သိက္ခာပုဒ် ကို ရှောင်ကြဉ်သူများအနေဖြင့် မှန်ကန်သော အရာဝတ္ထုကိုအာရုံပြု၍ သစ္စာဆိုပါက ဆိုသော သစ္စာ အတိုင်း မိမိ၏အလိုဆန္ဒသည် ပြည့်ဝသည် သာဖြစ်၏။ ဗမ္မ၏ ဘက်တော်သားများ ဖြစ်ကြသော တန်ခိုးရှင်များ သည် လောကကို မတိမ်းစောင်းရလေအောင် အစဉ် စောင့်ရှောက်နိုင်ရန် တာဝန်ယူလျက် ရှိကြ၏။ တာဝန်မဲ့ နေကြသည် မဟုတ်။

ထို့ကြောင့် မုသာဝါဒ သိက္ခာပုဒ်ကို စောင့် ထိန်း ရာတွင် ဒါနသဘောလည်း ပါအောင် စောင့် ထိန်းရ၏။ သီလသဘောလည်း ပါအောင် စောင့် ထိန်းရ၏။ ဘာ ဝနာသဘောလည်း ပါအောင် စောင့်ထိန်းရ၏။ ဒါန၊ သီလ၊ ဘာဝနာတို့ကို သတ်သတ်စီမဟုတ်ဘဲ တစ် ပေါင်းတည်းပါအောင် စောင့်ထိန်းနိုင်မှသာ ဘဝအမြင် သစ်ဖြင့် မုသာ ဝါဒသိက္ခာပုဒ်ကို စောင့်ထိန်းရာရောက် ၏။

မုသာဝါဒ သိက္ခာပုဒ်ကို စောင့်ထိန်းခြင်းသည် ကုသိုလ်ဖြစ်၏။ ကုသိုလ်ဖြစ်ပါက အလောဘလည်း



www.burmeseclassic.com

www.burmeseclassic.com



ပါမည်ဖြစ်၏။ အဒေါသလည်း ပါမည် ဖြစ်၏။ အမောဟသာ မသေမချာ သဘောရှိ၏။ ပါချင်လည်း ပါနိုင်၏။ မပါချင်လည်း မပါရှိဘဲ ရှိနိုင်၏။ သို့ရာတွင် တကယ်တမ်း အကျိုးကြီးမားလိုပါက အမောဟကို မပါဘဲ မနေရအောင် အားထုတ်ရမည်ဖြစ်၏။ ထိုအခါ မုသာဝါဒ သိက္ခာ ပုဒ်ကို စောင့်ထိန်းသော ကုသိုလ်သည် တိဟိတ် ကုသိုလ်ဖြစ်ရလေတော့၏။

တိဟိတ်ကုသိုလ်တွင် အလောဘဟူသည် တပ်မက်မှုကင်းခြင်းဖြစ်၏။ တပ်မက်မှု ကင်းပါက မုသားကို ပြောခြင်းဖြင့် ရရှိမည့် ကိုယ်ကျိုးကို စွန့်နိုင်၏။ ကိုယ်ကျိုးကို စွန့်နိုင်ခြင်းသည် ဒါနပင် ဖြစ်၏။ အဒေါသဟူသည် မိမိ၏သိက္ခာကို ထိန်း သိမ်းခြင်းနှင့် လောကအပေါ် ချစ်ခြင်းဖြစ်၏။ မိမိ၏သိက္ခာကို ထိန်းသိမ်းခြင်းသည် သီလပင်ဖြစ် ၏။ လောကအပေါ် ချစ်ခြင်းကား မေတ္တာ ဘာဝနာ ဖြစ်၏။ အမောဟဟူသည်ကား အနိစ္စ သညာကို ရအောင်ယူခြင်းဖြစ်၏။ ကံနှင့်ကံ၏ အကျိုးကို သိမြင်မှုသဘောနှင့်တကွ အနိစ္စသညာ ကိုပါ ရအောင် ယူနိုင်ဖို့ အရေးကြီး၏။ သို့မှသာ ဝိပဿနာ ဘာဝနာဆိုက်နိုင်၏။

သို့ဖြစ်လေရာ ကုသိုလ်ဖြစ်တိုင်း တိဟိတ်ကုသိုလ်ဖြစ်အောင် အားထုတ်အပ်၏။ တိဟိတ်တွင်လည်း အလောဘအရ ဒါနသဘော သက်ဝင်အောင်၊ အဒေါသအရ သီလနှင့် မေတ္တာဘာဝနာ သဘော သက်ဝင်အောင်၊ အမောဟအရ ဝိပဿနာ သဘော သက်ဝင်



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



အောင် အားထုတ်အပ်၏။ ထိုသို့ အားထုတ်ပါမှလည်း ဘဝအမြင်သစ်ဖြင့် ကုသိုလ်ကို အားထုတ်သည်မည်၏။ အထူးအားဖြင့် သိက္ခာပုဒ်များကို စောင့်ထိန်းရာ၌ ဒါန၊ သီလ၊ ဘာဝနာတို့ တစ်ပေါင်းတည်း ပါဝင် လာအောင် စောင့်ထိန်းအပ်၏။ ဒါန၊ သီလ၊ ဘာဝနာ တို့ကို သတ်သတ်စီသဘောဖြင့် စောင့် ထိန်းခြင်းမျိုး မဖြစ်သင့်ပေ။

ထို့ကြောင့် မုသာဝါဒ သိက္ခာပုဒ်ကို စောင့် ထိန်းရာ၌ ဒါန၊ သီလ၊ ဘာဝနာတို့ကို တစ်ပေါင်းတည်း ပါဝင်အောင် စောင့်ထိန်းခြင်းဖြင့် မုသား ပြောခြင်းမှ ရှောင်ကြဉ်မှု သစ္စာကို အခြေတည်၍၊ သူတစ်ပါး ယုံကြည်စေရန် ပြောဆိုအပ်သော သစ္စာနှင့် မိမိ၏အလိုဆန္ဒ ပြည့်ဝလာစေရန် ပြော ဆိုအပ်သော သစ္စာတို့ကို တည်ဆောက်အပ်ပါ၏။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

လူတို့သည် အမျိုးမျိုးသော ဒုက္ခတို့မှ လွတ်မြောက်၍ မိမိနှင့်တကွ လောက တစ်ခုလုံး ငြိမ်းချမ်းသည်ကို မြင်လိုကြ၏။ ထိုသို့ ငြိမ်းချမ်းရန်မှာ စွမ်းအင်အားစုက အစွမ်းအင်အားရှေ့အပေါ် အမြဲအသာစီးရမန အောင် ကြိုးပမ်း၍ လူလူချင်းဆက်ဆံရေး ကောင်းမွန်အောင် ဆောင်ရွက်ရမည် ဖြစ်၏။ ဤပန်းတိုင်သို့ ရောက်ရန်မှာ ငါးပါးသီလ စောင့်ထိန်းမှုသည် ပဓာန အကျဆုံး ဖြစ်သည်ဟု မြတ်စွာဘုရား ဟောကြားခဲ့၏။

ငါးပါးသီလကို စောင့်ထိန်းရာ၌ ဆိုင်ရာ သိက္ခာပုဒ် တို့၏ အနက်ကို ဗုဒ္ဓ ပြည့်စုံစွာသိစေ ဗုဒ္ဓ ကိုယ်ကျင့်သိက္ခာ မြင့်မားစေ၊ ဗုဒ္ဓ ငြိမ်းချမ်းစေလဖြစ်၏။ ထိုသိက္ခာပုဒ်တို့၏ အနက်ကို အောက်သို့ သက်၍သက်၍မူဖြင့်ဖြင့်လည်းကောင်း၊ အထက်သို့ တက်၍တက်၍ မူဖြင့်ဖြင့် လည်းကောင်း၊ ဆန့်ကျင်ဘက်အားဖြင့် မူဖြင့်ဖြင့်လည်းကောင်း၊ ဤစာအုပ်၌ ကြိုးပမ်း၊ ရှင်းလင်း ဆိုထား၏။



ပန်းနို့ ပေတို

BURMESE CLASSIC .com

www.burmeseclassic.com